# အရှင်သုစိန္တ

## စေတနာကံ အကျိုးခုများ



2010.GRAPHIC DESIGN : KYAW MINN MOUNG

R

ပညာရွှေတောင်

## နိုင်ငံတာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — နိုင်ငံရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — နိုင်ငံရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နိုင်ငံရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်"

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အရှင်သုစိတ္တ

## စေတနာကံအကျိုးစုများ

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
၀၁-၃၈၈၇၁၈

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊
ပုံနှိပ်တိုက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
(မှတ်ပုံတင်အမှတ် ၀၃၈၄၃/၀၂ - ၄၀၅) ဖြင့်
ရိုက်နှိပ်ခွင့်ပြုသည်။

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ

အုပ်ရေ
၅၀၀

အဖုံးပန်းချီ
ကိုကျော်မင်းဖောင်

ဖလင်
ကိုလှဝင်း

စာအုပ်ချုပ်
ပညာရွှေတောင်

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

တန်ဖိုး
၁၇၀၀ - ကျပ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဗုဒ္ဓနှင့် ဂေါတမီ | ၁ |
| ဝ | စွမ်းအားတော်များ | ၃ |
| ဝ | အနာထပိဏ်သူဌေးနှင့် ဒါနအကြောင်း | ၇ |
| ဝ | အနာထပိဏ်သူဌေးကြီးဆင်းရဲလာခြင်း | ၈ |
| ဝ | မိစ္ဆာအယူရှိသောတံခါးစောင့်နတ်ကြီး | ၁၀ |
| ဝ | တံခါးစောင့်နတ်ကြီး ဒုက္ခရောက်ခြင်း | ၁၃ |
| ဝ | သိကြားမင်းကြီးက အကြံပြုခြင်း | ၁၅ |
| ဝ | တံခါးစောင့်နတ်ကြီး သူ့နေရာကိုပြန်ရခြင်း | ၁၆ |
| ၂။ | ခွေးပိန်တစ်ကောင်အား ထမင်းတစ်နပ်ကျွေးဖူးသော အကျိုးပေး | ၁၈ |
| ဝ | ခေတ်ပညာတတ် အန္တမိတ်ဆွေ | ၁၈ |
| ဝ | အန္တမိတ်ဆွေအား တရားဟောခွင့်ကြုံလာရ | ၂၁ |

○ သီဟိုဠ်ကျွန်းနှင့် ဒုဗ္ဗိက္ခကပ် ၂၃

○ ဒေဝတာရှာသားများ အဘယမထေရ်ကြီးနှင့် ဒုဗ္ဘိက္ခကပ်စကြာမြင်းရရှိခြင်း ၂၄

○ ငါးစီးရှင်ကျော်စွာနှင့် ရှင်ယောင်၊ ရဟန်းယောင် ၄၅

○ မသတီစရာမြင်တွေ့ရခြင်း ၄၇

○ ဘုရင်ကျော်စွာ စကြာမြင်းရရှိခြင်း ၄၈

○ နည်းသောကုသိုလ်၏ အကျိုးပေးကြီးပုံများ ၅၀

○ ဝေဘူဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒ ၅၂

○ ထွင့်ခေါင်ဆရာတော်နှင့် မင်းတုန်းမင်း ၅၃


(၂)


၅။ ကျေးဇူးဆပ်သောကြွက်တူရွှေးကလေး ၅၅

၆။ ကျေးဇူးဆပ်သော ဗျိုင်းငှက်ကလေးများ ၆၉

၇။ ကျေးဇူးသိတတ်သော ခွေးအ,ကလေးများ ၈၃

၈။ ကျေးဇူးဆပ်သော လင်းနို့ကလေးများ ၁၀၀

○ သင်းဝင်ပင်စောင့်နတ်လင်မယား ၂၆

○ မထေရ်မြတ်၏ တစ်ခုသောရှေ့ဘဝ ၂၇

○ မထေရ်မြတ် တစ်သက်ပတ်လုံး နတ်ဆွမ်းစားရခြင်း ၂၉

○ အတိတ်ကုသိုလ်ကံကြောင့် လူသားစားတို့ရန်မှ လွတ်ခဲ့ရ ၃၀

○ မထေရ်မြတ်ကြီးရဟန္တာဖြစ်ခြင်း ၃၂

၃။ အလင်္ကာရဟန်းနှင့်စပ်သောအကျိုးပေး ၃၃
○ သီဟိုဠ်ဘုရင်တိဿ ၃၄
○ အလင်္ကာ သီလပျက်ရဟန်း ၃၅
○ သီလပျက်ရဟန်းအား ဆွမ်းကပ်ခြင်း ၃၇
○ သူတော်ကောင်းဥစ္စာခုနစ်ပါး ၄၀
○ ဘုရင်တိဿ နတ်ဘဝကိုရရှိခြင်း ၄၂
၄။ ရှင်ယောင်ကို ရဟန္တာအမှတ်ဖြင့်လှူဒါန်း၍ ၄၄
၉။ နွားအိုကြီးများနှင့်စပ်သော ကျေးရူးဘရား ၁၁၆

(၃)

၁၀။ သရဏဂုံကမ္ဘာနှင့် သရဏဂုံမိတ်ဆက် ၁၃၃
○ သရဏဂုံအကြောင်းနှင့် သရဏဂုံအကျိုးစုများ ၁၃၄
○ ဘာသာခြားအမျိုးသမီးတစ်ယောက်၏ သရဏဂုံအကျိုး ၁၃၈
○ သရဲခြောက်ခံရခြင်း ၁၄၀
○ ဘာသာခြားအမျိုးသမီး သရဏဂုံဆောက်တည်သွားခြင်း ၁၄၂
၁၁။ ဒေါ်ဖြူမနှင့် သရဏဂုံအကျိုး ၁၄၆
○ ဒေါ်ဖြူမ၏ဘဝအကြောင်း တစေ့တစောင်း ၁၄၇
○ ဆင်ခုန်တိုင်စခန်း ၁၅၂
○ နှင်းအောင်နှင့် အောင်မောင်း ၁၅၄

○ ဒေါ်ဖြူမ စုန်းမ ဟုတ်၊ မဟုတ် စုံစမ်းခြင်း ၁၅၉

၁၂။ ဘုန်းတော်ကြီးဦးသုမနနှင့် သရဏဂုံအကျိုးစုများ ၁၆၇

○ ဘုန်းတော်ကြီးဦးသုမနနှင့် ဘာသာခြားများ ၁၆၈

○ စတင်နှောင့်ယှက် ၁၆၉

○ ဘုန်းတော်ကြီးမှာ တပည့်ဆိုးများ တိုးပွားလာကြပြီ ၁၇၀

○ တပည့်ဆိုးတို့၏ မကောင်းသောအရိပ်နိမိတ်များ ၁၇၂

○ တပည့်ဆိုးများထွက်သွားကြခြင်း ၁၇၄

○ နတ်ကလျှောက်ထားခြင်း ၁၇၆

○ နတ်မိစ္ဆာတို့၏ညည်းတွားသံ ၁၇၇

○ နတ်မိစ္ဆာတို့ ထွက်ပြေးကြခြင်း ၁၇၉

○ ဘုန်းတော်ကြီးနှင့် ပေါက်စုန်း ၁၈၀

○ အိပ်မက်ဆိုး ၁၈၂

○ အညာကဆရာတော်တစ်ပါး ၁၈၄

○ ဆရာတော်ကြီးတုပ်ခံရခြင်း ၁၈၅

○ သရဏဂုံကကယ်တင် ၁၈၆

○ တလတ်ထော် ၁၈၈

○ ဘုရင့်အာဏာတော်ကို ဘာသာယုံကြည်ချက်ဖြင့် တော်လှန်ခြင်း ၁၉၀

○ ဘုရင့်နားပေါက်ကြား ၁၉၁

○ တလတ်ထော် ဖမ်းဆီးခံရ ၁၉၂

○ ဗုဒ္ဓဆင်းတုတော်များ ကြွလာတော်မူကြပြီ ၁၉၆

○ တလတ်ထော် မိဖုရားကြီးဖြစ်ပြီ ၁၉၇

○ မွန်နှင့် ဗုဒ္ဓဘာသာ ၁၉၉
○ သရဏဂုံနှင့် မိဖုရားစောလုံ ၂၀၀
○ မိဖုရားစောလုံ ဒေါသထွက်ခြင်း ၂၀၁
○ဘုရင်အား သေကြောင်းကြံစည်ခြင်း ၂၀၂
○ မိဖုရားစောလုံအား ကွပ်မျက်စေခြင်း ၂၀၃

၁၃။ ဦးထီးအောင်နှင့်သရဏဂုံအကျိုး ၂၀၆

○ ဘုန်းတော်ကြီးဦးသုမနက သရဏဂုံကို ရွတ်ဆိုပွားများရန်တိုက်တွန်း ၂၀၇
○ ပြည်တော်သာသင်္ဘောကြီး ၂၀၉
○ ရေသရဲကြီးနှင့် သရဏဂုံအစွမ်း ၂၁၀

၁၄။ အပဟိတ်တိရစ္ဆာန်နှင့် သရဏဂုံ ၂၁၅

○ နွားသားရေသမား ၂၁၆
○ အကြောသမား ၂၁၇
○ အသားသမား ၂၁၇
○ ဆွမ်းခံရဟန်းတော် ၂၁၉
○ နွားကြီးအား သရဏဂုံတည်ပေးခြင်း ၂၂၀

၁၅။ တံငါသည်နှင့် သရဏဂုံ ၂၂၁

○ ဒမိဠ၏ နေဝင်ချိန် ၂၂၁
○ ပိဏ္ဍပါတတိဿမထေရ် ၂၂၃
○ နတ်သားကြီးက လာရောက်လျှောက်ထားခြင်း ၂၂၅

၁၆။ အရက်သမားနှင့် သရဏဂုံ ၂၂၆

- သရဏကွယ်လွန် ၂၂၈
- သောတာပန်သရဏ ၂၂၉
- တိတ္တိရတို့ ထိုးနက်ဝေဖန် ၂၃၀
- မဟာနာမ်ဘုရားရှင်အား လျှောက်ထားခြင်း ၂၃၁
- ငါးပါးသီလမတည်သော်လည်း သရဏဂုံတည်၍ သောတာပန်ဖြစ် ၂၃၃

# မိတ်ဆက်

ကုသိုလ်၊ အကုသိုလ် မည်သည့်လုပ်ငန်းကိုဖြစ်စေ စေတနာ ပါမှ အကျိုးပေး၏။ စေတနာမပါလျှင် အကျိုးမပေး။ အကျိုးပေးရာတွင်လည်း အကုသိုလ်ကံက အကျိုးပေးလျှင် အပါယ်လေးပါးသို့ ကျမည်။ ကုသိုလ်ကံက အကျိုးပေးလျှင် သုဂတိဘုံတို့သို့ရောက်မည်။ ဤသည်မှာ စေတနာပါသောကံတရားက အကျိုးပေးခြင်းနှင့်ပတ်သက်၍ မှတ်သားရန် အကျဉ်းမျှသာ ဖြစ်၏။

စေတနာဟူသည်မှာ ဖြစ်စေချင်၊ ရောက်စေချင်၊ ပြီးမြောက်အောင်မြင်စေချင်သောသဘောဖြင့် စိတ်ပါလက်ပါ လုပ်ကိုင်ဆောင်ရွက်ရသည့်အလုပ်မျိုးပင် ဖြစ်၏။ ကံဟူသည်မှာ ပြုလုပ်ခြင်း၊ အကျိုးဖြစ်ခြင်းတို့ပင် ဖြစ်၏။ ကိုယ်စိတ်နှစ်ပါးဖြင့်ပြုလုပ်သော အလုပ်များပင် ဖြစ်၏။ ထိုမှဖြစ်လာသည်ကို စေတနာကံအကျိုးပေးဆိုရ၏။

စေတနာကံနှင့်ပတ်သက်၍ နောက်တစ်နည်းမှာ -

စိတ်, စေတနာမပါသောအလုပ်၊ အမှတ်တမဲ့ပြုလုပ်မိသော အလုပ်၊ သူတစ်ပါးကတိုက်တွန်း၍ စိတ်, စေတနာမပါဘဲ လုပ်ကိုင်ဆောင်ရွက်ရသောအလုပ်သည် ကံမြောက်သော်လည်း စိတ်, စေတနာမပါသောကြောင့် ထက်သောအကျိုးကိုမပေးပေ။ မဆိုစလောက်နိမ့်သော၊ အနည်းငယ်မျှသောအကျိုးကိုသာပေး၏။

အကုသိုလ်နှင့်စပ်ဆိုင်၍ အကျိုးပေးပုံအချို့ကို ဥပမာစွက်၍

တင်ပြရလျှင် စိတ်၊ စေတနာမပါဘဲ (အမှတ်တမဲ့) ပြုလုပ်မိသော အ,ကုသိုလ်အကျိုးပေးမျိုးသည် မီးခဲကို အမှတ်တမဲ့ တက်နင်းမိသကဲ့သို့ လည်းကောင်း၊ ဆူးကို အမှတ်တမဲ့ တက်နင်းမိသကဲ့သို့ လည်းကောင်း မဆိုစလောက်သောဆိုးကျိုးကိုသာ ပေးတတ်၏။

မီးခဲကို အမှတ်တမဲ့ တက်နင်းမိလျှင်လည်း ပူမှန်းသိသည်နှင့် ဆက်မနင်းတော့ပေ။ ငှင်းနည်းတူ ဆူးကိုတက်နင်းလျှင်လည်း ဆူးစူးသည်နှင့် ဆက်မနင်းတော့ပေ။ ထို့ကြောင့် မီးပူခြင်း၊ ဆူးစူးခြင်းတို့မှ သက်သာခွင့်ရ၏။ အထိလည်းမနာပေ။

ကုသိုလ်နှင့်စပ်၍လည်း စိတ်မပါ။ အမှတ်တမဲ့ပြုလုပ်သော အလုပ်မျိုး အကျိုးပေးရာ၌လည်း မြဲမြံခိုင်ခံ့သော ရလဒ်မျိုး၊ သံသရာအတွက် စိတ်ချရသော ရလဒ်မျိုးမဟုတ်ဘဲ ဆေးတစ်လိပ်၊ ကွမ်းတစ်ယာ၊ သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့် စသည်တို့ကို ရရှိပိုင်ဆိုင်သည်နှင့်သာ တူ၏။ ကြီးသော၊ ခိုင်ခံ့သောအကျိုးတို့ ဖြစ်ထွန်းခြင်းမရှိပေ။

ထို့ကြောင့် ကုသိုလ်လုပ်ရာတွင်ဖြစ်စေ၊ အ,ကုသိုလ်လုပ်ရာတွင် ဖြစ်စေ စိတ်, စေတနာပါမှ ထက်သော၊ ကြီးသောအကျိုးကို ပေး၏။ ပြုလုပ်ရာ၌ စိတ်, စေတနာပါခြင်း၊ မပါခြင်းတို့ကား ထိုကဲ့သို့ ခြားနား၏။ ဤသည်ကို အကျိုးလိုလားသူတိုင်း သိထားနားလည်သင့်၏။

ယခု ဆက်လက်ဖတ်ရှုရမည့် ဤစာစု၌ အဆိုပါအကြောင်းအရာများကို လက်လှမ်းမှီ ရှာဖွေစုဆောင်းထည့်သွင်း ဖော်ပြထား၏။ အကြောင်းအရာတစ်ခုချင်းစီ၏ အကျိုးပေးများကိုလည်း မြင်သာထင်သာရှိစေ၏။ စာဖတ်သူများအကျိုးများလိမ့်မည်ဟုလည်း ယုံကြည်၏။

ဤစာအုပ်ကို စတင်ရေးသားရန် စိတ်ကူးစဉ်က ဒါနမှသည် အစဉ်အတိုင်း ဘာဝနာတိုင်အောင် ပြည့်ပြည့်စုံစုံရေးသားမည်ဟု စိတ်

ကူးရှိခဲ့၏။ သို့သော် ထိုကဲ့သို့ရေးသားလျှင် ဘုတ်အုပ်သည် လေးသွားနိုင်၏။ စာရေးသူအနေဖြင့် သွက်သည်ကိုသာ လိုလား၏။ ထို့ကြောင့် အချို့အချို့သောအခန်းများကို ဖြတ်ထားခဲ့၏။

သို့သော်လည်း ဤမည်သောစာအုပ်ငယ်သည်ပင် မြင့်သောအကြောင်းအရာအချို့ကို ရှာဖွေထည့်သွင်းထား၍ မြတ်သောအကျိုးကို ပေးနိုင်မည်ဖြစ်ကြောင်း ယုံကြည်၏။ စာသားများကလည်း သက်သေခံကြမည် ဖြစ်၏။ စာဖတ်သူတို့အား အကျိုးပြုကြမည် ဖြစ်၏။

ပထမပိုင်းတွင် ဒါနကိုအခြေခံပြီး ပါဠိတော်အဋ္ဌကထာတို့မှ သင့်တော်ရာထုတ်နုတ်၍ လူကြီးလူငယ် အရွယ်မရွေး ဖတ်ရှုနိုင်ကြစေရန် ခပ်သွက်သွက်ရေးသားထား၏။ အကြောင်းနှင့်အကျိုးတို့ကိုလည်း အဆက်အစပ်မဝေးစေရန် ရှင်းခနဲ၊ လင်းခနဲ မြင်သာထင်သာရှိစေရန် အတွက် တတ်နိုင်သမျှ ကြိုးစားရေးသားထား၏။

ဒုတိယပိုင်းတွင် ပစ္စုပ္ပန်၌ ထက်ဝက်အကျိုးပေးသောအကြောင်းအရာငါးခုကို ဝတ္ထုပုံပြင်လေးများအဖြစ် ဖန်တီးထား၏။ ၄င်းတို့နှင့် ဆက်စပ်ပတ်သက်သော နေရပ်လိပ်စာအချို့ကိုမူ တစ်စွန်းတစ်စမျှသာ ထည့်သွင်းထား၏။ အချို့က မကြိုက်ရှိတတ်၍ အပြည့်အစုံကိုမူ ဖော်ပြ၍မထားပေ။

တတိယပိုင်းတွင် သရဏဂုံပုံဝတ္ထုလေးများကို တိုတိုကျဉ်းကျဉ်းဖြင့် ခပ်သွက်သွက်ရေးသားထား၏။ ဘာသာဝင်တိုင်း(အစမ်းသဘောဖြင့်) လေ့လာကျင့်ပွားနိုင်ကြောင်းလည်း စာသားထဲ၌ သက်သေခံလျက် ရှိ၏။ ထက်ဝက်အကျိုးပေးသည့်အကြောင်းများကိုလည်း သွက်သွက်ဖော်ပြထား၏။ နည်းသောအလုပ်ကလေးသည်ပင် များသောအကျိုးပေးကြောင်းကိုလည်း ထင်ရှားစေ၏။

ထို့ကြောင့် ဤစာအုပ်ကလေးသည် ငယ်၍ ပါးသော်လည်း အကြောင်းအရာများ အထိုက်အလျောက်ပြည့်စုံ၍ စာဖတ်သူများ အကျိုးများမည်ဖြစ်ကြောင်း ယုံကြည်၏။

(၁)

## ၁။ ဗုဒ္ဓနှင့် ဂေါတမီ

သံဃေဒိန္နံ မဟပ္ဖလံ သံဃေ ဂေါတမီ ဒေဟိ၊
သံဃေ တော ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ။

သံဃာကို ပေးလှူရခြင်းသည် ကြီးစွာသောအကျိုးကို ပေး၏။ ဂေါတမီ၊ သံဃာကိုလှူလော့။ သင်သည် သံဃာကိုလှူခြင်းဖြင့် ငါဘုရားကိုလည်း လှူရာ၊ ပူဇော်ရာရောက်ပေ၊ ဖြစ်ပေလိမ့်မည်။

ပါဠိကို သဒ္ဒါအနက်ဖြင့် တိုက်ရိုက်ပြန်ထား၏။ ထည့်ပါဠိ လုံးဝ မပါ။ အဓိပ္ပာယ်နှင့် အကြောင်းဝတ္ထုအကျဉ်းကား အောက်ပါအတိုင်း ဖြစ်၏။

မိထွေးတော်ဂေါတမီကြီးက သင်္ကန်းနှစ်စုံကို မြတ်စွာဘုရားရှင်အား ကပ်လှူ၏။ မြတ်စွာဘုရားက တစ်စုံသောသင်္ကန်းကိုသာ လက်ခံ၏။ နှစ်စုံလုံးမူ လက်မခံပေ။ မြတ်စွာဘုရားမှသည် ရဟန်းရှင်အားလုံးတို့ သင်္ကန်းတစ်စုံသာ ဆောင်တော်မူကြ၏။

သင်္ကန်းတစ်စုံဟူရာ၌ ဒွိစုံ၊ တိစုံဟု ရှိ၏။ ဒွိစုံသည် နှစ်ထည်ဖြစ်ပြီး တိစုံသည် သုံးထည်ဖြစ်၏။ ဒွိစုံဟူသည်မှာ ကိုယ်ဝတ်သင်းပိုင်နှင့် ကိုယ်ရုံသင်္ကန်း ဖြစ်၏။ တိစုံဟူသည်မှာ ကိုယ်ဝတ်သင်းပိုင်၊ ကိုယ်ရုံ

သင်္ကန်းနှင့် နှစ်ထပ်သင်္ကန်းကြီး စသည်ဖြင့် ဖြစ်၏။ သုံးထည်ပေါင်းကို တိစီဝရိတ်ဟုလည်း ခေါ်၏။

မိထွေးတော်ကြီးက သူလှူသောသင်္ကန်းနှစ်စုံလုံးကို သားတော် မြတ်စွာဘုရားရှင် လက်မခံသဖြင့် လူတို့၏စကားနှင့်ဆိုလျှင် မကျေမနပ် ဖြစ်၏။

ထပ်၍ဆိုရလျှင် မိထွေးတော်ဟုဆိုသော်လည်း မိခင်ရင်းဖြစ်တော်မူသည့် မယ်တော်မဟာမာယာသည် ဘုရားအလောင်းတော်အား မွေးဖွားပြီးနောက် တစ်ပတ်အတွင်းမှာပင် နတ်ရွာစံသွားခဲ့၏။

ထိုအခါ အလောင်းတော် သိဒ္ဓတ္ထမင်းသားလေးအား မိထွေးတော် ဂေါတမီကြီးကပင် နို့တိုက်၍မွေးခဲ့ရ၏။ မိထွေးတော်ကြီးမှာ သားအရင်း နန္ဒမင်းသား ရှိ၏။ ထိုနန္ဒမင်းသားလေးကို အထိန်းတော်များနှင့်ထားပြီး မိတဆိုးလေးဖြစ်သော အလောင်းတော် သိဒ္ဓတ္ထမင်းသားကိုသာ ကိုယ်ဖိရင်ဖိ ပြုစုခဲ့ရ၏။

ထို့ကြောင့် ကိုယ်တိုင်မမွေးသော်လည်း ကိုယ်တိုင် နို့တိုက်၍ ကျွေးမွေးလာခဲ့ရသောကြောင့် သားအရင်းနှင့်မခြားချစ်၏။ အစ်မတော်အရင်း၏သားတစ်ယောက်လည်းဖြစ်နေပြန်၏။ အစ်မအရင်းနှင့်လည်း မင်းမျိုးမင်းရိုးဖြစ်ကြသည့်အလျောက် တစ်လင်တည်းမယား ဖြစ်နေကြပြန်၏။

သို့ဖြစ်၍ မိထွေးတော်ကြီးက သိဒ္ဓတ္ထမင်းသားအား ချစ်သည့် အချစ်ကို ဆန်းစစ်ပြီးတွက်ကြည့်လျှင် တစ်ဝမ်းသာကွဲသောကြောင့် တစ်ခြမ်းချစ်မည်ဖြစ်ပြီး တစ်လင်တည်းမယားက မွေးသောသားလည်း ဖြစ်နေပြန်ရာ တစ်မတ်သားတိုးပြီး ချစ်ဦးမည်ဖြစ်၍ သုံးမတ်သားချစ်ရာရောက်၏။ မိတဆိုးလေးအဖြစ်ကိုပါ ထည့်ပေါင်းလျှင် တစ်ကျပ်အပြည့်ချစ်မည်ဖြစ်၍ မိမိကိုယ်တိုင်မွေးသောသားနှင့် ထပ်တူထပ်မျှ ချစ်သည် ဟူ၍ပင် ဆိုရပေတော့မည်။

ထိုအထဲ သိဒ္ဓတ္ထမင်းသားက မင်းစည်းစိမ်ကိုမခံစားဘဲ သား မယားနှင့် ထီးနန်းကိုစွန့်ကာ တောထွက်ပြီး ရဟန်းဝတ်သွားခဲ့၏။ ဆင်းရဲပင်ပန်းစွာကျင့်ရင်းက (လမ်းမှန်အကျင့်ဖြင့်) သဗ္ဗညုတဉာဏ် တော်ကိုရရှိ၍ အတုမရှိသောဘုရား ဖြစ်သွား၏။ လူသားများသာမက မိမိမမြင်ဖူးသော နတ်သိကြား ဗြဟ္မာများပါ ဦးတိုက်ရှိခိုးရသောဘုရား။

ဆိုခဲ့သည့် သွေးစပ်သောသံယောဇဉ်နှင့် မြင့်မားသောဂုဏ်ထူး ဝိသေသတို့ကြောင့် ပဇာပတိဂေါတမီကြီးသည် မြတ်စွာဘုရားရှင်အား မည်မျှအထိပင် ချစ်လေမည်ကို မှန်းဆ၍သိနိုင်သည်။ ခြောက်နှစ် တိုင်ပတ်လုံး ဒုက္ကရစရိယာကျင့်နေစဉ်နှင့် ဘုရားဖြစ်တော်မူပြီးနောက် ပဉ္စဝဂ္ဂီတို့နှင့် တစ်ဝါဆိုသည်ကိုပါ ထပ်ပေါင်းလျှင် ခုနစ်နှစ်။

ထိုကာလအတောအတွင်း၌ မိထွေးတော်ကြီးသည် မြတ်စွာ ဘုရားအား မည်မျှအထိ လွမ်းလေ၊ တွေ့ချင်နေလေမည်ကိုလည်း မှန်းဆ၍ သိနိုင်၏။ ထို့ကြောင့် မိမိကိုယ်တိုင်ရက်လုပ်သောသင်္ကန်း ကို သားဘုရားကိုယ်တိုင် ဝတ်ရုံသည်ကိုသာ မြင်ချင်၊ တွေ့ချင်နေ၏။ သို့သော် မြတ်စွာဘုရားရှင်ကား မိထွေးတော်ကြီးထင်သလိုမဟုတ်။

သံဃာကိုလည်း ကပ်လှူနိုင်း၏။ သံဃာကိုလှူခြင်းသည် လည်း အကျိုးကြီး၏။ ဘုရားရှင်ကို လှူသည်၊ ပူဇော်သည်နှင့်တူ၏ ဟူ၍သာ မိန့်ဆိုဟောကြားတော်မူ၏။

## စွမ်းအားတော်များ

မှန်၏။ မြတ်စွာဘုရားရှင်သည် သုံးဆယ့်တစ်ဘုံ၌ အလုံးစုံ အား ရှိ၏။ မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားတော် တို့သည်လည်း ဘုရားရှင်ကဲ့သို့ပင် အားရှိ၏။ ဘုရား၏သားတော်များ ဖြစ်ကြသည့် ရဟန်းတော်အရှင်များအားလုံးသည်လည်း ဘုရားကဲ့သို့ ပင် အားရှိကြကုန်၏။ (ရဟန်းရှင်အားလုံးတို့ကိုပေါင်း၍ အားတစ်ခု

တည်းဖြင့်သာ ဆိုလိုသည်။)

ထို့ကြောင့် သာသနာပြုကြရာ၌ ဗုဒ္ဓဝေနေယျ၊ သာဝကဝေနေယျဟု နှစ်မျိုးကွဲပြား၏။ ဗုဒ္ဓဝေနေယျဟူသည်မှာ ဘုရားရှင်အထံတော်၌ တရားတော်ကို နာယူကျင့်ပွား၍ အရိယာဖြစ်သော ပုဂ္ဂိုလ်များဖြစ်၏။ သာဝကဝေနေယျ ဟူသည်မှာ ဘုရားရှင်၏ တပည့်သားရဟန်းသံဃာတော်များထံမှ တရားတော်ကို နာယူကျင့်ပွား၍ အရိယာဖြစ်တော်မူကြသောပုဂ္ဂိုလ်များ ဖြစ်၏။

ပဉ္စဝဂ္ဂီ စသော ပုဂ္ဂိုလ်များမှာ ဘုရားရှင်အထံ၌ တရားတော်ကို နာယူကျင့်ပွား၍ အရိယာဖြစ်တော်မူကြသဖြင့် ဗုဒ္ဓဝေနေယျ ဖြစ်၏။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်မှသည် မျက်မှောက်ကာလတိုင်အောင် ရဟန်းတော်များအထံမှ တရားတော်ကို နာယူကျင့်ပွား၍ အရိယာဖြစ်တော်မူကြခြင်းမှာ သာဝကဝေနေယျာ ဖြစ်၏။

ဤသို့ရှိသဖြင့် သံဃာတော်တို့၏ အားတော်များကိုလည်း ထင်ရှားပေါ်လွင်စေ၏။ သံဃာတော်အားလုံးတို့သည်လည်း ဘုရားရှင်ကဲ့သို့ပင် အားတော်ရှိကြကုန်၏။ ဘုရားရှင်က တရားဓမ္မဟောပြဆုံးမ၍ သာသနာပြုသလို တပည့်သားသံဃာတော်များသည်လည်း နည်းတူ တရားစာပေတို့ကို သင်ကြားဟောပြ၍ သာသနာပြုကြကုန်၏။

ဘုရားရှင်က အရှည်ကိုကြည့်၍ သည်အကြောင်းကို မိထွေးတော်ကြီးအား သိစေလို၏။ အသိနှင့်ထပ်တူ သံဃာတော်တို့အားလည်း လှူဒါန်းစေလို၏။ သံဃာတော်တို့ကိုလှူဒါန်းခြင်းအားဖြင့်လည်း ဘုရားရှင်ကိုလှူဘိသို့ အကျိုးရသည်ကို နားလည်စေလို၏။ ဘုရားရှင်နှင့် သံဃာတော်တို့အား ခွဲခြားထားခြင်းကို အလိုမရှိပေ။

ထိုသို့မဟုတ်လျှင် ဘုရားရှင်မရှိသည့်နောက်၊ ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် သံဃာတော်တို့အား ကြည်ညိုရကောင်းမှန်း၊ လှူဒါန်းရကောင်းမှန်းမသိဘဲ ဖြစ်ကောင်းဖြစ်သွားနိုင်၏။ သို့တည်း

မဟုတ် ကြည်ညိုလှူဒါန်းခြင်းသဒ္ဓါအရာ၌ အားနည်းသွားနိုင်၏။ ကြည်ညိုလှူဒါန်းခြင်း သဒ္ဓါအားနည်းလျှင် သာသနာတော်ကြီးသည် ပင် ပျက်စီးသွားနိုင်၏။

ထို့ကြောင့် ဘုရားရှင်၏နှုတ်တော်မှဖွင့်ဟ၍ တပည့်သား သံဃာတော်အား ကြည်ညိုတတ်ရန်၊ သာသနာတော်ကြီးအား လှူဒါန်း ထောက်ပံ့တတ်ရန်၊ သာသနာတော်၌ လူသားများထဲတွင် အထက် တန်းကျသော မိထွေးတော်ဂေါတမီကြီးအား အစိကထား၍ ဆုံးမ တော်မူခဲ့ခြင်း ဖြစ်၏။ အထူးလည်း မှတ်သားထိုက်၏။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သံဃာတော်အစဉ် အဆက်ကျန်သောကြောင့် သာသနာတော်သည် ညိုးနွမ်းမှေးမှိန်ခြင်း မရှိ။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကကဲ့သို့ပင် တိုးတက်မြဲတိုး တက်လျက်သာ ရှိ၏။ ဤသည်မှာ သံဃာတော်တို့၏ အားအင်သတ္တိ တော်တို့ကြောင့် ဖြစ်၏။

ယခင်က သာသနာတော်သည် ဇမ္ဗူဒီပါမျှသာ ထွန်းကားခဲ့၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သိန်းဃိုပြည်၊ သုဝဏ္ဏဝတီမှ သည် အာရှတစ်ခွင် အပြည့်အနှံ့ (သုဝဏ္ဏဝတီကို သထုံပြည်မှသည် အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနားကျွန်းဆွယ်အထိ။ အင်ဒိုချိုင်းကျွန်းဆွယ် ဟူသည်မှာလည်း ယခု မလေးရှားမှသည် ဂျပန်တိုင်အောင်) သာသ နာတော် ပြန့်ကျယ်စည်ပင်လာခဲ့၏။

ထိုမှ ယခုအခါ အနောက်ဥရောပမှသည် ကမ္ဘာအနှံ့ သာသ နာတော် ပြန့်၍ ကျယ်လာခဲ့၏။ ဤသည်မှာ သံဃာတော်တို့၏ အားတော်များဖြစ် ၏။ သာသနာပြုခြင်း၊ သာသနာပြန့်ကျယ်ခြင်း ဟူသည်မှာ မေတ္တာနှင့် စပ်သောကြောင့် အေးချမ်း၏။ မျက်မှောက် ချမ်းသာမှသည် နတ်ပြည်နတ်လမ်းပွင့်၍ နိဗ္ဗာန်တိုင်အောင် အကျိုး ထွန်း၏။

ဤသည်မှာ ဘုရားရှင်၏သားတော် ရဟန်းအရှင်တို့၏ စွမ်း

ပကားအားတော်များဖြစ်၏။ အလားတူ ဘုရားရှင်က အရှည်ကိုမျှော်၍ မိထွေးတော်ကြီးအား သိစေလို၏။ သံဃာတော်တို့အား လှူဒါန်းခြင်းသည်လည်း ကြီးစွာသောအကျိုးကိုပေးတတ်ကြောင်း နားလည်စေချင်၏။

သာသနဝန်ထမ်း ရှင်ရဟန်းတို့အား ပေးကမ်းလှူဒါန်းထောက်ပံ့ခြင်းသည် သာသနာတော်ကိုလည်း စောင့်ရှောက်ရာမည်၏။ သာသနာတော်ကို ပြုစုစောင့်ရှောက်သောသူအား သာသနာတော်ကလည်း ပြန်လည်ပြုစုစောင့်ရှောက်၏။ သုဂတိချမ်းသာ၊ နတ်ရွာနိဗ္ဗာန်တိုင်အောင် အကျိုးပြု၏။

သာသနာတော်ကို ပြုစွမ်းလှူဒါန်းထောက်ပံ့၍ ဆင်းရဲမွဲတေသူကား မရှိ။ ရှိခဲ့သော် အခိုက်အတန့်သာဖြစ်၏။ ဒီရေသည် ကျဆင်းခြင်းဖြင့် ပြန်လည်တိုးတက်လာရန်အားပြုခြင်းနှင့် တူ၏။ ဖယောင်းတိုင်မီးသည် ညိုထွန်းစတွင် ညှိုးမှိန်ခြင်းမှာ တောက်လင်းရန် အားယူသည်နှင့်တူ၏။

ခေတ်စကားဖြင့် ဘောလုံးကို နံရံပစ်ကန်ရာ မိမိထံပြန်ကန်လာသည်နှင့်တူ၏။ လှူဒါန်းခြင်းအားဖြင့် ဆုံးရှုံးသည်မရှိ။ လှူခြင်းသည် ယူ သည်သာဖြစ်၏။ နည်းနည်းလှူခြင်းဖြင့် များများယူခြင်းသာဖြစ်၏။ ပန်း တစ်ပွင့်၊ ဆွမ်းတစ်ပေါင်း၊ ရေတစ်ခွက် ကပ်လှူရုံဖြင့်ပင် ကြီးကျယ်ခန်း နားသော နတ်ချမ်းသာကြီးကိုရရှိကြောင်း သတိပြုနိုင်၏။

လှူဖို့ကိုကြောက်ခြင်းမှာ ချမ်းသာဖို့ကို ကြောက်ခြင်းသာ ဖြစ်၏။ ချမ်းသာကြွယ်ဝခြင်းဟူသည်မှာ ပေးကမ်းလှူဒါန်းခြင်းမှသာ လာသောကြောင့် များများလှူဒါန်းခြင်းသည် များများချမ်းသာမည့် လမ်းစလမ်းဝကို ဖွင့်ထွင်ဖောက်လုပ်သည်နှင့်တူ၏။ ဤသည်ကိုလည်း ကံကိုယုံသော ဗုဒ္ဓဘာသာအားလုံးတို့ သိကြမည်ဖြစ်၏။

သာ၍ရှင်းလင်းစွာဖြင့် သိရှိနိုင်စေရန်အတွက် လှူဒါန်းခြင်း ဒါနနှင့်ပတ်သက်သော အကြောင်းအရာတစ်ခုကို အောက်ပါအတိုင်း

ဆက်လိုက်၏။

## အနာထပိဏ်သူဌေးနှင့် ဒါနအကြောင်း

အနာထပိဏ်သူဌေး ချမ်းသာသည့်အကြောင်းကိုကား လူတိုင်းသိကြ၏။ ဆင်းရဲခဲ့သည့်အကြောင်းကိုမူ လူတိုင်းသိကြမည်မဟုတ်။ *'ဂုဏ ဝန္တေ ပဿန္တိ ဇနာ'* ဟူ၍လည်း ဘုရားရှင်ဟောတော်မူ၏။ အဓိပ္ပာယ်မှာ လူတို့သည် ဂုဏ်ရှိသောသူတို့ကိုသာ မြင်ကြ၊ သိကြကုန်၏ဟူ၍ ဖြစ်၏။

မှန်၏။ အနာထပိဏ်သူဌေးကြီးသည် ဇေတဝန်ကျောင်းဒကာကြီး ဟူ၍ လည်းကောင်း၊ နေ့စဉ်မပြတ် သံဃဝတ်ဖြင့် ဆွမ်းလောင်းလှူနေသော ဆွမ်းဒကာကြီးအဖြစ်ဖြင့် လည်းကောင်း လူသိများပြီး ပိဋကတ်တော်တွင်လည်း ထင်ရှား၏။ လူမှအစ နတ်အဆုံးလည်း သိကြ၏။

ဇေတဝန်ကျောင်းတော်ကြီး၏ ဒကာအဖြစ်ဖြင့် နေ့စဉ်မပြတ် သံဃာ့ဆွမ်းဝတ် ဒကာအဖြစ် ခံယူထားသည်မှာလည်း လွယ်သည် မဟုတ်။ ကုန်ကျငွေအနေဖြင့် ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းရာ၌ (၅၄) ကုဋေ၊ သံဃာ့ဝတ်ဆွမ်းနှင့် ပစ္စည်းလေးပါးအတွက်သည်လည်း ၄င်းနီးပါးကုန်ကျ၏။

ထိုကဲ့သို့ မြောက်မြားစွာသော ငွေကြေးအသပြာများကို စွန့်ကြဲလှူဒါန်းနိုင်သောကြောင့်လည်း ထင်ရှားပြီး လူသိများခြင်း ဖြစ်၏။ စွန့်လှူဝံ့သောသတ္တိရှိသလို စွန့်နိုင်သောငွေကြေးဥစ္စာလည်း ပြည့်စုံ၏။ ထို့ကြောင့် ဘုရင့်ထံမှ သူဌေးဘွဲ့ကိုရရှိထားခြင်းလည်း ဖြစ်၏။

## အနာထပိဏ်သူဌေးကြီး ဆင်းရဲလာခြင်း

အနာထပိဏ်သူဌေးကြီးသည် လှူနိုင်ခြင်း၊ လှူပွဲခြင်းသတ္တိတို့နှင့်ပြည့်စုံ၍ အလှူဒါန လက်နှင့်မကွာရှိနေခြင်း၊ ဘုရားရှင်နှင့်တကွ ဓမ္မကထိက သံဃာတော်ထံမှ ဒါန၊ သီလ၊ ဘာဝနာတရားတော်များကို မပြတ်နာကြားခြင်းရှိပြီး မဟာကုသိုလ်ကြီးကို နေ့စဉ်ရရှိနေသော်လည်း တစ်နေ့သောအခါ အကုသိုလ်၏နှိပ်စက်ခြင်းကို ခံလာရ၏။

အစမထင်သော သံသရာမှ အပရာပရိယဝေဒနိယ အကုသိုလ်ကံအကြောင်းတရားတို့သည် သူဌေးကြီးအား စတင်၍ ဒုက္ခပေးလာ၏။ ရောင်းပန်းဝယ်ပန်းလည်းမလှ၊ လယ်ယာဥယျာဉ်တို့မှ သစ်သီးဝလံတို့သည်လည်း မထွန်းကား မရရှိ ဖြစ်လာ၏။ အကြွေးယူထားသူများကလည်း ပြန်၍မဆပ်နိုင်ကြတော့။

ပစ္စုပ္ပန် အနှုမျက်စိဖြင့်ကြည့်လျှင် ထိုမျှအထိ ဘုရားနှင့်တကွ ပုထုဇဉ်, အရိယာသံဃာတော်အရှင်မြတ် မြောက်မြားစွာတို့အား ဆွမ်းဖြင့်လုပ်ကျွေးခြင်း၊ တရားသီလနာယူကျင့်ပွားခြင်းတို့ မပြတ်ရှိနေပါလျက် အဘယ်ကြောင့် ဆင်းရဲလာဘိသနည်း။ လှူဒါန်းလွန်းသောကြောင့် ထွက်ငွေနှင့် ဝင်ငွေ မမျှတရှိ၍ စသည်ဖြင့် ဆိုစရာဖြစ်လာနိုင်၏။

မျက်မှောက်ကုသိုလ်အကျိုးကိုသာမြင်သည်။ အစမထင်သော သံသရာမှပါလာသည့် အကုသိုလ်အကျိုးပေးခြင်းကိုမူ မမြင်နိုင်ကြ။ ထို့ကြောင့် အကျိုးနှင့်အပြစ်ကိုစပ်ဟပ်၍ မမိနိုင်ကြသောကြောင့် ထိုကဲ့သို့ ပြောဆိုကောင်းပြောဆိုကြမည် ဖြစ်၏။ ပုထုဇဉ်မျက်စိဖြင့် မြင်နိုင်ကောင်းသောအရာလည်း မဟုတ်။

သူဌေးကြီး၏အခြေအနေများသည်လည်း ယခင်နှင့် လုံးဝ ကြားနားသွား၏။ ယခင်က သံဃာ့ဝတ်ဆွမ်းများကို ဆိဦးထောပတ်၊ သားပြွမ်းဆွမ်း စသည်များကို လောင်းလှူနိုင်ခဲ့သော်လည်း ယခုအခါ

ပုန်းရည်ဟင်း၊ ထို့နောက် ယာဂုဆွမ်း စသည်ဖြင့် တဖြည်းဖြည်း အလှူဝတ္ထုများ လျော့ကျ၍လာ၏။

လျော့ကျ၍မသွားသည်ကား တစ်ခုသာရှိ၏။ ၎င်းမှာ သူဌေးကြီး၏သဒ္ဓါတရားများ ဖြစ်၏။ အလှူဝတ္ထုများ လျော့ပါးဆင်းရဲလာသော်လည်း သဒ္ဓါတရားသည်ကား လျော့ပါးဆင်းရဲ၍မသွားပေ။ သူဌေးကြီးသည် သောတာပန်ပုဂ္ဂိုလ်ကြီးဖြစ်သည့်အလျောက် သဒ္ဓါတရား အလွန်အားကောင်း၏။

သောတာပန်ပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားသည်ကား အံ့ဖွယ်ရှိစွ၏။ တုန်လှုပ်ခြင်းမရှိ (အစလသဒ္ဓါ) သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိကိုပယ်သတ်ထားပြီးဖြစ်၍ ဘုရား၊ တရား၊ သံဃာ စသော ရတနာမြတ်သုံးပါးတို့အပေါ်တွင် ယုံမှားဖွယ်ကင်း၏။ ရတနာမြတ်သုံးပါးကို သံသရာ၏ကယ်တင်ရှင်၊ မဟာကျေးဇူးရှင်အဖြစ်လည်း မှတ်ယူ၏။ အားကိုးရာ၊ လဲလျောင်းပုန်းအောင်းမှီခိုရာအဖြစ်လည်း အကြွင်းမဲ့ယုံကြည်၏။

၎င်းနည်းတူ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ဘာဝနာ စသော တရားတော်တို့အပေါ်တွင်လည်း အားကိုးခြင်း၊ ယုံကြည်ခြင်း၊ ပုန်းအောင်းမှီခိုလဲလျောင်းရာအဖြစ် စွဲမှတ်ယုံကြည်ထား၏။ ဤသည်မှာ ဒိဋ္ဌိကိုပယ်သတ်ထားသော သောတာပန်ပုဂ္ဂိုလ်တို့၏ အစလသဒ္ဓါတရားတို့၏သဘော ဖြစ်၏။

မည်သို့သော ဘဝပျက်ဘေး၊ အသက်ဘေး၊ သေဘေးမျိုးဖြင့် ရင်ဆိုင်ကြုံတွေ့လာရသည်ဖြစ်စေ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး ဒါန၊ သီလ၊ ဘာဝနာနှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ စသည်တို့အပေါ်တွင် သောတာပန်ပုဂ္ဂိုလ်တို့သည် ယုံမှားခြင်းကင်းစွာဖြင့် အကြွင်းမဲ့ယုံကြည်သည့် သဒ္ဓါတရားမျိုး အပြည့်ရှိ၏။

ထို့ကြောင့် မတုန်လှုပ်သော သောတာပန်ပုဂ္ဂိုလ်တို့၏ အစလသဒ္ဓါတရားသည် သူဌေးကြီးတွင်ရှိနေ၍ ယခု သူဌေးကြီးအဖြစ်မှ သိသိသာသာကြီး လျော့ကျလာခဲ့သော်လည်း တုန်လှုပ်မှုအလျှင်းမရှိ။

နိစ္စဘတ် သံဃာတော်တို့အား နေ့စဉ်လောင်းလှူနေသော ဆွမ်းဝတ်ကို လည်း တစ်ကြိမ်တစ်ခါမျှ အပျက်မခံ။

ဆီဦးထောပတ် စသော ဆွမ်းကောင်း (ပဏီတဘောဇဉ်) ကို လောင်းလှူနိုင်သောအဆင့်မှ လျော့ကျလာလျှင် ပုန်းရည်ဟင်းမျှ ဖြင့် မပြတ်လောင်းလှူ၏။ ထိုမှလျော့ကျလာပြန်သောအခါတွင်လည်း ယာဂုဆွမ်းမှုကို လောင်းလှူပြန်၏။ ပစ္စည်းလေးပါး စသည့် ဆွမ်းဝတ် ကိုမူ မည်သည့်အခါမျှ အပျက်မခံ။ ဤသည်မှာ ဒါနကိုယုံကြည်သော သဒ္ဓါတရား ဖြစ်၏။

## မိစ္ဆာအယူရှိသော တံခါးစောင့်နတ်

သူဌေးကြီးအိမ်၌ တံခါးစောင့်နတ်သည် မိစ္ဆာအယူရှိ၏။ သာသ နာတော်၏ အဓိကကျသော ဘုရားဒကာကြီး၊ ကျောင်းဒကာ (ဇေတဝန် ကျောင်းဒကာ) ကြီး၊ သောတာပန်ကြီးဖြစ်တော်မူသည့် သူဌေးကြီး အနာထပိဏ်၏ အိမ်တံခါးစောင့်နတ်သည် မိစ္ဆာဒိဋ္ဌိ ဖြစ်နေပြန်၏။

မိစ္ဆာဒိဋ္ဌိတံခါးစောင့်နတ်သည် ယခင်ကပင် သူဌေးကြီးအိမ် သို့ ဘုရားအမှူးရှိသော သံဃာတော်များ ပစ္စည်းလေးပါးဖြင့် ပင့်ဖိတ် ထား၍ ကြွရောက်နေကြသည်ကို မကြည်ညိုနိုင်ဖြစ်နေလေရာ ယခု အခါ နှောင့်ယှက်ခွင့်ရသွား၏။ သူဌေးကြီး၏ ဒါန စသည့် သူတော် ကောင်းတရားများကိုပိတ်ပင်ရန် အကြံပြုခွင့်ရသွား၏။

တစ်နေ့သောအခါတွင် တံခါးစောင့်နတ်သည် ကိုယ်ထင်ရှား ပြလျက် -

"သူဌေးကြီး၊ ကျွန်ုပ်သည်ကား သင့်အား အမြဲမပြတ် ကြည့်ရှု စောင့်ကြပ်နေသည့် တံခါးစောင့်နတ်ဖြစ်ပေသည်။ ထို့ကြောင့် သင့်အား သက်သာရာရစေမည့် မှန်သောစကားကို ဆိုပါမည်။ သင်သည် လှူဒါန်းခြင်း၌ ရဲရင့်လွန်းပေသည်။ ဦးပြည်းရဟန်းများအား လှူဒါန်း

ခြင်းဖြင့်လည်း အကျိုးမရှိပါ။ ဥစ္စာကုန်ရုံသာ ရှိသည်။ ဦးပြည်းတို့က ဒါနပြုလုပ်လျှုဒါန်းလျှင် ချမ်းသာမည်။ လူဖြစ်မည်၊ နတ်ဖြစ်မည်ဆိုသည်ကိုလည်း မယုံပါနှင့်။ သူတို့ စားပေါက်ကျယ်စေရန် လုပ်ကြံပြောဆိုသော ထွင့်လုံးစကား တစ်မျိုးသာ ဖြစ်သည်။ ယခုပင် သူဌေးကြီးသည် ဦးပြည်းတို့၏စကားကိုနားယောင်ပြီး လှူဒါန်းသောကြောင့် ဥစ္စာကုန်မှန်းမသိကုန်လာ၍ သူဌေးဟူသောဘွဲ့ထူးဖြင့် မတူမတန်လောက်သည်အထိ လျော့ပါးလာနေရပြီ မဟုတ်လား။ သို့ဖြစ်၍ ယနေ့မှစပြီး ဦးပြည်းတို့အား လှူဒါန်းပေးကမ်းခြင်းကို ရပ်လော့။ ဦးပြည်းတို့အိမ်သို့ ဝင်ထွက်သွားလာခွင့်ကိုလည်း ပိတ်ပင်လော့။ အကျိုးမရှိသောအလုပ်ကို ဆက်ပြီးမလုပ်နှင့်တော့''

သူဌေးကြီးသည် တံခါးစောင့်နတ်ကြီး၏စကားကို အတော်လေးပင်မကြိုက် ဖြစ်သွားလေ၏။ ပြောမှပြောရက်ပလေ၊ နတ်ဖြစ်ပါလျက်သည်မျှအထိ ယုတ်ညံ့ပြီး အောက်တန်းကျသောစကားကို ဆိုရက်ပလေ၊ ငါလို ဘုရားဒကာ၊ ကျောင်းဒကာ၊ သောတာပန်သူဌေးကြီးတစ်ယောက်ကိုမျှ ဤမျှ ယုတ်ညံ့သောစကားများဖြင့် ပြောရက်ပလေဟုတွေးကာ အလွန်အမင်းပင် စိတ်မကောင်းဖြစ်သွားရလေ၏။

မိစ္ဆာတံခါးစောင့်နတ်ကလည်း ဆက်၍တွန်း၏။

''ယခုပင် သူဌေးကြီးကြည့်လော့။ လှူလျှင် ချမ်းသာမည်၊ သူဌေးဖြစ်မည်ဟု ဦးပြည်းတို့ဟောသည့်တရားသာ မှန်ကန်၍ ကေန်တည်လျှင် သူဌေးကြီးကဲ့သို့လှူဒါန်းသောလူ ဤဇမ္ဗူတွင် တူသူရှိ၏လော့။ ဘုရားဒကာ၊ ကျောင်းဒကာ၊ ရဟန်းဒကာကြီးဖြစ်နေသလိုဇေတဝန်ကျောင်းတော်ကြီး၏ မြေနေရာကိုလည်း ရွှေဒင်္ဂါးချင်းစပ်ခင်း၍ တန်ဖိုးဖြတ်ကာဝယ်ယူပြီး ကြီးကျယ်ခန်းနားဆုံးသော ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ပြီ။ ၄င်းဦးပြည်းတို့အားလည်း ဆွမ်း၊ ပန်း၊ ရေချမ်းတို့ဖြင့် မပြတ်ကပ်လှူပူဇော်လာခဲ့ပြီ။ တရားသီလကိုလည်း မပြတ်နာယူစောင့်ထိန်းခဲ့ပြီ။ ချမ်းသာပါတော့လား။ သူဌေး

တကာတို့ထက် သူဌေးကြီးဖြစ်ပါတော့လား။ သူတို့ဟောသည့်အတိုင်း ရွှေငွေရတနာတို့ ဒီရေကဲ့သို့ တိုးတက်ပါတော့လား။ ယခု အဘယ်မှာနည်း။ ရှိတည်ပြီးသော ရွှေငွေရတနာဥစ္စာတို့သည်သာ ကုန်ခန်းခဲ့သည် မဟုတ်လား။ ဤသည်မှာ ပေးကမ်းလှူဒါန်းခြင်းတည်းဟူသော ဆိုးကျိုးရလဒ်ကြီးပင် မဟုတ်ပါလား သူဌေးကြီး။ လှူလျှင် ကုန်သည်ဟူသောလက္ခဏာကို လင်းလင်းကြီးပြသနေခြင်းပင် မဟုတ်ပါလား။ ထို့ကြောင့် သူဌေးကြီး ပေးကမ်းလှူဒါန်းခြင်းကို ရပ်လော့။ သူဌေးကြီးအား အချွန်ဖြင့်ပင့်မ,နေသည့် ဦးပြည်းတို့အားလည်း အဆက်ဖြတ်လော့''

သူဌေးကြီးသည် တံခါးစောင့်နတ်ကြီး၏ ပြောဆိုပြုမူပုံများကို မကြိုက်ခြင်း၊ စိတ်မကောင်းဖြစ်ခြင်းမှသည် ဒေါသအဖြစ်သို့ပင် ပြောင်းလဲသွားလေ၏။ မိမိ၏အဆင့်နှင့် ဂုဏ်တို့ကို ငဲ့သောအားဖြင့် ရှူးရှူးရှဲရှဲ ဖြစ်ကာ ဝုန်းဒိုင်းမကြဲမိအောင် ထိန်းနိုင်သော်လည်း တံခါးစောင့်ကြီးအား လုံးဝ မကြည်ညိုနိုင်တော့ပေ။ ထို့ကြောင့် တံခါးစောင့်နတ်ကြီးအား ပြတ်ပြတ်ရှင်းရှင်းပင် ပြောလိုက်လေ၏။

''တံခါးစောင့်နတ်ကြီး၊ သင်သည် မကောင်းသောစကားကို ဆိုဘိ၏။ ငါသည် သာမန်လူသားထဲကမဟုတ်ဘဲ သောတာပန် ယောကျ်ားတစ်ယောက် ဖြစ်သည်ကိုလည်း သင်အသိပင် ဖြစ်၏။ သောတာပန်ပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားကိုလည်း သင်အသိပင် ဖြစ်မည်ထင်၏။ သို့စဉ်လျက် သင်သည် ဤမည်သောစကားကို ဆိုဝံ့သည်။ ဆိုလည်းဆိုရက်သည်။ သူတော်ကောင်းတို့၏သဒ္ဓါတရားကို ဖိတ်ပင်ရဲခြင်းမှာ အောက်တန်းကျသည့် ယုတ်မာသောလက္ခဏာကို လှစ်ပြခြင်းသာ ဖြစ်ပေ၏။ ထိုထက်ဆိုးသည်မှာ သက်တော်ထင်ရှား ဘုရားရှင်နှင့်တကွ ပုထုဇဉ်၊ အရိယာသံဃာတော် အရှင်မြတ်များအားလည်း ဦးပြည်းခေါင်းတုံး စသည်ဖြင့် ရိုင်းပျသော စကားတို့ဖြင့် ပြောဆိုကဲ့ရဲ့ဘိ၏။ သို့ဖြစ်သောကြောင့် ငါကဲ့သို့သော

စေတနာရှင်၊ သဒ္ဓါရှင်သောတာပန်ပုဂ္ဂိုလ်တစ်ယောက်၏အိမ်၌နေခြင်း ငှာ မအပ်တော့ပြီ။ ယခုပင်လျှင် ငါ၏အိမ်မှထွက်သွားလေတော့"

## တံခါးစောင့်နတ်ကြီး ဒုက္ခရောက်ခြင်း

အထိုက်အလျောက် တန်ခိုးရှိသည့်နတ်ပင်ဖြစ်သော်လည်း အိမ်ရှင်က နေခွင့်မပြုသောအခါ နေခွင့်မရတော့ပေ။ နေခွင့်မရလျှင် သူ၏အိမ်မှ ဆင်းပေးရတော့မည် ဖြစ်၏။ နတ်ဆိုသည်ကလည်း ခက်၏။ ကံနှင့်သာဖြစ်လာရသောကြောင့် ကံကျိုးလျှင်ဖြစ်စေ၊ ကံကုန်လျှင်ဖြစ်စေ ပြုပြင်၍ရရန်ခဲယဉ်း၏။

လူတို့မှာကား ကံကျိုးလျှင်ဖြစ်စေ၊ ကံကုန်လျှင်ဖြစ်စေ ပြုပြင်၍ရကောင်း၏။ အကယ်၍ ကျွန်ဖြစ်ခဲ့ပါမူ သခင်ကမောင်းထုတ်၍ နေထိုင် စရာမရှိလျှင်လည်း တဲထိုးနေ၍ရ၏။ အခြားတစ်နေရာ၊ တစ်ပြည်တစ်ရွာသို့ ပြောင်းရွှေ့သွားပြီး ဖန်တီးလျှင်လည်း ဖြစ်နိုင်၊ ရရှိနိုင်၏။ ထို့ကြောင့် နတ်တို့ကို ကံဘုံ၊ ကံသမား၊ လူတို့ကို ဉာဏ် ဘုံ၊ ဉာဏ်သမားဟု ဆိုရ၏။

ကံကျိုးသည်၊ ကံကုန်သည်ဟုဆိုရာ၌လည်း လက်ရှိအခြေ အနေမှ အနေအထိုင် အစားအသောက် ယုတ်လျော့ခြင်း၊ ယိုယွင်း ခြင်း၊ ပျက်စီးခြင်း၊ အဖတ်ဆည်၍မရနိုင်ခြင်း စသည်များကို ကံကျိုး သည်ဟု ဆိုရ၏။ သက်တမ်းကုန်၍ သေဆုံးခြင်းကို ကံကုန်သည်ဟု ဆိုရ၏။ ယခု တံခါးစောင့်နတ်ကြီးမှာ ကံကုန်ခြင်းမဟုတ်၊ ကံကျိုး ခြင်းသာ ဖြစ်၏။

သူ၏ကံကျိုးခြင်းမှာ သေသည်ထက်ပင်ဆိုး၏ဟု ဆိုရမည်ဖြစ် ၏။ သူတော်ကောင်းတို့၏သဒ္ဓါတရားကို ပိတ်ပင်မိခြင်း၊ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အား ကဲ့ရဲ့ပြစ်တင် အခြေအမြစ်မဲ့ စကားတင်းဆိုခြင်း စသော မကောင်းမှုကံကြီးသည် အလွန်လေး၏။

ပုဗ္ဗပ္ပဝတ္တွင် အခြေမလှဖြစ်တတ်သလို သံသရာတွင်လည်း အနက်ကြီးသို့ ကျရောက်တတ်၏။

ယခုပင် တံခါးစောင့်နတ်ကြီးသည် သူဌေးကြီး၏အိမ်၌ နေခွင့်မရ၍ သားသမီး၊ ဇနီး၊ မယားတို့အား လက်ကိုဆွဲပြီး မျက်နှာမသာမယာစွာဖြင့် ဆင်းလာခဲ့ရ၏။ နေထိုင်စရာ တစ်စုံတစ်ခုရရှိရေးအတွက် ဦးစွာ ရပ်ကွက်စောင့်နတ်ဆီသို့သွားပြီး နေထိုင်ခွင့်တစ်စုံတစ်ရာကို တောင်း၏။ ထိုအခါ ရပ်ကွက်စောင့်နတ်ကြီးက မေး၏။

"တံခါးစောင့်နတ်ကြီး အသို့နည်း။ ငါတို့သည်ကား ဖြစ်သလို နေရထိုင်ရ စားသောက်ရသည်။ သစ်ပင်တစ်ပင်၊ သစ်ကိုင်း တစ်ကိုင်းမှာလည်း နေရသည်။ သုသာန်သင်္ချိုင်းမှာလည်း နေသင့်က နေထိုင်ရသည်။ ထို့ကြောင့် ဆင်းရဲဘိသည်။ သင်သည်ကား သူဌေးကြီး၏ အိမ်တွင်နေထိုင်ရသည်။ ကောင်းမွန်စွာဖြင့် နေ၊ အိပ်၊ စားသောက်ရသည်။ ထိုမျှအထိ ကောင်းမွန်စွာဖြင့် နေအိပ်စားသောက်နေရပါလျက် ဆင်းရဲသောငါတို့ထံ၌ အဘယ်ကြောင့် နေထိုင်ရလာတောင်းဘိသနည်း"

တံခါးစောင့်နတ်ကြီးကလည်း သူသည် သူဌေးကြီး၏ မွန်မြတ်သောသဒ္ဓါတရားများကို ပိတ်ပင်မိခြင်း၊ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အား ကဲ့ရဲ့စကားဆိုမိခြင်းတို့ကြောင့် သူဌေးကြီးက သူ့အိမ်မှမောင်းချလိုက်၍ ယခုကဲ့သို့ ဆင်းလာရခြင်းဖြစ်ကြောင်း စသည်များကို ရှင်းပြလိုက်၏။

"ဤသို့ဆိုလျှင်ကား တံခါးစောင့်နတ်ကြီး သင့်အား ငါ လက်မခံဝံ့ပေ။ သင်သည် သူတော်ကောင်းတို့၏သဒ္ဓါတရားကိုလည်း ပိတ်ပင်သည်။ ဘုရား၊ တရား၊ သံဃာ စသော ရတနာမြတ်သုံးပါးတို့ကိုလည်း ကဲ့ရဲ့ပြစ်တင်သည်ဟုဆိုသဖြင့် သင့်ထက်မိုက်မဲသူ ရှိပေဦးမည်လား။ ထို့ကြောင့် သင်၏မိုက်မဲ ယုတ်မာသောအပြုအမူအကျင့်တို့ကြောင့် ဖြစ်လာရသည့်ပြဿနာကို ငါသည်လည်း တာဝန်ယူ၍

လက်မခံဝံ့ချေ။ ငါ့ထက်ကြီးသော နတ်မင်းများထံသို့သာသွား၍ သင်၏အတွေ့ပွတ်ကို ဖွင့်ဟပြောဆိုတင်ပြကာ နေရာတောင်းချေလော့''

တံခါးစောင့်နတ်ကြီးမှာ များစွာ ဒုက္ခရောက်လျက် ရပ်ကွက်စောင့်နတ်ကြီးက လက်မခံ၍ မျက်နှာမသာမယာစွာဖြင့် သားမယားတို့အား လက်မှဆွဲပြီး မြို့စောင့်နတ်ကြီးဆီကို သွားရပြန်လေသည်။ မြို့စောင့်နတ်ကလည်း ထိုနည်းအတိုင်း သူတော်ကောင်းတို့၏သဒ္ဓါတရားနှင့် ရတနာမြတ်သုံးပါးတို့အား ပြစ်မှားသောပုဂ္ဂိုလ် နတ်ယုတ်ဖြစ်၍ လက်မခံရဲကြောင်း ပြောလွှတ်လိုက်လေ၏။

ထို့နောက် နိုင်ငံစောင့်နတ်ကြီးထံသို့ သွားလျှင်လည်း ၎င်းအတိုင်း၊ ကုမ္ဘာစောင့်နတ်ကြီးထံသို့သွားလျှင်လည်း ၎င်းအတိုင်း၊ သိကြားမင်းကြီးအထံသို့သွားလျှင်လည်း ၎င်းအတိုင်း သူတော်ကောင်းတို့၏သဒ္ဓါတရားကို ပိတ်ပင်ခြင်း၊ ရတနာမြတ်သုံးပါးတို့အား ကဲ့ရဲ့အပြစ်စကားဆိုခြင်း စသော ယုတ်မာသည့် အမှုအကျင့်ရှိသောကြောင့် လက်ခံခြင်းငှာ မဝံ့ကြောင်း စသည်များကိုပြောဆိုပြီး ပြန်လည်နှင်လွှတ်ကြ၏။

## သိကြားမင်းကြီးကအကြံပြုခြင်း

ထိုထိုနတ်မင်းများစွာတို့အထဲမှာ သိကြားမင်းကြီးကမူ ငါသည်နတ်တို့၏သနင်း သိကြားမင်းဖြစ်နေခြင်းကြောင့် သင်တံခါးစောင့်နတ်ကြီးအား သည်အတိုင်း ဥပေက္ခာပြု၍ နှင်ထုတ်ခြင်းငှာ မအပ်ပေ။ ထို့ကြောင့် တစ်စုံတစ်ခုသောအကြံကို ပြုလိုက်မည်။ သင်သည် သူတော်ကောင်းတို့၏သဒ္ဓါတရားကို ပိတ်ပင်ခြင်း၊ ရတနာမြတ်သုံးပါးတို့အား အကျိုးမဲ့ပြောဆိုကဲ့ရဲ့ခြင်း စသော မပြုအပ်၊ မပြောဆိုကောင်းသော အပြုအမူ အပြောအဆိုတို့ကြောင့်သာ သူဌေးကြီး၏အိမ်မှ မောင်းထုတ်နှင်လွှတ်ခြင်းကို ခံခဲ့ရသည်။ သို့ဖြစ်သောကြောင့်

သူဌေးကြီးမှာ လှူဒါန်း၍ ကုန်ခန်းသွားသော ဥစ္စာရတနာများကို ပြန်လည်ဖြည့်ထည့်ပြီး သူဌေးကြီး၏အိမ်မှာပင် ပြန်လည်နေရာ တောင်း၍ နေချေလော့ဟု အကြံပြုပြောဆိုလိုက်၏။ သို့သော်လည်း တံခါးစောင့်နတ်ကြီးသည်ကား သိကြားမင်းကြီး၏ အကြံပြုပြောဆို သည့်စကားကို အလုံးစုံနားလည်နိုင်ခြင်း မရှိပေ။ ထို့ကြောင့် ပြန်၍ မေးမြန်းရ၏။

"ဘိုးတော်သိကြားမင်း၊ သူဌေးကြီးမှာ လှူဒါန်း၍ လျော့သွား သော ဥစ္စာရတနာများကို ပြန်လည်ဖြည့်ထည့်ပြီးမှ ပြန်လည်နေရာ တောင်း၍ နေပါလေဆိုသောကြောင့် ကျွန်ုပ်သည် အဘယ်မည်သော ရတနာများကိုရှာဖွေ၍ ဖြည့်ထည့်ရပါမည်နည်း"

"သူဌေးကြီးမှာ ဝာစ်ပါးသူတို့ ချေးငှားယူငင်ထားပြီး ပြန်မဆပ် သော ဥစ္စာရတနာ (၁၈) ကုဋေ၊ မြေ၌မြှုပ်ထား၍ အစီရဝတီ မြစ် ရေတိုက်စားသောကြောင့် ကမ်းပြိုပြီး ပင်လယ်သမုဒ္ဒရာထဲသို့ မျော ပါသွားသော ဥစ္စာရတနာက (၁၈) ကုဋေ၊ တစ်ဦး တစ်ယောက်မျှ ပိုင်ဆိုင်ခြင်းမရှိသော တောတောင်ရေမြေထဲက ဥစ္စာရတနာများက (၁၈) ကုဋေ ဟူ၍ ရှိလေသည်။ ထိုဥစ္စာရတနာတို့ကို သင်၏အစွမ်း ဖြင့်ဖန်တီး၍ ဟောင်းလောင်းဖြစ်နေသော သူဌေးကြီး၏ ဘဏ္ဍာတော် တိုက်ထဲသို့ ဖြည့်ထည့်၍ နေရာတောင်းပြီး ယခင်အတိုင်း သူဌေးကြီး ၏အိမ်မှာပင် နေထိုင်ပါလေ။ ထိုကဲ့သို့ဖန်တီးပေးခြင်းကြောင့် သူဌေး ကြီးကလည်း ကျေကျေနပ်နပ်ဖြင့် ပြန်လည်လက်ခံပေလိမ့်မည်"

## တံခါးစောင့်နတ်ကြီး သူ့၏နေရာကိုပြန်ရခြင်း

တံခါးစောင့်နတ်ကြီးသည် ဘိုးတော်သိကြားမင်း အကြံတော်ပြု လိုက်သည့်အတိုင်း (၅၄) ကုဋေသော ဥစ္စာရတနာတို့ကို ဖန်တီးဖြည့် စွမ်း ထည့်ပေးလိုက်ပြီးနောက် သူဌေးကြီး၏အိမ်၌ ပြန်လည်နေခွင့်

တောင်း၏။ သို့သော် သူဌေးကြီးကမူ လွယ်လွယ်ကူကူဖြင့် ပြန်လည်၍ နေထိုင်ခွင့်မပြုသေးပေ။

"တံခါးစောင့်နတ်ကြီး၊ သင်သည်ကား ယုတ်မာသောအကျင့်ရှိ၏။ အမြော်အမြင်ကင်းသောကြောင့် မဆင်မခြင်လည်း ပြောဆိုတတ်၏။ ထို့ကြောင့် ငါ၏ ကြည်လင်သောသဒ္ဓါတရားကို ပြောဆိုတားမြစ်ပိတ်ပင်သည့်အပြင် ငါ၏အသက်တမျှ ကြည်ညိုလေးမြတ်သော ရတနာမြတ်သုံးပါးကိုလည်း အကျိုးမဲ့ ပြောဆိုဘိသည်။ သို့ဖြစ်၍ ဥစ္စာရတနာများကို ဖြည့်ထည့်ပေးရုံမျှဖြင့် နေထိုင်ခွင့်မပေးနိုင်သေးချေ။ ဘုရားရှင်အစရှိသော ရတနာမြတ်သုံးပါးတို့ကိုပါ ဝန်ချတောင်းပန်ပြီးမှ နေထိုင်ခွင့်ပြုမည်"

ဟု ဆိုလိုက်သည်။

ထို့ကြောင့် တံခါးစောင့်နတ်ကြီးကလည်း သူလွန်ကျူးထားဖူးသည်ကို ဆင်ခြင်မိသဖြင့် "ကောင်းပါပြီ" ဟု ဝန်ခံလိုက်၏။

## အဓိပ္ပာယ်

သူဌေးကြီးမှာ သံဃဒါနအလှူကိုပြုလုပ်၍ ကုန်ခန်းသွားသော ရတနာများဖြစ်သောကြောင့် တစ်စုံတစ်ရာ လုံ့လစိုက်ရန်မလိုဘဲ ပြန်ရ၏။

တံခါးစောင့်နတ်ကြီးမှာ သူတော်ကောင်းတို့၏ သံဃဒါနအလှူကို ယုတ်မာစွာဖြင့် ပြောဆိုပိတ်ပင်မိခြင်း၊ ရတနာမြတ်သုံးပါးတို့အားအကျိုးမဲ့ပြောဆိုကဲ့ရဲ့မိခြင်းတည်း ဟူသော မကောင်းမှုအ,ကုသိုလ်ကံကြောင့် ပစ္စက္ခဘဝမှာပင် ဆိုးကျိုးကိုခံစားရ၍ နေရာမဲ့၊ စားရာမဲ့ဘဝကို ရောက်ခဲ့ရ၏ ဟူ၍ ဖြစ်၏။

ကောင်းကင်ကို တုတ်ဖြင့်ရမ်း၍ မထိသော်လည်း မြေပြင်ကိုခြစ်လျှင် အရေးအကြောင်းပေါ်၏။

ဆံပင်သည် ကိုယ်မှာကပ်နေစဉ် မသိသာသော်လည်း မျက်စိထဲဝင်သောအခါ အလွန်စူး၏။

## ၂။ ခွေးပိန်တစ်ကောင်အား ထမင်းတစ်ဆုပ်ကျွေးဖူးသောအကျိုးပေး

မထင်မှတ်သော စေတနာပါသည့်ကံကလေးသည် အကျိုးပေးကြီးတတ်၏။ သံသရာစက် အထောက်အကန့်တို့ကိုပင် ချိုးဖျက်၍ စက် ရဟတ်အားလုံးကိုရပ်စေ၊ ပြတ်စေလျက် ဘဝအဆက်ဆက်တို့ကို ရပ်သွားစေတတ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ အကျိုးပေးစွမ်းနိုင်၏။

ဤသည်ကို အန္ဓတို့ နားလည်လက်ခံနိုင်ရန် ခဲယဉ်း၏။ ကံကိုလည်းမယုံ၊ ပညာမျက်စိလည်းမရှိကြကုန်သော ပုထုဇဉ်အန္ဓတို့ မိမိ၏မှုန်ဝါးဝါးအသိကလေးတစ်ခုကိုဆုပ်ကိုင်ပြီး လက်တွေ့ကျမှ ယုံမည်ဟူသောစကားတစ်လုံးဖြင့် ဓမ္မကိုပင် ပယ်ချ၍ လွဲမှန်းမသိလွဲကာ သူတော်ကောင်းတို့တရားနှင့် ဝေးမှန်းမသိ ဝေးသွားတတ်၏။

သူတော်ကောင်းတို့၏စကား ဓားကဲ့သို့ထက်သလို သူတော်ကောင်းတို့၏လမ်းသည်လည်း ဆင်သွားသည်ထက် ရှင်းသည်ကိုမှု မသိနိုင်ကြ။ မူလကပင် အန္ဓဖြစ်နေလေရာ အဘယ်မှာလျှင် သံသရာကို ကြည့်ရှု၍ မြင်နိုင်မည်နည်း။ ရှာလေ မတွေ့လေ၊ ကြည့်လေမမြင်လေ ဖြစ်ကြရ၏။

### ခေတ်ပညာတတ် အန္ဓမိတ်ဆွေ

ခေတ်ပညာတတ် မိတ်ဆွေတစ်ယောက်ရခဲ့ဖူး၏။ သူနှင့် ကိုယ်တစ်ရွာတည်းသားချင်းမဟုတ်ကြသလို ကျောင်းနေဖက်၊ စာသင်ဖက်

လည်း မဟုတ်ကြ။ ဆုံကြသည်က ဖောက်လုပ်ရေး ရိုးမလမ်းတစ် နေရာတွင် ဖြစ်၏။ သူက ခေတ်ပညာတတ်၊ နိုင်ငံခြားပြန် အင်ဂျင်နီ ယာ။ ကိုယ်က သူ့လက်အောက်ခံ အလုပ်သမားခေါင်းဆောင်။

အဆင့်အတန်းက ကွာချင်တိုင်းကွာပြီး ခြားနားချင်တိုင်းခြား နားနေ၏။ သို့သော် လုပ်ငန်းချင်းနီးစပ်မှုအလျောက် ခင်မင်မှုရှိလာ ကြ၏။ တစ်ယောက်အကြောင်း တစ်ယောက်လည်းသိလာကြ၏။ အပေါင်းကြာလာသည်နှင့်အမျှ ယုံကြည်မှု၊ အားကိုးမှုများလည်း ရှိ လာကြ၏။ သို့သော် စာရိတ္တချင်းမတူကြဘဲ ခြားနားနေ၏။ ကိုယ်က ဘာသာရေးနှင့်၊ သူက ဘာသာရေးမဲ့။

သူ ဘာသာရေးမဲ့ခြင်းနှင့်ပတ်သက်၍ အကြောင်းအရာမြောက် မြားစွာတို့ကို စာအားဖြင့် ရေးပြခြင်းကိုပင် မဝံ့ပေ။ ထိုမျှအထိပင် ကြမ်း၏။ ရှ၏။ တစ်ဖက်စွန်းရောက်လွန်း၏။ တစ်ယူသန်အားကြီး ၏။ ဖျောင်းဖျသော်လည်း လက်မခံ။ နားချ၍လည်းမရ။ သူကအမြင့်၊ ကိုယ်ကအနိမ့် ရှိနေသောကြောင့် သာ၍ပင် ပြုပြင်ရခက်၏။

ဗုဒ္ဓဘာသာ မိဘနှစ်ယောက်တို့မှ မွေးဖွားလာသော်လည်း ခေတ်ပညာကို အရောင်ပြကာ လက်တွေ့ကျမှယုံမည် ဟူသော တစ် လုံးတည်းစကားကိုသာ တွင်တွင်သုံး၍နေ၏။ ပညာစုံလေ လိမ္မာလေ ဖြစ်ရမည့်အစား မိုက်တွင်းသာနက်၏။ ဤသည်မှာ ဉာဏ်မပါ၍ ကံကိုမယုံသောကြောင့် မောဟလွှမ်းကဲပြီး မိုက်တွင်းနက်သည်ဟု ဆိုရမည် ဖြစ်၏။ ထိုသို့သဘောရှိသောကြောင့် မိုက်အစား မကို ဟသတ် မိုဟ်မှ မောဟသဘော ပေါ်လွင်၏။

ခေတ်ပညာတတ်မိတ်ဆွေ၏ဘာသာရေးကို မယုံကြည်ခြင်း၊ မလေးစားခြင်း၊ စော်ကားမော်ကား ပြုမူပြောဆိုခြင်း စသည်တို့ကို သူ့နှုတ်ထွက်စကားအတိုင်း ရေးခြင်းငှာ မဆီလျော်၊ မဝံ့မရဲရှိလှ၍ အတန်တန်ဖြေလျှော့ပြီး ရေးသားပြရလျှင် -

ဘုရားဆိုသည်မှာ အုတ်ပုံ၊ တရားဆိုသည်မှာ လုပ်ကြံရေးသား

ထားသော စာအုပ်၊ သံဃာ ဆိုသည်မှာ အရေခြုံဟူ၍ပင် ဖြစ်၏။ လက်တွေ့ပြနိုင်မှယုံမည် ဟူသော စကားတစ်ခွန်းကိုလည်း မြဲမြဲဆုပ်ကိုင်ထား၏။ ဤသည်မှာပင် ကံကိုမယုံသူတစ်ယောက်အဖြစ်ကို ရှင်းရှင်းပြနေခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် အပါယ်လေးပါးသို့တန်းကျမည့် နိယတမိစ္ဆာဒိဋ္ဌိသုံးပါးတွင် ထိပ်ဆုံးကပါဝင်၍နေ၏။

မိမိအနေဖြင့် ဘာသာရေးတရားတော်များနှင့်ပတ်သက်၍ သူလက်ခံနိုင်လာသည်အထိ ပြောနိုင်၊ ဟောနိုင်၊ ဆုံးမနိုင်စွမ်းရှိသော်လည်း သူကား ဘာသာရေးနှင့်ပတ်သက်လာလျှင် စကားတစ်ဝါကျကိုပင် ပြီးဆုံးအောင်နားမထောင်ဘဲ အကျောက်အကန်ငြင်းတတ်၏။ တစ်ဖက်လူ အပြောရပ်သွားသည်အထိ ဖိအားပေးပြီးလည်း ငြင်းခုံတတ်၏။

လက်ရှိ (ထိုအချိန်) တွင် သူက အမြင့်၊ ကိုယ်ကအနိမ့်ဆိုတော့လည်း ခက်၏။ ဆက်ပြော ကြာစတမ်းဆိုလျှင်လည်း စကားနိုင်လုကြရင်းက ထထိုးဖွယ်သာရှိ၏။ သို့သော် ထထိုးခြင်းမှာ နိုင်ခြင်းမဟုတ်။ နိုင်လျှင်လည်း အရှုံးသည်သာ အဖတ်တင်သဖြင့် အရှုံးသည်သာကြွင်း၏။ ထိုသို့သဘောရှိသောကြောင့် မိမိက အရှုံမပေးလို၍ ရှောင်ထားရ၏။

အချိန်အခါကိုစောင့်ခြင်းဖြစ်၏။ သူနှင့်လည်း အဆင်ပြေအောင်ပေါင်း၏။ သူနားခါးသော ဘာသာရေးစကားကိုလည်း သူ့ရှေ့တွင် တစ်ခွန်းတစ်စမျှမပြောတော့။ သူကမူ အောင်နိုင်သူတစ်ယောက်အနေဖြင့် ဆောင့်ကြွားကြွားပင်နေ၏။ မိမိက ဘုရားရှိခိုးခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူသည်ကိုမြင်လျှင်ပင် မသိမသာတစ်ဖုံ, သိသိသာသာတစ်မျိုး ပြက်ရယ်ပြုတတ်သေး၏။

## အနှမိတ်ဆွေအား တရားဟောခွင့်ကြုံလာရ

သို့သော် သူ့အား ဘာသာရေးတရား ဟောပြောဆုံးမရန် သိပ်ပြီး အချိန်ကြာကြာမစောင့်လိုက်ရ။ သုံးလေးလအတွင်းမှာပင် အကြောင်းပေါ်လာ၏။ ပေါ်လာသောခရီးသည်လည်း တိုတောင်းလွန်း၏။ ရက်ပိုင်းမျှသာ အခွင့်ပေး၏။

ငှင်းနှင့် မိမိတို့ဆုံစည်းကြသည့် ဖောက်လုပ်ရေးရိုးမလမ်းတွင် ငှက်ဖျားပေါ၏။ ငှက်ဖျားတို့၏သဘောသည်လည်း တစ်နေရာနှင့်တစ်နေရာ မတူကြ။ တချို့နေရာတွင်ကြမ်းပြီး တချို့နေရာတွင် ခပ်လျော့လျော့ဖြင့် တိမ်းသာဖယ်သာ၊ ကုသာကောင်းသာ ရှိ၏။

ယခု သူမိသောငှက်ဖျားသည် ကြမ်း၏။ ကုမရနိုင်သည်အထိ ဆိုး၏။ ထိုအနီးဝန်းကျင်ရှိ ဒေသခံတို့အတွက် အသားကျနေသော်လည်း ဒေသခံမဟုတ်သောလူများ အထူးသတိထားကြရ၏။ ထိုအထဲတွင် သတိထားနေရင်းက သူ ကံဆိုးရှာ၏။ ငှက်ဖျားမိသည်ဟု သိသည်နှင့် မြို့ကိုတန်းပို့ကြရ၏။

မိမိသည်လည်း နောက်နေ့တွင် သက်ဆိုင်ရာအထက်လူကြီးများအား ခွင့်တောင်းပြီး လိုက်သွား၏။ သူသည် ခပ်ယဲ့ယဲ့မျှပြုံးပြပြီး ခုတင်ကို လက်ဖြင့်ဖွဖွပုတ်ကာ အနားသို့ခေါ်၏။ ဗုဒ္ဓဘာသာ မိဘနှစ်ယောက်တို့မှ မွေးဖွားလာခဲ့သူဖြစ်သည့်အလျောက် ဗုဒ္ဓဘာသာ အငွေ့ရိုက်၊ အဖျားခတ်သဖြင့် ဘာသာရေးအကြောင်းကို နောက်ဆုံးအနေဖြင့် နားထောင်လို၍ ခေါ်ခြင်းဖြစ်၏။

မိမိအနေဖြင့် ငှင်းအခြေအနေကိုကြည့်ပြီး ဝမ်းသာရမည့်အချိန်မဟုတ်တော့သော်လည်း ဝမ်းသာရမည်သာ ဖြစ်၏။ နောက်ဆုံးစကားတစ်ခွန်းသည် တာသွားတတ်သည်ကို သိထားဖူး၏။ သံသရာတစ်ကြောလုံး အပြောင်းအလဲဖြစ်သွားနိုင်သည်ကိုလည်း နားလည်၏။

အတိုဆုံးနှင့် အနည်းငယ်မျှနားထောင်ပြီး နားလည်နိုင်မည့်

ဒါန၊ သီလ၊ ဘာဝနာ သုံးမျိုးထဲတွင် သီလအကြောင်းကို ဦးစွာပြော ကြည့်၏။ သူလက်ခံသည် မခံသည်ထား။ နားထောင်၍တော့နေ၏။ မိမိကလည်း သူ သီလမစောင့်ထိန်းနိုင်သည်ကိုသိသဖြင့် ဓမ္မသဝန ကုသိုလ်ကံလေးသော်မျှ ရပါစေတော့ ဟူ၍ အာရုံပြုရ၏။

ထို့နောက် ဘာဝနာအကြောင်းကိုပြောဟော၏။ ဘာဝနာ အကြောင်းကို ပြောဟောရာတွင်လည်း အချိန်ပေးပြီး လေးနက်သော အကြောင်း စသည်တို့ကို ထုတ်ဆောင်ရန် အချိန်မရှိတော့သဖြင့် ပညတ် ကို ပညတ် ဟူ၍ သိနိုင်ရန် ဦးစွာပြောဟော၏။ ထိုပညတ်သိကိုပင် အရင်းတည်၍ ပရမတ်သို့တင်ပေး၏။

အကြောင်းအရာပရမတ်တစ်ခုတည်းကိုပင် နားလည်လွယ်စေ ရန်အတွက် အထပ်ထပ်ရှင်းလင်း၍ ဟောပြောလိုက်ရာ သူ အတော် လေးပင် သဘောကျသွားလေ၏။ ပညတ်ရှင်းပြီးနောက် ပရမတ်သည် ပင် အတန်အသင့်လင်းသွားလေ၏။ သို့သော် သူ့အနေဖြင့် တရားရှု မှတ်ပွားများရန်အချိန်ကား မရှိတော့ပေ။

သူ ပရမတ်ကိုလက်ခံလျှင် ကံကိုယုံကြည်သူတစ်ယောက်အဖြစ် သို့ရောက်ပြီဟု သိလိုက်သဖြင့် ဒါနအကြောင်းကိုပြန်ကောက်၍ ဟော ပြော၏။ ဒါနအကြောင်းကိုဟောပြောရာ၌လည်း နားလည်လွယ်မည့် ခပ်ပါးပါးအကြောင်းအရာတစ်ခုကိုပင် ဟောပေးလိုက်၏။ ထိုခပ်ပါး ပါးလေး ဒါနသည်ပင် နိဗ္ဗာန်တိုင်အောင် အကျိုးပေးသည်ကိုလည်း သူ ရှင်းရှင်းကြီးနားလည်သွား၏။

သူ့အား နောက်ဆုံးအနေဖြင့် ဟောပေးလိုက်သော ဒါန အကြောင်းကို ယခုဆက်ရေးပြမည်ဖြစ်၏။ သူသည် ဉာဏ်ထက်သော ပုဂ္ဂိုလ်ဖြစ်သဖြင့် ပရမတ်ကိုနားလည်ပြီးနောက် ဒါန၊ သီလ အားလုံး ကိုဟောပြတိုင်း နားလည်ပြီး လက်ခံသွား၏။ ကြည်ကြည်ညိုညို လည်း ရှိ၏။ အသိနောက်ကျသည်ဟုလည်း ဆို၏။ ဒါနနှင့်ပတ်သက် ၍ ယခုတင်ပြမည့်အကြောင်းအရာကို အကြိုက်ဆုံးဟုလည်း ဆို၏။

ထို့ကြောင့် သူ့ကို သတိရစွာဖြင့် သည်အကြောင်းကို စာဖတ်သူများ အား ဖြန့်ဝေလိုက်၏။

## သီဟိုဠ်ကျွန်းနှင့် ဒုဗ္ဘိက္ခပ်

သီဟိုဠ်ကျွန်း၌ ဒုဗ္ဘိက္ခန္တရကပ် - အငတ်ဘေးကြီးကျရောက် နေချိန် ဖြစ်၏။ ဒုဗ္ဘိက္ခန္တရကပ် အငတ်ဘေးကြီးဆိုက်ရောက်လျှင် အစားအစာရှားခြင်းကြောင့် လူရှင်ရဟန်းများမှသည် ခွေး၊ ကြောင်၊ ကြက်၊ ဝက်အထိ ကြီးစွာဒုက္ခရောက်ကြရ၏။ ရရာအစားအသောက် များကို ကောက်စားမိသောကြောင့် ရောဂါဘယအမျိုးမျိုးလည်း ဆင့် တိုးဖြစ်ပွားတတ်၏။

ထိုသို့သဘောရှိသောကြောင့် ကပ်တစ်မျိုးဆိုက်ရောက်လျှင် သုံးမျိုးလုံး (သတ္ထန္တရ၊ ရောဂန္တရ၊ ဒုဗ္ဘိက္ခန္တရ) ဆက်နွယ်ဆိုက်ရောက် တတ်သည်ဟုဆိုရာ ဤဒုဗ္ဘိက္ခန္တရကပ်သည် အဆိုးဆုံးဟု ထင်၏။ ဒုဗ္ဘိန္တရကပ်ဆိုက်ရောက်လာလျှင် နောက်နှစ်မျိုးသည်လည်း ကူးစက် ဆိုက်ရောက်ရန် အလွန်နီးစပ်မှုရှိသည်ဟု ရှုမြင်မိ၏။

ထိုအခိုက်တွင် တိုင်းပျက်ပြည်ပျက် စဏ္ဍာလတိဿ သူပုန် ဘေးကြီးသည်လည်း ထကြွသောင်းကျန်းပေါ်ပေါက်လာပြန်၏။ တစ် ဆက်တည်းပင် မိုးသည်လည်း ဆယ့်နှစ်နှစ်ပတ်လုံးမရွာသဖြင့် လယ် ယာကိုင်းကျွန်း အပင်အသီးများ စိုက်စား၍မရရှိသောကြောင့် ပြည်သူ ပြည်သားများသည် များစွာပင် ဆင်းရဲဒုက္ခရောက်ကြရ၏။

အစားအစာဆင်းရဲသောဒုက္ခသည် အဆိုးဆုံးဖြစ်၏။ အခြား ရောဂါဘယ စသည်ကား လူအားလုံးဥဿုံ လုံးစုံခံရခြင်းမျိုး မဟုတ် ပေ။ အချို့ခံရပြီး အချို့မှာ ကျန်တတ်သေး၏။ ကျန်းမာလျက်ရှိသူ များက မကျန်းမာသူတို့အား ပြုစုလုပ်ကျွေးနိုင်၏။ ဖေးမကူညီနိုင် သေး၏။

အငတ်ဘေးဟူသည်ကား လူမှစ၍ ခွေး၊ ဝက်၊ ကြက်၊ ငှက်အထိ ထမင်းအာဟာရကို မှီဝဲစားသုံးတတ်သော သတ္တဝါအားလုံး တစ်ပြေးညီတည်း ဆင်းရဲဒုက္ခရောက်ကြရ၏။ တွန်းလှန်ဖယ်ရှားရန်၊ ပြေးပုန်းရှောင်ဖယ်ရန် အလွန်ခက်၏။ ထပ်တူမျှဝေ ခံစားနေကြရသောကိစ္စကြီးကြောင့် မည်သို့မျှ ပြုပြင်၍မရကောင်းပေ။

တချို့မှာ အငတ်ဘေးကြီးကိုမခံစားနိုင်၍ နေရပ်အိုးအိမ်များကိုစွန့်ခွာလျက် ရေကြည်ရာမြက်နုရာကို ပြောင်းပြေးသွားကြ၏။ အရပ်ကို သံယောဇဉ်တွယ်၍ ကျန်နေခဲ့ကြသောလူများမှာလည်း ဆိုးရွားသောအငတ်ဘေးကြီးကို မချိမဆန့်ခံစားကြရ၏။ တချို့မှာ အငတ်ပြဿနာကို မခံစားနိုင်သည့်အဆုံး အချင်းချင်းသတ်ဖြတ်စားသောက်ကြသည့် လူသားစားဘဝသို့ပင် ရောက်သွားကြ၏။

## ဒေဝတာရွာသားများ အဘယမထေရ်ကြီးနှင့် ဒုဗ္ဘိက္ခပ်

သီဟိုဠ်ကျွန်းအနောက်ပိုင်းတွင်ရှိသည့် ဒေဝတာရွာသူရွာသားများသည်လည်း ထိုနည်းအတူ အငတ်ဘေးကြီးကို ခံစားကြရ၏။ အငတ်ဘေးကြီးကို မခံစားနိုင်၍ ဘေးကင်းရာသို့ ထွက်ပြေးပုန်းရှောင်ရန် စိုင်းပြင်းလာကြသူများလည်း ရှိကြ၏။ ထိုအခါ သူတို့ကိုးကွယ်ကြသော ပုပ္ဖဂီရိကျောင်းဆရာတော် အဘယမထေရ်ကြီးအား အကြောင်းစုံကို သွား၍လျှောက်ထားကြ၏။

"အရှင်ဘုရား၊ အငတ်ဘေးကြီးက အတော့်ကို ကြောက်ခမန်းလိလိ ဖြစ်နေပါပြီ ဘုရား။ မိုးခေါင်၍ ဒုဗ္ဘိက္ခပ်ဆိုးကြီး ဆိုက်ရောက်လာနေသည့်အပြင် သူပုန်ဘေးကြီးနှင့် လူအချင်းချင်း သတ်ဖြတ်စားသောက်ကြသည့် ဘေးဆိုးကြီးသည်လည်း ကြောက်ဖွယ်ကောင်းလှပါသည်။ ထို့ကြောင့် ရွာကိုစွန့်ခွာပြီး အရပ်တစ်ပါးကို သွားကြပါစို့ ဘုရား"

အဘာယမထေရ်ကြီးသည် ချက်ချင်း စကားဆိုတော်မမူဘဲ တစ်အောင့်ကြာအောင် စဉ်းစား၍နေ၏။ ထို့နောက် သက်မတစ်ချက်ကိုချလိုက်ပြီး -

"ဒကာ, ဒကာမများ၊ သင်တို့သည်သာ ဘေးကင်းရာသို့သွားကြပါလေ။ ဘုန်းကြီးသည်ကား သည်အရပ်ဒေသကို စွန့်ခွာထွက်သွားရန် စိတ်ကူးမရှိပေဘူး။ ဘုရားရှင်၏ ဒက္ခိဏာသာခါနှင့် မွေတော်၊ ဓာတ်တော်၊ စေတီတော်များကိုသာ ထိန်းသိမ်းစောင့်၍နေရစ်မည်။ သေလျှင်လည်း ဗောဓိယင်္ဂဏဝတ်၊ စေတိယင်္ဂဏဝတ်တို့ကိုပြုလုပ်ရင်း သည်အရပ်မှာပင် သေစေတော့"

ကိုးကွယ်နေကြသည့် ဒကာ၊ ဒကာမများက ငိုယိုတောင်းပန်၍ လျှောက်ထားကြသော်လည်းမရ။ အရပ်တစ်ပါးသို့ စွန့်ခွာထွက်သွားရန်ဆန္ဒမရှိ၍ တစ်ပါးတည်းနေရစ်ခဲ့ရန်ကိုသာ အတန်တန်ပြောဆိုပြီး နေလေ၏။ ဒကာ, ဒကာမများလည်း ထိုနေ့မှာပင် အရပ်ဒေသကိုစွန့်ခွာ၍ ရေကြည်ရာ၊ မြက်နုရာဒေသသို့ ရှာဖွေစားသောက်ရန် ထွက်ခွာသွားကြလေ၏။

မထေရ်မြတ်သည်လည်း ကိုးကွယ်နေကြသည့် ဒကာ၊ ဒကာမများ ရွှေ့ပြောင်းသွားကြသည့်နေ့မှစ၍ ဆွမ်းအာဟာရပြတ်လေ၏။ သို့သော်လည်း သည်အရပ်တွင် အသက်စွန့်ရန်ကို ဆုံးဖြတ်ထား၍ အနည်းငယ်မျှပင် တုန်လှုပ်ခြင်းမရှိပေ။ ဂုဏ်တော်ကို နှလုံးသွင်း၍ ဗောဓိယင်္ဂဏဝတ်၊ စေတိယင်္ဂဏဝတ် စသည်တို့ကိုပြုရင်း, မေတ္တာဘာဝနာများကို ပွားများရင်းဖြင့်သာ အချိန်ကိုကုန်လွန်စေ၏။

ထိုမှ သုံးရက်မြောက်သို့ရောက်လာသောအခါတွင် အတော်လေးပင် နွမ်းရိလာ၏။ အမြင်အာရုံများ မှုန်ဝေပြီး ခေါင်းသည်လည်း အူလာ၏။ ကိုယ်လက်များ တုန်ချည့်လျက် လက်မှတံမြက်စည်းသည်ပင် ခဏခဏ လွတ်ကျလာလေသည်။ ဗိုက်ထဲက တကျက်ကျက်မြည်ပြီး ပူလောင်လာ၏။ ခေါင်းထဲက မူးနောက်ပြီးလည်း ချာချာ

လည်လာသည်။ ထို့ကြောင့် ဗောဓိယင်္ဂဏဝတ်၊ စေတီယင်္ဂဏဝတ် စသည်တို့ကို ခဏာမျှရပ်နား၍ ဇရပ်ပေါ်တွင်လှဲအိပ်ကာ လက်ကို ဝမ်းဗိုက်ပေါ်တွင်တင်၍ထား၏။

## သင်းဝင်ပင်စောင့်နတ်လင်မယား

ထိုအခါ အနီးအနားတွင်ရှိသော သင်းဝင်ပင်စောင့်နတ်ကြီး သည် မထေရ်အားကြည့်ကာ များစွာစိတ်မကောင်း ဖြစ်၏။ သာသနာ တော်ကို ချစ်မြတ်နိုးသော၊ စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ် စသည်တို့ကို မပြတ်ပြုလုပ်ပြီး မေတ္တာဘာဝနာတို့ကိုပွားများနေသော မထေရ်မြတ်သည် အာဟာရပြတ်၍ မတ်တတ်ပင်မရပ်နိုင်တော့ပါ ကလားဟုတွေးကာ သနားခြင်းများစွာလည်း ဖြစ်၏။

သင်းဝင်ပင်စောင့်နတ်ကြီးသည်ကား မထေရ်မြတ်ကြီးကို များစွာ ကြည်ညို၏။ လေးစား၏။ အနီးအနားတွင်လည်းနေသဖြင့် သံယောဇဉ်လည်းထား၏။ ကိုယ်ထင်ပြ၍ စကားမပြောဘူးသော် လည်း မထေရ်ကြီး၏ ကြည်ညိုဖွယ်ရာများကို အလုံးစုံမြင်နေတွေ့နေ ရသောကြောင့် အချင်းချင်း စကားပြောဆိုဖူးချင်းမရှိသည့်တိုင်အောင် လေးစားကြည်ညို၍ အလိုလို ရင်းနှီးပြီးသား ဖြစ်နေ၏။ ထို့ကြောင့် မပြတ်လည်းစောင့်ရှောက်၏။

သို့သော် ယခုအခါသည် ဒုဗ္ဘိက္ခပ်ကြီးဆိုက်ရောက်နေချိန်ဖြစ်၍ သူတို့လင်မယား ကြည်ညိုလေးစားရသော မထေရ်မြတ်ကြီးသည် အာဟာရကိုမရသဖြင့် များစွာဒုက္ခရောက်နေရရှာ၏။ ထို့ကြောင့် သင်းဝင်စောင့်နတ်ကြီးသည် သူ၏ဇနီးမယားကိုတိုင်ပင်ကာ မထေရ် မြတ်ကြီးအား ဆွမ်းလောင်းရန်ပြောလေသည်။

"ရှင်မ၊ ငါတို့ ကြည်ညိုကိုးကွယ်နေကြသော မထေရ်ကြီး သည်ကား အာဟာရပြတ်လပ်၍ ယခုပင်မထနိုင်တော့ပေ။ သည်

အတိုင်းသာဆိုပါက မထေရ်ကြီးသည် ရှေ့ကိုဆက်လက်၍ အသက်ရှင် ရပ်တည်နေနိုင်ခြင်းငှာ မလွယ်ပေဘူး''

''မှန်ပေသကော နတ်မင်းကြီးရယ်၊ ကျွန်တော်မျိုးမသည်လည်း မထေရ်မြတ်ကြီး၏အဖြစ်ကို သိလည်းသိပေ၊ မြင်လည်း မြင်ပေ၏။ ကိုးကွယ်ဆည်းကပ်နေကြသော ဒကာ၊ ဒကာမ များ ဒုဗ္ဘိက္ခဘေးဆိုးကြီးကို မခံစားနိုင်၊ ရပ်တည်နေခြင်းငှာလည်း မတတ်နိုင်သည့်အဆုံး အရပ် တစ်ပါးသို့ စွန့်ခွာထွက်သွားကြပြီးသည့်နောက် မထေရ်မြတ်ကြီး၏ ဆွမ်းကိစ္စသည် ပြတ်လပ်ခဲ့၏။ ထို့ကြောင့် အာဟာရပြတ်လပ်လျှင် အဘယ်မှာ ရပ်တည်နေနိုင်ပါအံ့နည်း''

''ငါသည်လည်း မထေရ်မြတ်ကြီး ဆွမ်းကိစ္စပြတ်လပ်သည့် နေ့မှစ၍ အလွန်အမင်း စိတ်မချမ်းမသာဖြစ်ရပေသည်။ ဆက်လက် ရပ်တည်နေနိုင်ခြင်းငှာ မတတ်စွမ်းသည်ကိုလည်း သိလည်းသိ၊ မြင် လည်းမြင်ပေသည်။ ထို့ကြောင့် ငါနှင့် သင်တို့သည် မထေရ်မြတ်ကြီး အား နတ်ဆွမ်းလောင်းလှူရလျှင် မသင့်မြတ်ပေဘူးလား''

''ဤသို့ဆိုလျှင် နတ်မင်းကြီး မထေရ်မြတ်ကြီး၏ ရှေးကုသိုလ် ကို ကြည့်ဦးလော့။ ရှေ့ကုသိုလ်မပါရှိဘဲလျက် နတ်ဆွမ်းကို အကပ်ခံ နိုင်မည့်အရေးမှာ လွယ်ကူသောကိစ္စ မဟုတ်ပေ။ ရှေ့ကုသိုလ်ပါ လျှင် မထေရ်မြတ်ကြီးအား နတ်ဆွမ်းဖြင့်လုပ်ကျွေးရန် ကျွန်ုပ် အသင့် ရှိပေ၏''

နတ်မကြီးက ထိုကဲ့သို့အကြံပြုသဖြင့် သင်းဝင်ပင်စောင့်နတ် မင်းကြီးသည် နတ်တို့၏တန်ခိုးမျက်စိဖြင့် မထေရ်မြတ်၏ရှေ့ဘဝများ ကို ကြည့်ရှုလေသည်။

## မထေရ်မြတ်၏ တစ်ခုသောရှေ့ဘဝ

အဘယမထေရ်သည် တစ်ခုသောရှေ့ရှေ့ဘဝ၌ ဤဒေဝတာ

ရွာတွင် လူဖြစ်ခဲ့ဖူး၏။ ရွာသားတစ်ယောက်သာဖြစ်သော်လည်း ကံအား၊ ဉာဏ်အား အထောက်အပံ့ကြောင့် မင်းမှုထမ်းအမတ်ရာထူးကို ရခဲ့၏။ ဒေဝတာရွာနှင့် နယ်တစ်ခွင်ကိုအုပ်ချုပ်စီမံရ၏။ တစ်နေ့သော အခါတွင် ရပ်ရွာနယ်ပယ်ကိစ္စများကို လိုက်လံဆောင်ရွက်ရင်း ကိစ္စပြီး၍ ဒေဝတာရွာကို ပြန်လာ၏။

သို့သော် လမ်းခုလတ်တွင် ဆာလောင်မွတ်သိပ်လှသဖြင့် မင်းမှုထမ်းတို့အား ထမင်းပွဲပြင်ရန် စေခိုင်းလိုက်၏။ ထိုအခိုက်တွင် ခွေးပိန်တစ်ကောင်သည် အစားအစာများရရှိရန်အတွက် တောင်မြောက်လေးပါးကို ပြေးလွှားဖွေရှာရင်းက အမတ်ကြီး၏အနားသို့ ရောက်လာ၏။ သွားရေတများများဖြင့် အမတ်ကြီး၏ထမင်းပွဲကို စိုက်ကြည့်နေ၏။ ခွေးပိန်သည် အစာမစားရဘဲ မည်မျှကြာနေပြီမသိ၊ ကိုယ်လက်များတုန်ချည့်ပြီး အစာစားရရေးအတွက် အသနားခံသည့်အသွင်ကိုပင် ဆောင်နေ၏။

ထိုအခိုက်တွင် မင်းမှုထမ်းတစ်ဦးက ရရာတုတ်ချောင်းကို ကောက်ယူလာပြီး ခွေးပိန်အား ရိုက်မည်ပြု၏။ အမတ်က မရိုက်ရန် တားမြစ်ပြီး ထမင်းဟင်းများကိုနယ်ဖတ်ကာ လက်နှင့်လုံးဆုပ်၍ ခွေးပိန်ထံသို့ လှိမ့်ပေးလိုက်၏။ ခွေးပိန်လည်း အားပါးတရစားလေသည်။

အမတ်ကြီးလည်း အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။ အာဟာရပြတ်လပ်၍ သေအံ့မူးမူးဖြစ်နေသော ခွေးပိန်တစ်ကောင်ကို အသက်ဆက်ပေးလိုက်သည့်သဘောဖြင့် မိမိ၏ပွဲတော်အုပ်ထဲမှဖဲ့၍ ကျွေးလိုက်ရသောကုသိုလ်သည် မြတ်၏၊ အကျိုးပေးကြီး၏ဟုသိသဖြင့် သာ၍ပင် ဝမ်းသာပီတိလည်း ဖြစ်၏။

အမတ်ကြီးသည် ချမ်းချမ်းသာသာဖြင့်ပင် တိုင်းကျိုးပြည်ကျိုး လူထုအကျိုးများကို ပြုလုပ်ဆောင်ရွက်ရင်းက သေလွန်သောအခါ ခွေးပိန်အား ထမင်းတစ်နပ်ပေးကျွေးခဲ့ဖူးသော ကုသိုလ်အကျိုးကြောင့်

ထိုဒေဝတာရွာမှာပင် လူပြန်ဖြစ်၏။ ချမ်းချမ်းသာသာဖြင့်လည်း နေရစားရ၏။

သို့သော် မိမိ၏ပွဲတော်စာထဲမှ အာဟာရင်တော်ပြတ်နေသော ခွေးပိန်တစ်ကောင်အား ပေးကျွေးခဲ့ဖူးသည့် ထမင်းတစ်နပ်သည် တကယ်မဖြစ်မနေလိုအပ်နေသည့်အချိန်၌ ပေးကျွေးခဲ့ရသောကြောင့် အကျိုးကြီး၏။ လိုလိုလားလား စေတနာပါပါဖြင့် ပေးကျွေးခဲ့ဖူးသော ကြောင့် မဟာကုသိုလ်ထူးကြီးလည်း ဖြစ်၏။

ထို့ကြောင့် ထိုကုသိုလ်ထူးကြီးမှပေးလာသောအကျိုးကံသည် လည်း ၎င်းအား လောကီနယ်မှကျော်လွန်လာနေသဖြင့် လူ့ဘဝ လူ့ လောက၌ မပျော်ပိုက်တော့ဘဲ အိမ်ထောင်ဃရာဝါသဗဟုကိစ္စများ ကို စွန့်လွှတ်ကာ ရဟန်းဝတ်လိုက်၏။ သို့ဖြစ်၍ ယခုကဲ့သို့ အဘယ မထေရ်ဟု ဖြစ်လာရ၏။

## မထေရ်မြတ် တစ်သက်လုံး နတ်ဆွမ်းစားရခြင်း

သင်းဝင်ပင်စောင့်နတ်မင်းကြီးသည် အဘယမထေရ်ကြီး၏ အကြောင်းအရာကို အလုံးစုံသိမြင်ပြီးနောက် ၎င်း၏ဇနီး နတ်မအား ပြန်လည်ပြောပြ၏။ ထိုအခါ နတ်မသည်လည်း များစွာပင် ဝမ်းမြောက် ဝမ်းသာဖြင့်ကြည်ညို၍ မထေရ်မြတ်အား ဆွမ်းလောင်းလှူရန် သဘော တူလိုက်လေသည်။

သင်းဝင်ပင်စောင့်နတ်မင်းကြီးလည်း ဇနီးသည်နတ်မနှင့် ဆွမ်း လောင်းလှူရန် သဘောတူကြပြီးနောက် မထေရ်မြတ်၏ထံပါးသို့ ချဉ်း ကပ်၍သွား၏။ မထေရ်မြတ်သည်ကား အာဟာရ၏ပြတ်လပ်မှုကြောင့် အတော်လေးပင် နွမ်းရိနေလေပြီ။ သင်းဝင်စောင့်နတ်မင်းကြီးသည် မထေရ်မြတ်အား ကိုယ်ထင်ရှားပြပြီး -

"အရှင်မြတ်ဘုရား၊ တပည့်တော်သည် ဤအနီးအနားက

သင်းဝင်စောင့်နတ်မင်း ဖြစ်ပါ၏။ အရှင်မြတ်ဘုရားအား လေးစားကြည်ညိုခြင်းလည်းရှိပါ၏။ စောင့်ရှောက်ကြည့်ရှု ခြင်းကိုလည်း ပြုပါ၏။ သို့ဖြစ်သောကြောင့် ဒုဗ္ဘိက္ခကပ်ဆိုက်၍ ရွာသူရွာသားများ ရွာကိုစွန့်ခွာထွက်သွားကြသည့်အချိန်မှစ၍ တပည့်တော်သည် အရှင်ဘုရား၏ဆွမ်းကိစ္စကို ကြံစည်အားထုတ်လာခဲ့ရာ ယနေ့ပင်လျှင် တပည့်တော် ဆွမ်းလောင်းလှူနိုင်ပါပြီ။ သို့ဖြစ်သောကြောင့် သပိတ်တော်ကိုသာ ချီးမြှင့်တော်မူပါ ဘုရား"

မထေရ်မြတ်သည် ဆာလောင်မွတ်သိပ်ခြင်းကြောင့် တုန်ချိနေသောလက်ဖြင့် သပိတ်ကိုကမ်းပေးလိုက်၏။ သင်းဝင်ပင်စောင့်နတ်လင်မယားလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့်ပင် သပိတ်ကို လက်ခံဆောင်ယူပြီး ဆွမ်းလောင်းလှူကြလေသည်။ မထေရ်မြတ်မှာလည်း ဆွမ်းပြတ်လပ်နေခဲ့သည်မှာ သုံး၊ လေးရက်ပင်ရှိနေပြီဖြစ်၍ ဆွမ်းများကို ယခင်နည်းတူ ဘုဉ်းပေးနိုင်ခြင်းမရှိဘဲ ရေဖြင့်သာမျှော၍ ဘုဉ်းပေးရ၏။

မထေရ်မြတ်သည်လည်း ထိုနေ့မှစ၍ သင်းဝင်ပင်စောင့်နတ်လင်မယားတို့က နတ်သုဒ္ဓါဆွမ်းကို ကပ်လှူနေကြသောကြောင့် နေ့စဉ်နတ်ဆွမ်းကိုသာ ဘုဉ်းပေးနေရလေ၏။ ဘောဇနေသပ္ပါယမှလာသောအခါ ဖွံ့ဖြိုးတင့်တယ်ခြင်းလည်း ရှိလာ၏။ စေတိယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ် စသည်တို့ကိုလည်း ကောင်းစွာဆောင်ရွက်နိုင်လာ၏။

## အတိတ်ကာသိုလ်ကံကြောင့် လူသားစားတို့ရန်မှ လွတ်ခဲ့ရ

ထိုအချိန်က မထေရ်မြတ်သည် တရားတော်ကိုမူ ဂဏစွာဖြင့် ရှုမှတ်ပွားများအားထုတ်ဖူးခြင်း မရှိသေးပေ။ ထို့ကြောင့် စေတိယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ် စသည်တို့ကိုဆောင်ရွက်ရင်း ပိဋကတ်သုံးပုံတော်ကို ဘုရားရှိခိုးခြင်း၊ ဆွမ်းဒကာ နတ်လင်မယားတို့မှစ၍

မေတ္တာဘာဝနာများကို သုံးဆယ့်တစ်ဘုံတိုင်အောင် ဖြန့်ပို့ပွားများခြင်း စသည်တို့ကို ပြု၍သာနေ၏။

တစ်နေ့သောအခါတွင် အစာအာဟာရဝတ်မှတ်လွန်းလှ၍ လူလူချင်း သတ်ဖြတ်စားသောက်နေကြသောလူတစ်စုတို့သည် မထေရ်မြတ်၏သတင်းကို ရရှိသွားကြ၏။ ထိုအခါ ဝတ်မှတ်သည့်ဒဏ်ကို မခံစားနိုင်ကြသည့်အဆုံး ဘာသာရေးအတွေးအမြင်ဖြင့် ရဟန်းတော်အရှင်တစ်ပါး ဟူ၍ပင် မကြည်ညို၊ မရှောင်ရှားနိုင်ကြဘဲ ချက်ချင်း ဝိုင်းအုံပြီး လိုက်လာကြလေသည်။

ဖောဓိပင်နှင့် စေတီတော်ရင်ပြင်အနားသို့ရောက်လျှင် -

"ဝိုင်းဟေ့၊ လိုက်ဟေ့၊ ဖမ်းဟေ့၊ သတ်ဟေ့"

ဟု ဆူညံသံကြီးဖြင့် ကျောင်းပရိဝုဏ်နှင့်တကွ မထေရ်မြတ်ကြီးအား ဝိုင်းကြလေသည်။ ထို့နောက် ခေါင်းဆောင်ဖြစ်ဟန်တူသော လူ သုံး၊ လေးယောက်တို့သည် ဦးစွာရောက်ရှိလာပြီး မထေရ်မြတ်ကြီးအား လိုက်လံရှာဖွေကြ၏။ ထို့နောက် တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာကြပြီး ဝိုင်းအုံရှာဖွေကြလေသည်။

ထိုအခိုက် မထေရ်မြတ်ကြီးနှင့် လူသားစားတို့အကြားတွင် ရုတ်တရက် တောင်နံရံကြီးတစ်ခုပေါ်ပေါက်လာပြီး ခြားထားလိုက်၏။ မထေရ်မြတ်ကြီးကို လူသားစားတို့ရန်မှ အလိုလိုကာကွယ်ပြီးသား ဖြစ်သွားလေ၏။ လူသားစားတို့သည် မထေရ်မြတ်ကြီးအား ရှာဖွေ၍ မတွေ့နိုင်ကြတော့ပေ။

ထို့ကြောင့် လူသားစားတို့က စဉ်းစားကြသည်မှာ -

"ဤမထေရ်မြတ်ကြီးသည် သာမန်ပုဂ္ဂိုလ်မဟုတ်၊ ဈာန်အဘိညာဉ်ရရှိသော ဆဠာဘိညရဟန္တာမထေရ်မြတ်ကြီးသာ ဖြစ်ပေလိမ့်မည်။ ဈာန်အဘိညာဉ်ရသော ဆဠာဘိညရဟန္တာ မထေရ်မြတ်ကြီး ဖြစ်၍လည်း ယခုကဲ့သို့ တောင်နံရံကြီးဖန်ဆင်းလိုက်ပြီး မိမိကိုယ်ကို

ကာကွယ်နိုင်ခြင်းပင် ဖြစ်ပေမည်။ ထို့ကြောင့် မထေရ်မြတ်ကြီးကို သတ်စားရန်ကြိုးစားလျှင် ကြီးစွာသောဆိုးကျိုးကို ရင်ဆိုင်ရပေလိမ့်မည်''

ဟု ယူဆကာ ကြောက်လန့်ပြီး ထွက်ပြေးသွားကြလေသည်။

လူသားစားတို့က ထင်မှတ်သကဲ့သို့ မထေရ်မြတ်ကြီးသည် ကား ရဟန္တာမဟုတ်သေးပေ။ အငတ်ဘေးကြီးဆိုက်ရောက်နေသော (၁၂) နှစ်ကာလပတ်လုံး သာမန်ပုထုဇဉ် ရဟန်းတစ်ပါးမျှသာ ဖြစ်၏။ ဆိုခဲ့သည့်အတိုင်း တရားတော်ကိုပင် ကောင်းစွာအားထုတ်နိုင်ခြင်း မရှိသေးပေ။

## မထေရ်မြတ်ကြီး ရဟန္တာဖြစ်ခြင်း

ထို့နောက်မှ ဖြစ်ပျက်ခဲ့သော ဘဝဇာတ်နှင့် သံသရာဝဋ်ဒုက္ခ အဝဝတို့ကိုဆင်ခြင်ပြီး သံဝေဂဉာဏ်ဝင်တော်မူ၏။ ဤသည်တို့ကို အထပ်ထပ်ဆင်ခြင်ပြီး ဝိပဿနာတင်၍ ရှုမှတ်ပွားများလိုက်ရာ ရဟန္တာ ဖြစ်တော်မူ၏။ နတ်ဆွမ်းကို အစဉ်အတိုင်းဘုဉ်းပေးလျက် ထိုကျောင်းမှာပင် ပရိနိဗ္ဗာန်စံဝင်တော်မူ၏။

## စာကြွင်း

ခွေးငတ်တစ်ကောင်ကို ပေးကျွေးခဲ့ဖူးသော ဖြူစင်သည့် စေတနာကံကြောင့် အငတ်ဘေးကြီးဆိုက်ရာတွင် အစဉ်သဖြင့် နတ်ဆွမ်းကို စားခွင့်ရ၏။ အမှုလုပ်က ခွေးငတ်ကိုရိုက်မည်ပြုရာတွင် တားမြစ်ခဲ့ဖူးသောကြောင့် လူသားစားတို့ရန်မှ လွတ်မြောက်ခဲ့၏။ ထိုထို ကုသိုလ်ကောင်းမှုအစုစုတို့ကြောင့် နိဗ္ဗာန်တိုင်အောင်ရောက်ရ၏။

စေတနာပါသော ကုသိုလ်အကျိုးပေးကံသည် ကြီးစွာ၏။

အံ့ဖွယ်လည်း ရှိစွာ၏။

## ၃။ အလင်္ကာရဟန်းနှင့်စပ်သောအကျိုးပေး

လောကတွင် မထင်မှတ်သောအကြောင်းအရာသည် ထင်ထင်မှတ်မှတ် ဖြစ်လာတတ်၏။ အဝေးကြီးက အကြောင်းအရာသည်လည်း နီးလာတတ်ပြီး နီးသောအကြောင်းအရာတို့သည်လည်း ဝေးသွားတတ်၏။ နားလည်ရန်ခက်၏။

ဘာသာရေးလောက၌ နိရောဓသမာပတ်မှထသော အရှင်မြတ်တို့အား လှူဒါန်းလျှင် ချက်ချင်းအကျိုးပေးတတ်၏။ ထိုမှ ဘုရား၊ ရဟန္တာ အစရှိသော အရှင်ကောင်းအရှင်မြတ်တို့အား လှူဒါန်းလျှင် အကျိုးပေးကြီး၏။ ထို့နောက် တစ်မဂ်တစ်ဖိုလ်ရသောပုဂ္ဂိုလ်များမှသည် သာမန် သီလ၊ သမာဓိရှိသော ပုဂ္ဂိုလ်များအား လှူဒါန်းလျှင်လည်း အလှူခံပုဂ္ဂိုလ်၏ အကျင့်စရဏ၊ သီလ၊ သမာဓိရှိသည့်အလျောက် လိုက်၍အကျိုးပေးကြီးတတ်၏။

ထိုသို့သဘောရှိ၍ အလှူရှင်ပုဂ္ဂိုလ်တို့သည်လည်း အကျိုးပေးကြီးသော ပေးကမ်းလှူဒါန်းခြင်းအကြောင်းအရာများကိုသာ အာရုံကျနေတတ်၏။ ရလဒ် အနည်းမှသည် အများသို့လိုက်၍ လောကဓမ္မတာသဘောအတိုင်း အာရုံကျတတ်ခြင်း ဖြစ်၏။

သို့သော် မည်မျှသောပုဂ္ဂိုလ်ထူးနှင့် မွန်မြတ်သောအလှူဝတ္ထုများဖြစ်စေကာမူ အကျိုးပေးခြင်းနှင့်ပတ်သက်၍ အလှူရှင်ပုဂ္ဂိုလ်သည်သာ အဓိကကျ၏။ အလှူရှင်ပုဂ္ဂိုလ်၏ စိတ်စေတနာနှင့်သာဆိုင်၏။ အလှူရှင်ပုဂ္ဂိုလ် စိတ်စေတနာပါမှ အကျိုးပေးခြင်းများ ဖြစ်ပေါ်လာတတ်၏။

ဤသည်နှင့်ပတ်သက်၍ စိတ်စေတနာပါမှ အကျိုးပေးသော အကြောင်းတစ်ခုကို တင်ပြလို၏။ သည်အကြောင်း၌ အလှူရှင်ရော

မတွေ့အပ်၊ မမြင်ကောင်းသောအရာသာ ဖြစ်၏။

ထို့ကြောင့် ဘုရင်တိဿသည် သက်မတစ်ချက်ကို ဟင်းချလိုက်၏။ ရွှေဘဝင်မချမ်းမြေ့ဖြစ်ရကား ထိုနေရာမှပင် လှည့်ပြန်ခဲ့၏။ လာလမ်းတစ်လျှောက်တွင်လည်း ထိုအနိဋ္ဌာရုံများကိုသာ မြင်ယောင်လာ၏။ ဖြစ်မှဖြစ်ရလေဟုလည်း အကြိမ်ကြိမ်တွေး၏။ စိတ်မကောင်းလည်း များစွာဖြစ်၏။

နန်းတော်ကိုရောက်၍ ပွဲတော်တည်မည်ပြုသောအခါတွင်လည်း နေမွန်းတိမ်းနေပြန်လေသည်။ ဤသည်မှာပင် ဘုရင်တိဿအဖို့ များစွာ အခက်တွေ့သွားရလေသည်။ ဘုရင်တိဿ၏ နိစ္စဝတ်တစ်ခု ပျက်ရချေတော့မည်။ ဘုရင်တိဿသည်ကား ဆိုခဲ့သည့်အတိုင်း ပွဲတော်အုပ်ကို ရဟန်းသံဃာတော်အရှင်မြတ်တို့အား လှူကပ်ပြီး ပွဲတော်ကျကိုမှ မိမိပွဲတော်တည်လေ့ ရှိ၏။ မည်သည့်အကြောင်းကိစ္စရပ်များဖြင့် တိုက်ဆိုင်လာရသည်ဖြစ်စေ မိမိ၏ပွဲတော်အုပ်ကို သံဃာတော်တို့အား မကပ်မလှူဘဲ ပွဲတော်တည်လေ့ မရှိ။

ယခု နေမွန်းတိမ်းသွားလေပြီ။ နေမွန်းတိမ်းပြီးသောအချိန်တွင် မည်သည့်ရဟန်းတော်မှ ဆွမ်းအကပ်ခံလေ့မရှိတော့။ ဆွမ်းအကပ်ခံလေ့မရှိလျှင် ဘုရင်တိဿ၏ ပွဲတော်အုပ်သည်လည်း သံဃပွဲတော်ကျ မဖြစ်နိုင်တော့။ ထို့ကြောင့် တစ်သက်ပတ်လုံး နိစ္စဝတ်ထားလာခဲ့သော မဟာကုသိုလ်ထူးကြီးသည်လည်း ပျက်ရချေတော့မည်။

ဘုရင်တိဿသည် တစ်အောင့်လေးစဉ်းစားလိုက်ပြီးနောက် တစ်စုံတစ်ခုကို အတွေးရလာ၏။ ထို့ကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေသည်။ သူ၏ သံဃာ့ဝတ်ဆွမ်းမပျက်စီးနိုင်။ သံဃာ့ပွဲတော်ကျကိုလည်း လွတ်ကင်းရန် မရှိ၊ ဖြည့်လျက်ရှိသောကုသိုလ်သည်လည်း မပျက်၊ ဝတ်အနေဖြင့်လည်း တည်လျက်ရှိမည်သာ ဖြစ်၏။

## သီလပျက်ရဟန်းအား ဆွမ်းကပ်ခြင်း

ထိုကဲ့သို့ စဉ်းစားလိုက်ပြီးနောက် ဘုရင်တိဿသည် အမတ်တစ်ယောက်အား အနားတော်သို့ခေါ်လိုက်၏။ ပွဲတော်အုပ်ကို ကိုယ်တော်တိုင်မ ,ချီ၍ လေးလေးစားစားဖြင့် အမတ်၏လက်ထဲသို့အပ်ကာ သုသာန်ကိုယ်တော်အား သွားကပ်ခိုင်းလိုက်လေသည်။ အမတ်သည်လည်း ပွဲတော်အုပ်ကိုထမ်း၍ သုသာန်လမ်းမဘက်သို့ လျှောက်သွားလေသည်။

ထိုအခိုက်၌ ဘုရင်တိဿသည်လည်း ပွဲတော်မတည်ရသေးဘဲ အမတ်၏ပြန်အလာကို ဆိုင်းငံ့လျက်သာရှိ၏။ သို့သော် အမတ်သည်လည်း မကြာမီပင် ချွေးတဒီးဒီးဖြင့် ပွဲတော်အုပ်ကိုထမ်းရွက်ကာ ပြန်ရောက်လာလေသည်။ ထို့ကြောင့် ဘုရင်တိဿသည် အံ့ဩသလို တစ်ချက်ကြည့်လိုက်ပြီး -

''ဟဲ့- မောင်မင်း၊ မြန်လှချည်လား။ တစ်စုံတစ်ရာအကြောင်းများ ရှိလာခဲ့သလား။ သုသာန်ကိုယ်တော်ကိုကား ဆွမ်းကပ်ခဲ့ရရဲ့မဟုတ်လား''

ဟု မေး၏။

အမတ်သည် ချက်ချင်း စကားမဆိုနိုင်သေးဘဲ ပခုံးထက်မှ ပွဲတော်အုပ်ကိုချကာ ပုဆိုးစွန်းဖြင့် ကိုယ်ကချွေးများကို သုတ်သက်လိုက်၏။ ထိုနောက်မှ လက်အုပ်ချီကာ -

''မှန်လှပါ၊ သုသာန်ကိုယ်တော်သည် ရဟန်းလိုမနေ၊ ရဟန်းလိုလည်းမကျင့်ပါသဖြင့် လှူရန်သင့်မည်မထင်၍ ပွဲတော်အုပ်ကို မလှူကပ်ခဲ့ကြောင်းပါ ဘုရား''

''ဟဲ့- မောင်မင်း၊ သုသာန်ကိုယ်တော်သည် ရဟန်းလိုမနေ ရဟန်းလိုလည်းမကျင့်၍ လှူကပ်ရန်မသင့်ဟု သင်အဘယ်ကြောင်း အရာအချက်အလက်တို့ကိုထောက်၍ စွပ်စွဲဘိသနည်း။ အထောက်

နှင့်တကွ လျှောက်တင်ပါလော့''

''မှန်လှပါ၊ ကျွန်တော်မျိုး ဆွမ်းကပ်ရန်သွားသောအခါ သုသာန်ကိုယ်တော်သည် ရဟန်းအရှင်တို့၏သီလ၊ သမာဓိကိုမျှ မစောင့်ထိန်းဘဲလျက် ငါးမျှားနေကြောင်းပါ ဘုရား''

''အလို- ဘုရား၊ ဘုရား၊ ဘုရား။ မြတ်စွာဘုရား၊ မြတ်စွာဘုရား၊ မြတ်စွာဘုရား။ ဖြစ်မှဖြစ်ရပလေတယ်၊ ဘုရား ဘုရား ဘုရား''

ဘုရင်တိဿသည် ရွှေလက်တော်ဖြင့် ရင်ကိုဖိ၍ အကြိမ်ကြိမ် ဘုရားတ,လေ၏။ စိတ်နှလုံးတော်မချမ်းမြေ့၊ အံ့သြထိတ်လန့်သော အခြင်းအရာများဖြင့်လည်း အမတ်အား ငေး၍ကြည့်နေ၏။ ထို့နောက် ဆက်လက်၍ မေးမြန်းတော်မူပြန်သည်။

''မောင်မင်း၊ သင်ဆိုသောအခြင်းအရာကို ငါကိုယ်တော်ရှင်မြတ် မယုံကြည်သကဲ့သို့ ရှိဘိသည်။ စင်စစ်ကော မှန်ပါ၏လော''

''အရှင်၊ ကျွန်ုပ်သည် မမှန်သောစကားကိုဆိုခြင်းငှာ မဝံ့ပါ ဘုရား။ ကိုယ်တိုင်မြင်၍သာ လျှောက်တင်ဝံ့ပါ ဘုရား''

''ဘုရား ဘုရား ဘုရား၊ ရဟန်းအရှင် ကိုယ်တော်တစ်ပါး သည် အမှန်အဟုတ် ငါးမျှားနေသည်ကို မောင်မင်းကိုယ်တိုင် မြင်ခဲ့သလား''

''မှန်လှပါဘုရား၊ ကျွန်ကော်မျိုးကိုယ်တိုင် မြင်ခဲ့ရကြောင်း ပါ ဘုရား''

''မြင်၍မျှမကောင်း၊ ကြားလို့မှမလျော် ဖြစ်ရလေမောင်မင်း ရယ်။ ရဟန်းကိုယ်တော် အရှင်တစ်ပါးက ငါးမျှားသည်ဆိုခြင်း ကို မောင်မင်းကိုယ်တိုင်လျှောက်တင်၍သာ ငါကိုယ်တော် ကြားရယုံရ သည်။ သို့မဟုတ်ပါက ငါကိုယ်တော်မြတ်ကိုးကွယ်နေသော ရဟန်း တစ်ပါး သီလပျက်၍ ငါးမျှားလျက်ရှိနေသည် ဟူသော စကားကို

လာရောက်လျှောက်တင်သူကိုပင် အလုံးစုံစိစစ်၍ အပြစ်ပေးဖွယ်ရာ သာရှိတော့သည်"

"မှန်လှပါဘုရား၊ ယခုသော်မူကား သီလပျက် သုသာန်ကိုယ်တော် ငါးမျှားနေသည်ကို ကျွန်တော်မျိုးကိုယ်တိုင် တပ်အပ် မြင်၍ လျှောက်တင်ဝံ့ပါသည် ဘုရား။ အထင်လည်းမဟုတ်၊ အတွေးလည်း မဟုတ်။ ကိုယ်တိုင်မြင်၍ ကိုယ်တိုင်တွေ့သောကြောင့်သာ ယခုကဲ့သို့ လျှောက်တင်ဝံ့ကြောင်းပါဘုရား။ ကျွန်တော်မျိုးသည်လည်း အရှင့်ကျွန်စင်စစ် ဖြစ်တော်မူပါသော ကြောင့် ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကို လေးမြတ်ကြည်ညိုခြင်း၊ ရဟန်းအရှင်တို့အား ပေးကမ်းလှူဒါန်းခြင်း၊ ကိုးကွယ်ဆည်းကပ်ခြင်း၊ တရားတော်မြတ်ကို မပြတ်နာယူခြင်း၊ သီလဓမ္မကို ဆောက်တည်ကျင့်သုံးခြင်းတို့လည်း အခါမလပ်ရှိပါသည် ဘုရား။ ချွတ်ယွင်းသောစကားကို လားလားမျှဆိုခြင်းငှာ မဝံ့ပါ ဘုရား။ ယခု ဤသုသာန်ကိုယ်တော် ငါးမျှားနေသည် ကိုလည်း ကိုယ်တိုင်တပ်အပ်မြင်တွေ့ခဲ့၍သာ ပြောဝံ့၊ ဆိုဝံ့၊ လျှောက်တင်ဝံ့ပါသည် ဘုရား။ ရဟန်းကောင်းသာဖြစ်ပါမူ စွပ်စွဲခြင်းကို အနည်းငယ်မျှပင်မဝံ့ပါ ဘုရား"

"ငါကိုယ်တော်ရှင်မြတ်ကိုးကွယ်သော ရဟန်းတော်တစ်ပါး သီလပျက်၍ ငါးမျှားနေသည်ဟုဆိုခြင်းနှင့်ပတ်သက်၍ ရွှေစိတ်တော် မချမ်းမမြေ့ဖြစ်လိုက်ရပါဘိ မောင်မင်းရယ်"

"မှန်လှပါ၊ ကျွန်တော်မျိုးသည်လည်း ထပ်တူထပ်မျှ များစွာသော စိတ်မကောင်းဖြစ်ခြင်းဖြင့်သာ အရှင်မင်းမြတ်အား လျှောက်တင်ရပါသည် ဘုရား။ မိမိတို့ ကိုးကွယ်ဆည်းကပ်နေသော ရဟန်းတော်တစ်ပါး ထိုကဲ့သို့ပြုမူနေခြင်းနှင့်ပတ်သက်၍ လုံးဝ ကြား၍မတော်၊ မြင်၍လည်း မကောင်းကြောင်းပါ ဘုရား"

မြတ်စွာဘုရားတို့သည် လည်းကောင်း၊ ရှင်ဘုရင်တို့သည် လည်းကောင်း၊ ဦးသျှောင်ဦးကိုင်ဖြစ်တော်မူကြသော အရှင်ကောင်း

အရှင်မြတ်တို့သည် လည်းကောင်း ကိုယ်တော်တိုင် အပြစ်ကိုမြင်သော် တွေ့သော်လည်း အပြစ်ဟူ၍ မဆိုမပြောသေးဘဲ အပြစ်ဟူ၍သာ ရှု ကြကုန်၏။ လာပြောတိုင်ကြားသူများရှိလျှင်ပင် ချက်ချင်း အပြစ်ယူ ရိုးမရှိသေးဘဲ အကြောင်းအရာကို ထင်ရှားသည်အထိ စေ့စပ်သေချာ စွာ မေးမြန်းစုံစမ်း စိစစ်ပြီးမှ ကြီးသောအမှုကို ငယ်စေ၊ ငယ်သောအမှု ကို ပ,ပျောက်စေဟု ဆုံးဖြတ်တော်မူ၏။ တစ်နည်းအားဖြင့် ၄င်းအ ကြောင်းဝတ္ထုခံပုဂ္ဂိုလ်၏ ကောင်းကွက်ကိုရှာ၍ သက်သာရာစေရန် ဆုံးဖြတ်အတည်ပြုတော်မူကြကုန်၏။

"ဤသို့ဆိုရကား မောင်မင်း၊ သုသာန်ကိုယ်တော်သည် ဆွမ်း ဒကာမောင်မင်း ဆွမ်းအုပ်ကြီးကိုထမ်းပြီး ဆွမ်းကပ်ရန်လာနေသည် ကိုမြင်လျက်နှင့်လည်း ငါးဆက်မျှားနေတုန်းပဲလား"

"ထိုကဲ့သို့တော့ ငါးမျှားခြင်းကိုမပြုပါ ဘုရား၊ ဆွမ်းဒကာ ကျွန်တော်မျိုး ဆွမ်းအုပ်ကြီးကို ထမ်းလျက်လာနေသည်ကိုမြင်လျှင် ငါးမျှားတံကို ချုံထဲသို့ထိုးသွင်းပြီး သုသာန်ကျောင်းပေါ်သို့ တက်သွား ပါ၏။ ထို့နောက် ပုတီးစိပ်ရန် ပုတီးကိုရှာသလိုလို၊ တရားထိုင်ရန် နေရာခင်းမလိုလို လုပ်နေပါသည် ဘုရား"

"သည်အကြောင်းဝတ္ထုကို မောင်မင်းအဘယ်သို့ သဘောရ ဘိသနည်း"

"မှန်လှပါ၊ သူငါးမျှားနေသည်ကို ကျွန်တော်မျိုး မြင်တွေ့ သွားသောကြောင့် ရှက်၍ပင်ဖြစ်ပါလိမ့်မည် ဘုရား"

## သူတော်ကောင်းဥစ္စာခုနစ်ပါး

ဤတွင် ဘုရင်တိဿသည် အနည်းငယ်မျှ စဉ်းစားဟန်ပြု လိုက်ပြီး -

"မောင်မင်း၊ သူတော်ကောင်းဥစ္စာခုနစ်ပါးကိုသိ၏လော"

"မှန်လှပါ၊ သိပါသည် ဘုရား"

"ရကောရ၏လော"

"မှန်လှပါ၊ ရလည်းရကြောင်းပါ ဘုရား"

"ရလျှင် လျှောက်တင်ဆိုပြစမ်း မောင်မင်း"

အမတ်သည် ဤသို့သောအမှုအရာဖြင့် မျက်စိကိုမှိတ်လိုက်ပြီး-

"သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ-ပါ ဘုရား"

"ထိုသူတော်ကောင်းတရားခုနစ်ပါးတွင် ဟိရီပုဒ်ကို အနက်ဆိုပြစမ်း မောင်မင်း"

"မှန်လှပါ၊ ဟိရီပုဒ်၏အနက်ကား မကောင်းမှု၌ ရှက်ခြင်းပါ ဘုရား"

"သူတော်ကောင်းတရားခုနစ်ပါးတို့သည် သူတော်ကောင်းတို့၏သန္တာန်၌သာတည်သည်ဟုဆိုရာဝယ်၊ ဟိရီပုဒ်သည် မကောင်းမှု၌ရှက်ခြင်းဟု ဗုဒ္ဓမြတ်စွာဟောတော်မူသောကြောင့် ဤသုသာန်ရဟန်းကိုယ်တော်သည်လည်း ဆွမ်းဒကာမောင်မင်း ဆွမ်းကပ်လှူရန်လာသည်ကိုမြင်သောအခါ သူ၏ မလျော်မလျောက်ပတ် ငါးမျှားခြင်းတည်း ဟူသော အကြောင်းဝတ္ထုကို ဆွမ်းဒကာမြင်သွားလျှင် ငါးမျှားတံကို ချုံထဲထိုးပြီး ကျောင်းပေါ်သို့တက်နေသည်ဟု ဆိုသဖြင့် ဤအခြင်းအရာသည် ရှက်၍ပင် မဟုတ်ပေဘူးလား မောင်မင်း"

"မှန်လှပါ၊ ရှက်၍ပါ ဘုရား"

"ဟိရီပုဒ်သည် သူတော်ကောင်းဥစ္စာ၌ပါဝင်၍ သူတော်ကောင်းတို့၏သန္တာန်၌သာတည်သောကြောင့် ဟိရီတရားရှိသော ထိုသုသာန်ရဟန်းတော်ကို သူတော်ကောင်း ဟူ၍ မဆိုရပေဘူးလား မောင်မင်း"

''မှန်လှပါ၊ သူတော်ကောင်းဟူ၍ ဆိုရပါသည် ဘုရား''

''ငါတို့ ကိုးကွယ်ဆည်းကပ်နေကြသည့် သူတော်ကောင်း ရဟန်းပုဂ္ဂိုလ်တို့အား ကြည်ညိုခြင်း၊ ဆည်းကပ်ခြင်း၊ လှူဒါန်းထောက်ပံ့ ခြင်းကား မပြုသင့်ပေဘူးလား မောင်မင်း''

''မှန်လှပါ၊ ကြည်ညိုခြင်း၊ ဆည်းကပ်ခြင်း၊ လှူဒါန်းထောက် ပံ့ခြင်း ပြုသင့်ပါသည် ဘုရား''

''သို့ဖြစ်သောကြောင့် ဤသုသာန်ကိုယ်တော်ကိုလည်း ငါကြည်ညိုသည်။ သင်အမတ်သည် သေးငယ်သောဉာဏ်နုနုဖြင့် ကိုယ်မြင်ရာတစ်ခုကိုကွက်ပြီး အပြစ်မပြောသင့်ပေဘူး''

''မှန်ပါဘုရား၊ မဝံ့ကြောင်းပါ ဘုရား''

''မောင်မင်း အခုသွားပြီး ဆွမ်းကပ်ချေလော့''

## ဘုရင်တိဿ နတ်ဘဝကိုရရှိခြင်း

အမတ်သည်လည်း နောက်ထပ် နှုတ်လှန်တစ်စုံတစ်ရာလျှောက် ထားတင်ပြရန် မဝံ့တော့ဘဲ ပွဲတော်အုပ်ကိုကောက်ထမ်းပြီး သုသာန် ရဟန်းတော်အား ဆွမ်းသွားကပ်ရလေ၏။ ဆွမ်းကပ်ပြီး၍ပြန်ရောက် လာသောအခါ ဘုရင်တိဿကိုယ်တိုင် လက်အုပ်ချီ၍ သာဓု သုံးကြိမ် ခေါ်လေ၏။

ဘုရင်တိဿသည်လည်း ဘာသာတရားကို လေးစားကြည်ညို သူ၊ သရဏဂုံတည်သူ၊ ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို မပြတ် ပြုလုပ်ဖြည့်ကျင့်ဖြစ်သည့်အလျောက် ပုထုဇဉ်၊ ရဟန္တာအမြောက်မြား စွာတို့ကို ဆွမ်းလုပ်ကျွေးခဲ့ဖူး၏။ သို့သော်လည်း နတ်ရွာစံခါနီးတွင် ပုထုဇဉ်၊ ရဟန္တာ စသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးခဲ့သည်ကို တစ်စုံတစ်ရာ အမှတ်မရဘဲ အလဒ္ဓိသုသာန်ရဟန်းအား ဆွမ်းတစ်နပ်

လုပ်ကျွေးခဲ့ဖူးသည်ကိုသာ အမှတ်ရမြင်ယောင်ပြီး ထိုကုသိုလ်ကြောင့်ပင် နတ်ရွာစံပြီးနောက် စတုမဟာရာဇ်ဘုံ၌ နတ်စည်းစိမ်ကို ရလေသည်။

အံ့ဖွယ်ရှိစွ၏။ အတွေးအရေးကောင်းသော စိတ်ကူးယဉ်ပုံပြင်ဆရာတို့၏ဇာတ်လမ်းထက်ပင် ဆန်းကြယ်၏။ ဉာဏ်နည်းသူတို့ လက်ခံနိုင်ဖွယ်ပင် မရှိ။ ဘာသာတရားတော်၏ ဆန်းကြယ်ပုံ၊ တန်းမြင့်ပုံစသည်တို့ကိုလည်း ကွင်းကွင်းကွက်ကွက် မြင်စေ၏။ စိတ်ထားတတ်လျှင် မြတ်သည် ဟူသော စကားသည် ဤနေရာ၌ သက်သေခံ၏။

စင်စစ်တွင် ဘုရင်တိဿသည် သုသာန်ကိုယ်တော်၏အမူအကျင့်ကို မသိသည်မဟုတ်၊ တိုင်းခန်းလှည့်လည်စဉ်ကပင် ကိုယ်တိုင်မြင်ပြီး ကိုယ်တိုင်လည်း သိခဲ့၏။ စိတ်ဘဝင်တော် မချမ်းမမြေ့လည်းများစွာပင် ဖြစ်ခဲ့ရ၏။ သို့သော်လည်း မင်းကျင့်တရားနှင့်ညီစွာကျင့်ပြီး ဘာသာတရားကိုလည်း လေးစားကြည်ညိုသည့် မင်းမြတ်တစ်ပါးဖြစ်သည့်အလျောက် မည်သည့်စကားကိုမျှ မဆိုခဲ့ပေ။

ဘုရားရှင်သည်ပင် သဗ္ဗညုတရွှေဉာဏ်တော်ကြီးဖြင့် အရာခပ်သိမ်းကို ကိုယ်တိုင်သိမြင်တော်မူသည့်တိုင်အောင် အပြစ်ရှိသော ရဟန်းတော်တို့အား တစ်စုံတစ်ရာ မိန့်တော်မမူပေ။ သက်သေခံအထောက်အထားဖြင့် လာရောက်လျှောက်ထားသော ပုဂ္ဂိုလ်ရှိမှ ၎င်းရဟန်းတော်အား ခေါ်ယူစစ်မေးပြီး အာပတ်အနေဖြင့် ပညတ်တော်မူ၏။

ယခု ဤမင်းထူးမင်းမြတ်တစ်ပါးဖြစ်တော်မူသော ဘုရင်တိဿသည်လည်း မင်းကျင့်တရားဖြင့်ညီခြင်း၊ ဘာသာတရားပြည့်ဝခြင်းတို့ကြောင့် မြင်တိုင်းမပြော၊ သိတိုင်းအရေးမယူ၊ ငြူစူခြင်းကင်းလျက် ခိုင်လုံသောသက်သေရှိသည်ကိုပင် ကောင်းကွက်ကိုထောက်ပြပြီး ကောင်းကျိုးကို ရအောင်ယူနိုင်ခဲ့သည်။

ကောင်းကျိုးလိုလား၊ ကောင်းကျိုးများမည့် ဗုဒ္ဓဘာသာအားလုံး

တို့ အတုယူဖွယ်ပင် ဖြစ်တော့သည်။

## ၄။ ရှင်ယောင်ကို ရဟန္တာအမှတ်ဖြင့်လှူဒါန်း၍ စကြာမြင်းရရှိခြင်း

ယခုတင်ပြမည့်အကြောင်းအရာသည်ကား ဆိုခဲ့သည့် ဘုရင်တိဿ၏ ကုသိုလ်အကျိုးပေးထက်ပင် ဆန်းကြယ်၏။ ဘုရင်တိဿသည် သီလပျက်သောရဟန်းကို ဆွမ်းတစ်နပ်လှူဒါန်း၍ စတုမဟာရာဇ်နတ်ဘုံ၌ နတ်စည်းစိမ်ကိုရ၏။ နတ်တို့၏ အဆောင်အယောင်ခြေရုံသင်းပင်းနှင့်လည်း ပြည့်စုံ၏။

သို့သော် ဘုရင်တိဿလှူဒါန်းလိုက်သော ပုဂ္ဂိုလ်မှာ ရဟန်းအစစ်သာ ဖြစ်၏။ သီလပျက်၊ မပျက်သည်သာကွာ၏။ ကိုရင်ဝတ်ရာ၌ သရဏဂုံတည်လျှင် ရှင်ဖြစ်၏။ ရဟန်းဝတ်ရာ၌ ကမ္မဝါစာဖတ်ပြီးလျှင် ရဟန်းဖြစ်၏။ သီလစောင့်သည်၊ မစောင့်သည်ကား ၎င်းရှင်ရဟန်းနှင့်သာဆိုင်၏။

သီလစောင့်လျှင် မြတ်၏။ သီမစောင့်မမြတ်။ သို့သော် ရှင်ရဟန်း အဖြစ်မှ တစ်ပြားသားမျှလျော့၍မသွားပေ။ ဤသည်ကို ကိုးကွယ်ဆည်း ကပ်ကြသည့် အလှူရှင်တိုင်း သိထားနားလည်သင့်၏။ ဤသည်ကိုသိ ထားနားလည်မှ အကျိုးအပြစ်ကိုလည်း သိထားနားလည်ကြမည် ဖြစ်၏။

ဘုရင်တိဿကား သီလပျက်သောရဟန်းဟုလည်း သိ၏။ ထိုရဟန်း၏ ပြုမူခြင်းရာကိုလည်း ကိုယ်တိုင်မြင်ခဲ့၏။ သို့သော် ဘုရင်တိဿ၏စိတ်သန္တာန်၌ သီလပျက်သော ရဟန်းဟူ၍ အာရုံမပြု။ အလှူဝတ္ထုကိုသာ အာရုံပြုပြီး ကောင်းမွန်စွာပြင်ဆင်လျက် ရဟန်းတော်တစ်ပါးအသိဖြင့် လှူဒါန်းလိုက်၏။

ထို့ကြောင့် ရဟန်းတော်တစ်ပါးအား လှူဒါန်းသည့် ကုသိုလ်အ

ကျိုးကို အပြည့်အဝရရှိခံစားသွားရခြင်း ဖြစ်၏။ ယခုတင်ပြမည့်အကြောင်းအရာသည်လည်း အလားတူဆန်ဆန် ဖြစ်၏။ သို့သော် အဆင့်ကား မနှိုင်းသာအောင် နိမ့်၏။

## ငါးစီးရှင်ကျော်စွာနှင့် ရှင်ယောင်ရဟန်းယောင်

တိုင်းပြည်ကား ပင်းယဖြစ်၏။

သက္ကရာဇ်ကား ၇၀၄ ခု ဖြစ်၏။

အုပ်ချုပ်သောမင်းကား ငါးစီးရှင်ကျော်စွာ ဖြစ်၏။

ငါးစီးရှင်ကျော်စွာမင်းကား မင်းကျင့်တရားဖြင့်အညီ အုပ်ချုပ်၏။ ထို့ကြောင့် မိုးလေဝသမှစ၍ ကောင်းမွန်သောကြောင့် တိုင်းကားပြည်ရွာ သာယာဝပြော၏။ သာသနာတော်ကိုလည်း များစွာထောက်ပင့်၏။ သရဏဂုံတည်ပြီး ဘာသာတရားကိုလည်း လွန်စွာကိုင်းရှိုင်းသည်။

တစ်နေ့သောအခါဝယ် ဘုရင်ကျော်စွာ ပွဲတော်တည်ရန် ပြင်ဆင်နေခိုက် ရဟန်းတော်တစ်ပါး ဆွမ်းလာရပ်၏။ ပင့်ဖိတ်ထားသည်လည်းမရှိဘဲ ဘုရင်ပွဲတော်တည်ခါနီးတွင် ရဟန်းတော်တစ်ပါး ဆွမ်းလာရပ်သဖြင့် အထူးအဆန်း တအံ့တသြလည်း ဖြစ်ကြရ၏။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အဖြစ်လည်း ကြည်ညိုမိသွားကြ၏။

ကြိုတင်ပင့်ဖိတ်ထားခြင်းမရှိဘဲ ဘုရင်ပွဲတည်ခါနီးတွင် သာမန်ပုဂ္ဂိုလ်တို့ ဆွမ်းလာရပ်မည့်ကိစ္စမှာ လွယ်ကူသည်မဟုတ်ပေ။ ယခုရဟန်းပုဂ္ဂိုလ်သည်လည်း ကြိုတင်ပင့်ဖိတ်ထားခြင်းမရှိဘဲ ဘုရင်ပွဲတော်တည်ခါနီးမှ ဆွမ်းလာရပ်သဖြင့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်၊ ဈာန်အဘိညာဉ်ရ ရဟန်းကြီးအဖြစ်ဖြင့်ပင် ကြည်ညိုသွားကြ၏။

ထို့ကြောင့် ဘုရင်၏ ပွဲတော်စာထဲမှ အကောင်းဆုံးဆွမ်းနှင့် ဆွမ်းဟင်းများကို သပိတ်ပြည့်လောင်းလှူလိုက်ကြ၏။ ရှိခိုးဦးတင်

၍ ဆုတောင်းပတ္ထနာကိုလည်း ပြုကြ၏။ မွန်မြတ်သောဆွမ်းကို ထူးမြတ်သောရဟန်းတော်အား လောင်းလှူလိုက်ရပြီဟုလည်း ဝမ်းသာကြည်ညို၍မဆုံး ဖြစ်ကြရလေ၏။

ဘုရင်၏ ဝမ်းသာကြည်ညိုခြင်းသည်ကား ထိုမျှဖြင့်ပင် မပြီးနိုင်သေးပေ။ ထို့ထက်သာ၍ ပို၍ကြည်ညိုပြီး အသက်ထက်ဆုံး ကိုးကွယ်လိုသောသဒ္ဓါဆန္ဒဖြင့် ရဟန်းတော်၏ သီတင်းသုံးတော်မူရာ တောတောင်မြိုင်စောင်းကိုပါ သိရှိလိုသောကြောင့် ပညာရှိအမတ်အား အနားသို့ခေါ်၍ -

"မောင်မင်း၊ ငါ၏ဆရာရဟန်းအရှင်သည် အဘယ်တောတောင်သချိုင်းကုန်း၌ သီတင်းသုံးတော်မူသည်ကို ငါကိုယ်တော်ရှင်မြတ်သိလိုပေသည်။ နောက်မှလိုက်၍ လေ့လာချေလော့။ သို့သော်နန်းဝတ်နန်းစားဖြင့် ထင်ရှားစွာလေ့လာခြင်းကိုမပြုပါလင့်။ ထိုသို့ပြုချေက ရဟန်းတော်အနေကျုံ့မည်ဖြစ်၍ အနှောင့်အယှက်ပေးရာလည်း ရောက်ချေရော့မည်။ သို့ဖြစ်သောကြောင့် မထင်မရှားသောကိုယ်ဖြင့်သာ တောသားတစ်ယောက်၏အသွင်ကိုဆောင်၍ နောက်ယောင်ခံလိုက်သွားပြီးသကာလ လေ့လာပါချေ။ ရဟန်းတော်နှင့်ပတ်သက်သောကြောင်းစုံခြင်းရာကိုလည်း ငါကိုယ်တော်အရှင် ကြည်ညိုလိုသည်။ ငါတို့မောင်းမင်းပြန်အလာကို စောင့်ကြို၍နေလင့်မည်"

ပညာရှိအမတ်ကြီးသည်လည်း ဘုရင်ကျော်စွာ၏အမိန့်တော်ကို ခံယူလျက် ဝန်အမတ်တို့၏အဝတ်ကိုချွတ်၏။ ထို့နောက် အင်္ကျီကြောအပြဲနှင့် ပုဆိုးအစုတ်ကိုဝတ်ပြီး ခမောက်ကိုဆောင်း၏။ ထို့နောက် ဓားမကိုထမ်းပြီး တောလုပ်သားတစ်ယောက်၏အသွင်ဖြင့် ရဟန်းတော်နှင့် တစ်ခေါ်နီးပါးမျှခွာ၍ လိုက်သွားလေသည်။

နန်းတော်မှထွက်လျှင် မြို့လမ်းမကိုရောက်၏။ မြို့တော်မှထွက်လျှင် ဇနပုဒ်ကိုရောက်၏။ ဇနပုဒ်တောရွာ၏ ဟိုဘက်အစွန် ထန်းလက်တဲလေး၏အနားသို့ရောက်လျှင် ရဟန်းတော်၏ခြေလှမ်းများ

တဲ့နေး၍သွား၏။ ထို့ကြောင့် ပညာရှိအမတ်သည်လည်း အကွယ်တစ်ခု မှနေ၍ အခြေအနေကိုအကဲခတ်ရင်းကြည့်လေရာ -

## မသတီစရာမြင်တွေ့ရခြင်း

ထန်းလက်တဲအတွင်းမှ မိန်းမတစ်ယောက်ထွက်လာပြီး ပုဆိုးစုတ်ကိုကမ်းပေး၏။ ရဟန်းအသွင်ဆောင်ထားသူက သင်္ကန်းကိုချွတ်ပြီး ပုဆိုးကိုဝတ်၏။ မိခင်နှင့် ဖခင်တို့ ပြုံးပြုံးရွှင်ရွှင်ဖြင့် ပုဆိုးသင်္ကန်းများကိုလဲလှယ်နေကြချိန်တွင် မိုးချုပ်သောအခါ မြေတွင်းထဲမှ မြေခွေးသားငယ်တို့ထွက်ကြဘိသကဲ့သို့ ရဟန်းယောင်၏သားငယ်၊ သမီးငယ်တို့သည်လည်း ထန်းလက်တဲထဲမှ အလျှိုလျှို၊ တဖြုတ်ဖြုတ်၊ တလှုပ်လှုပ်၊ တရှုရှုဖြင့်ထွက်လာကြပြီး သပိတ်ထဲမှ ဆွမ်းနှင့် ဆွမ်းဟင်းများကို နှိုက်၍စားသောက်ကြလေသည်။

ထို့နောက် မိဘတို့က သားသမီးတို့လက်ထဲမှ သပိတ်ကိုဆွဲယူ၍ ဝေစုချကာ ဝိုင်းဖွဲ့၍စားသောက်ကြပြန်လေသည်။ တစ်သက်တစ်ခါ မစားစဖူးထူးကဲသော ဘုရင်၏ပွဲတော်စာများကို စားသောက်ရသောကြောင့် အလွန်မှ ဝမ်းမြောက်ဝမ်းသာလည်း ရှိနေကြလေသည်။

ပညာရှိအမတ်သည် ထိုအခြင်းအရာကိုမြင်လေလျှင် သက်ပြင်းတစ်ချက်ကို ဟင်းချ၏။ မယုံကြည်နိုင်အောင်လည်း ဖြစ်သွားရ၏။ အထင်နှင့်အမြင်သည်ကား တခြားစီ။ ပညာရှိအမတ်သည် ချုံအရပ်မှကပ်၍ ကြည့်နေသောကြောင့် ရှင်ယောင်မိသားစုမြင်နိုင်ဟန်မရှိ။ ထို့ကြောင့်လည်း သူတို့၏ပကတိအသွင်နှင့် အမူအကျင့်များကို လင်းလင်းကြီးမြင်ခွင့်ရနေ၏။

ထို့ကြောင့် ပညာရှိအမတ်ကြီးသည် ဤသို့တွေး၏။

"အမြင်ကို အမှန်အတိုင်းတင်လျှောက်လေသော် ဘုရင်လည်း စေတနာညှိုး၍ သဒ္ဒါကျိုးလိမ့်မည်။ ရှင်ယောင်ရဟန်းယောင်လည်း

ဘေးမှလွတ်၍ ငါလည်း မျက်နှာရပြီး ဘုရင်သည်လည်း သဒ္ဓါမကျိုးစေရန်အတွက်ဆင်ခြင်ကာ ပရိယာယ်ဖြင့် လျှောက်ထား လေမှ''

ဘုရင်ကျော်စွာ စကြာမြင်းရရှိခြင်း

ပညာရှိအမတ်သည် ထိုအရပ်မှခွာ၍ အစဉ်သဖြင့် နန်းတော်သို့ရောက်လျှင် မိမိအလာကို အသင့်ကြိုလင့်နေသည့် ဘုရင်ကျော်စွာအား တွေ့ရ၏။ ဘုရင်၏အမူအရာသည် အလွန်မှ ရွှင်ပျနေသဖြင့် သူ၏ရဟန်းတော်ထံမှ တစ်စုံတစ်ခုသော သတင်းကောင်းကိုကြားရလိမ့်မည်ဟု မျှော်လင့်နေဟန်ရှိသည်။

''မောင်မင်း၊ ငါကိုယ်တော်ရှင်မြတ် ဆွမ်းလောင်းလှူလိုက်သောရဟန်းတော်၏ ကောင်းသတင်းများကို လျှောက်တင်စေ''

ပညာရှိအမတ်သည် သူ၏နေရာတွင် ကျို့ယို့သောအမူအရာဖြင့်ထိုင်လိုက်ပြီး သူစိတ်ကူးဖြင့် စီစဉ်လာသည်ကို ရွှေနားတော်ကြားကောင်းအောင် လျှောက်ထားလေသည်။

''မှန်လှပါ၊ အရှင်ဆွမ်းလောင်းလှူလိုက်သောပုဂ္ဂိုလ်သည် ချုံကွယ်သည်နှင့် ရဟန်းအသွင်ပျောက်သွားပါသည် ဘုရား''

ဤတွင် ဘုရင်ကျော်စွာသည် သူဆွမ်းလောင်းလှူလိုက်သောပုဂ္ဂိုလ်၏အပေါ်တွင် ကြည်ညိုသဒ္ဓါ လွန်စွာကဲလျက် ကုသိုလ်ဇောအထပ်ထပ်စောနေသောအချိန် ဖြစ်၏။ ထို့ကြောင့် ချုံကွယ်လျှင် ရဟန်းအသွင်ပျောက်သည်ဟု ပညာရှိအမတ်၏လျှောက်တင်ခြင်းကို ကုသိုလ်အမြင်ဖြင့်သာကြည့်ပြီး ရှာန်အဘိညာဉ်ရ ဆဋ္ဌာဘိညာ ရဟန္တာပုဂ္ဂိုလ်ကြီးဖြစ်ပေမည်ဟုယူဆကာ သွန်လွန်ကဲကဲ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး-

''ငါလိုလူ ဇမ္ဗူတွင်ရှိသေးရဲ့လားဟဲ့''

ဟူ၍ပင် ကျူးရင့်လိုက်လေသည်။ ထိုကုသိုလ်စိတ်ဇောအဟုန်ကြောင့်ပင် နေ့မကူးဘဲ စကြာမြင်းတစ်စီးရလေသည်။

ဆိုခဲ့သော ဘုရင်တိဿသည်ပင် သီလပျက်သောရဟန်းတစ်ပါးအား ဆွမ်းကပ်လှူရသည့်အကျိုးကို ဘဝကူးပြီးမှ နတ်အဖြစ်ဖြင့် စည်းစိမ်ကိုခံစားရ၏။ ကျော်စွာဘုရားသည်ကား လုံးဝ ရဟန်းမဟုတ်သည့် အရေခြုံ ရှင့်ယောင်ရဟန်းယောင်တစ်ယောက်အား ရဟန်းထူး ရဟန်းမြတ်အမှတ်ဖြင့် ဆွမ်းကပ်၍ အကျိုးထူးကို ဘဝမခြားဘဲ ခံစားရ။

ဤသည်မှာ အလှူခံပုဂ္ဂိုလ်တို့၏ အကျင့်သီလ ထူးမြတ်ခြင်းကြောင့် အကျိုးပေးထက်သန်ခြင်းမဟုတ်သည်မှာ ထင်ရှား၏။ ဘုရင်တိဿ၏ သီလပျက်ရဟန်း သီလမရှိသည်မှာ ထင်ရှားသလို ဘုရင်ကျော်စွာမှာမူကား ရဟန်းပင် လုံးဝမဟုတ်ပေ။ အရေခြုံ ရှင်ယောင်ရဟန်းယောင်သက်သက်မျှသာ ဖြစ်သည်။ သီလဖြင့်စပ်ဆိုင်၍ ပြောဆိုရန် တစ်စွန်းတစ်စမျှပင် မရှိ။

ထို့ကြောင့် ယခုကဲ့သို့ အကျိုးပေးသန်ခြင်းနှင့်စပ်၍ အလှူခံပုဂ္ဂိုလ်မှာ သီလရှိသည်၊ မရှိသည်ထက် အလှူရှင်ပုဂ္ဂိုလ်၏ စေတနာသဒ္ဓါနှင့် အလှူဝတ္ထုသည်သာ အဓိကကျကြောင်း ထင်ရှားသည်။ သည်ဘုရင်နှစ်ပါး၏ အကျိုးထူးရလဒ်များက သက်သေခံနေသည်။ နှောင်းခေတ်သာသနာတော်၌ အလှူရှင်ပုဂ္ဂိုလ်များ အတုယူအားကျအားကိုးဖွယ်လည်း ဖြစ်သည်။

ကုသိုလ်တရားသည် အားကြီးခြင်းသဘောကိုဆောင်သောကြောင့် အကျိုးပေးရာ၌လည်း ထက်သန်သည်သာ ဖြစ်၏။ အကျိုးပေးကြီးခြင်း၊ ထက်သန်ခြင်းနှင့်ပတ်သက်၍ အကြောင်းအရာများသည် များစွာပင် ရှိ၏။ ထိုထိုအထဲမှ တိုတိုကျဉ်းကျဉ်းဖြင့် အနည်းငယ်မျှ ပြရလျှင် -

## နည်းသောကုသိုလ်၏အကျိုးပေးကြီးပုံများ

တစ်နေ့သောအခါ နန္ဒိယအမည်ရှိ လူငယ်တစ်ယောက်သည် ပစ္စေကဗုဒ္ဓါအရှင်တစ်ပါး သင်္ကန်းချုပ်ရာတွင် သင်္ကန်းစ လိုနေ၊ တိုနေ၍ ဆွဲဆန့်ချုပ်လုပ်နေသည်ကိုမြင်သောကြောင့် သဒ္ဓါစိတ်ဖြစ်လာပြီး မိမိ၏ရေလဲပုဆိုးကို သင်္ကန်းလျာအဖြစ် လှူဒါန်းဖူး၏။ ထိုကုသိုလ်ကြောင့် ကြီးစွာသောမင်းစည်းစိမ်ကို ရခဲ့ဖူးသည်။

တစ်နေ့သောအခါ လာဇာဒေဝီအမည်ရှိ အမျိုးသမီးတစ်ယောက်သည် သူ၏ ဝမ်းကျောင်းရေးဖြစ်သော ပေါက်ပေါက်လှော်ခြင်းကိုပြုနေ၏။ (စပါးများကို အိုးကင်းဖြင့်ထည့်လှော်၍ ပေါက်ပေါက်ဖြစ်အောင်ပြုလုပ်ခြင်း) ထိုအခိုက်မှာပင် အရှင်မဟာကဿပကြီးသည် အမျိုးသမီးငယ် ပေါက်ပေါက်လှော်နေသည့် လယ်ကန်သင်းပေါ်မှ ဆွမ်းခံရန်ဖြတ်လျှောက်ကြွသွား၍ သဒ္ဓါစိတ်ဖြစ်လာပြီး ပေါက်ပေါက်များကို အရှင်မဟာကဿပကြီးအား လောင်းလှူလိုက်၏။ ထိုကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ လာဇာဒေဝီအမည်ဖြင့် ကြီးကျယ်ခမ်းနားသော နတ်စည်းစိမ်ကို ရခဲ့ဖူးသည်။

တစ်နေ့သောအခါ မင်းအမတ်တစ်ဦးသည် သေဆုံးပြီးနောက် အဝီစိငရဲသို့ ကျလေ၏။ အလျှံပြောင်ပြောင်တောက်လောင်နေသော ငရဲမီးကိုမြင်လေရာ -

"ဟယ် - ငါ လူ့ပြည်တုန်းကလှူခဲ့ဖူးတဲ့ သင်္ကန်းရောင်နဲ့တူလိုက်တာ"

ဟု အပရစေတနာဖြစ်လိုက်မိသည့်ခဏမှာပင် ငရဲမှလွတ်ပြီး နတ်စည်းစိမ်ကိုရခဲ့ဖူးသည်။

တစ်နေ့သောအခါ ကျောင်းအမကြီးဝိသာခါသည် သူငယ်ချင်းမငါးရာနှင့်အတူ သူလှူထားသောကျောင်းတော်ကြီးကို ကြည်ညိုရန် ရောက်ရှိလာ၏။ ကျောင်းတော်ကြီးကို လှည့်ပတ်ကြည်ညိုကြပြီး

နောက်-

"ဤကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းရသည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို သင်တို့အားလည်း အမျှဝေပါ၏"

ဟု ဆို၍ သူငယ်ချင်းမများလည်း ဝမ်းမြောက်ဝမ်းသာဖြင့် သာဓုခေါ်ကြ၏။ ထိုအထဲမှ တစ်ယောက်သောသူငယ်ချင်းမသည် စုတေသေလွန်ခါနီး၌ ဝိသာခါကျောင်းအမကြီး၏ ကုသိုလ်သာဓုကို အမှတ်ရသဖြင့် တာဝတိံသာနတ်ပြည်၌ ကြီးစွာသောနတ်စည်းစိမ်ကို ရခဲ့ဖူး၏။

စသည် စသည်ဖြင့် စေတနာနှင့် သဒ္ဓါတရားများ အစွမ်းထက်ပုံ၊ အကျိုးပေးကြီးပုံများသည် များစွာပင်ရှိကြသည်။ စေတနာ၊ သဒ္ဓါပါသော ကံအကျိုးတရားများ အကျိုးပေးကြီးပုံ စသည်တို့မှာလည်း ကြည်ညို၍ မဆုံးအောင်ပင် ရှိကြသည်။

ယခုတင်ပြခဲ့သည့် စေတနာ၊ သဒ္ဓါ အတိုအကျဉ်းလေးများမှာ ဆိုခဲ့သည့် ဘုရင်တိဿနှင့် ဘုရင်ကျော်စွာတို့၏ ကုသိုလ်အကျိုးပေးပုံနှင့်စပ်၍ အကိုးအထောက်သဖွယ် တင်ပြခြင်းမျှသာ ဖြစ်၏။ ဤကဲ့သို့ အကြောင်းအရာအတိုအကျဉ်းလေးများကို ထုတ်ဆောင်တင်ပြလိုက်ခြင်းဖြင့်လည်း ဘုရင်တိဿနှင့် ဘုရင်ကျော်စွာတို့၏ အလှူဒါနအကျိုးပေးထက်သန်ပုံအကြောင်းသည် သာ၍ပင် ထင်ရှားလျက်ဖြစ်သွား၏။

သည်ကဲ့သို့သောအကြောင်းအရာများနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာဝင် အလှူဒါနရှင်များအား သာ၍ပင် သိထားနားလည်စေလို၏။ စေတနာ သဒ္ဓါဉာဏ်နည်းသောပုဂ္ဂိုလ်များသည် အလှူခံပုဂ္ဂိုလ်တို့၏ အားနည်းချက်များကိုသာ ရှာဖွေနေတတ်၏။ အလှူခံပုဂ္ဂိုလ်တို့၏ အားနည်းချက်များကို ရှာဖွေသိရှိခြင်းအားဖြင့် အကျိုးကိုမဖြစ်၊ အကျိုးယုတ်ခြင်းသည်သာ ဖြစ်၏။

ဘုရင်တိဿနှင့် ဘုရင်ကျော်စွာတို့သည်ကား အလှူခံပုဂ္ဂိုလ်

တို့အပေါ်တွင် တစ်စုံတစ်ရာဆိုတော်မမူကြ။ မိမိတို့၏ စေတနာဒါန ကိုသာ ကြည်ညိုတော်မူကြ၏။ ထို့ကြောင့်လည်း အကျိုးပေးထက် သန်ကြခြင်း ဖြစ်၏။ အတုယူဖွယ်လည်း ကောင်း၏။

ဝေဘူဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒ

*သူများနေရာမကျတာကို လျှောက်မပြောနှင့်၊*
*ကိုယ်နေရာကျတာ၊ မကျတာကိုသိရင်တော်ပြီ။*
*နေရာမကျတာကို နေရာမကျဘူးလို့သိရင် နေရာကျပြီ။*
*နေရာလည်းမကျဘဲနဲ့ နေရာကျနေတယ်လို့ထင်နေလို့ကတော့ နည်းနည်းလေးမှ နေရာမကျဘူးဗျ။*

သူတော်ကောင်းကြီးတို့၏စကားသည် နည်းသော်လည်း တာသွားလွန်း၏။ ဓားကဲ့သို့လည်းထက်၏။ ဘွင်းဘွင်းကြီး မြင်သာ၍ လည်း လင်းရှင်း၏။ လူတိုင်းနားလည်နိုင်သော အဆုံးအမလည်း ဖြစ်၏။

အချို့ပုဂ္ဂိုလ်တို့ကား မိမိ၏အပြစ်ကိုဖုံးကွယ်၍ သူတစ်ပါးတို့ ကိုသာ အပြစ်ရှာ၏။ အပြစ်ပြော၏။ ပုံကြီးချဲ့၏။ ဤသည်မှာ မိမိ ကိုယ်ကို တူးဖြိုခြင်းတစ်မျိုးသာ ဖြစ်၏။ ဖားနှင့် မြွေကိုက်ကြလျှင် ဖားသာအော်၏။ မြွေကား မအော်။ ဖားသံကျယ်လေ ဇီဝိန်ချုပ်ခါနီး လေဟု သိနိုင်၏။

သူတော်ကောင်းတို့သည်ကား မိမိ၏အပြစ်ကိုသာရှာ၏။ မိမိ ကိုယ်ကိုသာ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်၏။ အထက်ပါ ဝေဘူဆရာတော်ဘုရားကြီး၏ ဩဝါဒကပင် ထင်ရှား၏။

သာသနာတော်ကို ထူးထူးခြားခြား ကြည်ညိုတတ်သောမင်း တစ်ပါးသည်လည်း ရှိသေး၏။ ၎င်းမှာ မင်းတုန်းမင်းတရားကြီး

ဖြစ်၏။

## ထွင့်ခေါင်ဆရာတော်နှင့် မင်းတုန်းမင်း

မင်းတုန်းမင်းကြီး အလေးအမြတ် အထွတ်ထား၍ ကြည်ညိုကိုးကွယ်သည့်အထဲတွင် ထွင့်ခေါင်ဆရာတော်ကြီးသည်လည်း တစ်ပါးအပါအဝင် ဖြစ်၏။ ထွင့်ခေါင်ဆရာတော်ကြီးသည်ကား ပရိယတ်၊ ပဋိပတ် စွယ်စုံတတ်မြောက်ကျွမ်းကျင်၏။ အကျင့်စရဏာတွင် လွန်ကဲ၏။ ရဟန္တာဟုလည်း တွင်၏။

ထို့ကြောင့် နန်းတွင်းသူ, နန်းတွင်းသား၊ မင်းသား, မင်းသမီးအားလုံးတို့ ကိုးကွယ်ဆည်းကပ်ကြ၏။ ပရိယတ်၊ ပဋိပတ်တို့ကိုလည်း သင်အံရွတ်ပွား၍ ကျင့်ကြံအားထုတ်ကြ၏။ သူတော်ကောင်းမြောက်မြားစွာတို့လည်း ပေါ်ထွန်းကြ၏။

ဆရာတော်ကြီး၏ ပရိယတ်၊ ပဋိပတ် အကျင့်စရဏာတို့ကိုမင်းတရားကြီး ကြည်ညိုသည်ကိုသိ၍ မင်းဘေးမင်းဒဏ်သင့်သူတို့လည်း ဆရာတော်ကြီး၏ ဘုန်းရိပ်ကံရိပ်သို့ ပြေးပုန်းခိုလှုံ၍ လွတ်မြောက်ဖူးကြ၏။

ကျောက်ဆောက်မင်းသား ရာဇဝတ်သင့်၍ ကျည်းတိုက်သွင်းခံထားရစဉ် ကြင်ရာတော် ယင်းတော်မယ်လေး ဆရာတော်ကြီးထံသွားပြီး ငိုယိုလျှောက်ထားသဖြင့် ဆရာတော်က အလှူခံပြီး လွတ်ပေးခဲ့ဖူး၏။

ရန်အောင်မြင်ဝန်ထောက်မင်း ရာထူးချထားခံရစဉ် ဆရာတော်၏ မေတ္တာရိပ်တွင်ခိုလှုံ၍ ဓမ္မစကြာနှင့် မဟာသတိပဋ္ဌာန်သုတ်ကိုအရကျက်ခိုင်းထားပြီး ဆရာတော်နန်းတော်သို့ကြွစဉ် ခေါ်သွားကာကျက်ခိုင်းထားစာများကို ရွတ်ပြခိုင်းပြီး ရာထူးကိုပြန်ရစေ၏။

ဘဏ္ဍာတော် ဝါဝွမ်းများကို ခိုးရောင်းစားမှုဖြင့် စကိုင်း မကျဉ်း

ဝင်ရှာသားဦးချိန်၊ ဘဏ္ဍာတော် ပတ္တမြားများကိုခိုးမှုဖြင့် သူ့ငွေး (၁၆) ယောက်တို့ကိုလည်း ကယ်မ,ခဲ့ဖူး၏။

ဘဏ္ဍာတော်ဂျူများကို ခိုးဝှက်မှုဖြင့် စကိုင်းဦးဖိုးမောင်၊ ဦးဖိုး မိုက်တို့ကိုလည်း မင်းတရားကြီးက အုန်းသီးတစ်ယောက်တစ်လုံးစီ ပေးပြီး အုန်းသီးသီးမှပြန်လာခဲ့ကြဟု ပြောဆိုကြိမ်းမောင်းကာ အင်းဝ တောင်ဘက် ငှက်ဖျားရှိသည့် သန်ရှာသို့ နယ်နှင်ထားသည်ကိုလည်း ကယ်မ,ခဲ့ဖူး၏။

ပြစ်မှုရှိသူ အများအပြား ဆရာတော်၏ မေတ္တာရိပ်သို့ ခိုလှုံလာ နေကြရာ သံတော်ဆင့်အမတ်ကိုယ်တိုင် တပ်နှင့်ဝိုင်းဖမ်းသည်ကို သံဃာငယ်များက သာသနာ့နယ်မြေကျူးကျော်ရကောင်းလားဆိုပြီး နားရင်းပါးရင်းရိုက်ထုတ် မောင်းလွှတ်လိုက်ကြ၍ မင်းတရားကြီးအား သွားရောက်လျှောက်ထားရာ -

"မောင်မင်းတို့က သူတော်ကောင်းနယ်မြေသွားပြီး ကျူးကျော် ကြတာကိုကွယ့်။ သွားကန်တော့ကြချေ"

ဟု ဆိုသတတ်။

ဘုရားအလောင်းတော်ကြီးဟု တင်စားချီးကျူးခံရသည့် ဘဝ ရှင်မင်းကြီး၏ သာသနာတော်နှင့်စပ်သော မှတ်တမ်းမှတ်ရာ ကောင်း ကွက်၊ သာကွက်တို့ကား အများအပြားပင်ရှိစွာ၏။ ဤနေရာ၌ ဤမျှ သာ ဂုဏ်ပြုသောအနေဖြင့် တင်ပြနိုင်၏။

နေ၊ လနှင့် မြတ်စွာဘုရားရှင်၏တရားတော်များကို ဖုံးကွယ် မထားရ။ ဖွင့်ဖော်ပြမှ အကျိုးရှိ၏။ မိစ္ဆာမန္တန်၊ မစင်ဘင်ပုပ်၊ မာတုဂါမ တို့မှာ ဖွင့်ဖော်မပြရ။

(အင်္ဂုတ္တရပါဠိတော်)

* * *

(၂)

## ၅။ ကျေးဇူးဆပ်သောကြက်တူရွေးကလေး

ယခုတင်ပြမည့်အကြောင်းအရာကို အဖေပြောပြခဲ့သည်။ အဖေ အိပ်ရာဝင်ပုံပြင်အဖြစ် ပြောပြခဲ့သည်ကို မှတ်သားထားသည်။ အဖေသည် အနုပညာသမားတစ်ယောက်ဖြစ်၍ အလွန်မှ အပြောအဟော ကောင်းသည်။ လူတစ်ဖက်သား စိတ်ဝင်စားအောင်၊ ရင်ထဲ၊ အသည်းထဲစွဲသွားအောင်အထိ ပြောပြနိုင်စွမ်းလည်း ရှိသည်။

အဖေ့ကို အနုပညာသမားဟုဆိုရာ၌ စာရေးဆရာတစ်ယောက်ဟုတော့ မပြောလောက်ပေ။ သို့သော် ဇာတိကျေးလက်ဒေသတွင် ခြောက်လုံးပတ်ဖြင့် အတီးအမှုတ်၊ အဆို၊ အကများကို ကျေးရွာလူငယ်များအား သင်ပေးလေ့ရှိသည်။ သီချင်းအဆိုအပြောနှင့် ဇာတ်လမ်းဇာတ်ကွက်များကိုလည်း ရေးသားပေးသည်။

ဆရာ့ဆရာကြီးများ ရေးသားသီကုံးထားသည့် သီချင်းနှင့် ဇာတ်လမ်းများကိုလည်း မိမိမူပြုကာ သီဆိုကပြစေသည်။ ထို့ကြောင့် အဖေ၏အနုပညာသည် အဆင့်မနိမ့်ဟုဆိုက ဆိုနိုင်သည်။ မြို့ကြီးပြကြီးတို့၌ အဖေ၏အနုပညာကို ဆရာ့ဆရာကြီးများနှင့်သာတွဲဖက်၍ သရုပ်ဖော်လျှင် ထိုက်သင့်သောအောင်မြင်မှုတစ်ခုကိုပင် ရကောင်းရနိုင်သည်။

ဆိုလိုသည်နှင့် တင်ပြချင်သည့်အကြောင်းအရာမှာ အဖေသည်

အပြောအဟောကောင်းခြင်း၊ ဆရာ့ဆရာကြီးတို့ သီချင်း၊ ဇာတ်လမ်းများကိုပင် မိမိမူကဲ့သို့ ပြုပြင်ပြောင်းလဲရေးသားပြီး ပြောဆိုကပြခြင်း စသည်များရှိခဲ့ဖူး၍ ယခုတင်ပြလိုသည့်အကြောင်းအရာသည် ဆရာ့ဆရာကြီးတို့၏ မူတစ်ခုကိုပင် အဖေက မိမိမူပြု၍ မောင်အေးချမ်းအား အိပ်ရာဝင်ပုံပြင်အဖြစ် ပြောခဲ့လေသလား။ အဖေ၏ မူရင်းအကြောင်းအရာပင် ဖြစ်လေသလားဆိုသည်ကို မကွဲပြားချေ။

ကွဲပြားအောင် မေးမြန်းရန်မှာလည်း ယခုအခါ အဖေမရှိတော့ပေ။ အဖေကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်နီးနေပြီ။ သို့သော်လည်း မောင်အေးချမ်းသည် အဖေပြောပြခဲ့သော ပုံပြင်ကိုကြိုက်လွန်း၍ ယနေ့ချိန်ထိပင် မှတ်မိနေသည်။ စိတ်မျက်စိထဲတွင်လည်း ကွင်းကွင်းကွက်ကွက်မြင်ယောင်နေသည်။

အဖေက ဆရာ့ဆရာကြီးများ၏မူကို သူ့မူအဖြစ်ပြုလုပ်သည်ကို အနည်းငယ်မျှတင်ပြလိုသည်။ ရန်ကုန်မြို့ကို အမ်းမြို့ ဟူ၍လည်းကောင်း၊ ပဲခူးရိုးမကြီးကို ရခိုင်ရိုးမကြီး ဟူ၍ လည်းကောင်း၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်၊ ဝါးတစ်ရာရွာဟုရှိလျှင်လည်း ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ တန်းတင်ရွာ စသည်ဖြင့် ပြောင်းလဲပြုပြင်ပြီး ဇာတ်လမ်းအပေါ်တွင်မူတည်၍ ကောင်းလျှင်ကောင်းသလို ပြဇာတ်၊ အော်ပရာအဖြစ် ကချင်ကပြမည်။ ပုံပြင်အဖြစ်ပြောချင်လည်း ပြောပြမည် စသည်ဖြင့် ဖြစ်သည်။

ထို့ကြောင့် ယခုတင်ပြမည့် ကြက်တူရွေးဇာတ်လမ်းသည်လည်း အဖေ စိတ်ကူးယဉ်ဖြင့်ပြောပြသော ဇာတ်လမ်းဖြစ်ချင်လည်း ဖြစ်မည်။ ဆရာ့ဆရာကြီးတစ်ယောက်ယောက်၏ဇာတ်လမ်းကို အဖေ့မူပြင်ပြီး ပြောပြခဲ့သော ဇာတ်လမ်းဖြစ်ချင်လည်း ဖြစ်မည်။ အဖေပြောပြခဲ့သည့်အတိုင်းသာ တန်ဆာဆင်၍ တင်ပြမည်ဖြစ်ကြောင်း မိတ်ဆက်စကားဆိုလိုက်ရသည်။

❦ ❦ ❦

နွားဝန်တင်သမားများ ဖိုးခေါင်ရိုးတန်းသို့ရောက်လျှင် တစ်ထောက်နားကြသည်။ ဝန်တင်ပစ္စည်းများကိုဖြုတ်ချထားပြီး နွားများကိုအနားပေးကာ အစာစားစေကြသည်။ လူများလည်း မနက်စာထမင်းချက်စားရန် ပြင်ဆင်ကြသည်။

နွားဝန်တင်ဟူသည်မှာ အာရပ်များ ကုလားအုတ်ဖြင့် ဝန်တင်သကဲ့သို့ နွားများ၏ကျောကုန်းတွင် စောင်ထူထူလွှမ်းပြီး ဝန်တင်၍ ခရီးသွားကြခြင်းပင် ဖြစ်သည်။ ဤနည်းဖြင့်ပင် ရခိုင်ပြည်နယ်မှ ရခိုင်ရိုးမကြီးကိုဖြတ်ပြီး မကွေးတိုင်းဘက်သို့ခရီးသွားကြသည်။ ခရီးက ရှည်ရှည်ဝေးဝေး မဟုတ်ပေ၊ မကွေးတိုင်းကိုမျှသာ ဖြစ်သည်။

ရခိုင်ပြည်နယ်မှထွက်သည့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များကို နွားဝန်တင်ဖြင့် ရခိုင်ရိုးမကြီးကိုဖြတ်ပြီး မကွေးတိုင်း၊ စေတုတ္တရာ၊ ငဖဲ၊ မင်းတုန်း၊ မင်းလှ စသော မြို့နယ်အတွင်းရှိရွာများတွင်လည်း၍ ရောင်းချကြသည်။ ထို့နောက် သနပ်ခါး၊ ပဲ၊ ငရုတ် စသော အညာကုန်များကို နွားဝန်တင်ဖြင့်ပြန်သယ်ကာ ရခိုင်ပြည်နယ်တွင် ရောင်းချကြပြန်သည်။

ယခု ဦးအောင်ကျော်ဦးခေါင်းဆောင်သော နွားဝန်တင်အဖွဲ့များသည် ရခိုင်ကုန်ပစ္စည်းများရောင်းချပြီးနောက် မကွေးကုန်ပစ္စည်းများကို ပြန်လည်သယ်ဆောင်ကာ ရခိုင်ရိုးမကြီးကိုဖြတ်ကျော်၍ ဖိုးခေါင်ရိုးတန်းသို့ ရောက်လာကြသည်။

အမ်းမြို့နယ်မှ ရခိုင်ရိုးမကြီးကိုဖြတ်၍ မကွေးတိုင်းသို့သွားသော ရိုးဖြတ်လမ်းခြောက်လမ်းရှိကြောင်း ရိုးဖြတ်၊ ရိုးကျော် ခရီးသွားကြီးများ မှတ်တမ်းတင်ထားကြသည်။ ယခု ဦးအောင်ကျော်ဦးတို့ဖြတ်လာကြသည်မှာ အလယ်လမ်း ဖြစ်သည်။

မကွေးတိုင်း ဇနိပြွန်းရွာမှ ရခိုင်ရိုးမကြီးကိုစတက်၍ နွားဝန်တင်များဖြင့် တောအထပ်ထပ် တောင်အသွယ်သွယ်ကို ငါးရက်၊ သို့တည်းမဟုတ် ခြောက်ရက်မျှဖြတ်ကျော်ကာ သူတို့၏ အမ်းမြို့နယ် တန်းတင်

ရွာသို့ ဒါရိုက်ရောက်သောလမ်း ဖြစ်သည်။

ယခု ဦးအောင်ကျော်ဦးတို့ရောက်နေကြသည့် ဖိုးခေါင်ရိုးတန်းသည် ရခိုင်ရိုးမကြီးမှ ငါးနံရိုးကဲ့သို့ဖြတ်ထွက်လာသော တောင်လက်မောင်း (ရိုးတန်းငယ်) တစ်ခု ဖြစ်သည်။ သည်နေရာမှ နောက်တစ်ရက်နှင့် တစ်မနက်ဆက်သွားလျှင် သူတို့၏ အမ်းမြို့နယ် တန်းတင်ရွာသို့ ရောက်ကြမည် ဖြစ်သည်။

ဦးအောင်ကျော်ဦးတို့လူစုသည် နွားများကို အနားပေးလိုက်ကြပြီးနောက် မနက်စာထမင်းချက်စားရန်အတွက် ဖိုခနောက်တည်သူတည်၊ ထင်းဆွဲ သူဆွဲ၊ အထုပ်ထဲမှဆန်ကို အိုးထဲသို့ထည့်ပြီး ဆေးသူကဆေး၊ မီးမွှေးသူတို့မွှေး လုပ်ကိုင်နေကြသည်။ နေခေါင်းပေါ်သို့ရောက်နေပြီဖြစ်၍ အတော်လေးလည်း ဗိုက်ဆာနေကြပြီ။

"နွားဝန်တင်သမားတွေ၊ ဘယ်ရွာကလဲ"

ဘယ်ဆီကမှန်းမသိ။ လူသံတစ်သံကိုကြားလိုက်ရ၍ ဦးအောင်ကျော်ဦးတို့လူစု မျက်လုံးပြူးသွားကြသည်။ နွားဝန်တင်သမားများလည်း ချက်ရေးပြုတ်ရေးများကိုစီမံရင်း တစ်နေရာတည်းတွင် တစ်စုတစ်ဝေး တည်းရှိနေကြသည်။ သူတို့အထဲကလူသံ လုံးဝမဟုတ်။ ထို့ကြောင့် ယခု ကြားလိုက်ရသည့်လူသံမှာ လူသံအစစ်ကား ဟုတ်ရဲ့လား။ သရဲ၊ သဘက်၊ မြေဖုတ်ဘီလူးများကပင် လူသံကဲ့သို့ပြုလုပ်ပြီး ပြောလေသလားဟုလည်း ထင်လိုက်ကြသည်။

ဤနေရာသည်လည်း ရခိုင်ရိုးမကြီး၏ တောင်လက်မောင်းတစ်ခုဖြစ်၍ ရောမရှိးနက်ကြီးတစ်နေရာသာဖြစ်သည်။ မြေပြန့်ရွာများနှင့် တစ်ရက်၊ တစ်မနက်ခန့်လှမ်းသည်။ လမ်းခရီးတစ်လျှောက်တွင် အခြားမည်သည့်ရွာမျှ မရှိပေ။ သူတို့၏ဇာတိ တန်းတင်ရွာသည်ပင် မြေပြန့်ရွာဖြစ်သော်လည်း ရခိုင်ရိုးမကြီး၏တောင်ခြေတွင် တည်လျက်သာ ရှိသည်။

"နွားဝန်တင်သမားတွေ၊ ဘယ်ရွာကပါလဲ"

သည်အကြိမ်တွင် အသံသည် သစ်ပင်ထက်မှလာသည်ဟု သိလိုက်ကြ၍ ပြိုင်တူမော်ကြည့်လိုက်ကြရာ သစ်ခြောက်ကိုင်းတွင် နားနေသော ကြက်တူရွေးတစ်ကောင်ကို တွေ့လိုက်ကြရသည်။ ကြက်တူရွေးက စကားပြောတတ်ပြီး သူတို့အား မေးမြန်းနေသည်ကို သိလိုက်ကြ၍ တအံ့တသြလည်း ဖြစ်နေကြသည်။ ထို့နောက် နွားဝန်တင်သမားများထဲတွင် ခေါင်းဆောင်ကြီးဖြစ်သည့် ဦးအောင်ကျော်ဦးကပင် ကြက်တူရွေး၏အမေးကို ကမန်းကတန်းဖြေလိုက်၏။

"ကြက်တူရွေးလေး တို့ကိုမေးနေတာထင်တယ်။ တို့က အမ်းမြို့နယ် တန်းတင်ရွာကပါ"

"သြော် သြော်- ဒီလိုဆိုရင် တန်းတင်ရွာက ကျုပ်ရဲ့မိဘများဖြစ်ကြတဲ့ ဘုရားဒကာကြီး ဦးအောင်ကျော်ဖံနဲ့ ဒေါ်ကြာဦးဖြူတို့ကော အသက်ထင်ရှားရှိကြသေးရဲ့လား"

"ရှိကြပါတယ်၊ အသက်ကြီးရင့်နေကြပြီဖြစ်ပေမယ့် လင်မယားနှစ်ယောက်လုံး ကျန်းကျန်းမာမာကြီးပါ"

"အခုလိုကြားရတာ ဝမ်းသာပါတယ်။ ဦးအောင်ကျော်ဖံနဲ့ ဒေါ်ကြာဦးဖြူဆိုတာ ကျုပ်ရဲ့ ကျေးဇူးရှင်မိဘနှစ်ယောက်ပါပဲ။ တိုင်းပြည်ပျက်လို့ ရွာကို မဟာမိတ်တပ်တွေ ဗုံးကြဲကြတဲ့အခါ တစ်ယောက်တစ်ကွဲဖြစ်သွားကြပြီးနောက် ကျုပ်လည်း အမျိုးတူတွေရှိတဲ့ ဒီတောနက်ထဲကို ရောက်လာရတာပါ။ မိဘတွေကိုတော့ တစ်ရက်မှ မမေ့ပါဘူး"

"ဒါဆိုရင် ကြက်တူရွေးကလေး၊ တို့နဲ့အတူ ပြန်လိုက်ခဲ့ပါလား။ မြေပြန့်ဒေသတွေမှာ အင်္ဂလိပ်တွေ၊ ဂျပန်တွေလည်း မရှိကြတော့ပါဘူး။ အားလုံး အေးချမ်းနေပါပြီ။ ကြက်တူရွေးလေးပါလာရင် ဦးအောင်ကျော်ဖံနဲ့ ဒေါ်ကြာဦးဖြူတို့လည်း ဝမ်းသာကြမှာပါ"

''မြေပြန့်ကို ပြန်လိုက်လို့မဖြစ်တော့ပါဘူး။ ကျုပ်မှာလည်း ဒီမှာ သားသမီးမြေးမြစ်တွေနဲ့ ဖြစ်နေပါပြီ။ အသက်အရွယ်လည်း ကြီးပါပြီ။ ဒါကြောင့် ကျေးဇူးရှင်မိဘနှစ်ယောက်တို့အတွက် ကိုယ် စားရတဲ့ သစ်သီးလေးတွေ ပေးလိုက်ချင်လို့ ခြင်းကြားကြီးကြီးတစ် လုံးလောက် ရက်ပေးကြပါ''

ဟုပြော၍ ဦးအောင်ကျော်ဦးတို့လူစုလည်း ရရာဝါးများကို ခုတ်ပြီး ခြင်းကြားကြီးတစ်လုံး ရက်ပေးလိုက်ကြသည်။

ကြက်တူရွေးသည်လည်း တောထဲသို့ပျံဝင်သွားပြီး တစ်အောင့် အကြာတွင် သူ၏သားမြေးမြစ်များဟုယူဆရသည့် ကြက်တူရွေးအ ကောင် သုံး၊ လေးဆယ်ခန့်နှင့်အတူ မရမ်းသီးမှည့်များကို ကိုက်ချီယူ လာပြီး ခြင်းကြားကြီးတွင်ထည့်ကြလေသည်။ တဖြုန်းဖြုန်းဖြင့် နာရီ ဝက်၊ တစ်နာရီခန့် ပျံသန်းသယ်ထည့်ကြရာ မရမ်းသီးမှည့်များ ခြင်း ကြားထဲတွင် ပြည့်သွားလေသည်။

''ခရီးသွားတို့၊ ဒီမရမ်းချိုသီးမှည့်များကိုဆောင်ယူပြီး ကျွန်ုပ်၏ မိဘများကိုလည်း တစ်ဝက်ပေးကြပါလေ၊ ကိုယ်လည်း တစ်ဝက်စား ကြပါလေ''

ဟု ပြောပြပြီး ကြက်တူရွေးလေးသည် တစ်ပင်ပြီးတစ်ပင် ပျံသန်းရင်းက လမ်းတစ်ဝက်လိုက်၍ပို့လေသည်။

ဦးအောင်ကျော်ဦးတို့ နွားဝန်တင်သမားများလည်း နောက် နေ့မနက်မှာပင် ရွာသို့ရောက်သွားကြ၏။ ရွာသို့ရောက်လျှင်ရောက် ချင်း ဦးအောင်ကျော်ဖနှင့် ဒေါ်ကြာဦးဖြူတို့အား မရမ်းသီးများကို သွားပေးရင်း ကြက်တူရွေးလေးအကြောင်းကိုလည်း ပြောပြကြလေ သည်။

ထိုအခါ ဦးအောင်ကျော်ဖနှင့် ဒေါ်ကြာဦးဖြူတို့မှာ ငါးနှစ်ခန့် ကြာနေခဲ့ပြီဖြစ်၍ ကြက်တူရွေးလေးကို မေ့မေ့ပျောက်ပျောက်ဖြစ်နေ

ကြရာမှ တစ်ဖန် သတင်းစကားကိုကြားရသောကြောင့် အောက်မေ့လွမ်းဆွတ်သတိရပြီး ကြက်တူရွေးလေးအား ပြန်ခေါ်ရန် ဖိုးခေါင်ရိုးတန်းသို့ လိုက်လာခဲ့ကြ၏။

✻ ✻ ✻

တစ်ခုသော မိုးဦးကျရာသီတွင် ဦးအောင်ကျော်ဖံနှင့် ဒေါ်ကြာဦးဖြူတို့ ဟင်းရွက်ခူးရင်း၊ မှိုရှာရင်း သူတို့၏လယ်အထက် တောတန်းသို့ လျှောက်တက်လာကြ၏။ မိုးဦးကျရာသီတွင် လယ်နားတစ်ခို၌ မှိုဖြူကလေးများပေါက်ပြီး ဟင်းရွက်စုံတို့လည်းပေါသည်။ ထို့ကြောင့် လယ်နားက စားကျက်ကုန်းတောတန်းလေးကိုလျှောက်ခူးလျှင်ပင် မှိုရော ဟင်းရွက်များပါ တစ်အိုးချက် တစ်နပ်စာရသည်။

ဦးအောင်ကျော်ဖံနှင့် ဒေါ်ကြာဦးဖြူတို့ မှိုရောဟင်းရွက်ပါ တစ်ပလိုင်းရ၍ အိမ်ပြန်ခါနီးတွင် ကြက်တူရွေးလေးတစ်ကောင် အော်သံကို ကြားရ၏။ ကြည့်လိုက်ရာ သစ်ခေါင်းတွင် ရေပြည့်၍ သစ်ခေါင်းဝကို နွှတ်သီးဖြင့်ချိတ်ပြီး တွဲလောင်းကြီးဖြစ်နေသော ကြက်တူရွေးပေါက်လေးတစ်ကောင်ကို တွေ့ကြရသည်။

ကြက်တူရွေးတို့သည် အသိုက်မလုပ်ဘဲ သစ်ပင်ခေါင်းမှာသာ ဥကြ၊ ပေါက်ကြ၏။ သားပေါက်သည့်ရာသီမှာလည်း မိုးဦးကျ ဖြစ်သည်။ တချို့သားပေါက်စောသောအကောင်များ မိုးလွတ်ကြသလို သားပေါက်နောက်ကျသောအကောင်များသည် မိုးမိ၍ သစ်ခေါင်းကို ရေပြည့်လျှင် ယခုကဲ့သို့ ဒုက္ခရောက်ကြရသည်။

ဦးအောင်ကျော်ဖံသည် သစ်ခေါင်းဝတွင် တွဲလောင်းကြီးဖြစ်နေသော ကြက်တူရွေးပေါက်ကလေးကို သစ်ပင်ပေါ်တက်ဖြုတ်ပြီး အိမ်သို့ယူလာခဲ့သည်။ ငှက်ပျောသီးမှည့်၊ သရက်သီးမှည့် စသော ကြက်တူရွေးများကြိုက်သည့် အစားအစာများကိုလည်း ကျွေးမွေး

ထားသည်။ ကြောင်၊ ကြွက်များမကိုက်မချိနိုင်သည့် သက်သောင့် သက်သာလည်းနိုင်သော လှောင်အိမ်လေးတစ်ခုကိုလည်း လုပ်ပေး ထားသည်။

မိုးဦးကျမှမွေးထားသော ကြက်တူရွေးကလေးသည် မိုးလယ် ရာသီသို့ရောက်သောအခါ တစ်သွေးတစ်မွေးလှလာ၏။ ကြက်တူ ရွေးကြီးတစ်ကောင်နှင့်လည်း တူလာသည်။ ကြက်တူရွေးကို မွေးဖူး သောလူများက ငရုတ်သီးကျွေးလျှင် စကားတတ်သည်ဟုပြောကြ၍ ကြက်တူရွေးလေး၏လှောင်အိမ်တွင် ငရုတ်သီးတောင့်လေးများကို ချိတ်ဆွဲပေးထားကြသည်။

ထို့ကြောင့် ကြက်တူရွေးလေးသည်လည်း ငရုတ်သီးကိုစားပြီး မကြာမီပင် စကားစ,၍ပြောလာသည်။ စကားပြောတတ်စတွင် နှာခေါင်းသံပါလွန်း၍ နားလည်အောင် အတော်လေးပင်ကြိုးစားပြီး နားထောင်ကြရသည်။ ငရုတ်သီးကို များများကျွေးမှ လျှာပါးပြီး စကားရှင်သည်ဟု ပြောကြပြန်၍ ငရုတ်သီးတောင့်များကို ဆက်ပြီး ကျွေးကြရာ ပြောသည့်အတိုင်း ကြက်တူရွေးလေး စကားရှင်၍ ကောင်းစွာပင် နားလည်လာရလေသည်။

ဦးအောင်ကျော်ဇံက ကြက်တူရွေးလေး စကားကောင်းစွာပြော တတ်လာပြီးနောက် လူနှင့်မတူ ကွဲပြားသည့်အကြောင်းများကို မေးမြန်း ကြည့်သည်။ ကြက်တူရွေးလေးသည်လည်း လူစကားကို ကောင်းစွာ ပြောတတ်လာပြီးနောက် သူ၏ဆန္ဒများကို လူကလေးတစ်ယောက် နီးပါး တောင်းဆိုတတ်လာသည်။ ကြက်တူရွေးလေးက ပြောပြ တောင်းဆိုလာသည်မှာ -

သူသည် လှောင်အိမ်ထဲတွင်မနေလိုကြောင်း၊ တခြားအပြင် လောကမှ ကြက်တူရွေးများနည်းတူ ပျံလွှားသွားလာ ရှာဖွေစား သောက်လိုကြောင်း၊ ထို့ကြောင့် သူ၏အတောင်ပံအမွေးများကို ဓား နှင့်ဖြတ်တောက်ခြင်း၊ လှောင်အိမ်ထားခြင်း စသည်များကို မပြုစေလို

ကြောင်း တောင်းဆိုပြောပြ၏။

ဦးအောင်ကျော်ဇံလည်း ကြက်တူရွေးလေး၏ ဆန္ဒအတိုင်း လှောင်အိမ်ထားခြင်း၊ တောင်ပံများကိုဖြတ်တောက်ခြင်းများကို မပြုဘဲ ထား၏။ ထို့နောက် အပြင်လောက၌ ကောင်းစွာပျံလွှားသွားလာ တတ်စေရန်၊ သို့တည်းမဟုတ် အပျံသင်ပေးရန်အတွက် ကြက်တူရွေး လေးကို ပခုံးတွင်တင်ပြီး ရွာပြင်သို့ထွက်လာကြသည်။

"ကဲ- ကြက်တူရွေးလေး၊ မင်းက ကောင်းကောင်းပျံတတ် နေပေမယ့် အပြင်လောကကို မကျွမ်းသေးဘူးနော်၊ ဒါကြောင့် ချိုး သိမ်းတို့၊ ကျီးကန်းတို့ကိုတော့ သတိထား၊ အဲဒီလို ရန်သူတွေနဲ့တွေ့ ရင် ငါ့ဆီကိုသုတ်ပြီးပြန်လာခဲ့"

ဟုပြောဆိုပြီး အသီးမှည့်များရှိနေသည့် သရက်ပင်ကြီးတစ်ပင် ပေါ်သို့ လွှတ်တင်ပေးလိုက်လေသည်။

သို့သော် ဖြစ်ချင်တော့ ထိုသရက်ပင်ထက်တွင် ချိုးသိမ်းသိုက် ရှိနေလေသည်။ သရက်သီးမှည့်ချိန်တွင် ချိုးသိမ်းများ သားပေါက် သည့်အချိန်လည်း ဖြစ်သည်။ ထို့ကြောင့် တစ်အောင့်အကြာမှာပင် ချိုးသိမ်းဖိုကြီးနှင့် ချိုးသိမ်းမကြီးတို့ အစာရှာရာမှပြန်လာကြသည် နှင့်တိုးသဖြင့် ကြက်တူရွေးလေးလည်း အသက်ကိုလု၍ ဦးအောင် ကျော်ဇံဆီသို့ ပြန်ဆင်းပြေးထွက်လာရလေသည်။

"ဒါကြောင့်ပြောတာ၊ မင်းက ပျံတတ်နေပေမယ့် အပြင် လောကကို နားမလည်သေးဘူးလို့။ ငါပါလို့သာတော်တော့တယ်။ ငါသာမပါရင် ချိုးသိမ်းတွေကုတ်ဖဲ့လို့ မင်း တစ်စစီဖြစ်မှာ။ ဒါကြောင့် ပျံလွှားတတ်ရုံနဲ့ မပြီးဘူးကွ။ အပြင်လောကကိုလည်း နားလည် မှဖြစ်တာ။ အပြင်လောကကိုရောက်ရင် သတိကောင်းကောင်းထား ပါ"

နောက်တစ်ကြိမ်တွင်လည်း ကြက်တူရွေးလေးကို ရွာလယ်က

သရက်ပင်အုပ်ထဲသို့ သရက်သီးမှည့်စားရန် လွှတ်တင်ပေးလိုက်ရာ အိမ်မွေးကြက်တူရွေးဟုသိ၍ထင်၏။ ဝါးဖုတ်ထဲမှကျီးအုပ်များ ထွက်လိုက်ကြသဖြင့် ကြက်တူရွေးလေး အသက်လုပြီး ပြေးခဲ့ရပြန်သည်။ ဤသို့ဖြင့်ပင် ကြက်တူရွေးလေးသည် အပြင်လောက၏ ရန်သူများကိုပါ ရှောင်ရှားတတ်သွားလေသည်။

ဦးအောင်ကျော်ဖမှာလည်း ကြက်တူရွေးလေးကို အပျံသင်ရင်း၊ အပြင်လောက၏အကြောင်းများကို နားလည်အောင် ကွင်းဆင်းသင်ပြနေရရင်းကပင် အိမ်အလုပ်များကို ကောင်းကောင်းမလုပ်နိုင်ဘဲ ကြက်တူရွေးလေးနှင့်ပင် အချိန်ကုန်နေလေသည်။ ဦးအောင်ကျော်ဖနှင့် ဒေါ်ကြာဦးဖြူတို့မှာ ရွာသူဌေးများဖြစ်ကြ၍ လယ်ယာကိစ္စများကို လူငှားနှင့်အပ်ထားသောကြောင့် နေ့စဉ် နေ့တိုင်း ကိုယ်တိုင်သွား၍ မကြည့်နိုင်လျှင်လည်း သိပ်ပြီးအရေးမကြီးပေ။

ဤသို့ဖြင့် ကြက်တူရွေးကိုမွေးပြီး၍ တစ်နှစ်ကျော်အတွင်းမှာပင် ကမ္ဘာ့ဒုတိယစစ်ကြီး ဖြစ်လာလေသည်။ (တချို့က ဒုတိယကမ္ဘာစစ်ဟု ရေးကြ၏။ ဒုတိယဟူသောပုဒ်သည် ဝိသေသနပုဒ်ဖြစ်၍ ကမ္ဘာကို အထူးပြုလိုလျှင် ကမ္ဘာရှေ့ကထားရသည်။ စစ်ကိုအထူးပြုလိုလျှင် စစ်ရှေ့ကထားရသည်။ ဤစစ်သည် ကမ္ဘာတွင် ဒုတိယအကြိမ် ဖြစ်လာသောစစ်ဖြစ်၍ ဆိုလိုရင်းမှာ စစ်ကိုအထူးပြုလိုသောကြောင့် ဒုတိယပုဒ်ကို စစ်ရှေ့ကသာထားရသည်။ ထို့ကြောင့် ကမ္ဘာဒုတိယစစ်ဟု ရေးမှမှန်သည်။)

ဦးအောင်ကျော်ဖတို့ရွာများသည် ရခိုင်ရိုးမကြီး၏တောင်ခြေတွင်ရှိပြီး ရွာနားတစ်ခုဌလည်း မြစ်ချောင်းများရှိနေသဖြင့် ကုန်းလမ်း၊ ရေလမ်းသွားရန်အတွက်ပါ အလွန်ကောင်းသည့်နေရာဒေသဖြစ်နေသောကြောင့် မဟာမိတ်တို့သည် ပိုမိုအာရုံစိုက်ကြသည်။ ထို့ကြောင့် တစ်နေ့သောအခါတွင် ရွာကိုဗုံးကြဲသဖြင့် မီးဟုန်းဟုန်းတောက်သွားရလေသည်။

ထိုအချိန်က ဦးအောင်ကျော်ဇံနှင့် ဒေါ်ကြာဦးဖြူတို့လင်မယား အိမ်မှာမရှိဘဲ လယ်တော၊ ကိုင်းတောသို့ ရောက်နေကြ၍ အသက်ဘေးမှ လွတ်သွားကြသည်။ သို့သော် ရွာသည်ကား မီးလောင်ပြင်အတိ ဖြစ်သွားလေသည်။ နေစရာ စားစရာဟူ၍လည်း တစ်ခုမှမရှိတော့ပေ။ ရွာထဲတွင်ရှိသော အိမ်မွေးတိရစ္ဆာန်များလည်း မီးထဲပါသွားကြပြီ။ လူအချို့လည်း သေကုန်ကြပြီ။ ဦးအောင်ကျော်ဇံတို့မှာလည်း အိမ်မွေးတိရစ္ဆာန်ဆို၍ တစ်ကောင်မှမကျန်တော့။

ထို့ကြောင့် ရွာလည်းပျက်လေသဖြင့် ဦးအောင်ကျော်ဇံတို့လင်မယားလည်း ဦးတည်ရာမဲ့ထွက်ပြေးရင်းက ဆွေမျိုးများရှိသည့်ရွာတစ်ရွာသို့ရောက်၍ စစ်ပွဲကြီးပြီးဆုံးသည်ထိ ခိုလှုံနေထိုင်ခဲ့ကြရ၏။ ဆိုခဲ့သည့်အတိုင်း သူတို့၏ဇာတိရွာ ပတ်ဝန်းကျင်သည် စစ်လမ်း၊ စစ်တလင်းဖြစ်နေ၍ ရွာသို့လာလျှင်လည်း သေဖွယ်ရာသာရှိသည်။

ဦးအောင်ကျော်ဇံတို့လင်မယား ဆွေမျိုးရွာတွင်နေထိုင်ကြရသော်လည်း နဂိုမူလစိတ်ရင်းကောင်းသောကြောင့် ပေးခြင်း၊ ကျွေးခြင်း၊ သူတစ်ပါးတို့အားလည်း ကူညီထောက်ပံ့ခြင်းများစွာရှိဖူးသောကြောင့် မျက်နှာမငယ်ခဲ့ရပေ။ ဆွေမျိုးများကရော ပတ်ဝန်းကျင်ရွာသူရွာသားများကပါ ဝိုင်းဝန်းစောင့်ရှောက် ကျွေးမွေးထားကြသည်။

စစ်ပြေငြိမ်း၍ ရွာသို့ပြန်လာကြသောအခါ ရွာကိုဗုံးကြဲခံခဲ့ရစဉ်က အသက်မသေဘဲကျန်ရစ်ကြသည့် ရွာသားအချို့တို့ပြန်ရောက်ပြီး အိမ်ဆောက်နေကြပြီဖြစ်သော်လည်း ဦးအောင်ကျော်ဇံတို့လင်မယား အိမ်နေရာသည်ကား တော‌ထလျက်သာရှိသည်။ လယ်တော၊ ယာတောများမှာလည်း ၄င်းအတိုင်းသာဖြစ်သည်။ အားလုံး တစ်ကပြန်စရသည်။ မြေကြီးထဲတွင် မြှုပ်နှံထားဖူးသော ရွှေစ၊ ငွေစကလေးများရှိ၍သာ တော်တော့သည်။ သို့မဟုတ်ပါက များစွာပင် အခက်တွေ့သွားနိုင်သည်။

ရွာကို စစ်မီးကြီးတောက်လောင်ပြီးချိန်မှစ၍ ကြက်တူရွေးလေး

မှအစ အိမ်မွေးတိရစ္ဆာန်များလည်း တစ်ကောင်မျှမရှိတော့ပေ။ အားလုံး စစ်မီးထဲတွင်ပါသွားပြီဟုသာ နားလည်ထားလိုက်ကြသည်။ မီးထဲသို့ အိမ်ပါသွားလျှင် အိမ်အစားပြန်ဆောက်၍ရ၏။ အိုးခွက်၊ ပန်းကန်ပါသွားလျှင်လည်း အစားဝယ်သုံး၍ရ၏။

မိမိတို့ သားသမီးတမျှချစ်ခင်တွယ်တာ၍ ကျွေးမွေးစောင့်ရှောက်ထားကြသော အိမ်မွေးတိရစ္ဆာန်လေးများသာ ပါသွားလျှင်ကား အစားထိုး၍မရတော့ပေ။ အစားထိုးလျှင်လည်း အစားသာ ဖြစ်သည်။ တကယ်အစစ်ကား မဟုတ်။ ထို့ကြောင့် ရွာကို စစ်မီးတောက်၍ ထွက်ပြေးလာကြရာတွင် အိမ်မွေးတိရစ္ဆာန်လေးများ၏အဖြစ်ကို တွေးတောစဉ်းစားသနားပြီး အကြိမ်ကြိမ်လည်း ငိုခဲ့ကြ၏။

ကျွဲ၊ နွား၊ ခွေး၊ ကြောင် စသော အိမ်မွေးတိရစ္ဆာန်များစွာတို့အထဲတွင် လူစကားကို ရေရေလည်လည်ပြောတတ်သော ကြက်တူရွေးလေးကိုမူ ပို၍သနားနေကြသည်။ ပိုပြီးလည်း သတိရနေကြသည်။ ထို့ကြောင့် "ကြက်တူရွေးလေးရေ၊ ကြက်တူရွေးလေးရေ" ဟူ၍ပင် ထုတ်ခေါ်ပြီး ငိုခဲ့ကြရ၏။

❦ ❦ ❦

တစ်ကုန်းကျော်၊ တစ်တောင်တက်၊ တစ်လျှိုဖြတ်ပြီး လူအိုများ ဖြစ်ကြသည့်အလျောက် သုံးရက်တိတိလာခဲ့ကြရာ ဦးအောင်ကျော်ဖန့်နှင့် ဒေါ်ကြာဦးဖြူတို့သည် ဖိုးခေါင်ရိုးတန်းကြီးကို ရောက်လာကြ၏။ သား ကြက်တူရွေးလေးနှင့် တွေ့ချင်ဇောကပ်နေသောကြောင့် ကြမ်းသည့်ခရီးကိုပင် မောရ၊ ပန်းရမှန်း မသိခဲ့ကြပေ။

နွားဝန်တင်သမားများ ညွှန်ကြားလိုက်သည့်နေရာသို့အရောက်သွားပြီး တစ်ထောက်နားကာ ပတ်ဝန်းကျင်တောတောင်များကိုကြည့်ရှုကြသည်။ ဖိုးခေါင်ရိုးတန်းသည် ရခိုင်ရိုးမကြီး၏ တောင်လက်မောင်း

ဖြစ်၍ တောလည်းနက်သည်။ သစ်တောဝါတောကြီးများဖြင့်လည်း ညို့မှောင်း ဆိတ်ငြိမ်လျက်ရှိသည်။

ဦးအောင်ကျော်ဇံနှင့် ဒေါ်ကြာဦးဖြူတို့သည် ပတ်ဝန်းကျင် တောတောင်များကို ကြည့်ရှုရှာဖွေကြသော်လည်း သူတို့၏သား ကြက်တူရွေးလေးကိုမူ မတွေ့မမြင်ရသဖြင့် ''ကြက်တူရွေးလေး၊ ကြက်တူရွေးလေးရေ'' ဟု အော်ခေါ်ကြ၏။ ထိုကဲ့သို့ အော်ခေါ်ကြသော်လည်း ပြန်ထူးသံကိုမူ မကြားရပေ။

ထို့နောက် တောတန်း၊ ရိုးတန်းများကိုလျှောက်သွားအော်ခေါ်ရင်းက တစ်နေရာသို့အရောက်တွင် ''ဗျာ'' ဟု ထူးသံကို ကြားကြရ၏။ ထို့ကြောင့် ဦးအောင်ကျော်ဇံနှင့် ဒေါ်ကြာဦးဖြူတို့လည်း အလွန်အမင်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြပြီး -

''သားရေ၊ မင်းဆီကို အဖေနဲ့အမေ လိုက်လာကြပြီကွယ့်။ တွေ့ပါဦး''

ကြက်တူရွေးလေးသည် တဖြုန်းဖြုန်းဖြင့်ပြန်ဝဲလာပြီး အနီးဆုံးသစ်ပင်တွင် လာနား၏။ ထို့နောက် တစ်ဆင့်ပြီးတစ်ဆင့်နိမ့်လျက်ဆင်းလာပြီး ဦးအောင်ကျော်ဇံ၏ ပခုံးထက်တွင်လာနားလေသည်။ ဦးအောင်ကျော်ဇံနှင့် ဒေါ်ကြာဦးဖြူတို့မှာလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မျက်ရည်များပင် စို့ထွက်လာကြ၏။

အိမ်၌ အတူတကွနေထိုင်ကြစဉ်က ပျော်ပျော်ရွှင်ရွှင်ရှိခဲ့ကြသည့်အကြောင်း၊ ကြက်တူရွေးလေးမှာ အပူအပင်ကင်းစွာဖြင့် နေခဲ့ရသည့်အကြောင်း၊ ဦးအောင်ကျော်ဇံက ချိုးသိမ်းရန် ကျီးကန်းများ၏ ရန်တို့မှ ကြက်တူရွေးလေးအား ကယ်တင်ခဲ့သည့်အကြောင်းမှသည် သူတို့ရွာကို ဖုံးမိုးရွာသည့်အဖြစ်သို့ ရောက်သွားကြသည်။

ရွာကို ဖုံးကြဲခံရသည့်အခါတွင် လေယာဉ်သံ၊ ဖုံးကွဲသံ စသည်တို့မှာ ပတ်ဝန်းကျင်တစ်ခွင်လုံး နားကွဲလုမတတ်အောင်ပင် ကျယ်

လောင်သွား၏။ တစ်ရွာလုံး မီးဟုန်းဟုန်းထတောက်သောကြောင့် မီးခိုးလုံးကြီးမှာလည်း မိုးထိလုနီးပါး ဖြစ်၏။ ထို့ကြောင့် ကြက်တူရွေးလေးသည်လည်း အလွန်အမင်း ကြောက်လန့်သွားပြီး ဦးတည်ရာမဲ့ ပျံသန်းရင်းက တောနက်တစ်နေရာသို့ ရောက်လာခဲ့သည့်အကြောင်း။

သို့သော် ဆယ်ရက်၊ တစ်ပတ်ခန့်ကြာသောအခါ ကြောက်စိတ်အနည်းငယ်ပြေပျောက်၍ ကြက်တူရွေးလေးသည် ရွာဆီသို့ တစ်ခေါက်ပြန်ရောက်လာသေးသည်။ ရွာသည်ကား လူသူကင်းလျက် မီးလောင်ပြင်ကြီးသာ ဖြစ်နေလေသည်။ ထို့ကြောင့် ရွာသူရွာသားများသည် မုံးဒဏ်ကြောင့် သေသူသေပြီး အသက်ရှင်လျက် ကျန်သူများလည်း ဘေးကင်းရာသို့ ရွာကို ထာဝရစွန့်ခွာပြီး ထွက်ပြေးသွားကြပြီဟု ယူဆရသည်။

ကြက်တူရွေးလေးသည်လည်း ထိုကဲ့သို့ ယူဆဆုံးဖြတ်ပြီး နောက်ဆုံးခွဲခွာခြင်းအထိမ်းအမှတ် ရွာကို သုံး၊ လေးပတ်ပျံဝဲကာ တောတောင်ထူထပ်သည့် ရခိုင်ရိုးမကြီးဆီသို့သာ ပြန်တက်လာခဲ့သည်။ ရခိုင်ရိုးမထဲသို့ရောက်စတွင် တောကျေးအုပ်များနှင့်တွေ့သော်လည်း အိမ်ကျေးဖြစ်သော ကြက်တူရွေးလေးကိုမူ သူတို့အုပ်ထဲသို့ အဝင်မခံကြဘဲ ထိုးဆိတ် မောင်းထုတ်ခြင်းကို ခံခဲ့ရ၏။

ထို့ကြောင့် အဖော်မဲ့ တစ်ကိုယ်တည်း ဦးတည်ရာမဲ့ပြန်သန်းသွားလာရင်းက ဖိုးခေါင်ရိုးတန်းသို့အရောက်တွင် အမျိုးတူ ကြည်ဖြူသော ကြက်တူရွေးမလေးတစ်ကောင်နှင့်တွေ့ဆုံချစ်ကြိုက်ပြီး အကြောင်းဆက်၍ ပေါင်းဖက်ခဲ့ကြ၏။ ထိုနေ့အချိန်မှစ၍ ယခုတိုင် အောင်ပင် ဖိုးခေါင်ရိုးမ၌ နေထိုင်လာခဲ့သည့်အကြောင်းကို မိခင်၊ ဖခင်တို့အား ပြောပြလိုက်သည်။

"ငါ့သား အခုဆိုရင် မိဘညီအစ်ကိုမောင်နှမတွေနဲ့၊ ရွာနဲ့ ခွဲခွာလာခဲ့တာ နှစ်တွေလည်းမနည်းတော့ဘူး။ ဒါကြောင့် ညီအစ်ကိုမောင်နှမတွေလည်း လွမ်းလှပြီဖြစ်လို့ အိမ်သို့ပြန်ကြပါစို့ကွယ်။ အမေ၊

အဖေတို့နဲ့အတူ ပြန်လိုက်ခဲ့ပါတော့''

ဟု ငိုယိုပြန်ခေါ်ကြသော်လည်း ကြက်တူရွေးလေးကား ပြန်မလိုက်တော့ပေ။

သူ့မှာလည်း 'သည်ဖိုးခေါင်ရိုးတန်းတွင် ဇနီး၊ သားသမီး၊ မြေးမြစ်များ ပွားစီးနေပြီဖြစ်၍ ပြန်မလိုက်နိုင်တော့ကြောင်း အကြိမ်ကြိမ်ရှင်းပြပြီးနောက် တောသစ်သီးများနှင့်သာ ကန်တော့လိုက်လေသည်။ ထို့ကြောင့် ဦးအောင်ကျော်ဇံနှင့် ဒေါ်ကြာဦးဖြူတို့မှာလည်း သားကြက်တူရွေးလေးကို ပြန်ခေါ်၍မရသည့်အဆုံး ငိုယိုပြီးသာ ပြန်ကြရလေသည်။

## ၆။ ကျေးဇူးဆပ်သော ဗျိုင်းငှက်ကလေးများ

ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံအတွင်း၌ ငါး၊ စပါးအထွက်ဆုံးသော တိုင်းကြီးတစ်တိုင်း ဖြစ်သည်။ စပါးကွင်းကြီးများ မိုးကုတ်အောက် ရှိသည်။ လယ်ရှင်တစ်ဦးလျှင် ဧကပေါင်းများစွာပိုင်ဆိုင်ကြသလို မိသားစု တစ်ပိုင်တစ်နိုင် လုပ်ကိုင်စားသောက်နေကြသော အသေးစားလယ်ပိုင်ရှင်များလည်း ရှိကြသည်။

လယ်ဧကများစွာပိုင်ဆိုင်၍ စပါးသိုလှောင်သော စပါးသူဌေးများရှိကြသလို လယ်ကို လုံးဝမလုပ်ကိုင်ဘဲ သီးသန့် စပါးဝယ်ယူစုဆောင်းသိုလှောင်ပြီး ရောင်းချကြသော စပါးကုန်သည်များလည်းရှိကြသည်။ လုပ်စားကွင်း၊ စပါးကွင်းကျယ်ပြောရာ အရပ်ဒေသဖြစ်သောကြောင့် ဧရာဝတီတစ်တိုင်းတည်းကထွက်သော စပါးသည်ပင် မြန်မာတစ်နိုင်ငံလုံးစားလောက်သည်ဟု ကြားဖူးသည်။

ဧရာဝတီတိုင်းကို ကုန်းယာဉ်၊ ရေယာဉ် စသည်များဖြင့် ဖြတ်သွားလျှင် မိုးကုတ်လုနီးပါး စပါးကွင်းကြီးများကို တွေ့မြင်နိုင်သလို မိုးထိလုနီးပါးမြင့်သော မီးခေါင်းတိုင်ကြီးများကိုလည်း တွေ့မြင်နိုင်

သည်။ ၄င်းမီးခေါင်းတိုင်ကြီးများမှာ စပါးများကို ဆန်အဖြစ်ကြိတ်ခွဲနေကြသော စက်ရုံကြီးများ၏ မီးခေါင်းတိုင်ကြီးများပင် ဖြစ်သည်။ စပါးပေါသော၊ လယ်ပေါသောအရပ်ဒေသအဖြစ် မှတ်တမ်းတင်ထားရာလည်းရောက်သည်။

၄င်းနည်းတူ ဧရာဝတီတိုင်း၏ နောက်အဓိကထွက်ရှိသောကုန်ပစ္စည်းတစ်ခုမှာ ငါး၊ ငါးပိ၊ ပုစွန်များ ဖြစ်သည်။ ငါး၊ ငါးပိ၊ ပုစွန်သည်လည်း ဧရာဝတီတိုင်းတစ်တိုင်းတည်းကပင် မြန်မာတစ်နိုင်ငံလုံးစားလောက်အောင် ထုတ်လုပ်ပေးနိုင်သည်။

ငါး၊ ပုစွန်များကိုထုတ်လုပ်ရာ၌ ပင်လယ်ရေလုပ်သားများရှိကြသလို အင်းလုပ်သားများလည်း ရှိကြသည်။ အင်းလုပ်သားများလည်း ပင်လယ်ရေလုပ်သားများနည်းတူ ငါး၊ ပုစွန်များကို ထုတ်လုပ်ပေးနိုင်ကြသည်။ ငါးပုစွန်မွေးမြူသော အင်းကြီးများ မြောက်မြားစွာပင် ရှိကြသည်။

ထို့ကြောင့် ငါးပုစွန်နှင့် ဆန်စပါးများ အဓိကထွက်ရှိရာ ဒေသ (တိုင်း) အဖြစ် ဧရာဝတီတိုင်းကို အသိအမှတ်ပြုကြသည်။ တိုင်းနေလူထုအတွက် ခြုံငုံ၍ဆိုရလျှင် ဖွံ့ဖြိုးသောတိုင်းကြီးတစ်တိုင်း၊ မြန်မာနိုင်ငံ၏ အားကိုးအရဆုံးသော တိုင်းကြီးတစ်တိုင်းဟုလည်း ဆိုနိုင်သည်။

ထိုအထဲတွင် ဧရာဝတီတိုင်းသားစစ်စစ်ဖြစ်ပါလျက် ငါးမဖမ်း၊ လယ်မလုပ်ဘဲ ငါး၊ ငါးပိ ရောင်းစားနေသောလူတစ်ယောက်လည်းရှိသည်။ ထိုလူမှာ ဦးစောသာဒင် ဖြစ်သည်။ ဦးစောသာဒင်သည် ယခင်က လယ်လုပ်စားခဲ့သော်လည်း ငါးဖမ်းခြင်း၊ ပုစွန်ခေါင်းချိုးခြင်း စသော အလုပ်များကို ရှောင်ကြဉ်ခဲ့သည်။

ဦးစောသာဒင်သည် ပင်ကိုစိတ်စေတနာကောင်းသလို သီလ၊ သမာဓိလည်း ရှိသည်။ အများနှင့် ပေါင်းသင်းဆက်ဆံရာတွင်လည်း ပြေပြစ်သည်။ အများ၏ လေးစားကြည်ညိုခြင်းကိုလည်းခံရသည်။

အသက်အရွယ်ရလာလျှင် ဥယျာဉ်ပန်းမန်လေး လုပ်ကိုင်စားသောက်ပြီး အေးဆေးစွာဖြင့်နေမည်ဟုလည်း ဆုံးဖြတ်ထားသည်။

* * *

ဦးစောသာဒင်သည် သည်ခြံကြီးကို ငွေငါးထောင်ပေးပြီး ဝယ်လိုက်သည်။ သူပိုင်လယ်ယာများကို သားသမီးတို့အား ခွဲဝေပေးလိုက်ပြီးနောက် စုဆောင်းထားသည့်ငွေလေးဖြင့် သည်ခြံကြီးကိုဝယ်ယူကာ လင်မယားနှစ်ယောက် ခြံထွက်သီးနှံလေးများကို ရောင်းချစားသောက်ပြီး အေးဆေးစွာဖြင့်ပင်နေတော့မည်ဟု ဆုံးဖြတ်ခဲ့သည်။

ခြံကြီးက ရွာပြင်မှာဖြစ်ပြီး ဥယျာဉ်ပန်းမန်ပင်များလည်း အတော်လေးပင် စုံသည်။ သရက်၊ ပိန္နဲ၊ မရန်း၊ မန်ကျည်း စသောသီးနှံထွက်အပင်ကြီးများလည်း စုံသည်။ ထိုအထဲတွင် မန်ကျည်းပင်က ပိုများသည်။ အဝေးကကြည့်လျှင် မန်ကျည်းခြံကြီးတစ်ခြံနှင့်ပင်တူသည်။ ဥယျာဉ်ခြံကြီး၏အမြင့်ပိုင်းကို မန်ကျည်းပင်ကြီးများက အုပ်စိုးထားသည်။

ခြံကြီးက ဆယ်ဧကကျော်ကျယ်သည်။ မြေလည်း ပြန့်ပြူးညီညာသည်။ အဖုအမောက် ချိုင့်ခွက်ကင်းသောကြောင့် နေချင့်စဖွယ်လည်း ဖြစ်သည်။ ဥယျာဉ်စောင့်အိမ်ကိုမူ ရွာဘက်မျက်နှာစာတွင်သာ ဆောက်လုပ်ထားသည်။

ဦးစောသာဒင်တို့လင်မယားသည် ဥယျာဉ်ခြံကြီးကိုဝယ်ယူပြီး ပြောင်းရွှေ့လာစရှိသေးသောကြောင့် ခြံကို ကောင်းစွာမရှင်းနိုင်ကြသေးသလို၊ ခြံကိုလည်း လုံခြုံအောင်ကာရံနိုင်ခြင်း မရှိကြသေးပေ။ ခြံကြီးက ဆယ်ဧကကျော်ကျယ်သဖြင့် အမှိုက်သရိုက်ရှင်းထုတ်ခြင်း၊ လုံခြုံစွာကာရံခြင်းအလုပ်ကိုပင် လနှင့်ချီ၍ လုပ်ကြရပေလိမ့်မည်။

"ဖြန်း"

"ကောက်...ကောက်..."

အသံတစ်ခုကြား၍ ဦးစောသာဒင် ခြံရှင်းနေရာက လှည့်ကြည့်လိုက်ရာ ကောင်လေးနှစ်ယောက်သည် ခြံအလယ်တွင်ရှိသည့် မန်ကျည်းပင်ကြီးပေါ်မှ ဖျိုင်းတစ်ကောင်ကို လောက်လေးဖြင့်ပစ်ချပြီး လိုက်ဖမ်းနေကြသည်ကို တွေ့လိုက်ရသည်။

မန်ကျည်းပင်ပေါ်တွင်ရှိနေသည့် အခြားဖျိုင်းများလည်း အော်ဟစ်လန့်ပျံကုန်ကြသည်။ သည်ကောင်လေးနှစ်ယောက် ဘယ်အချိန်က ခြံထဲသို့ဝင်ရောက်လာကြသည်ကိုပင် မသိလိုက်။ လောက်လေးဖြင့်ပစ်ချလိုက်သောဖျိုင်း မသေမရှင်ဖြစ်နေသည်ကို လိုက်ဖမ်းနေကြမှ မြင်ခြင်း ဖြစ်သည်။

ဦးစောသာဒင် စဉ်းစားသည်။ သည်ကောင်လေးနှစ်ယောက် ခြံထဲသို့ ရဲရဲတင်းတင်းဝင်ရောက်လာပြီး လောက်လေးဖြင့် ဖျိုင်းများကို ဝင်ပစ်ကြသည်မှာ ဦးစောသာဒင် သည်ခြံကြီးကိုမဝယ်ယူမီကပင် ပစ်နေကျ ဖြစ်ပေလိမ့်မည်။ ယခင်ခြံပိုင်ရှင်က ဖျိုင်းများကို တရားဝင်ပစ်သတ်ခွင့် ပြုထားခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

ဦးစောသာဒင်အနေဖြင့်မူ ငယ်စဉ်ကပင် သားသတ်ခြင်းကိစ္စကို မနှစ်မြို့ခဲ့သူဖြစ်သဖြင့် ယခု မိမိပိုင်ခြံထဲက အကောင်ပလောင်များအား သတ်ဖြတ်ချင်းကိုလည်း ခွင့်ပြုလိုစိတ်မရှိပေ။ ထို့ကြောင့် ယခု ဒီကောင်လေးနှစ်ယောက် လောက်လေးဖြင့် ခြံထဲကဖျိုင်းများအား လာရောက်ပစ်ခတ် သတ်ဖြတ်နေကြသည်ကိုလည်း တားမြစ်ရမည်သာ ဖြစ်သည်။

သို့သော် ဆိုခဲ့သည့်အတိုင်း ဒီကောင်လေးနှစ်ယောက်မှာ ယခင်ကပင် သည်ခြံထဲ၌ ဖျိုင်းများကို လာရောက်ပစ်ခတ်သတ်ဖြတ်လေ့ရှိနေကြသည်ဟုထင်ရသောကြောင့် အခြေအနေကိုစုံစမ်းမေးမြန်းပြီးမှ သူတို့လက်ခံနိုင်လောက်သောစကားကိုပြောဆိုပြီး တားမြစ်မှဖြစ်ပေလိမ့်မည်။

ဦးစောသာဒင်သည် သူတော်ကောင်းစိတ်ရှိသောလူတစ်ယောက် ဖြစ်သည့်အလျောက် အရာရာကို စဉ်းစားတတ်၍ မိမိပိုင်ခြံထဲ၌ မနှစ်မြို့ ဖွယ်ကိစ္စများကိုပင် ချက်ချင်းကြီးပြုပြင်ပြောင်းလဲပြီး မိမိ၏စိတ်ကူး အတိုင်း တစ်ပြိုင်တည်းဖြစ်လာစေရေးကို ဦးစားမပေးလိုပေ။ သူတို့ လက်ခံနိုင်လောက်သောစကားများကို ပြောဆိုပြီးမှသာ တားမြစ်မည် ဖြစ်သည်။

ဦးစောသာဒင်သည် ကောင်လေးနှစ်ယောက်ဆီသို့ ခပ်မှန်မှန် ဖြည်းဖြည်းပင် လျှောက်သွား၏။ ကောင်လေးနှစ်ယောက်သည် ဗျိုင်း ဖြူတစ်ကောင်ကို တစ်ယောက်တစ်လှည့်ကိုင်ပြီး ကြည့်ရှုနေကြသည် ကို တွေ့ရသည်။ ဗျိုင်းဖြူသည်လည်း တဖြုန်းဖြုန်း ရုန်းကန်နေသည် ကိုတွေ့နေရသဖြင့် မသေသေးဟု သိလိုက်သည်။

"ဘာကောင်ကြီးလဲကွ"

ဦးစောသာဒင်က မေးလိုက်သည်။

"ဗျိုင်းပေါ့ ဦးလေးရဲ့၊ တစ်ကောင်ပဲရလိုက်တယ်ဗျ။ ကျန်တဲ့ အကောင်တွေက တစ်ချက်ပစ်တာနဲ့ အားလုံးလန့်ပျံကုန်တာပဲ။ တော် တော်ပါးတဲ့အကောင်တွေ"

ဦးစောသာဒင် အနားသို့ရောက်သွားပြီးနောက် အသေချာကြည့် သည်။ လောက်လေးထိ၍ ဗျိုင်းအတောင်ကျိုးသွားခြင်းသာဖြစ်သည်။

"ဦးလေးက ဒီခြံကြီးကိုဝယ်ထားလိုက်တယ်ဆိုတဲ့ လူကြီး လား"

ဟု ကောင်လေးနှစ်ယောက်တွင် အကြီးဖြစ်သည့်ကောင်လေး က မေးသည်။

"ဟုတ်တယ်ကွ၊ အခုဆို ဒီခြံကြီးက ငါ့ခြံဖြစ်သွားပြီပေါ့။ ဒီတော့ ဒီခြံထဲမှာ မင်းတို့နှစ်ယောက် ဗျိုင်းပစ်နေကြတာကြာပြီလား"

"ကြာပြီပေါ့ဦးလေးရဲ့၊ ကျွန်တော်တို့နှစ်ယောက်က ဒီခြံထဲက

ဗျိုင်းတွေကို လောက်လေးနဲ့ပစ်ပြီး အရက်ဆိုင်မှာသွားရောင်းကြတယ်။ တစ်နေကို သုံး၊ လေးကောင်လောက်တော့ ရောင်းရတာပဲ။ ဒီတော့ မုန့်ဖိုးရသလို အိမ်ကိုလည်း ဆီဖိုး၊ ဆန်ဖိုး ပေးနိုင်တယ်လေ''

ဦးစောသာဒင် တစ်ချက်၊ နှစ်ချက် ခေါင်းညိတ်လိုက်သည်။ သည် ကောင်လေးနှစ်ယောက်သည် အပျော်တမ်းလောက်လေး ပစ်နေကြခြင်းမဟုတ်ဘဲ တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိသည်အထိ အကျိုးအမြတ်ရှိနေကြသည်ဟုလည်း သိလိုက်ရသည်။ အရွယ်လေးတွေက လူပျိုပင် ကောင်းကောင်းမဖြစ်ကြသေးပေ။

သည်အရွယ်များဟူသည်မှာ မိဘတို့၏မေတ္တာရိပ်တွင်ခိုလှုံပြီး ပျော်ပျော်ရွှင်ရွှင်ဖြင့် ကျောင်းပညာကို သင်ယူနေကြရမည့်အရွယ်များသာ ဖြစ်သည်။ ယခုမူ လောက်လေးကိုယ်စီဖြင့် ချုံတကာ ငှက်လိုက်ချောင်းပြီး ဘဝရပ်တည်ရေး တစ်စိတ်တစ်ဒေသကိုပင် ဆောင်ရွက်နေကြရသည်။ ဘဝအကျိုးပေးကုသိုလ်ကံနည်းခဲ့၍ဟုသာ ဆိုရပေတော့မည်။

ဦးစောသာဒင်တွေးရင်းက ကောင်လေးနှစ်ယောက်တို့အတွက် စိတ်မကောင်းဖြစ်နေမိသည်။ လူလောက၏ ပထမအရွယ်၊ အနာဂတ်ပျောက်နေသော ကောင်လေးနှစ်ယောက်ဟုဆိုလျှင်ပင် မှန်နေ၏။ ဤအရွယ်သည် ပညာရေးကို အဓိကဦးစားပေးနေရမည်ဖြစ်ပါလျက် လောက်လေးကိုယ်စီဖြင့် အချိန်ဖြုန်း၍ လူညွှန့်တုံးမည့် အ,ကုသိုလ်တွင်းမှာသာ နစ်၍နေကြရသည်။ တွေးရင်းက ဦးစောသာဒင်သည် ကောင်လေးနှစ်ယောက်တို့အား သနားနေမိသည်။

''ဦးလေးက ဒီခြံပိုင်ရှင်ကြီးဖြစ်သွားပြီဆိုတော့ ကျွန်တော်တို့ကို ဗျိုင်းပစ်ခွင့်မပေးတော့ဘူးလား''

ကောင်လေးတစ်ယောက်၏အမေးစကားကြောင့် ဦးစောသာဒင် ဝမ်းသာသွား၏။ ဦးစောသာဒင်သည် ခြံထဲ၌ ဗျိုင်းပစ်ခွင့်ကိုတားမြစ်ရန် စိတ်ကူးပြီးဖြစ်သော်လည်း ဘယ်ကစ၍ ဘယ်လိုပြောရမှန်းမသိ

ဖြစ်နေခဲ့သည်။ ခြံထဲက ဗျိုင်းတွေကို မပစ်ကြနဲ့တော့ဟုလည်း တင်းတင်းမာမာ တောက်တောက်ပြတ်ပြတ်မပြောလို့၊ မပြောရက်။

ယခု သူတို့ဆီမှာ စကားထွက်လာသဖြင့် အပြောရဖြောင့်သွားသည်။ သူတို့စကားအတိုင်းလိုက်ပြီး ပြောလိုက်ရုံသာရှိတော့သည်။ သို့သော်လည်း သူတို့လက်ခံလောက်သောစကားဖြင့်ပြောဆိုပြီး သူတို့ကျေနပ်လောက်သော တစ်စုံတစ်ခုကိုပေးကမ်းရန်လည်း ဆုံးဖြတ်လိုက်သည်။

"အေး- ငါက အခုလက်ရှိမှာ ဒီခြံပိုင်ရှင်ဖြစ်သွားပြီဆိုတော့ မင်းတို့ကို ဗျိုင်းပစ်ခွင့်မပြုတော့ဘူးပေါ့ကွာ။ အခုလို တားမြစ်ရတာလည်း မင်းတို့က ဗျိုင်းတွေကို လောက်လေးနဲ့ပစ်ရောင်းလို့ ပိုက်ဆံရနေကြတာကို မနာလိုလို့မဟုတ်ဘူး။ မင်းတို့လည်း ဗျိုင်းတွေသတ်ဖြတ်တဲ့ အ,ကုသိုလ်မဖြစ်ရလေအောင်၊ ဗျိုင်းတွေလည်း အသက်ချမ်းသာရကြလေအောင်ဆိုပြီးသာ ပြောဆိုတားမြစ်ရတာပါ။ ဒီတော့ မင်းတို့ ဗျိုင်းတစ်ကောင်ကို အရက်ဆိုင်မှာသွားရောင်းရင် ဘယ်လောက်ရကြသလဲ ပြော"

"ဒီလို ဗျိုင်းဖြူကြီးဆိုရင် ငါးကျပ်ရပြီး ဒီအကောင်လောက်မကြီးတဲ့ ဗျိုင်းတွေဆိုတော့ နှစ်ကျပ်ခွဲ၊ သုံးကျပ်ဆိုသလိုပဲ အစားစားရပါတယ်"

"တစ်နေ့ကို ဘယ်နှကောင်လောက်ရောင်းရသလဲ"

"သုံး၊ လေးကောင်လောက်တော့ ရောင်းရပါတယ် ဦးလေးရယ်"

"ဟုတ်ပြီ၊ ဒီတော့ ဒီဗျိုင်းကို ငါ့ကိုရောင်း။ ပြီးတော့ ဒီလိုဗျိုင်းမျိုးချည်း တစ်နေ့ကို လေးကောင်ရောင်းရတယ်လို့ထားပြီး တစ်ကောင်ကို ငါးကျပ်နှုန်းနဲ့ ခုနစ်ရက်မှာ ဗျိုင်းနှစ်ဆယ့်ရှစ်ကောင်၊ ငွေတစ်ရာ့လေးဆယ်ပေးလိုက်မယ်လေ"

''မလုပ်နဲ့ ဦးလေးရယ်၊ ဦးလေးခြံထဲက ဗျိုင်းတွေကို လာမပစ်နဲ့ဆိုလည်း မပစ်တော့ပါဘူး။ ငွေတော့မပေးပါနဲ့''

ဟု မျက်နှာငယ်လေးနှင့် ဦးစောသာဒင်၏မျက်နှာကို မရဲတရဲကြည့်ပြီးပြောနေ၏။ နောက်ကောင်လေးတစ်ယောက်လည်း ထိုနည်းတူစွာပင် ဦးစောသာဒင်၏မျက်နှာကိုသာ မရဲတရဲစိုက်ကြည့်နေသည်။

''ရပါတယ်ကွာ၊ မင်းတို့လည်း ဗျိုင်းမသတ်ဘဲ ငွေခုနစ်ရက်စာရသွားတော့ ဒီကြားထဲမှာ အခြားဝင်ငွေရမယ့်အလုပ်တစ်ခုခု ရှာလုပ်လို့ရတာပေါ့။ အတတ်နိုင်ဆုံး အ,ကုသိုလ်ကင်းတဲ့ လယ်အလုပ်၊ ကိုင်းအလုပ်၊ ယာအလုပ်ကလေးတွေကို ရှာလုပ်ကြပေါ့ကွာ။ သူများအသက်သတ်ရတာ အ,ကုသိုလ်များပါတယ် နော်''

သူတို့နှစ်ယောက် ဆတ်ခနဲ တစ်ပြိုင်တည်း ခေါင်းညိတ်ကြ၏။ ဦးစောသာဒင်လည်း သူတို့လက်ထဲသို့ ငွေတစ်ရာလေးဆယ်ထည့်ပေးလိုက်သည်။ ငွေရသွားပြီးနောက် ဦးစောသာဒင်၏ခြံဘက်ကို ပြန်ကြည့်ပြန်ကြည့်ဖြင့် ထွက်သွားကြလေသည်။

ဦးစောသာဒင် ဗျိုင်းနာကို စစ်ဆေးကြည့်သည်။ အတောင်ပံကျိုးသည်မှလွဲ၍ အခြားဘာဒဏ်ရာမှမရပေ။ ထို့ကြောင့် အတောင်ပံကျိုးသည့်ဒဏ်ရာကို နနွင်းလူးပြီး လှောင်အိမ်လေးတစ်ခုပြုလုပ်ကာ ထည့်ထားလိုက်သည်။ မြေကို မြောင်းတူးပြီးလည်း ရေအပြည့်ထည့်ပေးထားသည်။ ဇနီးသည် ဒေါ်နော်ဆေးဖော့ကလည်း ဈေးမှပြန်လာတိုင်း ငါးသေးသေးလေးများဝယ်လာပြီးကျွေးသည်။

ဤသို့ဖြင့် သိပ်ပြီးမကြာမီပင် ဗျိုင်းဖြူကြီးသည် တောင်ပံအရိုးပြန်ဆက်သွားပြီး ကျန်းမာလာလေသည်။ ကျန်းမာလာပြီးနောက် လွှတ်ပေးလိုက်သော်လည်း လူများနှင့် အကျွမ်းဝင်နေပြီဖြစ်၍ သိပ်ပြီးမကြောက်တော့ဘဲ အိမ်နားမှာပင်နေသည်။ တောင်ပံကဒဏ်ရာပျောက်ပြီး ကောင်းစွာလည်း ပျံနိုင်ပြီးမှ အဝေးသို့ပြန်သွားလေသည်။ သို့သော်လည်း ညနေတိုင်း ခြံထဲက မန်ကျည်းပင်ကြီးမှာပင် လာ

အိပ်သည်။

✱ ✱ ✱

ဦးစောသာဒင်တို့လင်မယား သည်ခြံထဲသို့ရောက်လာကြပြီးမှ ဗျိုင်းများလည်း တစ်သုတ်ပြီးတစ်သုတ်ရောက်လာပြီး ခြံထဲက မန်ကျည်းပင်ကြီးများမှာ လာအိပ်ကြသည်။ တချို့ဗျိုင်းများ နေ့ခင်းနေ့လယ်မှာလည်း လာရောက်နားနေကြသည်။ ခြံထဲသို့ရောက်လာကြသည့် ဗျိုင်းအားလုံးကို အိမ်မှလွှတ်ပေးလိုက်သည့် နာလန်ထဗျိုင်းကြီးကပင် ဦးဆောင်ခေါ်လာသည်ကို တွေ့ရသည်။

ခြံထဲ၌ ဘေးမဲ့ပေးထားသည်ကိုသိ၍လည်း အကြောက်အလန့်ကင်းမဲ့စွာဖြင့် လာနေကြခြင်း ဖြစ်ပေမည်။ ယခင်ခြံပိုင်ရှင်က ကောင်လေးများကို လောက်လေးဖြင့်ပစ်ခွင့်ပြုထား၍ အန္တရာယ်ရှိသော်လည်း ယခုအခါ လောက်လေးသမားများကင်းရှင်းသွား၍ သူတို့အတွက်လည်း အန္တရာယ်ကင်းစွာဖြင့်ပင်နေရသည်ကို နားလည်နေကြဟန်ရှိသည်။

ဗျိုင်းများသည် နောက်ပိုင်းတွင် ဥယျာဉ်ခြံထဲက မန်ကျည်းပင်ကြီးများတွင် လာရောက်နားခိုနေကြရုံဖြင့်မနေဘဲ အန္တရာယ်ကင်းရှင်းမှန်းကို သိ၍ထင်၏။ အသိုက်များပြုလုပ်ပြီး သားပေါက်ကြသည် အထိပင် ရှိလာကြလေသည်။ ဗျိုင်းကောင်ရေလည်း ရာနှင့်ချီ၍ များပြားလာလေသည်။

ထိုမှ ရာပေါင်းများစွာ ပိုမိုများပြားလာခဲ့သည်။ ဤသည်မှာ သူတို့အား ဘေးမဲ့ပေးပြီးစောင့်ရှောက်ထားသည်ကိုသိ၍ လာရောက်ခိုလှုံပြီး ဥခြင်း၊ ပေါက်ခြင်းကိစ္စကိုပြုကြခြင်း ဖြစ်သည်။ တိရစ္ဆာန်၊ သတ္တဝါကလေးများလည်း သူတို့၏ ဘဝလုံခြုံမှု၊ ချမ်းသာမှုများကို သူတို့၏အသိဉာဏ်ဖြင့် သိကြသည်သာ ဖြစ်သည်။

ဖျိုင်းများဥခြင်း၊ ပေါက်ခြင်းကိစ္စကို ကြာလာသောအခါ ဦးစောသာဒင်တို့လင်မယားအဖို့လည်း အလုပ်တစ်ခုပိုလာခဲ့ပြန်သည်။ ဖျိုင်းပေါက်ကလေးများ အသိုက်ထဲမှ မကြာခဏပြုတ်ကျသည်ကို ကောက်တင်နေရသည့်ကိစ္စ ဖြစ်သည်။ ဖျိုင်းကောင်ရေများသလောက် အသိုက်လည်းများလာ၍ ဖျိုင်းပေါက်ကလေးများ မကြာခဏပင် ပြုတ်ကျလာတတ်သည်။

ထို့ကြောင့် ဦးစောသာဒင်တို့လင်မယားမှာလည်း ပုံသေအလုပ်တစ်ခုကို တာဝန်ယူပြီးလုပ်ပေးနေရသကဲ့သို့ပင် မနက်မိုးမလင်းမီကပင် အိပ်ရာမှ စောစောထပြီး ကပ္ပာကယာမျက်နှာသစ်ကာ မန်ကျည်းပင်အောက်များသို့သွားပြီး အသိုက်မှပြုတ်ကျနေကြသည့် ဖျိုင်းပေါက်လေးများအား ကောက်တင်ပေးရသည်။ ပြီးမှ ဘုရားရှိခိုးနိုင်ကြသည်။

မနက်မိုးမလင်းမီ စောစောထပြီး ဖျိုင်းပေါက်ကလေးများအား ကောက်မတင်၍မဖြစ်ပေ။ မိုးလင်းသည်အထိထားလျှင် ဖျိုင်းကလေးများ ခွေးစာ၊ ကြောင်စာမိသွားနိုင်သည်။ သည်ခြံကြီးက ရွာနှင့်သီးခြားဖြစ်နေ၍ ညဘက်တွင် ခွေး၊ ကြောင်များလာလေ့မရှိသော်လည်း မိုးသောက်လင်းအချိန်များတွင် ရောက်လာတတ်သည်။

ထိုသို့ရောက်လာ၍ ဖျိုင်းပေါက်ကလေးများအား တစ်ကြိမ်တစ်ခါစားသွားရလျှင် နောက်တစ်ကြိမ်ဆက်လာရန် ဖိတ်ခေါ်ထားသကဲ့သို့ပင် ဖြစ်သွားနိုင်သည်။ နောက် ညဘက်ကိုလည်း ရောက်လာနိုင်သည်။ ညဘက်ကိုသာ ခွေး၊ ကြောင်များရောက်လာလျှင် အောက်သို့ပြုတ်ကျနေသည့် ဖျိုင်းပေါက်ကလေးများနှင့်မလောက်ဘဲ အပင်ပေါ်က ဖျိုင်းများတို့အထိပင် ဒုက္ခပေးလာနိုင်သည်။

ခွေးများက အပင်တက်မစွမ်းကြသော်လည်း ကြောင်များသည်ကား အပင်တက်ကျွမ်းကြသည်သာ ဖြစ်သည်။ ကြောင်ဟူသည်မှာ မြေကြီးတွင်ကျင်လည်ပြီး အပင်ပေါ်၌နေကြသည်သာ ဖြစ်သည်။ ထို့ကြောင့် တစ်ခါစားသွားရလျှင် နောက်ဆက်ကာဆက်ကာ လာစား

မည်ကို ဝန်လေးကြလိမ့်မည်ပင် မဟုတ်ပေ။

ဦးစောသာဒင်နှင့် ဒေါ်နော်ဆေးဖောတို့မှာ ဖျိုင်းများ ထိုကဲ့သို့ မကြုံမဖြစ်စေရန်အတွက်ပင် မိုးမလင်မီက စောစောကထပြီး အသိုက်မှပြုတ်ကျနေကြသည့် ဖျိုင်းပေါက်ကလေးများအား ကောက်တင်နေကြခြင်း ဖြစ်သည်။ တချို့မှာ ဖျိုင်းပေါက်ကလေးများသာမကဘဲ အမွေးအတောင်များကျွတ်လျက် ဖျိုင်းအိုကြီးများပြုတ်ကျနေသည်ကိုလည်း တွေ့ရတတ်သည်။

ဖျိုင်းအိုကြီးများပြုတ်ကျလာသောအခါ အပင်ပေါ်ပြန်ကောက်တင်ပေးရုံဖြင့် မပြီးတော့ပေ။ ဇရာရောက်နေကြသည့် ဖျိုင်းအိုကြီးများဖြစ်နေကြသည့်အလျောက် ချောင်း၊ မြောင်း၊ အင်းအိုင်များဆီသို့ ပြန်သွားပြီး အစာရှာဖွေစားသောက်ခြင်းကို မစွမ်းနိုင်ကြတော့သဖြင့် ဦးစောသာဒင်နှင့် ဒေါ်နော်ဆေးဖောတို့ကပင် ငါးပေါက်ကလေးများကိုဝယ်၍ ကျွေးမွေးစောင့်ရှောက်ကြလေသည်။

ဦးစောသာဒင်နှင့် ဒေါ်နော်ဆေးဖောတို့မှာ နေ့ရောညပါ ဖျိုင်းသံများဆူညံနေခြင်း၊ မနက်တိုင်း အသိုက်မှပြုတ်ကျနေတတ်သည့် ဖျိုင်းပေါက်ကလေးများအား ပြန်ကောက်တင်ပြီး နေရာတကျထားပေးရခြင်း၊ ဖျိုင်းအိုကြီးများအတွက် နေ့စဉ်နှင့်အမျှ ငါးဝယ်၍ကျွေးမွေးရခြင်းကိစ္စ များရှိနေသော်လည်း စိတ်ပျက်ခြင်း၊ ညည်းညူခြင်း အလျှင်းမရှိကြပေ။

ထူးထူးခြားခြား သူများမလုပ်ဘူးသည့်အလုပ်တစ်ခုကို လုပ်ပေးနေကြရ၍ ကြည်နူး၍ပင်နေကြသည်။ ခြံအလုပ်ဟူ၍လည်း များများစားစားမရှိပေ။ နှစ်တိုပင်များကိုစိုက်မှ အလုပ်များတတ်သည်။ နှစ်ရှည်ပင်သမားများမှာကား ခြံအလုပ်သိပ်ပြီးမများတတ်ပေ။ နှစ်ရှည်ပင်ကြီးများ အုပ်စီးနေ၍ အောက်ပေါင်းလည်း များများမပေါက်။ တစ်နှစ်လျှင် တစ်ကြိမ်၊ နှစ်ကြိမ်ခန့် ရှက်ကြွေရှင်းလင်းလှည်းကျင်းရုံဖြင့်ပင် ပြီးသည်။

ရာသီပေါ်သီးနှံများကိုလည်း တစ်နှစ်တစ်ကြိမ် ခူးဆွတ်ရောင်းချရုံဖြင့်ပင် ကိစ္စပြတ်သည်။ ထို့ကြောင့် ခြံအလုပ်ဟူ၍ သိပ်ပြီးများများ စားစားမရှိသဖြင့် အသိုက်မှ ပြုတ်ကျနေကြသည့် ဗျိုင်းပေါက်ကလေးများကို ပြန်လည်ကောက်တင်ပေးခြင်း၊ ဗျိုင်းအိုကြီးများကို လုပ်ကျွေးခြင်း စသည်ဖြင့်သာ ကြည်နူးပြီး ကျေနပ်၍နေကြသည်။

သို့သော် နောက်ပိုင်းတွင် ဗျိုင်းအိုကြီးများအတွက် ငါး (အစာ) သိပ်ပြီးဝယ်ရန်မလိုဘဲ အပင်ပေါ်က ဗျိုင်းများထံမှပြုတ်ကျလာသည့် ငါးများကို ကောက်ကျွေးရုံဖြင့်ပင် လုံလောက်မှုရှိလာသည်။ မနက်စောစော ဗျိုင်းပေါက်ကလေးများအား လိုက်ကောက်ရင်း ငါးများကိုလည်း လိုက်ကောက်၍ ဇလုံကြီးဖြင့်တစ်လုံးရသည်။ ထိုငါးများကိုပင် ဗျိုင်းအိုကြီးများကို ကျွေးကြသည်။

သည်လိုနှင့် နောက်ပိုင်းတွင် ဗျိုင်းများဆီမှ ပြုတ်ကျလာသော ငါးများသည် ဗျိုင်းအိုကြီးများအား ပေးကျွေးရုံမကုန်ဘဲ ဦးစောသာဒင်တို့လင်မယား မနက်၊ ညနေ ချက်စားရသည်အထိ ရရှိလာခဲ့သည်။ ငါးများလည်း လတ်ဆတ်ပြီး ငါးကောင်းငါးသန့်များချည်း ဖြစ်သည်။ ထို့နောက်ပိုင်းတွင် ငါးများ လတ်ဆတ်သည်ကိုသိ၍ ရွာထဲမှ လာရောက်ဝယ်ယူကြသူများပင် တစ်ယောက်ပြီးတစ်ယောက်ရှိလာခဲ့သည်။

ဥယျာဉ်ကြီး၏အနီးအနားမှ ဆယ့်ငါးမိုင်ပတ်ဝန်းကျင်တွင်လည်း မြစ်ချောင်းများ၊ ငါးမွေးမြူရေးကန်၊ ပုစွန်မွေးမြူရေးကန်များ မြောက်မြားစွာရှိသဖြင့် ငါး၊ ပုစွန်လည်း ပေါသည်။ ထို့ကြောင့် ဗျိုင်းများအဖို့ ထိုထို အင်းအိုင်၊ ချောင်း၊ ကန်များသို့ အစာရှာဖွေစားသောက်ခြင်းဖြင့်ပင် လုံလောက်မှုရှိကြသည်။

ဗျိုင်းများ အစာရှာဖွေစားသောက်ပြီးနောက် သယ်ယူလာကြသော ငါး၊ ပုစွန်များသည် မိနစ်ပိုင်းအတွင်း ဥယျာဉ်ကြီးသို့ရောက်လာကြ၍ အလွန်မှ လတ်ဆတ်သည်။ သူတို့၏ သားသမီးများအတွက် သယ်လာကြခြင်းပင် ဖြစ်မည်။ ငါး၊ ပုစွန်များ အောက်သို့ပြုတ်ကျ

လာရခြင်းမှာ ဗျိုင်းပေါက်ကလေးများက မစားချင်၍ လွှတ်ချလိုက်ခြင်းလား၊ မတော်တဆပြုတ်ကျလာခြင်းပင်လား အတတ်မဆိုသာပေ။

ထိုငါး၊ ပုစွန်များမှာ အလွန်မှလတ်ဆတ်၍ ရွာသူရွာသားများလည်း အကြိုက်တွေ့ကြသည်။ မနက်စောစောတိုင်းပင်လာရောက်ပြီး ငါး၊ ပုစွန်များ ဝယ်ယူကြသည်။ ဗျိုင်းများကလည်း သည်ခြံကြီးတွင် အန္တရာယ်ကင်းစွာနေနိုင်သည်ကိုသိ၍ တစ်ရက်ထက်တစ်ရက် ပိုများလာလေ သည်။

ဗျိုင်းကောင်ရေ ရာ၊ ထောင်ချီများလာသောကြောင့် မနက်တိုင်း ပြုတ်ကျလေ့ရှိသော ငါး၊ ပုစွန်များလည်း တောင်းနှင့် တစ်လုံးအပြည့်ရသည်။ အချိန်အားဖြင့် လေး၊ ငါးပိဿာ ရှိသည်။ မနက်တိုင်း ငါး၊ ပုစွန် လာဝယ်ကြသူများလည်း ပိုမိုများပြားလာသဖြင့် ဈေးကလေးတစ်ဈေးကဲ့သို့ပင် စည်ကားလာလေသည်။

မနက်တွင် လိုက်ကောက်၍ရသော ငါးပုစွန်များကို ရောင်း၍ အကုန်စွံပြီးနောက် နေ့လယ်နှင့် ညနေပိုင်းများတွင် လိုက်ကောက်ရသော ငါး၊ ပုစွန်များကိုမူ ဆားနယ်လိုက်၊ ချဉ်ဖတ်တည်လိုက်၊ ငါး ငါးပိ၊ ပုစွန်ငါးပိပြုလုပ်လိုက်နှင့် သင့်သလိုလုပ်ပြီး ရောင်းချရပြန်၏။

ထို့ကြောင့် ဦးစောသာဒင်နှင့် ဒေါ်နှော်ဆေးဖောတို့မှာ ငါးပုစွန်မရှာ၊ မဖမ်းဘဲ ဗျိုင်းများရှာပေးသည်ကို ရောင်းချရင်းကပင် စုမိဆောင်းမိနှင့် အတော်လေး အဆင်ပြေလာကြသည်။ ပယောဂကင်းသော ရလဒ်တစ်ခု ဟူ၍ပင် ဆိုရပေတော့မည်။ တစ်နေ့သောအခါ ဒေါ်နှော်ဆေးဖောက -

"စောသာဒင်၊ အခု နင်နဲ့ငါ ငါး၊ပုစွန်မဖမ်းဘဲ ငါး၊ ပုစွန် ရောင်းပြီး စီးပွားရေးအဆင်ပြေလာကြတာ ဘာကြောင့်တုံးသိသလား"

ဟု မေး၏။

ဦးစောသာဒင်ကြောင်နေ၏။ ဘာပြန်ပြောရမှန်းလည်းမသိ၊

ဒေါ်နော်ဆေးဖောဓါ်မျက်နှာကိုသာ ငေးကြည့်နေသည်။

"အေး- နင်မသိရင် ငါပြောမယ်၊ နင်နဲ့ငါဟာ ဘယ်အခါကမှ တံငါအလုပ်ကိုမလုပ်ခဲ့ကြဘူး။ တံငါအလုပ်နဲ့ အသက်မမွေးခဲ့ကြဘူးလို့ဆိုလိုတာ။ ငယ်စဉ်က ဟင်းစားရှာဖွေတာလောက်တော့ ရှိခဲ့တာပေါ့။ ဒါမျိုးကတော့ တောသူတောင်သားတွေကင်းရှင်းဖို့ မလွယ်ပါဘူး။ ဒါပေမယ့် အသက်ကလေးရလာတဲ့အချိန်မှာတော့ နင်နဲ့ငါ ဟင်းစားတောင်မှ မရှာကြတော့ပါဘူး။ ဒါကြောင့် အတတ်နိုင်ဆုံး အေးအေးလေးနေချင်ပါတယ်ဆိုတဲ့ အစီအစဉ်နဲ့ ဒီဥယျာဉ်ခြံမြေကို ဝယ်ယူခဲ့ကြတာပဲ။ ဒီဥယျာဉ်ထဲသို့ ပြောင်းလာကြတဲ့ နောက်နေ့မနက်မှာ ကောင်လေးနှစ်ယောက် လောက်လေးနဲ့ ဗျိုင်းလာပစ်ကြတဲ့အကြောင်းကို နင်မှတ်မိသေးလား"

"မှတ်မိပါတယ်၊ အဲဒီကောင်လေးတွေ လောက်လေးနဲ့ပစ်လို့ ရထားကြတဲ့ ဗျိုင်းတောင်ပံကျိုးကိုတောင် ငါဝယ်ယူဆေးကုပြီး လွှတ်ပေးလိုက်တာလေ။ နောက်လည်း အဲဒီကောင်လေးတွေကို ဗျိုင်းလာမပစ်ဖို့ပြောဆို၊ ပိုက်ဆံပေးပြီးလွှတ်လိုက်တဲ့အကြောင်းတွေကို မှတ်မိတာပေါ့"

"အေး- အဲဒါ ပထမတွေ့ရကြုံရတာကတော့ အ,ကုသိုလ်ပေါ့ဟယ်။ ကောင်လေးတွေက ဗျိုင်းလာပစ်ကြတာကိုး။ ဒါပေမယ့် သူတို့ လောက်လေးနဲ့ပစ်ပြီး သတ်စားဖို့လုပ်နေကြတဲ့ ဗျိုင်းကို ငွေပေးဝယ်ပြီး ဆေးကုလွှတ်လိုက်တာရယ်၊ နောက်လာမပစ် အောင် ပိုက်ဆံပေးပြီး တားမြစ်လိုက်တာရယ်က ဇီဝိတဒါနတဲ့။ အရမ်းကုသိုလ်ထူးတာ။ ဒါ့အပြင် ဗျိုင်းတွေကို တို့ဥယျာဉ်ထဲမှာ ကြိုက်သလိုနေထိုင်ခွင့်၊ ဥခွင့်၊ ပေါက်ခွင့် ဘေးမဲ့ပေးထားတဲ့ ကုသိုလ်တွေဟာလည်း နည်းသလား။ ဒါကြောင့် အဲဒီကုသိုလ်တွေရှိနေလို့ ဗျိုင်းတွေက ကျေးဇူးပြန်ဆပ်တဲ့အနေနဲ့ ငါး၊ ပုစွန်တွေကိုဖမ်းပြီး တို့လင်မယားကို ပေးနေကြလေသလားလို့တောင် ငါ ထင်နေမိတယ်"

''အဲဒီလို ထင်မြင်ယူဆလိုက်လို့ မကောင်းဘူးကွယ့်။ အဲလိုသာ ဆိုရင် တို့လင်မယား အ,ကုသိုလ်တစ်ဖို့ ပါကုန်တော့မှာပေါ့''

''ဒါဆိုရင် ဘယ်လိုယူဆရမလဲ''

''တို့လင်မယားက သူတို့အပေါ်မှာ စေတနာထားပြီး စောင့်ရှောက်ကြလို့ ဖြစ်ထွန်းပေါ်ပေါက်လာတဲ့ ကံအကျိုးတရားလို့သာ ပြောရတယ်။ အဲလိုဆိုမမှ သန့်ရှင်းစင်ကြယ်တဲ့ရလဒ် ဖြစ်တယ်။ အ,ကုသိုလ်လည်း တစ်ခုမှမရောယှက်တော့ဘူးပေါ့''

မှန်၏။ ဦးစောသာဒင်နှင့် ဒေါ်နော်ဆေးဖောတို့လင်မယားသည် သူတို့ဥယျာဉ်ကြီးအတွင်း၌ ဖျိုင်းများအား ဘေးမဲ့နေခွင့်ပေးထားကြခြင်းမှာ ငါး၊ ပုစွန်စားချင်၍ မဟုတ်ပေ။ စေတနာထားပြီးသနားခြင်း၊ ကရုဏာဖြင့်သာ (လောက်လေးသမားတို့၏အန္တရာယ်မှ) ကာကွယ်စောင့်ရှောက်ပေးထားကြခြင်းသည် မြင့်မြတ်သောစိတ်ဓာတ်ဟု ဆိုရသည်။

ယခုကဲ့သို့ ငါး၊ ပုစွန်များ စားရလိမ့်မည် ဟူသော လောဘဇောလည်း အလျှင်းမပါ၊ မရှိခဲ့။ ထို့ကြောင့် အ,ကုသိုလ်ကင်းသလိုဖျိုင်းများ၏ စားကြွင်းကိုသာ ကောက်ယူရရှိသောကြောင့် သန့်ရှင်းသောရလဒ်သာ ဖြစ်လေသည်။

## ၇။ ကျေးဇူးသိတတ်သောခွေးအ,ကလေးများ

ခွေးအ ဟူသည်မှာ အများခေါ် (စာသုံး)အမည်ဖြစ်သည်။ အညာဒေသတွင် ခွေးအ ဟုခေါ်ပြီး ဧရာဝတီတိုင်းတွင် ခဲဝါဟု ခေါ်ကြသည်။ စာရေးသူတို့ ရခိုင်ပြည်နယ်တွင်လည်း ခဲဝါဟု ခေါ်ကြသည်။

သည်ခွေးအ,များအကြောင်းသည် ဤနေရာ၌ အကျယ်မလိုသော်လည်း မှတ်သားထားဖူးသည့် ခွေးအနှင့်ပတ်သက်သော သုတ

အကြောင်းကို အနည်းငယ်တင်ပြလိုသည်။

ရခိုင်ပြည်နယ်၌ ခွေးအ,ဟူသော ခဝါကိုပင် ခဝါ၊ ခဝါကျား ဟု နှစ်မျိုးခွဲ၍ ခေါ်ကြသေးသည်။ ခဝါဟူသည်မှာ အကောင်ငယ် မျိုးဖြစ်ပြီး ခဝါကျားဟူသည်မှာ အကောင်ကြီးမျိုး ဖြစ်သည်။ ၎င်းတို့ မှာ မျိုးကွဲအတော်များများရှိကြသော်လည်း ခွဲကြည့်လျှင် သုံးမျိုးသာ ရှိသည်ကို တွေ့ရသည်။

အကြီးမျိုးကစ၍ ရေတွက်လျှင် ခဝါကျား၊ ခဝါ၊ ခွေးအ ဟူ ၍ ဖြစ်သည်။ ခဝါကျားများသည် အိမ်ခွေးသာသာခန့်ရှိပြီး အမွေး ရှည်သည်။ အကောင်လည်းတုတ်သည်။ ကြောက်ရမည့်ရန်သူများ နှင့်တွေ့သောအခါ၊ ရင်ဆိုင်ပြီး ကိုက်ခဲကြသောအခါတွင် "ဘဝေါ" ဟု အော်တတ်သည်။

သူတို့စားကျက်အရပ်ဒေသသို့ ကျား၊ ကျားကျုတ်၊ ကျားသစ် များရောက်လာလျှင်လည်း ဘဝေါဟူသောအသံဖြင့် အော်မြည်ရန်ပြု ပြီး ရွာနားသို့ကပ်လာ၊ ထွက်ပြေးလာတတ်သည်။ ထို့ကြောင့် ခဝါ ကျားများအော်သံကိုကြားလျှင် ရွာနားသို့ ကျားဆိုးတစ်ကောင်ကောင် ရောက်လာနေပြီဟု နားလည်ကြ၍ အထူးဂရုစိုက်ကြရသည်။

စင်စစ်တွင် ခဝါကျားသည်လည်း ခဝါကြီးတစ်မျိုးသာဖြစ်ပြီး အခြားခဝါများနှင့်လည်း ရောနှောနေလေ့ ရှိသည်။ ညအချိန်များ တွင် ရွာထဲသို့ဝင်ပြီး စားကြွင်းကောက်ခြင်း၊ ကြက်ခိုးခြင်းလည်း ရှိ တတ်သည်။ ထို့ကြောင့် ခဝါကျားသည် အကောင်ကြီးသည်မှလွဲပြီး ခဝါများနှင့် ဘာမှမထူးဟု ဆိုနိုင်သည်။

ခဝါဟူသည်မှာ ရွာခွေးများ၏အရွယ်အစားခန့်ရှိသည်။ မိုးချုပ် လျှင် ရွာထဲသို့ဝင်ပြီး စားကြွင်းကောက်ခြင်း၊ ကြက်ခိုးခြင်းကိုလည်း ပြုတတ်သည်။ ဆိတ်ပေါက်၊ ခွေးပေါက် စသော အကောင်ငယ်များ ကိုလည်း လူလစ်လျှင် ဆွဲသုတ်တတ်သည်။ ထိုထက်ကြီးသော အ ကောင်များကိုမူ ကိုက်ရဲခြင်း မရှိပေ။

သူတို့ဘာသာဘာဝ အော်မြည်ကြသောအခါ ''ခဝါ ခဝ ဝ ဝ'' ဟု အော်တတ်သည်။ အဖော်ကွဲသောအခါတွင် ထိုကဲ့သို့ အော်မြည်တတ်သလို အဖော်များနှင့်ပြန်တွေ့ကြသောအခါတွင်လည်း ဝမ်းသာ၍ ထိုကဲ့သို့ပင် အော်တတ်ပြန်သည်။ ရွာနှင့်နီးသော တောတောင်များတွင်နေလေ့ ရှိသည်။

ခွေးအပဟူသည်မှာ ထိုသုံးမျိုးတွင် အငယ်ဆုံးဖြစ်သည်။ အိမ်ခွေး ဆယ်လ၊ တစ်နှစ်သားအရွယ်အစားခန့် ရှိသည်။ ခွေးအ,များသည် အရွယ်အစားအားဖြင့်လည်း သိပ်ပြီးမညီကြပေ။ တချို့မှာ ဆိုခဲ့သည့်အတိုင်း အိမ်ခွေးနီးပါးခန့်ရှိကြသလို တချို့မှာ အိမ်ကြောင်သာသာခန့်မျှသာ ရှိသည်။

တင်ပြခဲ့သည့် ခဝါကျား၊ ခဝါ၊ ခွေးအ သုံးမျိုးလုံးတွင် ခွေးအ, သည် ဉာဏ်အများဆုံးဖြစ်သည်။ ခဝါကျားနှင့် ခဝါတို့မှာ တစ်နပ်စာသာ အစာရှာလေ့ရှိသော်လည်း ခွေးအ,များကား ပိုင်ရှင်မရှိတုန်းကြက်ခြံကိုသာ သွားတွေ့ပါက ရနိုင်သမျှ အကုန်ကိုက်ချီပြီး တာရှည်စားသောက်ရန်အတွက် တောထဲတွင် ကျင်းယက်၍ပင် မြှုပ်ထားတတ်လေသည်။

တချို့နိုင်ငံခြားဘာသာပြန်စာပေရော ပြည်တွင်းစာပေများမှာပါ ခွေးအ,ကို အထူးကြောက်ရကြောင်း ရေးသားထားသည်ကို ဖတ်ရသည်။ ခွေးအ,အုပ်နှင့်တိုးလျှင် ကျွဲ၊ နွားများကို မဆိုထားဘိ လူများသည်ပင် အသက်အန္တရာယ်ရှိသည့်အကြောင်း တခန်းတနားရေးသားထားသည်ကို ဖတ်ရှုရသည်။

စာရေးသူတို့ ဒေသအနှံ့မှာပင် ခွေးအ,များ အုပ်လိုက်ရှိကြသည်။ သို့သော်လည်း ကျွဲ၊ နွားကိုရော လူကိုပါ တစ်ကြိမ်တစ်ခါမျှ ရန်ပြုသည် ဟူ၍ မကြားဘူးပေ။ လူနှင့်တွေ့လျှင်လည်း အုပ်လိုက်ထွက်ပြေးကြသည်သာ ဖြစ်သည်။ ရွာထဲသို့ဝင်ပြီး စားကြွင်းကောက်ခြင်း၊ ကြက်ခိုးခြင်းမှလွဲ၍ မည်သည့်ပြဿနာမျှမရှိပေ။ အရပ်ဒေသ

ချင်းမတူ၍ဟုသာ ဆိုရမည်ထင်သည်။

ဒစ္စကာဗာရီခွေများတွင်လည်း ခွေးအ,များ အမဲလိုက်ကြသည်ကို တွေ့မြင်ရသည်။ ဆတ်ကဲ့သို့ သားကောင်ကြီးများကိုပင် ဝိုင်းလုံကြသည်ကိုလည်း တွေ့မြင်ရသည်။ သို့သော် စာရေးသူတို့ အရပ်တွင်မူ ဆတ်ကြီးကိုမဆိုထားဘိ၊ ချေကဲ့သို့ အကောင်ငယ်များကိုပင် ခွေးအ,တို့ အမဲလိုက်ကြသည်ကို မတွေ့ဘူးပေ။

ခွေးအ,ကို အချို့ဝံပုလွေဟု ခေါ်ကြသည်ကိုလည်း တွေ့ဖူးသည်။ ဝံပုလွေဟုခေါ်သည့်အကောင်မျိုးမှာ ရှေ့ဆိုခဲ့သည့် ခဲဝါကျားမျိုးပင် ဖြစ်သည်။ သစ်ပင်ကိုတက်တတ်သည့် ဝံအမျိုးအနွယ်ကားမဟုတ်ပေ။ အရပ်ဒေသအလျောက် အခေါ်များသာ ဖြစ်သည်။

ယခုတင်ပြမည်မှာ ခွေးအ,ဟုခေါ်သော အငယ်မျိုးသာ ဖြစ်သည်။ သာမညအားဖြင့် ခွေးအ,ဟူ၍သာ ရေးရပေမည်။ ခွေးအ,တို့သည် လူစကားကိုနားလည်ခြင်း၊ ပတ်ဝန်းကျင်တောတောင်အခြေအနေ, သူတို့၏ဘဝအခြေအနေတို့ကိုသိခြင်းလည်း ရှိသည်။ သည်အကြောင်းကို ယခုတင်ပြမည့်အကြောင်းအရာကပင် ဖော်ပြနေသည်။

ယခုတင်ပြမည်မှာလည်း ဧရာဝတီတိုင်းကိုအကြောင်းခံသည်။ ခွေးအ,များခိုနေစရာမရှိလောက်အောင် တောပြုန်းတီးသွားသောအရပ်တစ်ခုတွင် ဖြစ်သည်။ ထို့ကြောင့် ခွေးအ,များ လူတို့နှင့်ရောနှော၍ နေထိုင်ကြရသည့်အဆင့်သို့ထိပင် ရောက်သွားကြသည်။

❋ ❋ ❋

ဦးစောသာအောင် (ဖဒိုစောသာအောင်) သည် တစ်ခုသောနေ့ခင်းတွင် သူ၏ခြံကျယ်ကြီးကိုရှင်း၏။ လယ်လုပ်ငန်းများပြီးစီးခဲ့ပြီဖြစ်၍ နားနားနေနေရှိနေစဉ်တွင် ခြံကြီးကို အမှိုက်သရိုက်များ ရှင်းထုတ်နေခြင်း ဖြစ်သည်။

ခြံရှင်းရင်းက နေ့ခင်းနေ့လယ် အရိပ်ခိုပြီးနားနေရန်အတွက် ဝါးဘိုးဖုတ်ကြီးအောက်တွင် တန်းလျားလေးတစ်ခုဆောက်လုပ်ရန်ကို လည်း စိတ်ကူးရလာပြန်သည်။ ထို့ကြောင့် ဝါးဘိုးပင်များအောက်သို့ လျှောက်လာခဲ့သည်။ ဝါးဘိုးဖုတ်အကြားတွင် ခိုနားနေကြသော ကြက် များ ဦးစောသာအောင်လာနေသည်ကိုမြင်လျှင် တကောက်ကောက် ဖြင့်အော်ပြီး အကုန်ထွက်ပြေးကြသည်။

ဦးစောသာအောင်သည် ကြက်များထွက်ပြေးသွားကြသည်ကို လိုက်ကြည့်ရင်းက ဝါးဘိုးမြစ်ဆုံတစ်ခု တုန်လှုပ်သွားသည်ကို တွေ့ လိုက်ရသည်။ ထို့ကြောင့် မသင်္ကာဖြစ်သွား၏။ ကြက်များထွက်ပြေး ကြ၍ တုန်လှုပ်ခြင်းမျိုးလည်းမဟုတ်၊ လေတိုက်ခတ်၍ တုန်လှုပ်ခြင်း မျိုးလည်း မဖြစ်နိုင်။

ဦးစောသာအောင် တန်းတန်းမတ်မတ်လျှောက်သွားပြီး ကြည့် လိုက်ရာ တုန်လှုပ်သွားသော ဝါးဘိုးမြစ်ဆုံသည် အခေါင်းဝ၏တစ် နေရာ ဖြစ်နေ၏။ ထိုအခေါင်းသည် ဝါးဘိုးဖုတ်ကြီး၏အောက်သို့ ထိုးဖောက်၍ဝင်သွား၏။ အခေါင်းကို ဖြုန်းခနဲကြည့်၍ မမြင်သာသော် လည်း အသေချာကြည့်လျှင် ထင်ရှားနေသည်။

ဦးစောသာအောင် ခါးကိုကိုင်းပြီး အခေါင်းထဲသို့ ငုံ့ကြည့်လိုက် သည်။ ဝါးဘိုးဖုတ်အောက်တစ်ခုလုံးသည် လိုဏ်ကြီးဖြစ်နေသည်ကို တွေ့ရသည်။ ဝါးဘိုးပင်တို့အကြားမှ အလင်းရောင်ပြောက်တိပြောက် ကျားများ ယိုကျနေသည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် လိုဏ် ထဲတွင် ဘာအကောင်များရှိပါလိမ့်ဟုကြည့်လိုက်ရာ လက်သီးဆုပ် သာသာခန့် ခေါင်းကလေးများ ပြူတ်ပြူတ်စီနေသည်ကို တွေ့ရသည်။

သို့သော် သူမြင်တွေ့ရသည်ကို အလင်းရောင်ကောင်းစွာမရသ ဖြင့် ဘာကောင်ကလေးများဖြစ်သည်ကို မသဲကွဲချေ။ ခွေးမတစ်ကောင် ကောင်ကများ ဝါးဘိုးဖုတ်အောက်ကို လိုဏ်ဖောက်ပြီး သားပေါက် နေလေသလား ဟူ၍သာ ထင်လိုက်၏။ ထို့ကြောင့် တစ်အောင့်ကြာ

အောင်စိုက်ကြည့်လိုက်မှ အမြင်အာရုံများပြတ်သားလာလေသည်။

''လက်စသတ်တော့ ငါ့ဝါးဘိုးဖုတ်အောက်မှာ ခွေးအ,တွေ လိုဏ်ဖောက်ပြီး အုပ်လိုက်နေကြတာကိုး''

ထိုကဲ့သို့ တအံ့တသြ စကားဆိုလိုက်ပြီး ဦးစောသာအောင် အထူး အဆန်းဖြစ်နေမိသည်။ ခွေးအ,များ လူနေသည့်ခြံထဲတွင် ယခုကဲ့သို့လာနေကြသည်ကို ကြားလည်းမကြားဘူး၊ မြင်လည်း မမြင်ဘူး။ ယခု ကိုယ်တိုင်ကြုံတွေ့နေရပြီ။

*(ရှေ့ကဆိုခဲ့သည့်အတိုင်း ရောဝတီတိုင်း အောက်ပိုင်းသားများ သည် ခွေးအ,ကို ခဲဝါဟူ၍သာ ခေါ်ကြသည်။)*

ဦးစောသာအောင် ခွေးအ,ကလေးများ ဘယ်နှကောင်ရှိသည် ကိုသိလို၍ မျက်မှန်းဖြင့် ရေကြည့်သည်။ သို့သော် အလင်းရောင် အားနည်းသဖြင့် တိတိကျကျရေတွက်၍မရ ဖြစ်နေသည်။ ခေါင်း ကလေးအတော်များများကိုမြင်တွေ့နေရသဖြင့် ကောင်ရေ အစိတ်၊ သုံးဆယ်အောက် နည်းလိမ့်မည်မဟုတ်ဟုသာ ခန့်မှန်းမိသည်။

ခွေးအ,များမှာ အကောင်ကြီးမျိုးမဟုတ်ဘဲ အကောင်အငယ်မျိုး သာ ဖြစ်သည်။ အင်မတန်ဉာဏ်များပြီး ပတ်ဝန်းကျင်အကြောင်းအရာ နှင့် လူတို့၏သဘောသဘာဝများကိုလည်း နားလည်ကြသည်။ လျှို့ ဝှက်စွာဖြင့်လည်းနေတတ်သည်။ ထို့ကြောင့်လည်း သူတို့ ဝါးဘိုး ဖုတ်အောက်တွင် လိုဏ်ဖောက်ပြီးနေကြသည်ကို ဦးစောသာအောင် မသိနိုင်ခြင်း ဖြစ်သည်။

''မနော်''

ဦးစောသာအောင်က လှမ်းခေါ်လိုက်၍ အမှိုက်ကျုံးနေသော ဒေါ်နော်သွေ့ထူး ဆတ်ခနဲ ခေါင်းထောင်ကြည့်သည်။ ဦးစောသာ အောင် ဝါးဘိုးဖုတ်အောက်ကို လက်ညှိုးထိုးပြလိုက်သည်။ ထို့ကြောင့် ဒေါ်နော်သွေးထူး အမှိုက်တောင်းကြီးကိုချခဲ့ပြီး မနှေးမမြန်ထလိုက်

လာသည်။

"ဘာလဲ"

ဒေါ်နော်သွေထူးက လှမ်းမေးသည်။ ဦးစောသာအောင်က စကားမပြောဘဲ ဝါးဘိုးဖုတ်ကြီး၏အောက်ကိုသာ လက်ညှိုးထိုးပြနေ၏။ ထို့ကြောင့် နားမလည်နိုင်ဖြစ်ပြီး ဒေါ်နော်သွေထူး ခြေလှမ်းအနည်းငယ်တိုးသွားသည်။

"ဘာလဲ၊ မြွေလား"

"မဟုတ်ဘူး၊ ဒီမှာ လာကြည့်စမ်း။ ဘာကောင်တွေလဲ"

ဟုပြောပြီး ဦးစောသာအောင်က ထိုင်လိုက်ပြီး ဝါးဘိုးဖုတ်အောက်ကလိုဏ်ထဲကို ငုံ့ကြည့်နေပြန်သည်။ ဒေါ်နော်သွေထူးလည်း မရဲတရဲဖြင့် ဦးစောသာအောင်၏အနားတွင် ကပ်ထိုင်လိုက်ပြီး လိုဏ်ထဲသို့ ငုံ့ကြည့်လိုက်သည်။

"ဟယ်- ဒါ ခွေးအ,တွေပဲ၊ ကြည့်စမ်း နည်းနည်းနော‌နော မဟုတ်ဘူး"

ဦးစောသာအောင်က ဘာမှမပြောဘဲ ပြုံး၍သာနေ၏။ ဒေါ်နော်သွေထူးက ဦးစောသာအောင်၏မျက်နှာကို မော့ကြည့်သည်။

"ဒီအတိုင်းသာဆိုရင်တော့ နင့်ကြက်တွေကုန်လိမ့်မယ်။ ဒီခွေးအ,မျိုးက ကြက်ခိုးအင်မတန်တော်တာ"

ဦးစောသာအောင်က ခေါင်းခါလိုက်ပြီး -

"ကြက်တွေကို မကိုက်လောက်ဘူးကွ၊ ခုတင်ကပဲ ငါလာလို့ ဒီဝါးဘိုးဖုတ်ပေါ်ကကြက်တွေ ထွက်ပြေးသွားကြတာ"

"မကိုက်ဘဲနေမလားဟဲ့၊ ခွေးအ,ဆိုတဲ့အမျိုးက ကြက်တွေကို အရမ်းကိုက်တာပဲ"

"ခွေးအ,တွေ ကြက်ကိုက်တာမှန်ပေမယ့် ဒီခွေးအ,တွေ ကြက်ကိုမကိုက်တာတော့ သေချာတယ်။ ဒီခွေးအ,တွေသာ ကြက်တွေကို

ကိုက်မယ်ဆိုရင် နင့်ကြက်တွေကုန်ပြီပေါ့။ ခုတင်က ငါလာမှ ဒီဝါးဘိုးဖုတ်ထဲကကြက်တွေ ထွက်ပြေးသွားကြပါတယ်ဆို"

ဒေါ်နော်သွေထူး သက်ပြင်းတစ်ချက်ချလိုက်သည်။ ထို့နောက် လိုဏ်ထဲက ခွေးအ,များကို ငုံ့၍ကြည့်နေပြန်သည်။ ခွေးအ,များသည် လိုဏ်ထဲတွင်ပုံလျက် ခေါင်းကလေးများကိုသာ စီ၍မြင်နေရသည်။

လွန်ခဲ့သောအချိန်က သည်ရွာနားပတ်ဝန်းကျင်တွင် ခွေးအ,များ မြောက်မြားစွာပင် ရှိခဲ့ဖူးသည်။ ထိုအချိန်က တောတောင်များလည်း ရှိသည်။ ယခုအခါ တောများပြုန်းမှန်းမသိ ပြုန်းတီးလာ၍ ခွေးအ,များ ခိုလှုံနေထိုင်လောက်သော တောတောင်များ မရှိတော့ပေ။ ထို့ကြောင့် ခွေးအ,များနေရန် တောပြုန်းတီးသွား၍ ရွာထဲသို့ ရောက်လာကြခြင်းပင် ဖြစ်ပေလိမ့်မည်။

သည်ခွေးအ,များ ခြံထဲသို့ရောက်နေကြသည်မှာ မည်မျှအထိ ပင်ကြာခဲ့ပြီ မသိ။ လေး၊ ငါးနှစ်အောက်နည်းလိမ့်မည်ပင် မဟုတ်ပေ။ ခွေးအ,များ ကျင်းယက်ထားသည့် မြေစာသည်ပင် တိမ်လျက်ပကတိ မြေကြီးနှင့် တစ်သားတည်းဖြစ်နေချေပြီ။ ကျင်းယက်သည့် လက္ခဏာကိုပင် မသိနိုင်တော့။

သို့သော် ခွေးအ,များ ခြံထဲတွင်လာနေကြသည်ကို ခြံရှင်ဦးစောသာအောင်တို့လင်မယားပင် မသိခဲ့ကြချေ။ မိုးဦးကျရာသီများတွင် ဝါးဘိုးမျှစ်ချိုးခြင်း၊ နွေရာသီတွင် ဝါးဘိုးပင်များကိုခုတ်ယူခြင်းများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြသော်လည်း ဝါးဘိုးဖုတ်အောက်တွင် လိုဏ်ဖောက်ပြီးနေကြသော ခွေးအ,များရှိနေကြသည်ကိုမူ သိပင်မသိခဲ့ကြပေ။

ခွေးအ,များသည် လူတို့၏စိတ်ကိုသိခြင်း၊ သူတို့၏ဘဝအခြေနေနှင့် ပတ်ဝန်းကျင်များကို နားလည်ခြင်း၊ လျှို့ဝှက်စွာနေတတ်ခြင်းတို့ရှိသည့်အကြောင်းကို ယခင်က ကြားရုံကြားခဲ့ဖူးသည်။ ယခု ကိုယ်တိုင်ကြုံတွေ့ရပြီ။ သို့သော် ခွေးအ,တိုင်းတော့ မဟုတ်ပေ။ ယခုကဲ့သို့

အကောင်ငယ်သောခွေးအ,မျိုးသာ ဖြစ်သည်။

ခွေးအ,လေးများသည် လူများကိုကြောက်ပါလျက် လူတို့၏ ခြံထဲတွင် လျှို့ဝှက်စွာဖြင့် ယခုကဲ့သို့သာနေတတ်ခြင်းမှာ အသိဉာဏ် ရှိ၍သာ ဖြစ်သည်။ နှစ်များစွာနေလာခဲ့သည်ကိုပင် လူများမသိအောင် နေတတ်ခြင်းမှာ တော်ရုံအသိဉာဏ်နှင့် လျှို့ဝှက်ချက် မဟုတ်ပေ။ တိရစ္ဆာန်များ ဤကဲ့သို့ လျှို့ဝှက်စွာဖြင့်နေထိုင်တတ်သည်ကို ရှာမှ ရှားပေလိမ့်မည်။

ထိုထက် အသိဉာဏ်ထူးသည်မှာ အိမ်ကကြက်များကို မကိုက် မစားခြင်းပင် ဖြစ်သည်။ ခွေးအ,များ မိုးချုပ်သည်နှင့် ရွာထဲသို့ဝင် လေ့ရှိသည်မှာ အဓိကအားဖြင့် ကြက်ခိုးချင်၍ ဖြစ်သည်။ ကြက်ကို မရ၍သာ လူတို့၏စားကြွင်းအရိုးအရင်းများကို ကောက်စားကြရ သည်။ ခွေးအ,များကား ကြက်သားကိုအလွန်ကြိုက်၏။

ကြက်ခိုးရာတွင်လည်း အစွမ်းထက်သည်။ မြေကြီးကကြက် များကိုမဆိုထားဘိ၊ သစ်ပင်ပေါ်ကကြက်များကိုပင် ခွေးအ, အောက် က ကပြလျှင် ကြက်ပြုတ်ကျသည်။ အဝေးသို့ပျံထွက်သွားလျှင်လည်း ကြက်နှင့် တစ်တန်းတည်းလိုက်သွားပြီး အတောင်ညောင်း၍ ကြက် သက်ဆင်းလာသည့်နေရာက ပါးစပ်ကိုဟ,၍ထားတတ်သည်။

ထိုမျှအထိ ကြက်ခိုးရာတွင် အစွမ်းထက်ပြီး ကြက်သားကို ကြိုက်လျက် ယခုကဲ့သို့ ကြက်များနှင့်အတူတကွ လက်ပွန်းတတီး ဆိုသလို နေကြပါလျက် တစ်ကောင်တလေမျှ ကိုက်ခြင်း၊ စားခြင်းမရှိ၊ လူသိအောင်ပင်မနေဘဲ အလွန်အမင်း လျှို့ဝှက်စွာဖြင့်ပင် နေတတ် ကြသည်မှာ အသိဉာဏ်ကြီးလွန်း၍သာ ဖြစ်သည်။

ကြက်များကိုကိုက်သတ်စားသောက်မိလျှင် လူများသိသွားပေ လိမ့်မည်၊ လူများသိသွားလျှင် သူတို့အသတ်ခံရလိမ့်မည်။ ထို့ကြောင့် ကြက်များကို ကိုက်မစားဘဲ လျှို့ဝှက်စွာဖြင့်သာနေရမည်ဟုသိ၍ ယခုကဲ့သို့ ကြက်များ သူတို့အုံဖွဲ့၍နေကြသည့် ဝါးဘိုးဖုတ်ပေါ်တွင်

လာတက်နေကြ သည်ကိုပင် လျှာရည်ကိုသိန်းပြီး စားချင်စိတ်ကို လည်း မျိုသိပ်၍နေကြခြင်း ဖြစ်ပေလိမ့်မည်။

''စိုးသာအောင်ရယ်၊ နင်က ဒီခွေးအ,တွေ ကြက်ကိုမကိုက် ဘူးဆိုပေမယ့် အစာငတ်လာကြတဲ့တစ်နေ့မှာ မကိုက်လို့တော့ မပြော နိုင်ဘူး။ အဲလိုသာကိုက်လာခဲ့ရင် ခွေးအတွေကလည်း အများကြီး ဆိုတော့ ငါ့ကြက်တွေ တစ်ရက်တည်းနဲ့တောင် ကုန်သွားနိုင်တယ်''

ဟု ဒေါ်နော်သွေထူးက ကြောင့်ကြသံဖြင့် ပြောသည်။

''ဒီလိုဆိုရင် လိုဏ်ထဲကို ကောက်ရိုးသွင်းပြီး ဒီကောင်တွေကို မီးရှို့သတ်လိုက်ရမလား''

ဟု ဦးစောသာအောင်ကပြောသည်ကို ''အေး'' ဟု ဆိုလိုက် မိသော်လည်း ခွေးအ,လေးများအား သနားစိတ်ရှိနေ၍ ဒေါ်နော်သွေ ထူး၏အသံက ထွက်၍မလာ။ ထို့နောက် -

''အခုလို အေးအေးဆေးဆေးနေမယ်ဆိုရင်လည်း နေကြပါစေ ဟယ်။ သူတို့မှာလည်း နေစရာတောင်မရှိလို့သာ အခုလို လူတို့ အနားမှာ အသက်စွန့်ပြီးလာနေကြတာဖြစ်မှာ။ သူတို့လည်း လူကို တော့ ကြောက်ကြမှာပေါ့။ လူကိုကြောက်လို့လည်း ကြက်တွေကို တစ်ကောင်တလေမှ မကိုက်မစားရဲကြတာနေမှာပေါ့။ ဒါကြောင့် သနားပါတယ်။ ဒီအတိုင်းဆိုရင် နေပါစေ။ နောက် ကြက်တွေကိုသာ ကိုက်လားခဲလားလုပ်လာရင်တော့ တစ်မျိုးပေါ့''

''အေး- ငါလည်း အစက မင်းလိုပဲစဉ်းစားမိတယ်။ ဘာဖြစ် လို့လဲဆိုတော့ ဒီကောင်တွေဟာ ပတ်ဝန်းကျင်တောတောင်တွေ ပြုန်း တီးသွားပြီး နေစရာမရှိလို့သာ လူနေတဲ့ခြံထဲမှာ လျှို့လျှို့ဝှက်ဝှက် စွန့်စွန့်စားစားလာနေကြရတယ်။ ကြက် စတဲ့ အိမ်မွေးတိရစ္ဆာန်တွေ ကိုလည်း ဘာမှမလုပ်ကြဘူးဆိုပြီးလည်း သနားတဲ့စိတ်ပါတာပေါ့''

''ဟုတ်ပါတယ်၊ သနားစရာလေးတွေပါ။ အခုတောင်မှ တို့ကို

ဘယ်လောက်အထိကြောက်နေကြသလဲဆိုတာ ကြည့်ပါလား။ ခေါင်းကလေးတောင်တုန်လို့''

ဟု ပြောပြီး ဒေါ်နော်သွေးထူး လိုဏ်ထဲကခွေးအ,ကလေးများကို ငုံ့ကြည့်နေပြန်သည်။ ခွေးအ,ကလေးများကိုကြည့်ရသည်မှာလည်း တကယ့်အသနားခံနေကြသကဲ့သို့ပင် ရှိနေကြလေသည်။ ထို့ကြောင့် ဒေါ်နော်သွေးထူးမှာ ပို၍ပင် သနားနေမိလေသည်။

ဦးစောသာအောင်လည်း လိုဏ်ထဲကိုငုံ့ကြည့်လိုက်ပြီး -

''ဟဲ့ကောင်တွေ၊ မင်းတို့ ငါ့ကြက်တွေကိုတော့ ဘာမှမလုပ်ကြနဲ့နော်၊ အသက်ရှည်ရှည်နဲ့ အေးအေးဆေးဆေးနေချင်ကြရင်တော့ ငါ့ကြက်တွေကို ဘာမှမလုပ်ကြနဲ့၊ ငါ့ကြက်တွေကိုလုပ်တဲ့နေ့ဟာ မင်းတို့လိုဏ်ထဲကို ကောက်ရိုးသွင်းပြီး အပြုတ်သတ်တဲ့နေ့ပဲလို့မှတ်''

ဟု အော်ပြောလိုက်သည်။

ဒေါ်နော်သွေးထူးကမူ -

''သားတို့၊ သမီးတို့ ကောင်းကောင်းနေကြနော်၊ ကောင်းကောင်းနေရင် တို့ကလည်း ဘာမှမလုပ်ပါဘူး၊ ဒါကြောင့် လိမ်လိမ်မာမာနဲ့ အေးဆေးပဲနေကြကွယ်''

ဟု ကရုဏာသံဖြင့် ပြောလိုက်သည်။

ခွေးအ,လေးများကလည်း ဝမ်းသာအားရ သဘောကျသည့် အမူအရာလေးများကိုပြကာ လှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး ''အု အု၊ အ အ'' အသံလေးများဖြင့် ခပ်တိုးတိုး အော်လိုက်ကြလေသည်။

❋ ❋ ❋

ဦးစောသာအောင်နှင့် ဒေါ်နော်သွေးထူးတို့ နောက်တစ်နေ့မနက် အိပ်ရာမှနိုးထလာကြရာ အိမ်၏လှေကားထက်တွင် ငါးဆယ်သားခန့်

ရှိသော လယ်ကွက်ကြီးတစ်ကောင်ကို တွေ့ကြရ၏။ ထို့ကြောင့် ဘယ်သူများလာထားပါလိမ့်ဟု တွေးနေကြချိန်မှာပင် တစ်ပိဿာကျော်ခန့်ရှိသော ငါးရံ့ကြီးတစ်ကောင်ကိုလည်း တွေ့ကြရပြန်သည်။

ထို့ကြောင့် သူတို့လင်မယားမှာ ပို၍ပင် အထူးအဆန်းဖြစ်နေကြလေသည်။ လူတစ်ဦးတစ်ယောက်က လာပြီးပေးသွားသည်ဟုဆိုလျှင်လည်း ညကြီးနိုး၍သာပေးပေလိမ့်မည်။ ယခုကဲ့သို့ လှေကားရင်းတွင် ချထားခဲ့မည် မဟုတ်ပေ။ တကယ်ပေးမည်ဆိုလျှင်လည်း တစ်ကောင်၊ တစ်နပ်စာ စသည်ဖြင့်သာ ပေးပေလိမ့်မည်။ ယခုမူ ငါးဆယ်သားခန့် လယ်ကွက်ကြီးတစ်ကောင်နှင့် တစ်ပိဿာကျော်ခန့် ငါးရံ့ကြီးလည်းတစ်ကောင်။

"စောသာအောင်၊ ဒါ နင်ထားတာတော့မဟုတ်ဘူးနော်"

ဟု ဒေါ်နော်သွေထူးက ဆို၏။

"ကြံကြံဖန်ဖန် မိန်းမရယ်၊ ငါ နင်နဲ့အတူအိပ်နေတာပဲ။ ဘယ်တော့ ငါးဖမ်း၊ ကွက်ဖမ်းထသွားလို့တုံး"

"နင်ကများ ငါအံ့သြသွားအောင်ဆိုပြီး လှေကားရင်းမှာ ချထားသလားလို့ပါ"

"မဟုတ်တာ မိန်းမရယ်၊ ထားချင်းထားရင် မီးဖိုချောင်မှာလည်း တစ်ခုခုနဲ့အုပ်ပြီးထားမှာပေါ့။ ဒီလိုကြီး လှေကားရင်းမှာတော့ ထားမလား"

"ဒါဆို နေဦး"

ဟုပြောကာ ဒေါ်နော်သွေထူးသည် ငါးကြီးတစ်ဖက်၊ လယ်ကွက်ကြီးတစ်ဖက်ကိုင်ကာ ဥယျာဉ်ခြံကြီးထဲသို့ ဝင်သွားလေ၏။

"ဟဲ့- မိန်းမ၊ အဲဒါ ဘယ်ကိုသွားပြန်တာတုံး"

"ဟိုမှာ ဝါးဘိုးဖုတ်အောက်က ခွေးအ,ကလေးတွေများ လာထားကြသလားလို့ပါ"

ဒေါ်နော်သွေထူးသည် ထိုမျှသာပြောထားခဲ့ပြီး ဝါးဘိုးဖုတ်ကြီး ဆီသို့သာ တန်းတန်းမတ်မတ်သွားနေလေသည်။ ထို့ကြောင့် ဦးစောသာ အောင်က တစ်ချက်ပြုံးလိုက်ပြီး -

''နင်ကသွားမေးတော့ရော ခွေးအ,ကလေးတွေက ဟုတ်ကဲ့၊ ကျွန်တော့်တို့လာထားတာပါလို့ ပြောတတ်မလားဟဲ့၊ တော်တော်ရူး တဲ့မိန်းမပဲ''

ဟုပြောကာ တဟားဟားဖြင့်ရယ်၏။

တစ်အောင့်အကြာတွင် ဒေါ်နော်သွေထူးပြန်ရောက်လာပြီး -

''ဟုတ်တယ်၊ သူတို့လာထားကြတာသေချာတယ်။ ငါ ကြွက် နဲ့ ငါးကိုကိုင်ပြပြီးမေးတော့ သူတို့က ခေါင်းလှုပ်လှုပ်၊ ကိုယ်လှုပ်လှုပ် နဲ့ ကျေနပ်တဲ့အမူအရာလေးတွေကိုပြနေကြတယ်''

ဟု ပြန်ပြောပြသည်။ ဦးစောသာအောင်ကမူ တဟားဟား ဖြင့် ရယ်မော၍သာနေ၏။

''အဲဒါ နင်နဲ့ငါက သူတို့ကို ခြံထဲမှာနေခွင့်ပေးထားလို့ ကျေး ဇူးဆပ်တဲ့အနေနဲ့ သူတို့ရှာလို့ရတဲ့အစားအစာလေးတွေကို လာပေး ကြတာနေမှာ''

ဟုလည်း ဖြည့်စွက်ပြောနေသေးသည်။ ဦးစောသာအောင်ကား ဘာမှလိုက်မပြောဘဲ တဟားဟားဖြင့်ရယ်မော၍သာနေ၏။

''ဘာလဲ၊ နင်က ငါပြောတာကိုမယုံလို့လား။ မယုံလို့မရဘူးဟဲ့ ဒီလိုခွေးအ, အငယ်လေးတွေက အရမ်းပါးရေနပ်ရေရှိပြီး လိမ်လည်း လိမ္မာကြတယ်။ တိရစ္ဆာန်သတ္တဝါတွေထဲမှာ ဒီခွေးအ,လေးမျိုးဟာ ကောက်ကျစ်စဉ်းလဲဖို့ကိုလည်းတတ်ကြတယ်၊ လိမ္မာပါးနပ်ဖို့ကိုလည်း သိကြတယ်လို့ ပညာရှိ၊ ပညာရှင်တွေက ပြောကြတာကို နင်မကြားဖူး ဘူးလား''

''နင်ပြောသလိုဟုတ်ရင် ဟုတ်ပါလိမ့်မယ်။ မဟုတ်မမှန်ဘူး

လို့ ငါတစ်ခုမှလည်းမပြောပါဘူး၊ တိရစ္ဆာန်သတ္တဝါတိုင်းဟာ ကိုယ်ပိုင်အသိဉာဏ်တော့ရှိကြတာပါပဲ။ အဲဒီအထဲမှာ ဒီလိုခွေးအ,လေးမျိုးက အသိဉာဏ်အပိုဆုံး၊ အသာဆုံးဆိုတာလည်း ငါ ကြားဖူးပါတယ်။ ဒါပေမယ့် နင်က ငါးနဲ့ ကြွက်ကိုကိုင်ပြီး ခွေးအ,လေးတွေကို သွားမေးတာကိုပဲ ငါရယ်ချင်တာပါ၊ တော်ကြာ လူတွေက နင့်ကို အရူးလို့ ပြောကြလိမ့်မယ်။ ထိပ်တုံးခတ်ကြလိမ့်မယ်"

ဟုပြောပြီး ဦးစောသာအောင် တဟားဟားဖြင့်ရယ်ပြန်လေသည်။

ဒေါ်နော်သွေထူးကား ဘာမှပြောမနေခဲ့တော့ဘဲ ငါးနှင့် ကြွက်ကိုကိုင်ပြီး မီးဖိုဆောင်ကိုသာ ဝင်သွားလေသည်။ သူတို့လင်မယားအဖို့ည၊ မနက်စားသောက်၍ပင်မကုန်လောက်သော ဟင်းလျာများလည်းဖြစ်သည်။

သို့သော် ဦးစောသာအောင်တို့လင်မယားသည် ယခုကဲ့သို့ ငါးနှင့်ကြွက်ရကြသည်ကို ခွေးအ,လေးများက လာထားကြသည်ဟု ယုံကြည်နေကြသော်လည်း သည့်ထက် တိတိကျကျသိလိုနေကြသေး၍ မည်ကဲ့သို့စုံစမ်းလျှင် ရနိုင်မည်ကို စဉ်းစားနေကြသည်။ ထို့ကြောင့် နောက်နေ့မနက်တွင်လည်း အိပ်ရာမှ စောစောထပြီး ကြည့်ကြပြန်သည်။

ထိုအခါ မြေကြွက်ကြီးနှစ်ကောင်ကိုသာ တွေ့ကြရ၏။ ကုန်ခဲ့သည့်ရက်ကကဲ့သို့ ငါးမပါပေ။ ငါးမပါသော်လည်း ဤလယ်ကြွက်ကြီးနှစ်ကောင်ကို လာထားကြသည်မှာ ခွေးအ,လေးများမှလွဲ၍ အခြားမဖြစ်နိုင်ပေ။ တောကြောင်တို့၊ ခွေးအ,တို့ဟူသည်မှာ အိုင်ခန်းငါး၊ လယ်ကြွက်၊ မြေကြွက် စသည်များကိုသာ အဓိကဖမ်းယူစားသောက်လေ့ ရှိကြသည်။ ထို့ကြောင့် ယခုလည်း သူတို့ဖမ်း၍ရလာသော လယ်ကြွက်ကြီးနှစ်ကောင်ကို လာထားသွားကြခြင်း ဖြစ်ပေလိမ့်မည်။

ဦးစောသာအောင်နှင့် ဒေါ်နော်သွေထူးတို့လည်း ဒီကိစ္စကို တိတိကျကျစုံစမ်းရန်အတွက် နောက်နေ့ညတွင် တစ်ရေးနိုးသည်နှင့် အိပ်ရာမှထပြီး အပြင်ဧည့်ခန်းနားတွင် ကုလားထိုင်တစ်ယောက်တစ်လုံးချထိုင်ပြီး ထရံကြားမှ အပြင်ဘက်ကိုချောင်းကြည့်နေကြသည်။

လဆုတ်ညဖြစ်သောကြောင့် အိမ်ရှေ့ကိုလည်း ကောင်းစွာပင် မြင်နေရသည်။ သိပ်ပြီးမကြာ။ မိုးလင်းကြက်တွန်ပြီးနောက် ခွေးအ‚လေးများသည် ရေဘဲကြီးတစ်ကောင်ကိုသယ်ပြီး ရောက်လာကြလေသည်။ ရေဘဲကြီးကို လှေကားရင်းတွင်ချထားခဲ့ပြီးနောက် ဟိုနားတစ်ကောင်သည် နားတစ်ကောင်ဝပ်၍ အခြေအနေကိုစောင့်ကြည့်နေကြသည်ကိုလည်း တွေ့နေရသည်။

ဦးစောသာအောင်နှင့် ဒေါ်နော်သွေထူးတို့ တစ်ယောက်နှင့်တစ်ယောက် လက်တို့ပြီး တံခါးချက်ဖြုတ်သံကိုပြုလိုက်ကြမှ ခွေးအ‚လေးများ ဝါးဘိုးဖုတ်ကြီးဘက်သို့ ပြေးထွက်သွားကြသည်ကို တွေ့လိုက်သည်။ ဦးစောသာအောင်နှင့် ဒေါ်နော်သွေထူးတို့ အောက်သို့ ရောက်လာကြသည့်အချိန်တွင် ခွေးအ‚လေးများ တစ်ကောင်မှအနားတွင်မရှိကြတော့ပေ။

ထိုနေ့ထိုရက်မှစ၍ မနက်တိုင်း ဟင်းစားလာပေးနေကြသည်မှာ သူတို့ခြံထဲ၌ ဘေးမဲ့နေခွင့်ပေးထားကြသော ခွေးအ‚လေးများသာဖြစ်ကြောင်းကို ကောင်းစွာပင်သိသွားကြလေသည်။ ထို့ကြောင့် လူစကားကို လူကဲ့သို့နားလည်ပြီး လူကဲ့သို့လည်း အားကိုးရသော ခွေးအ‚ကလေးများပါလားဟု နားလိုက်ကြ၏။

နောက်ပိုင်းတွင် ခွေးအ‚ကလေးများသည် လူများက ဘေးမဲ့ပေးပြီး အလိုလိုက်ထားကြသည်ကိုသိ၍ နေ့ခင်းနေ့လယ်ကိုပင် ခြံထဲတွင် လွတ်လပ်စွာဖြင့် သွားလာနေကြသည်ကို တွေ့မြင်နေရ၏။ အိမ်ကြက်များကိုလည်း မကိုက်မစားသည့်အပြင် ကြက်များနှင့် အတူတကွ ခုန်ပေါက်ဆော့မြူးနေကြသည်ကိုပင် တွေ့ရ၏။

မိမိတို့ခြံထဲက ကြက်များကိုသာမက ရွာထဲတွင်ရှိကြသည့် ကြက် စသော မည်သည့်အကောင်ပလောင်များကိုမျှ ခိုးဝှက်ခြင်း၊ ကိုက်သတ်စားသောက်ခြင်း မပြုကြပေ။ လိမ္မာပါးနပ်စွာဖြင့် ခြံထဲမှာ ပင်နေပြီး ဝါးဘိုးဖုတ်အောက်လိုဏ်ထဲသို့ ဝင်လိုက်ထွက်လိုက်နှင့်သာ ရှိနေကြသည်။ အိမ်ရှင်များကိုလည်း နေ့စဉ်၊ ညစဉ်လိုလိုပင် သူတို့စားရသော သားငါး စသည် တစ်ခုခုကို သယ်ယူလာပြီးပေးမြဲ ဖြစ်သည်။

ဤသည်ကို အတွကင်းသော စေတနာ၊ ကရုဏာနှင့်စပ်သည့် ဖြစ်ရပ်တစ်ခုဟု ဆိုရသည်။ ဦးစောသာအောင်နှင့် ဒေါ်နော်သွေထူးတို့ စေတနာမထား၊ ကရုဏာမရှိဘဲ လိုဏ်ထဲသို့ ကောက်ရိုးသွင်းပြီး မီးရှို့သတ်လိုက်မည်ဆိုပါက ခွေးအ,လေးများ တစ်ကောင်မကျန် သေကြရမည်သာ ဖြစ်၏။ ခြံထဲတွင်မနေစေလို၍ မောင်းထုတ်လိုက်လျှင်လည်း ခိုလှုံစရာတောတောင်မရှိသောကြောင့် လူတွေကသတ်၊ ခွေးတွေကကိုက်နှင့် ခွေးအ,လေးများ သေကြရမည်သာ ဖြစ်သည်။

ယခုမူ ဦးစောသာအောင်နှင့် ဒေါ်နော်သွေထူးတို့က စေတနာ၊ ကရုဏာထားပြီး ဘေးမဲ့ပေးကာ စောင့်ရှောက်ထားကြသောကြောင့် ခွေးအ,လေးများ ဘေးဥပဒ်ကင်းစွာဖြင့် ပျော်ပျော်ရွှင်ရွှင်နေကြရ၏။ တော တောင်များတွင်နေရသည်ထက်ပင် ပို၍သာ၍ လုံခြုံမှုရှိ၏။ ထို့ကြောင့် ခွေးအ,ကလေးများအဖို့ ထူးသောရလဒ်တစ်ခုပင် ဖြစ်သည်။

ခြံပိုင်ရှင်ဦးစောသာအောင်တို့ မိသားစုအနေဖြင့်လည်း ခွေးအ, ကလေးများအား ဘေးမဲ့ပေးပြီး ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကြောင့် ခြံထဲသို့ တောကြောင်၊ မြွေပါ စသော ကြက်များကို ဒုက္ခပေးတတ်သည့် အကောင်ပလောင်များ မလာရဲကြသလို မြွေ၊ ကင်း စသော အဆိပ်ရှိပြီး လူများကိုသေစေတတ်သည့်အကောင်များလည်း ခြံနှင့်ပတ်ဝန်းကျင်တွင် ကင်းရှင်းလျက် ရှိသည်။

ရေးယခင်ကဆိုလျှင် တောကြောင်နှင့် မြွေပါများ နေ့ခင်းနေ့လယ်ကိုပင် ခြံထဲသို့ဝင်ပြီး ကြက်များကိုဆွဲလေ့ ရှိသည်။ ပတ်ဝန်းကျင် တောတောင်များပြုန်းတီးသွားသော်လည်း ဒီရေတောများကား ရှိနေခြင်းသာ ဖြစ်သည်။ ဒီရေတောတွင် ခွေးအ,များမနေတတ်သော်လည်း တောကြောင်များကား အကြိုက်တွေ့လျက်သာ ရှိသည်။

မြွေပါများဟူသည်မှာလည်း လယ်နား ချုံဖုတ်များတွင် နေလေ့ရှိသလို ကွက်များကဲ့သို့ လယ်ကန်သင်းအခေါင်းများတွင်လည်း နေလေ့ ရှိသည်။ မြွေပါအဖို့ နေစရာဟူ၍ သီးသန့်မလိုပေ။ ထို့ကြောင့် မြွေပါနှင့် တောကြောင်များ အချိန်မရွေး ခြံထဲသို့ရောက်လာကြပြီး ကြက် စသော အိမ်မွေးတိရစ္ဆာန်များ ဒုက္ခပေးနိုင်ကြခြင်း ဖြစ်သည်။

ဦးစောသာအောင်တို့အရပ်တွင် မြွေဆိုးအလွန်ပေါသည်။ ရွာထဲတွင် မြွေဆိုးကိုက်၍ လူမသေသောနှစ်ဟူ၍ပင် မရှိပေ။ တစ်နှစ်လျှင် နှစ်ယောက်သုံးယောက်အထိပင် မြွေဆိုးများကိုက်၍ အသက်ဆုံးရှုံးကြရသည်။ လယ်တော၊ ယာတောသွားရင်း လယ်ယာလုပ်ကိုင်ရင်း အကိုက်ခံကြရသလို ခြံထဲတွင် အမှိုက်ရှင်းရင်းဖြင့်လည်း အကိုက်ခံကြရသည်။ ညဘက်သွားလာရင်းဖြင့်လည်း မြွေဆိုးကိုက်၍ အသက်ဆုံးရှုံးကြရသည်။ မြို့ပြနှင့်ဝေးလံသောအရပ်ဒေသဖြစ်၍ အဆိပ်ရှိသောမြွေကိုက်ခံရသူတိုင်း အသက်ဆုံးရှုံးကြရသည်။

သို့သော် ယခု ခွေးအ,လေးများကို ခြံထဲတွင် ဘေးမဲ့နေခွင့်ပေးထားသည့်အချိန်မှစ၍ ထိုထိုဘေးဆိုး၊ အန္တရာယ်ဆိုးများနှင့် လုံးဝမကြုံတွေ့ကြရတော့ပေ။ ခွေးအ,လေးများက တောကြောင်နှင့် မြွေပါများရောက်လာလျှင် အလွတ်မပေးသလို မြွေဆိုးများရောက်လာလျှင်လည်း အပိုင်းပိုင်းပြတ်အောင် ကိုက်သတ်လိုက်ကြခြင်းသာ ဖြစ်သည်။

ဤသည်မှာ သူ့မေတ္တာ၊ ကိုယ့်မေတ္တာ၊ သူ့စေတနာ၊ ကိုယ့်စေတနာဟု နှစ်ဦးနှစ်ဖက် ကူးယှက်ရောစွက်၍ဖြစ်လာသော ရလဒ်တစ်ခုသာ ဖြစ်သည်။ တစ်နည်းအားဖြင့် စေတနာပါသော ကံအကျိုး

တရားဟုလည်း ဆိုရသည်။ ကံကိုယုံသောလူအားလုံးတို့ နားလည်လက်ခံနိုင်ကြသည့် အကြောင်းတစ်ရပ်လည်း ဖြစ်လေသည်။

## ၈။ ကျေးဇူးဆပ်သောလင်းနို့ကလေးများ

မောင်အေးချမ်း စာဖတ်စ (မဂ္ဂဇင်း၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကျမ်း၊ သမိုင်း စသည်များကို စွဲစွဲလမ်းလမ်းဖတ်စ) တွင် လင်းနို့နှင့်ပတ်သက်သော ဆောင်းပါးတစ်ပုဒ်ကို ဖတ်ခဲ့ရသည်။ မှတ်မှတ်သားသားလည်း သိပ်ပြီးမရှိသေး။ ကြာခဲ့ပြီးလည်းဖြစ်၍ မည်သည့်မဂ္ဂဇင်းတွင်ပါသော မည်သည့်စာရေးဆရာရေးသည့် ဆောင်းပါးဟူ၍ပင် မမှတ်မိတော့ပေ။

သုတစွယ်စုံ၊ သုတပဒေသာ စသော မဂ္ဂဇင်းတစ်အုပ်အုပ်ဖြစ်လိမ့်မည်။ ထိုအချိန်က မောင်အေးချမ်းသည် နိုင်ငံခြားဘာသာပြန်နှင့်ပတ်သက်၍ သုတစွယ်စုံနှင့် သုတပဒေသာ မဂ္ဂဇင်းနှစ်စောင်ကိုသာ အဖတ်များခဲ့သည်။ လျှို့ဝှက်ဆန်းကြယ် စသည့် နိုင်ငံခြားဘာသာပြန်များကိုလည်း အတော်လေးကြိုက်သည်။

အထက်ပါ လင်းနို့နှင့်ပတ်သက်သော ဆောင်းပါးသည် ပီရူးနိုင်ငံကိုအခြေခံသည်။ တစ်နေ့သောအခါ အင်ဒီးတောင်တန်းမှ သန်းပေါင်းများစွာသောလင်းနို့များသည် ပီရူးနိုင်ငံ၏ တောတောင်နှင့်စပ်သည့် လယ်တော၊ ယာတော ပတ်ဝန်းကျင်များသို့ ရောက်လာကြသည်။

လင်းနို့များမှာ လူကြီးလက်မခန့်မှသည် ဆက်ရက်ခန့်၊ ချိုးခန့်အထိ အစားအစားရှိတတ်သည်။ အမှန်အတိုင်းဆိုရလျှင် လင်းနို့ကလေးများ၏အမျိုးအစားပေါင်း မည်မျှရှိသည်ဟု မသိပေ။ ထိုထက်ကြီးသောအကောင်များကို လင်းဆွဲဟုခေါ်သည်။

ပီရူးနိုင်ငံ၏ တောစတောင်စွယ်တစ်ခုသို့ရောက်လာကြသော

လင်းနို့များမှာ အငယ်ဆုံးအရွယ်အစား လင်းနို့များဖြစ်သည်။ လူကြီးလက်မခန့်ရှိသည့် အငယ်ဆုံးလင်းနို့များသည် အများအားဖြင့် အသီးအရွက်များကိုထက် ပိုးမွှားကောင်များကိုသာ ဖမ်းစားလေ့ရှိကြသည်။

မိုးချုပ်စအချိန်တွင် ဝါးလုံးခေါင်းမှပျံထွက်ပြီး ကောင်းကင်တွင် ပျံဝဲလျက် ပိုးမွှားကောင်များအား လိုက်လံဖမ်းစားနေသည်ကို လူတိုင်းနီးပါးပင် မြင်ဖူးကြသည်။ ထိုလင်းနို့များသည် အသေးငယ်ဆုံးဖြစ်ပြီး အမှောင်ထဲတွင် လူတို့မမြင်နိုင်လောက်အောင် သေးငယ်သော ပိုးကောင်မွှားကောင်များကိုသာ အဓိကအားဖြင့် ဖမ်းစားကြသည်။

ထိုလင်းနို့ငယ်များရောက်လာစတွင် အင်ဒီးလယ်ယာ၊ ဥယျာဉ်လယ်သမားများ အတော်လေးပင် စိုးရိမ်ခဲ့ကြသည်။ ကောင်းရေသန်းပေါင်း ထောင်သောင်းမက များပြားသော ဤလင်းနို့ငယ်များသည်သာ ဥယျာဉ်ထဲသို့ဝင်ပါက နာရီပိုင်းအတွင်း သီးနှံများပြုတ်ပြုတ်ပြုန်းသွားနိုင်သည်ဟုလည်းတွေးပြီး သောကဖြစ်ခဲ့ကြသည်။

သို့သော်လည်း သူတို့ထင်သလိုကား တစ်ခုမျှမဟုတ်ပေ။ လင်းနို့ကလေးများသည် ဥယျာဉ်ထဲက သစ်သီးဝလံများကို ဝင်ရောက်စားသောက်ခြင်းမပြုကြဘဲ ဥယျာဉ်ပင်များကို ဝင်ရောက်စားသောက်ဖျက်ဆီးသည့် ပိုးမွှားကောင်များကိုသာ အလုအယက်ဖြင့် ဖမ်းယူစားသောက်နေကြလေသည်။

သို့မှ ပီရူးလယ်ယာဥယျာဉ်သမားများမှာ ဘဝင်ကျပြီး လင်းနို့လေးများကိုလည်း အလွန်အမင်းသဘောကျနေကြလေသည်။ သို့သော် လင်းနို့များကား တာရှည်မနေခဲ့ကြပေ။ အဘယ်အကြောင်းကြောင့် သည်နေရာဒေသသို့ ရောက်လာမှန်းမသိရသလို အဘယ်အကြောင်းကြောင့် ပြန်သွားကြမှန်းကိုလည်း မသိရဘဲ ဆယ်ရက်အတွင်းမှာပင် အင်ဒီးတောင်တန်းသို့ ပြန်သွားကြလေသည်။

လင်းနို့ကောင်လေးများ ရက်ပိုင်းအတွင်း ဖမ်းယူစားသောက်ပစ်ခဲ့ကြသည့် လယ်ယာဥယျာဉ်ဖျက် ပိုးမွှားကောင်လေးများသည်

ပင် တန်နှစ်ဆယ်ကျော်ခန့်ဖြစ်ကြောင်း တွက်ဆပြီး ပီရူးနိုင်ငံပိုင် သတင်းဌာနက ကြေညာသည်ဟု ဖတ်လိုက်ရသည်။

မောင်အေးချမ်းအပါအဝင် လူအတော်များများ လင်းနို့ကောင်လေးများသည် လူတို့၏ ဥယျာဉ်ပန်းမန် သစ်သီးဝလံများကို စားသောက်ဖျက်ဆီးကြသည်ဟူ၍သာ သိထားနားလည်နေကြသည်။ ယခုမူ ထိုသို့မဟုတ်ဘဲ လင်းနို့ကောင်လေးများသည် သီးနှံဖျက်ပိုးမွှားများကိုသာ ဖမ်းယူစားသောက်ကြောင်း ကြားသိရသည်။ ဤသည်မှာ လင်းနို့ကလေးများ၏ ကျေးဇူးတစ်ရပ် ဖြစ်သည်။

သို့သော် ဤကိစ္စနှင့်ပတ်သက်၍ လင်းနို့အမျိုးအစားများကို ခွဲခြားပြီးသိထားရန်လို၏။ လင်းနို့တိုင်း ဥယျာဉ်ဖျက်ပိုးမွှားများကို ဖမ်းယူစားသောက်ကြတာတော့ မဟုတ်ပေ။ လူတို့၏ ဥယျာဉ်ထွက် သစ်သီးဝလံများကို ဝင်ရောက်စားသောက်ဖျက်ဆီးတတ်သော လင်းနို့များလည်း များစွာပင် ရှိပေသေးသည်။

လင်းနို့ဟူသည်မှာ ဆိုခဲ့သည့်အတိုင်း အရွယ်အစားအမျိုးမျိုးရှိကြသည်။ ထိုအထဲတွင် ဆက်ရက်ခန့်၊ ချိုးခန့်အရွယ်အစားရှိသော လင်းနို့ကလေးများမှစပြီး လင်းဆွဲကြီးများအထိ ကြီးသောလင်းနို့၊ လင်းဆွဲ ဟူ၍လည်း အစားစားရှိသေးသည်။ ဆက်ရက်၊ ချိုး အရွယ်အစားထက်ကြီးသော လင်းနို့၊ လင်းဆွဲအားလုံးတို့သည်ပင် လူတို့၏ ဥယျာဉ်ထွက် သစ်သီးဝလံများကို ဝင်ရောက်ဖျက်ဆီးစားသောက်လေ့ ရှိကြသည်။

လင်းဆွဲနှင့် လင်းနို့များသည် သူတို့၏ အမျိုးအစားအရွယ်တူ အချင်းချင်း အုပ်လိုက် အုံဖွဲ့၍နေသော နေလေ့ရှိသောကြောင့် လမ်းကြောင်းသင့်၍ ဥယျာဉ်ထဲကိုသာ ဝင်လျှင်လည်း အထိနာတတ်သည်။ ကောင်ရေများလျှင် များသလို ဥယျာဉ်သမားများ အထိနာကြရသည်။

အထက်ပါအကြောင်းအရာများမှာ လင်းနို့တို့၏ ကောင်းခြင်း၊ ဆိုးခြင်း နှစ်မျိုးကို ပြခြင်းဖြစ်သည်။ ယခု ဥယျာဉ်များကို ဝင်ရောက်

စားသောက်ဖျက်ဆီးတတ်သည့် လင်းနို့များ၏ကောင်းခြင်း၊ မ,စခြင်း၊ တစ်ဦးတစ်ယောက်အား အကျိုးပြုခြင်း စသော အကြောင်းအရာတစ်ခုကို ပြလိုသည်။ စေတနာကံအကျိုးများနှင့်လည်း ပတ်သက်သည်။

စေတနာကံကို တစ်နည်း ဘာသာပြန်လျှင် စိတ်ပါသောအလုပ်ဟုဖြစ်သည်။

စေတနာပါသော ကံကသာ အကျိုးပေးသည်။ စေတနာအကြောင်း၊ ကံအကြောင်းများကို ဗုဒ္ဓဘာသာဝင်တိုင်းပင် သိကြသည်။ ကံကိုယုံကြည်သောကြောင့်ဖြစ်သည်။ ဗုဒ္ဓဘာသာတို့သည် ကံကိုယုံကြည်ကြသည်။ မိမိတို့ပြုလုပ်သောကံက အကျိုးပေးသည်ဟု တထစ်ချ နားလည်ခံယူထားကြသည်။ ပုံသေတွက်ထားကြသည်။

မှန်သည်။ မိမိတို့ပြုလုပ်သော ကံကသာအကျိုးပေးသည်။ ကုသိုလ်ကံကိုပြုလုပ်လျှင် ကောင်းကျိုးကိုပေးသည်။ အ,ကုသိုလ်ကံကို ပြုလုပ်လျှင် မကောင်းကျိုးပေးသည်။ အ,ကုသိုလ်ကံက အကျိုးပေးလျှင် အပါယ်လေးပါးသို့ကျရောက်ပြီး မကောင်းကျိုးကို ခံစားကြရသည်။ ကုသိုလ်ကံက အကျိုးပေးလျှင် လူ၊ နတ် စသော သုဂတိဘုံတို့သို့ရောက်ပြီး ကောင်းကျိုးကိုခံစားကြရသည်။

ကံတရားကို မည်သူတစ်ဦးတစ်ယောက်ကမျှ ပြုပြင်ပြောင်းလဲပြီး အစားကျခံပေး၍မရပေ။ ကိုယ်တိုင်ပြုလျှင် ကိုယ်တိုင်သာ ခံစားကြရသည်။ မည်သည့်တန်ခိုးရှင် ဣဒ္ဓိပါဒ်ရှင်တို့ကမှ တားဆီးပိတ်ပင်၍လည်း မရပေ။

ထို့ကြောင့် စေတနာပါပြီး ကံမြောက်သောအလုပ်တိုင်းသည် ကံ ပြုသူတို့အား တစ်နည်းနည်းဖြင့် အကျိုးပေးသည်သာ ဖြစ်သည်။ ကံကို ယုံကြည်သူတို့အတွက် ကံသည် မတ်မတ်ခံလျက် မပျက်မကွက် အကျိုးပေးတတ်သည်။

ယခုတင်ပြမည့်အကြောင်းအရာသည် သနားပြီး သက်ညှာ

တတ်သော စေတနာပါသည့် အကျိုးပေးကံတစ်ခု၏အကြောင်း ဖြစ်သည်။ ဘဝမခြား အကျိုးပေးသည်။ လက်တွေ့မကျ၊ ကိုယ်တိုင်သာ မတွေ့မမြင် ရလျှင် လက်ခံနိုင်ဖွယ်ပင်မရှိပေ။ ထို့ကြောင့် ထူးခြားသော အံ့ဖွယ်တစ် ရပ်အနေဖြင့်ပင် ဆိုနိုင်သည်။

* * *

၂၀၀၈ ခုနှစ် မိုးရာသီက မောင်အေးချမ်းသည် မြိတ်မြို့နယ်သို့ရောက်ရှိပြီး တစ်ပတ်ကြာမျှ နေထိုင်ခဲ့သည်။ ထို့နောက် တစ်ဖန် သီတင်းကျွတ်သည်နှင့် တစ်ခေါက်ပြန်ရောက်သွားပြန်သည်။ (သည် အခေါက်တွင် လေးလကျော်ကြာခဲ့သည်။)

မြန်မာနိုင်ငံ၌ တနင်္သာရီတစ်ကြောသည် ရာသီဥတုအကောင်းဆုံး၊ အညီမျှဆုံးဟု ဆိုကြသည်။ ကမ်းရိုးတန်းဒေသအားလုံးသည်ပင် ရာသီဥတုကောင်းကြသည်။ ထိုအထဲတွင် တနင်္သာရီတိုင်းသည် အသာဆုံး၊ အကောင်းဆုံးဟု ဆိုကြသည်။

ရာသီဥတုကောင်းမွန်သောကြောင့် တနင်္သာရီတိုင်းတစ်လျှောက်တွင် ဥယျာဉ်ပန်းမန် အလွန်ပေါသည်။ စီးပွားရေးလုပ်ငန်းများတွင် ခေတ်ကာလအလျောက် အဓိကကျသော ဆီအုန်း၊ ရာဘာ၊ ကွမ်းသီးစသော စိုက်ခင်းကြီးများမှာ မိုးကုတ်လုနီးပါး ကျယ်ဝန်းသည်ကိုလည်း တွေ့မြင်ရသည်။

ရေလမ်း၊ ကုန်းလမ်း စသော လမ်းပန်းဆက်သွယ်ရေးသည်လည်း အထိုက်အလျောက် အဆင်ပြေနေသဖြင့် စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုတွင်ကျယ်စွာဖြင့်ပင် လုပ်ကိုင်နိုင်ကြသည်။ ဒေသခံလုပ်ငန်းရှင်ကြီးများမှစ၍ တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြသူများအထိ မိမိတို့၏ လုပ်အားရှိသလောက် ဝင်ငွေရရှိကြသည်။

တစ်နေ့အခါတွင် ကိုဇော်ဦးနှင့်တွေ့သည်။ ကိုဇော်ဦးသည်

မောင်အေးချမ်းနှင့် တစ်နယ်တည်းသားချင်း ဖြစ်သည်။ ကိုဇော်ဦး သည် လက်ရှိတွင် ဆန်၊ ထင်း၊ မီးသွေး၊ ငါးပိ၊ ငါးခြောက် စသော မိသားစုကိုယ်ပိုင်လုပ်ငန်းများ အထိုက်အလျောက်အောင်မြင်ပြီး အဆင် ပြေနေပါလျက် အဘယ်ကြောင့် မြိတ်မြို့နယ်သို့ ရောက်လာခဲ့သည် မသိ။

ထို့ကြောင့် ကိုဇော်ဦး မြိတ်မြို့သို့ရောက်လာရသည့်အကြောင်း ကို သိလို၍မေးမြန်းကြည့်ရာ ''အလှမ်းကျယ်၍ အလယ်လပ်သည်'' ဟု တိုးတိုးပြောပြသည်။ အလှမ်းကျယ်၍ အလယ်လပ်သည်ဟုဆိုရုံ ဖြင့် အပြည့်အစုံကို မသိနိုင်သေး၍ ဆက်ပြီးမေးကြည့်ရပြန်သည်။ မောင်အေးချမ်းနှင့် ကိုဇော်ဦးသည် တစ်နယ်တည်းသားချင်း ဖြစ်ကြ သော်လည်း လူချင်းမဆုံမိကြသည်မှာ နှစ်ချီရှိနေပြီဖြစ်၍ တစ်ယောက် အကြောင်းကိုတစ်ယောက် မသိနိုင်ဖြစ်နေကြသည်။

ဆက်ပြီးမေးမြန်းကြည့်ရာတွင်လည်း ''နိုင်ငံခြားကိုထွက်မယ် ဆိုပြီး လာခဲ့တာ၊ လူလိမ်နဲ့တိုးလို့ပေါ့'' ဟု တိုတိုတုတ်တုတ် ပြန် ဖြေပြန်သည်။ ကိုတိုတုတ်တုတ်သာဖြေနေသဖြင့် ရှက်၍လောမသိ။ သူ့အကြောင်းကို အပြည့်အစုံမပြောပြလိုဟု မောင်အေးချမ်း နား လည်လိုက်သည်။ ထို့ကြောင့် နိုင်ငံခြားအကြောင်းကို ဆက်မမေး တော့ဘဲ လက်ရှိအခြေအနေကိုသာ မေးမြန်းကြည့်လိုက်သည်။

''အခုကော ဒီမှာ ဘာတွေလုပ်ကိုင်နေတုံး''

''ကွမ်းသီးလိုက်ကောက်ပြီး ရောင်းနေတယ်''

''ဒါဆို ဘယ်ဆိုးလို့တုံး၊ တနင်္သာရီတစ်ကြောမှာ ကွမ်းသီးပေါ တာပဲ''

''အဲလောက်လည်းမဟုတ်ဘူး၊ ကိုယ်က ငွေမှမတတ်နိုင်တာ။ ဒါကြောင့် နည်းနည်းပါးပါး ကောက်ဝယ်လိုက်၊ အဆင်ပြေမယ့် ကား ဂိတ်၊ သင်္ဘောဆိပ်တွေမှာ သွားရောင်းလိုက်နဲ့ လက်ရှိရပ်တည်ဖြစ်

ရုံလောက်ပါပဲ''

သူ၏အိမ်လုပ်ငန်းများသည်ပင် သည်ထက် များစွာအဆင်ပြေနေပါလျက် အိမ်သို့ပြန်မသွားဘဲ ယခုကဲ့သို့ ဇာတိမြုပ်နေသည်မှာ နိုင်ငံခြားကို အလုပ်သွားလုပ်မည်ဟု လေသံအလုံးကြီးပစ်ပြီး ထွက်လာခဲ့ပြီးမှ အဆင်မပြေ၍ အရှက်ရကာ အိမ်ကိုမပြန်ရဲဖြစ်နေဟန် ရှိသည်။ ထို့ကြောင့် ကြံမိကြံရာကြံရင်းက ရရာအလုပ်ကိုကောက်လုပ်ပြီး ဇာတ်မြှုပ်နေမိဟန် ရှိသည်။

တစ်ခုသောနေ့တွင် ကိုဇော်ဦး ကွမ်းသီးကောက်ဝယ်ရာနောက်သို့ လိုက်သွားမိ၏။ ဤတွင် မထင်မှတ်သောအကြောင်းအရာတစ်ခုကို တွေ့ရသည်။ ကွမ်းသီးခင်းမရှိဘဲ ကွမ်းသီးရောင်း၍ အထိုက်အလျောက် အဆင်ပြေနေသော အသက်ခြောက်ဆယ်ကျော်အရွယ် အဘိုးကြီး၊ အမယ်ကြီးနှစ်ယောက်တို့အကြောင်း ဖြစ်သည်။

ကွမ်းသီးက များများစားစားတော့မဟုတ်ပေ။ တစ်ပတ်၊ ဆယ်ရက်ခန့်ကြာလျှင် ပီနံအိတ်ဖြင့် သုံး, လေးလုံး၊ လေး, ငါးလုံးစသည်ဖြင့် ရောင်းရသည်ဟုဆိုသည်။ ကိုဇော်ဦးက ထိုအဘိုးကြီး၊ အမယ်ကြီးကို အိမ်ကကွမ်းသီးများကိုကောက်ဝယ်ပြီး ပြန်လည်ရောင်းချလေ့ရှိကြောင်း ပြောပြသည်။

မောင်အေးချမ်းက ကွမ်းသီးပင်မရှိဘဲ ကွမ်းသီးရောင်းစားနေကြသည့် အဘိုးကြီး၊ အမယ်ကြီးတို့၏အကြောင်းကို စိတ်ဝင်စားလာမိသည်။ ထို့ကြောင့် သူတို့နှင့် ရေနွေးသောက်ရင်း တစ်အောင့်ကြာအောင် စကားပြောဆိုနေပြီးမှ ထိုအကြောင်းကို မေးကြည့်သည်။

သူတို့ပြောပြကြသည်ကို စာနယ်သွင်း၍ သိသာရုံမျှ ရှင်းလင်းရလျှင် -

အဘိုးကြီးနှင့် အမယ်ကြီးတို့သည် ဤမြိတ်မြို့ဇာတိမဟုတ်ကြပေ။ မြစ်ဝကျွန်းပေါ်ဒေသဘက်က ဖြစ်သည်။ မြစ်ဝကျွန်းပေါ်

ဒေသသည် ရေတံငါလုပ်ငန်းများဖြင့် ရောယှက်တတ်သော်လည်း သူတို့လင်မယားသည်ကား အတတ်နိုင်ဆုံး တံငါလုပ်ငန်းများနှင့် ကင်းရှင်းစွာနေပြီး မိဘများက အမွေဆက်သည့်သစ်ခုတ်လုပ်ငန်း၊ လယ်လုပ်ငန်းလေးများနှင့်သာ ဘဝကိုရပ်တည်ခဲ့ကြသည်။

ပွားစီးလာကြသော သားသမီးများကိုလည်း အတတ်နိုင်ဆုံး ငါးဖမ်းလုပ်ငန်းနှင့်ကင်းရှင်းစေရန်အတွက် စုဆောင်းခြစ်ခြုတ်ပြီး ခေတ်ပညာစာပေများကိုသာ သင်ကြားပေးကြသည်။ ထို့ကြောင့် သားသမီးများလည်း အတန်းကြီးလာခဲ့သည်နှင့်အမျှ မြိတ်မြို့သို့သာ ရောက်သွားကြပြီး မြိတ်မြို့မှာသာ အခြေချလိုက်ကြသဖြင့် အဘိုးကြီး၊ အမယ်ကြီးတို့လည်း သားသမီးတို့ရှိရာ မြိတ်မြို့သို့ ပြောင်းရွှေ့လာခဲ့ကြသည်။

သားသမီးများက လုံလောက်စွာမထောက်ပံ့နိုင်ကြ၍ နေထိုင်ရန် အိမ်ရာတစ်ခုကို မြို့ထဲ၌ ဈေးကြီးပေးပြီးမဝယ်နိုင်ကြသဖြင့် မိမိတို့၏ ငွေကြေးဖြင့်ထောက်မီမည့် နေရာတစ်ခုကိုလိုက်ရှာရင်းက မြို့နှင့်အတော်အတန်လှမ်းသော ဤနေရာလေးသို့ရောက်လာကြသည်။ ဈေးပေါပေါနှင့်လည်း ရရှိကြသည်။ မြို့နှင့်လှမ်းပြီး ခြံမြေလည်း သိပ်ပြီးမကျယ်သောကြောင့် စီးပွားရေးမပါ၍ အခြားလူများမလိုချင်သဖြင့်လည်း ဈေးပေါပေါဖြင့်ရခြင်း ဖြစ်နိုင်သည်။

ထိုအချိန်က သည်ခြံတွင် လူမနေသည်မှာ သုံးနှစ်ခန့်ရှိပြီဟု ထင်ရသည်။ သွပ်မိုး၊ ပျဉ်ထောင်အိမ်ကလေးသည်ပင် ဆေးရောင်များပြယ်ပြီး ဟြောက်ကျားကျား ဖြစ်နေလေပြီ။ အခြား ဓနိမိုးအဆောင်လေးတစ်ခုမှာမူ ယိုင်၍ပင်နေလေပြီ။ ပိန္နဲပင်၊ သရက်ပင်၊ သီဟိုဠ်ပင်၊ ကွမ်းသီးပင် စသော အပင်များမှာလည်း ပင်အိုကြီးများသာဖြစ်သည်။

သွပ်မိုးအိမ်ကလေးတစ်လုံးမှလွဲပြီး အားလုံး တစ်ကပြန်စရမည့်အခြေအနေမှာ ရှိနေသည်။ ထို့ကြောင့် ဦးစွာ ယိုင်နဲ့နဲ့ရှိနေသော အဆောင်ကလေးကိုဖြိုဖျက်ရန် သွားကြည့်ရာ လင်းနို့များ မြောက်

မြားစွာတို့ကို တွေ့ရသည်။ လင်းနို့များ ထရံအကြားများတွင် နေရာမလပ်ရှိနေကြသလို ခေါင်မိုးတွင်လည်း တွဲလောင်းဆွဲလျက် အပြည့်အနှံ့ရှိနေကြသည်။

ထို့ကြောင့် အဘိုးကြီးနှင့် အမယ်ကြီးတို့မှာ ဘာမှမလုပ်ဖြစ်ကြသေးဘဲ ခါးကို လက်ထောက်ကာ တစ်အောင့်ကြာအောင်ရပ်ကြည့်နေမိကြသည်။ လင်းနို့ကလေးများသည် တုန်တုန်ရီရီဖြင့် ဓားကိုကိုင်ပြီး ရပ်ကြည့်နေကြသော အဘိုးကြီးနှင့် အမယ်ကြီးတို့အား မရဲတရဲကြည့်ကာ တကျီကျီဖြင့်လည်း အော်မြည်နေကြ၏။

သည်အဆောင်ကိုဖျက်ဆီးပစ်လျှင် များစွာသော သူတို့မိသားစုတို့သည် ဒုက္ခရောက်လျက် နေရာမဲ့၊ ခိုရာမဲ့ဖြစ်ကြရတော့မည်။ သားပေါက်ကလေးများလည်း သေကျေပျက်စီးကြရတော့မည်။ ထို့ကြောင့် ချမ်းသာပေးပါ။ သည်အဆောင်ကို မဖျက်ဆီးပါးနှင့်ဟူ၍ပင် သူတို့၏ဘာသာစကားဖြင့်ပြောဆို ငိုယိုပြီး တောင်းပန်နေကြသလားမသိ။

အဘိုးကြီးနှင့် အမယ်ကြီးတို့သည် လင်းနို့လေးများကို တစ်အောင့်ကြာအောင်ကြည့်နေရင်းက သနားနေမိကြသည်။ သူတို့၏အမူအရာများကိုကြည့်ရုံဖြင့်ပင် လင်းနို့ကလေးများသည် အဘိုးကြီးနှင့် အမယ်ကြီးတို့အား ကြောက်လန့်နေကြသည်ကိုလည်း သိသာနိုင်သည်။ ထို့နောက် အဘိုးကြီးနှင့် အမယ်ကြီးတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးမိကြသည်။ အမယ်ကြီးက -

''ဒီအဆောင်မဖျက်ပါနဲ့တော်၊ လင်းနို့ကလေးတွေ အနေပျက်ပြီး ဒုက္ခရောက်ကုန်ပါ့မယ်။ ဒီအဆောင်ကိုသာဖျက်ဆီးလိုက်ရင် အကောင်ကြီးတွေ အနေပျက်ပြီး ဒုက္ခရောက်ကြမှာဖြစ်သလို သားပေါက်ကလေးတွေလည်း အားလုံးသေကုန်ကြလိမ့်မယ်။ ဒါကြောင့် ဒီအတိုင်းပဲထားလိုက်ပါ''

''အေး- ငါလည်း လင်းနို့ကလေးတွေကိုကြည့်ပြီး သနားနေမိတယ်''

"သနားရမှာပေါ့ရှင်၊ ကျားသနားမှ နွားချမ်းသာတယ်ဆိုမဟုတ်လား။ ဒါကြောင့် အခုလည်း ကိုယ်ပိုင်တဲ့ခြံထဲက အဆောင်ဆိုပြီး ရှင်နဲ့ကျုပ် ဖျက်ဆီးပစ်လိုက်ရင် ခများတွေ ဒုက္ခရောက်ပြီး သေကျေပျက်စီးကုန်ကြတော့မှာပေါ့"

"ငါကလည်း ခြံထဲက ပင်အိုပင်ဟောင်းကြီးတွေကို ခုတ်ထွင်ရှင်းလင်းပြီး ရလာတဲ့ထင်းတွေကို သိုလှောင်ဖို့အတွက် ဒီအဆောင်ကိုဖျက်ပြီး ပြန်ဆောက်မလို့ စိတ်ကူးတာပါ။ အရေးတကြီး မဖြစ်မနေဖျက်ပစ်ရမယ့်ကိစ္စမျိုးတော့ မဟုတ်ပါဘူး"

"အေး- ဒါဆိုလည်း မဖျက်နဲ့တော့။ သူတို့လေးတွေ အနေပျက်ကုန်ပါ့မယ်။ အခြားတစ်နေရာမှာပဲဆောက်၊ ရှင့်ခြံကအကျယ်ကြီးပဲဥစ္စာ"

ထိုသို့ပြောပြီး အမယ်ကြီးက အဘိုးကြီးအားဆွဲခေါ်လာခဲ့၏။ ခြေလှမ်းတစ်ဆယ်ခန့်အရောက်တွင် အမယ်ကြီးသည် လင်းနို့လေးများဘက်သို့လှည့်ကြည့်ပြီး -

"သားတို့၊ သမီးတို့ အနေပျက်မှာစိုးလို့ အဲဒီအဆောင်ကို မဖျက်တော့ဘူးနော်၊ စိတ်ချမ်းချမ်းသာသာနဲ့ပဲနေကြ"

ဟု သားသမီးတို့အား ပြောဆိုသကဲ့သို့ ကရုဏာသက်စွာဖြင့်လည်း ပြောထားခဲ့သေးသည်။

ထိုအခိုက်မှာပင် လင်းနို့ကလေးများ "ကျိ ကျက် ကျိ ကျက်" ဟု ထအော်ကြပြီး အဆောင်ထဲမှ ဆယ့်ကိုးကောင်ပျံထွက်လာကာ အဘိုး ကြီးနှင့် အမယ်ကြီးတို့အား ပတ်ဝိုင်းပြီး ပျံသန်းကြလေသည်။

"ဟ ဟ- ဒီကောင်တွေ ဘာဖြစ်ကြတုံး"

ဟု အဘိုးကြီးက တအံ့တသြဖြင့်ပြောပြီး လင်းနို့ကလေးများအား လိုက်ကြည့်နေ၏။ အမယ်ကြီးက -

"သူတို့ကို လွတ်လွတ်လပ်လပ်နေခွင့်ပြုလိုက်လို့ ဝမ်းသာ

ကြကာနေမှာပေါ့ရှင်"

သူတို့၏ခြံထဲတွင် သရက်ပင်၊ ပိန္နဲပင် စသော ပင်အိုကြီးများ ရှိကြသလို လေစုပင်ကဲ့သို့ အရိပ်အာဝါသကောင်းသော အပင်ကြီး များလည်း လေးငါးပင်ရှိသည်။ အဘိုးကြီးက အရိပ်ကောင်းသော အပင်များကိုချန်ထားပြီး အခြားပင်အိုများကိုသာ ခုတ်ထွင်ရှင်းလင်း ကာ ပင်ပျိုများကို အစားထိုးစိုက်ပျိုးရန် ပြင်ဆင်သည်။

အမယ်ကြီးက အရိပ်ကောင်းသောအပင်ကြီးများအောက်ကို ဦးစွာ အမှိုက်သရိုက်လှည်းကျင်းပြီး အဘိုးကြီးအား နေ့ခင်းနေ့လယ်နားနေ ရန်အတွက် ဝါးတန်းလျားများလုပ်ခိုင်းရန် ပြင်ဆင်သည်။ လူမနေသော ခြံကြီးဖြစ်နေ၍ တစ်ပတ်ဆယ်ရက်ဆိုသလို ခုတ်ထွင်ရှင်းလင်းပြီးမှ နေ ချင့်စဖွယ်ဖြစ်လာပေလိမ့်မည်။

အံ့ဩစရာကောင်းသည်မှာ နောက်နေ့မနက် အဘိုးကြီးနှင့် အမယ်ကြီးတို့ ခြံရှင်းရန်အတွက် ခြံထဲကိုဆင်းလာကြရာ အရိပ်ကောင်း သော အပင်ကြီးများအောက်တွင် ကွမ်းသီးမှည့်များရှိနေသည်ကို တွေ့ ကြရသည်။ ကွမ်းသီးမှည့်များက နည်းနည်းပါးပါးမဟုတ်ပေ။ အပင် အောက်တိုင်းမှာပင် ရှိနေလေသည်။ အပင်အောက်တစ်နေရာလျှင် ကွမ်းသီးမှည့်တစ်တင်းမကရှိနေသည်ကို တွေ့ရသည်။

ထို့ကြောင့် အဘိုးကြီးနှင့် အမယ်ကြီးတို့ အံ့ဩ၍မဆုံးဖြစ်နေ ကြသည်။ ဘယ်ကရောက်လာမှန်းလည်းမသိ။ လူတစ်ဦးတစ်ယောက် က ခိုးဝှက်ယူငင်လာပြီး သည်ခြံတွင် လူရောက်နေသည်ကိုမသိ၍ ခဏတစ်ဖြုတ် ဝှက်ထားသည်ဟုဆိုလျှင်လည်း သည်အတိုင်းပြန့်ကြဲ ပြီးထားခဲ့မည် မဟုတ်ပေ။

ထို့အပြင် အမှိုက်သရိုက်များ ရှင်းတန့်သလောက်ရှင်းထားသည် ကို တွေ့မြင်ရ၍ဖြင့်လည်း ဤခြံ၌ လူရောက်နေသည်ကို သိနိုင်သည်။ လူရောက်ရှိနေသည်ကိုသိလျက်နှင့်လည်း ခိုးရာပါပစ္စည်းများကို လာ ထားရဲကြမည် မဟုတ်ပေ။ ထို့ကြောင့် အဘယ်သူကပင် ဤကဲ့သို့

ပြန်ကြွပြီး လာထားခဲ့ပါလိမ့်ဟု တွေးတောစဉ်းစား၍မရအောင် ဖြစ်နေကြသည်။

တအံ့တဩဖြင့်လည်း စကားဆိုကြသည်။ ကွမ်းသီးများကိုလည်း ဘာမှမလုပ်ရဲကြ။ မကိုင်တွယ် မတို့ထိရဲကြ။ ကွမ်းသီးများရောက်လာသည့်အကြောင်းကို တစ်စွန်းတစ်စမျှ မသိရှိ နားမလည်ဘဲ ကိုင်တွယ်ခြင်း၊ ယူငင်ခြင်းပြုမိလျှင် တစ်စုံတစ်ခုသောနောက်ကြောင်းပြဿနာ ပေါ်ကောင်းပေါ်လာနိုင်၏။ ထိုအခါ ရှင်း၍မရဖြစ်တတ်သည်။ နေရင်းထိုင်ရင်းဖြင့် သူခိုးရိုးလည်းခံရနိုင်သည်။

အဘိုးကြီးနှင့် အမယ်ကြီးတို့က သည်နေရာ၊ သည်ခြံမြေသို့ယခုမှရောက်စ ဖြစ်သည်။ ထို့ကြောင့် သည်ပတ်ဝန်းကျင်၏အကြောင်းကိုလည်း မသိရှိ နားမလည်နိုင်ကြသေးပေ။ ကွမ်းသီးများကလည်း အရိပ်ကောင်းသောအပင်ကြီးများအောက်တွင် ပြုတ်ပြုတ်စီနေသည်။ မည်သူလာထားသည်ဟုလည်း မသိနိုင်ကြ။

"ကဲ- အမေကြီးရေ၊ ဒီကွမ်းသီးတွေကို ဘာမှမလုပ်ဘဲထားရအောင်။ မနေ့က အမှိုက်ရှင်းတုန်းကလည်း တစ်လုံးမှမတွေ့ဘဲ အခုမှတွေ့တယ်ဆိုတော့ ထူးဆန်းနေတယ်။ ဘယ်လိုများထူးဆန်းနေတယ်ဆိုတာလည်း မသိနိုင်ဘူး။ ဒါကြောင့် ဒီအတိုင်းပဲထားရအောင်"

"မနေ့က ခြံရှင်းတုန်းက တစ်လုံးမှမတွေ့ဘဲ အခုမှတွေ့ရတယ်ဆိုတော့ ဒီကွမ်းသီးတွေဟာ ညကရောက်လာတာပဲဖြစ်မယ်"

"အေးလေ၊ မနေ့ကမတွေ့ဘဲ အခုမှတွေ့တယ်ဆိုတော့ ထူးဆန်းနေတာပေါ့။ ဒါကြောင့် အခြေအနေကို စောင့်ကြည့်ကြရမယ်။ အခြေအနေကိုစောင့်ကြည့်ရင် ဘယ်သူလာထားတယ်ဆိုတာ တွေ့ရမြင်ရမှာပေါ့။ ကွမ်းသီးတွေကတော့ ခြေထောက်ပေါက်ပြီး ရောက်လာမလား။ တစ်စုံတစ်ခုပယောဂကြောင့် ဒီကွမ်းသီးတွေ ရောက်လာတာပဲဖြစ်မှာပါ။ အဲဒါကိုလည်း စောင့်ကြည့်ရင် ဘာဆိုတာသိလာနိုင်ပါတယ်"

"မသမာတဲ့လူတွေကများ ကျုပ်တို့အပြစ်ရှာပြီး လာထား တာမျိုးတော့ မဖြစ်ပါစေနဲ့တော်"

အဘိုးကြီးနှင့် အမယ်ကြီးသည် ကွမ်းသီးများကိုကိုင်၍ပင် မကြည့်ရဲခဲ့ကြဘဲ သည်အတိုင်းထားခဲ့ပြီး သစ်ပင်ကြီးအောက်မှ ထွက် လာကြသည်။ ကွမ်းသီးများကလည်း အမှည့်များချည်းသာဖြစ်သည်။ အုပ်ဆိုင်းနေသောသစ်ပင်ကြီးအောက်တိုင်းမှာပင် ရဲရဲနီနေသည်။

အဘိုးကြီးနှင့် အမယ်ကြီးတို့သည် ဤနေ့ ခြံရှင်းကြရာ၌ ယခင် နေ့များကကဲ့သို့ စိတ်ထဲ၌ ကြည်ကြည်လင်လင်မရှိကြပေ။ မည်သည့် နေရာကမှန်းမသိ ခြံထဲသို့ရောက်လာသော ကွမ်းသီးများကိစ္စသည် သာ ခေါင်းထဲသို့ရောက်နေကြသည်။ ကွမ်းသီးများရှိနေသည့် သစ်ပင် ကြီးများ အောက်ဘက်ကိုလည်း မကြာခဏ လှည့်ကြည့်နေကြသည်။

သို့သော် ကွမ်းသီးများရောက်လာသည့်အကြောင်းကို တာ ရှည် လေ့လာစောင့်ကြည့်ရန်မလိုလိုက်ပေ။ ညနေမိုးချုပ်သည်နှင့် ယိုင် နဲ့နေသောအဆောင်ထဲမှ လင်းနို့ကလေးများသည် တဖြုန်းဖြုန်းဖြင့် ပျံထွက်သွားကြပြီး တစ်အောင့်အကြာတွင် ကွမ်းသီးမှည့်များကို ကိုယ်စီ ချီယူလာပြီး အုပ်ဆိုင်းနေသောအပင်ကြီးများဆီသို့ ဝင်သွားကြလေ သည်။

ထို့နောက် ကွမ်းသီးမှည့်များ တဖြုတ်ဖြုတ်ဖြင့်ပြုတ်ကျနေသံ ကိုလည်း ကြားနေရသည်။ သို့မှ အဘိုးကြီးနှင့် အမယ်ကြီးတို့လည်း ကွမ်းသီးမှည့်များ အုပ်ဆိုင်းနေသော အပင်ကြီးများအောက်၌ တွေ့ ကြရသည့်အကြောင်းကို လင်းရှင်းစွာဖြင့်ပင် နားလည်လိုက်ကြသည်။ ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်၍ ကောင်းစွာနားလည်လိုက်ကြသဖြင့် ဆက်ပြီး စောင့်ကြည့်ရန်မလိုတော့ဘဲ စိတ်ချလက်ချ အိပ်ပစ်လိုက် ကြသည်။

နောက်နေ့မိုးလင်းလျှင် အဘိုးကြီးနှင့် အမယ်ကြီးတို့ အုပ်ဆိုင်း နေသောအပင်ကြီးများအောက်ကို သွားကြည့်ကြပြန်သည်။ ကုန်ခဲ့သည့်

ရက်ကထက် ကွမ်းသီးအမှည့်များ နှစ်ဆတိုးနေသည်ကိုတွေ့ရသည်။ သည်နေ့တွင် အမှုတွဲကို လင်းရှင်းစွာသိရှိနားလည်နေကြပြီဖြစ်၍ စိုးရိမ်စရာ၊ ကြောက်လန့်စရာလည်း မလိုတော့။

ထို့ကြောင့် အဘိုးကြီးနှင့် အမယ်ကြီးတို့ ကွမ်းသီးမှည့်များကို အသေချာစစ်ဆေးကြည့်ကြသည်။ လင်းနို့ကလေးများသည် ကွမ်းသီးအမာကိုစားသောက်ခြင်းမရှိဘဲ အရည်ကြည်များကိုသာ စုပ်သောက်ထားသည်ကို တွေ့ရသည်။ အခွံထဲတွင်ရှိသော အရည်ကြည်များက ချို၍ စုပ်သောက်ကြခြင်း ဖြစ်နိုင်သည်။

အချိုရေများကုန်သွားသောအခါ ဖြုတ်ချထားခဲ့ပြီး အခင်းသို့သွား၍ နောက်တစ်လုံးသွားသယ်ဟန်ရှိသည်။ ထို့နောက် ၄င်းအတိုင်း အချိုရည်များကို စုပ်သောက်၍ ကုန်သွားသောအခါ ဖြုတ်ချခဲ့ပေလိမ့်မည်။ ကွမ်းသီးခင်းများကလည်း အဘိုးကြီး၊ အမယ်ကြီးတို့၏ခြံနှင့် တစ်မိုင်၊ နှစ်မိုင်ပတ်ဝန်းကျင်မှာပင်စီလျက် မိုးကုတ်လုမတတ် ရှိနေကြသည်။

တစ်ခုထူးဆန်းသည်မှာ အဘိုးကြီး၊ အမယ်ကြီးတို့ သည်ခြံသို့မရောက်မီအချိန်က လင်းနို့ကလေးများလည်း ကွမ်းသီးများကို သယ်ယူလာခြင်း မရှိကြပေ။ ခြံထဲတွင် ကွမ်းသီးခြောက်တစ်လုံးတလေမျှကိုပင် မတွေ့ရှိရ။ အဘိုးကြီးနှင့် အမယ်ကြီးတို့ ဒီခြံထဲသို့ရောက်လာကြမှ လင်းနို့ကလေးများ ကွမ်းသီးမှည့်သယ်ယူလာကြခြင်းမှာ ထူးဆန်းနေသည်။ ဤသည်ကို အဘိုးကြီးရော အမယ်ကြီးပါ စဉ်းစားမိကြသည်။

"ကျုပ်တို့လင်မယားက သူတို့နေကြတဲ့အဆောင်ကို မဖျက်ဆီးဘဲ ဘေးမဲ့နေခွင့်ပေးလိုက်တာကို ကျေးဇူးဆပ်တဲ့အနေနဲ့ ကွမ်းသီးအမှည့်တွေကို သယ်လာပေးကြတာဖြစ်မှာပေါ့ အဘိုးကြီးရဲ့"

ဟု အမယ်ကြီးက ပြုံးပြုံးရယ်ရယ်ဖြင့် ပြောသည်။

``အေး- ငါလည်း အဲလိုပဲထင်နေတယ်၊ တိရစ္ဆာန်သတ္တဝါတွေဆိုတာ လူတွေရဲ့စကားကို အတိအကျနားမလည်ကြပေမယ့် လူတွေရဲ့အပြုအမူကိုတော့ နားလည်ကြတယ်။ ဒါကြောင့် တစ်နေ့က ငါနဲ့အမယ်ကြီး ဓားကိုယ်စီကိုင်ပြီး သူတို့နေကြတဲ့အဆောင်ကို ဖြိုဖျက်ဖို့သွားကြတော့ သူတို့ကြောက်လန့်ပြီး တုန်နေကြတာ မတွေ့ဘူးလား၊ ဒါပေမယ့် သူတို့အဆောင်ကို မဖြိုတော့ဘူး၊ ဘေးမဲ့နေခွင့်ပေးလိုက်ပြီလို့လည်းပြောလိုက်ရော ကျိ ကျိ ကျက် ကျက်နဲ့အော်ပြီး ပျံထွက်လာကာ တို့နှစ်ယောက်ကိုတောင်မှ ပတ်ဝိုင်းပြီး ပျံကြသေးတယ်လေ၊ အဲဒါဟာ သားသမီးများက မိဘတို့ မုန့်ဝယ်ကျွေးလို့ဝမ်းသာပြီး ခုန်ဆွခုန်ဆွနဲ့ ကပြကြသလို မျိုးနေမှာပေါ့``

ဟု ပြောပြီး လင်မယားနှစ်ယောက် တိုးတိုးရယ်ကြသည်။

``ဒါပေမယ့် အမယ်ကြီး၊ ဒီကွမ်းသီးတွေဟာ တို့အတွက် စင်ကြယ်တဲ့လာဘ်လာဘတစ်ခုအဖြစ် သတ်မှတ်လို့တော့ မရဘူးကွယ်။ လင်းနို့ကလေးတွေက ကျေးဇူးဆပ်တဲ့အနေနဲ့ တို့လင်မယားကို ကွမ်းသီးမှည့်တွေကို သယ်လာပေးကြပေမယ့် ဒါဟာ ပိုင်ရှင်ရှိတဲ့အခင်းတွေက သယ်လာကြတာဖြစ်လို့ စင်ကြယ်တဲ့ရလဒ်တစ်ခုတော့ မဟုတ်ဘူး။ ဒါကြောင့် တို့နှစ်ယောက်လည်း စားတတ်မှဖြစ်မယ်။ မစားတတ်ရင် အပြစ်ရှိလိမ့်မယ်။ တစ်ဝက်ကိုလှူ၊ တစ်ဝက်ကိုစားဆိုတာမျိုးပေါ့``

``ဒါပေါ့ အဘိုးကြီးရယ်၊ တစ်သက်ပတ်လုံး သီလ၊ သမာဓိနဲ့နေလာကြတာ အခုလို အသက်အရွယ်ကြီးမှ လောဘတိုက်ပြီး အ,ကုသိုလ်ပွားနေလို့ဖြစ်မလား။ ကွမ်းသီးရောင်းလို့ရလာတဲ့ငွေကို နှစ်ပုံပုံပြီး တစ်ပုံကိုလှူတဲ့အခါ ကွမ်းသီးခင်းပိုင်ရှင်တွေကိုရော လင်းနို့ကလေးတွေကိုပါ မေတ္တာပို့ အမျှဝေပြီးမှ ကျန်တစ်ပုံကို စားကြရမှာပေါ့။ ဒီလိုသုံးစွဲစားသောက်ရင် အပြစ်လည်းမကြီးလောက်ပါဘူး``

မောင်အေးချမ်းနှင့် ကိုဇော်ဦးတို့လည်း ကွမ်းသီးခင်းမရှိဘဲ ကွမ်းသီးရောင်းစားနေကြသည့် အဘိုးကြီး၊ အမယ်ကြီးနှင့် လင်းနို့ကလေးတို့ဇာတ်လမ်းကို အစအဆုံးနားထောင်ခဲ့ကြပြီးနောက် ဆက်လက်ပြီးလေ့လာလို၍ လင်းနို့ကလေးများနေသည့်အဆောင်ဘက်သို့ ထွက်လာခဲ့ကြသည်။

အဆောင်က နှစ်ဆောင်ဖြစ်သည်။ တစ်ဆောင်နှင့်တစ်ဆောင် ဆယ်လံမျှကွာသည်။ နှစ်ဆောင်လုံးမှာပင် လင်းနို့ကလေးများ တွဲလောင်းဆွဲနေကြသည်ကို အများအပြားတွေ့ရသည်။ လင်းနို့ကလေးအားလုံးပင် အသီး၊ အရွက်၊ အပွင့် စသည်များကို စားသောက်ကြသောအကောင်များချည်းသာ ဖြစ်သည်။ အရွယ်အစားမှာ ဆက်ရက်ခန့် ရှိသည်။

လင်းနို့ကလေးများနေသည့် အဆောင်နှစ်ဆောင်ဖြစ်နေသည်နှင့်ပတ်သက်၍ အဘိုးကြီးနှင့် အမယ်ကြီးတို့က ရှင်းပြကြသည်မှာ-

"ဟိုဘက် အမိုးတွေဆွေးပြီး ပြိုလုလုဖြစ်နေတဲ့အဆောင်က နဂိုမူလအဆောင်ပေါ့။ အဲဒီအဆောင် အရမ်းဆွေးပြီး ပြိုလဲသွားရင် လင်းနို့ကလေးတွေ ဒုက္ခရောက်ကြမှာစိုးလို့ ဒီဘက်ကအဆောင်ကို အသစ်ဆောက်ပေးထားတာပါ"

မူလအဆောင်ဟုဆိုသော အဆောင်သည်ကား အတော်လေးပင် အိုဟောင်းနေသည်ကို တွေ့ရသည်။ ဓနိအမိုးများလည်း အရိုးတံမျှသာ ရှိတော့သည်။ တိုင်အချို့လည်း ခြေရင်းပြတ်ပြီး မကြာမီပင် ပြိုလဲသွားတော့မည့်အခြေအနေ၌ ရှိနေလေသည်။ ထို့ကြောင့် လင်းနို့ကလေးများလည်း အဆောင်အဟောင်းတွင် အနည်းငယ်မျှသာနေကြပြီး အားလုံးနီးပါး အဆောင်အသစ်ဆီသို့ ပြောင်းရွှေ့နေကြသည်ကို တွေ့ရသည်။ ဆယ်တောင်ပတ်လည်ခန့်ရှိသော အဆောင်ထဲတွင် လင်းနို့ကလေးများ အပြည့်ရှိနေကြသည်ကို တွေ့ရသည်။

ထူးဆန်းသည်မှာ လင်းနို့ကလေးများသည် ခြံပိုင်ရှင်အဘိုးကြီး၊

အမယ်ကြီးတို့အား ကွမ်းသီးဖြင့် လုပ်ကျွေးနေကြခြင်းပင် ဖြစ်သည်။ ခြံပိုင်ရှင်အဘိုးကြီး၊ အမယ်ကြီးတို့က သူတို့အပေါ်တွင် စေတနာထား၍နည်းတူ ပြန်လည်အကျိုးသက်ရောက်ခြင်းဟူ၍ပင် ဆိုရပေတော့မည်။ ကံတရားဟုဆိုလျှင်လည်း မှန်သည်။

ဤနေရာတွင် ကံတရားကိုသာ ယူသင့်သည်။ ခြံပိုင်ရှင်များက အဆောင်ကိုမဖြိုမဖျက်ဘဲ သူတို့အား တရားဝင်ဘေးမဲ့နေခွင့်ပြုထား၍ လင်းနို့ကလေးများက ကျေးဇူးဆပ်သည့်အနေဖြင့် ကွမ်းသီးခူးပေးနေကြသည်ဟု တိတိကျကျမယူသင့်ပေ။ လင်းနို့ကလေးများကိုမဆိုထားဘိ၊ လူနှင့် လက်ပွန်းတတီးနေကြသော ခွေး၊ ကြောင်၊ ကျွဲ၊ နွား၊ ကြက်၊ ဝက် စသည့် အကောင်ပလောင်များသည်ပင် လူတို့၏စကားကို အပြည့်အဝ နားမလည်နိုင်ကြသလို ပြန်လည်ကျေးဇူးတုံ့ဆပ်ခြင်းကိစ္စကိုလည်း ထိုမျှ နားမလည်နိုင်ကြ။

ထို့ကြောင့် ကံတရားကိုယူမှ သင့်ပေလိမ့်မည်။ ကံတရားကို အကျယ်ချဲ့လျှင်လည်း လိုသည်ထက် စာပိုကျယ်သွားနိုင်သည်။ သို့ဖြစ်၍ ကောင်းကံကိုလုပ်က ကောင်းကျိုးပေးတတ်သည်။ မကောင်းကံကိုလုပ်လည်း မကောင်းကျိုးပေးတတ်သည်။ မှန်ကိုထောင်ပြီး မိမိ၏ရုပ်ကိုကြည့်သည်နှင့်တူသည်ဟူ၍သာ လွယ်လွယ်ဖြင့် ဆုံးဖြတ်ရမည် ဖြစ်သည်။

ကောင်းကျိုးကိုလိုလားသူတို့ မှတ်ဖွယ်တစ်ရပ်လည်းဖြစ်သည်။

## ၉။ နွားအိုကြီးများနှင့်စပ်သည့် ကျေးဇူးတရား

နွားအိုကြီးများ ဟူသည်မှာ လယ်ယာလုပ်ငန်းခွင်တွင် အလုပ်မလုပ်နိုင်တော့သော၊ လှည်းမရုန်းနိုင်သောနွားများပင် ဖြစ်သည်။ အသက်အရွယ်ရလာသောကြောင့် ဇရာပိုင်းသို့ရောက်ရှိလာ၍ နွားပျိုများနည်းတူ အလုပ်မလုပ်နိုင်ကြခြင်း ဖြစ်သည်။

အချို့နွားပိုင်ရှင်များက ထိုနွားအိုကြီးများကို သတ်စားလေ့ရှိကြသည်။ အချို့က ကိုယ်တိုင်မသတ်ရက်သဖြင့် သတ်ဖြတ်မည့်လူများအား ရောင်းပစ်ကြ၏။ အချို့က ကိုယ်တိုင်လည်းမသတ်၊ သူတစ်ပါးတို့ကိုလည်း သတ်ဖြတ်ခွင့်မပြုဘဲ ဘေးမဲ့ပေးကာ တရိတသေမွေး၍ သေသွားသောအခါ ကောင်းမွန်စွာဖြင့် မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြ၏။

အချို့လယ်သမားကြီးများက ခိုင်းနွားကြီးများကို လယ်ထွန်၊ ကိုင်းထွန်ပေးခြင်း၊ လှည်းရုန်းပေးခြင်းတို့ကြောင့် ကျေးဇူးရှင်ဟု ဆိုကြ၏။ အချို့က ခိုင်းနွားကြီးတို့၏ကျေးဇူးကို သိတတ်လွန်းသောကြောင့် မိဘများနှင့်ပင် ခိုင်းနှိုင်းပြီး ဂုဏ်တင်၍ စကားဆိုကြသည်။ နွားအိုကြီးများကို တရိတသေမွေး၍ သင်္ဂြိုဟ်ပြီးနောက် ကောင်းရာမွန်ရာကိုရောက်စေရန်အတွက် အလှူအတန်းပင် ပြုလုပ်ပေးလိုက်ကြသေးသည်။

ထိုကဲ့သို့ နွားတို့၏ကျေးဇူးကိုသိတတ်သူနှင့် မသိတတ်သူဟု ကွဲပြားလျက်ရှိသည်။ နောက် ထို့ထက် နွားအိုကြီးတို့ကျေးဇူးကိုသိတတ်သော လူတစ်ယောက်လည်း ရှိသေး၏။ ထိုလူမှာ ဦးကြာညိုဖြစ်၏။ ဦးကြာညိုကို မောင်အေးချမ်းက အဘိုးဟုခေါ်ရ၏။ သို့သော်သွေးစပ်သောအဘိုး မဟုတ်ပေ။

မောင်အေးချမ်းအဘိုး၏ ညီတစ်ယောက် ဦးကြာညို၏ညီမနှင့် သုံးနှစ်မျှညားခဲ့ဖူး၍သာ ဖြစ်၏။ ထို့ကြောင့် ဘိုးလေးနှင့် ဦးကြာညို၏ညီမ ကွာရှင်းသွားကြပြီဖြစ်သော်လည်း ၄င်းတို့နှစ်ယောက် သွေးနှောခဲ့ဖူး၍ပင် မောင်အေးချမ်းက ဦးကြာညိုအား အဘိုးဟုခေါ်ခြင်းဖြစ်သည်။

ဘိုးလေးကွယ်လွန်သွားသည်မှာ နှစ်ပေါင်းသုံးဆယ်နီးပါးရှိခဲ့ပြီ ဖြစ်သော်လည်း ဦးကြာညိုကွယ်လွန်သွားသည်မှာကား သိပ်ပြီးမကြာသေးပေ။ မောင်အေးချမ်း စာရေးဆရာပေါက်စဖြစ်ပြီးမှ ကွယ်

လွန်သွားသည်။ ဦးကြာညို၏အသက်ကို တိတိကျကျမသိသော်လည်း ရှစ်ဆယ်ကျော် ကိုးဆယ်နီးပါးနေခဲ့ရပေမည်။

ငွေတာရီ၊ ဂျီအီးစီ၊ ရောင်ပြန်၊ လျှို့ဝှက်ဆန်းကြယ် စသော မောင်အေးချမ်း၏ ဝတ္ထုတို၊ ဆောင်းပါးများပါသည့် မဂ္ဂဇင်းများကို ပင် ဦးကြာညို ငှားဖတ်ခဲ့သေးသည်။ ငွေတာရီမဂ္ဂဇင်းတွင်ပါသော "တို့ငယ်ငယ်တုန်းက" အမည်ရှိ ရွာအကြောင်းကိုရေးဖွဲ့ထားသော ဝတ္ထုတိုကို အလွန်ကြိုက်သည့်အကြောင်း လေး၊ ငါးကြိမ်မက ပြော ခဲ့ဖူးသည်။

ထိုဦးကြာညိုသည်လည်း နွားအိုကြီးတို့၏ကျေးဇူးကို အလွန် သိသည်။ သူမတူအောင် ထူးထူးခြားခြားသိသည်ဟူ၍ပင် ဆိုနိုင်သည်။ နွားအိုကြီးတို့၏ကျေးဇူးကို ထူးခြားစွာသိပြီး ထူးခြားစွာဖြင့် ကျေးဇူး ဆပ်ခဲ့သောကြောင့်လည်း တစ်စုံတစ်ခုသော ထူးခြားသည့်အကျိုးကျေး ဇူးကို ခံစားရသည်ဟု ဆိုရမည်။

❦ ❦ ❦

ဦးကြာညိုကို သူတော်ကောင်းဟုဆိုရန်လည်း ခဲယဉ်းသည်။ သူတော်မကောင်းဟုဆိုဖို့လည်း ခက်သည်။ အဘယ်ကြောင့်ဆိုသော် ဦးကြာညိုသည် ပတ်ဝန်းကျင်လူများနှင့် သိပ်ပြီးရောရောယှက်ယှက် မရှိပေ။ စကားလည်း အလွန်နည်းသည်။ မျက်နှာမှုန်ကုတ်ကုတ် ဖြင့် နေတတ်သည်။ ဘေးလူများကခေါ်လျှင်လည်း ထူးချင်မှထူးသည်။ မထူးချင်မထူး။

သူ့အားခေါ်သောလူနှင့် ရန်ဖြစ်ထား၍လည်းမဟုတ်။ သူ့ ဘာသာ စိတ်တို၊ စိတ်ကောက်နေ၍လည်းမဟုတ်၊ သူ့ဗီဇသာ ဖြစ်သည်။ ပတ်ဝန်းကျင်ကို ဂရုမစိုက်သည့်သဘောမျိုးလည်း မရှိ။ စိုက်သင့်သလောက် စိုက်သည်သာ ဖြစ်သည်။ လူအများနှင့် မယှတ်

မလွန် ဆက်ဆံသည်ဟုပင် ဆိုရမည်လားမသိ။

ရပ်ရွာ၌ သာရေး၊ နာရေးကိစ္စများရှိနေလျှင် သူ့အိမ်တွင် မည်မျှအထိပင် အလုပ်များနေသည်ဖြစ်စေ ဦးကြာညို ရောက်လာတတ်မြဲဖြစ်သည်။ သာရေးထက် နာရေးကို ပိုပြီးဂရုစိုက်သည်။ ရှင်ပြု၊ မင်္ဂလာဆောင် စသော သာရေးကိစ္စများကို ငွေကူခဲ့ကာ တည်ကျွေး ဧည့်ခံသည်ကို ပင်မစား၊ မသောက်ဘဲ ချက်ချင်းပြန်လာတတ်သော အခါမျိုးရှိသော်လည်း [illegible]မကျန်းဖြစ်နေသူ၊ သေဆုံးသူ စသော နာရေးကိစ္စရှိလျှင်ကား ည[illegible]ပ၍အထိပင် စောင့်ရှောက်ပေးလေ့ ရှိသည်။

ထိုသို့သဘောရှိသောကြောင့် ရွာသားများက ဦးကြာညိုကို လေး စားမှုရှိကြသော်လည်း အနီးကပ်ဆက်ဆံသူဟူ၍ကား မရှိကြပေ။ ဦးကြာညိုက ရွာသူရွာသားများ မယုတ်မလွန်ဆက်ဆံသလို ရွာသားများကလည်း ပြန်၍ ဦးကြာညိုအား မယုတ်မလွန်သာ ဆက်ဆံကြသည်။

ဦးကြာညိုကို ရွာသူဌေး၊ တောသူဌေး စသည်ဖြင့် သတ်မှတ်မည်ဆိုက သတ်မှတ်နိုင်သည်။ သူတို့လင်မယား၏ နှစ်ဖက်မိဘတို့မှ ဆင်းသက်လာသော လယ်ယာဥယျာဉ် ကေပေါင်းများစွာရှိသလို သူကိုယ်တိုင် ဝယ်ယူစုဆောင်းထားသော လယ်ယာဥယျာဉ်များလည်း မနည်းချေ။ မည်သည့်လယ်ယာဥယျာဉ်ကိုမျှ ကိုယ်တိုင်မလုပ်ဘဲ အငှားချပြီးထိုင်စားလျှင်ပင် စားလောက်သည်။

သို့သော် ဦးကြာညိုသည် သူပိုင်သော မည်သည့်လယ်ယာဥယျာဉ်ကိုမျှ မျက်နှာလွှဲ၍ သူတစ်ပါးတို့အား ငှားရမ်းထားခြင်းမရှိပေ။ သူတို့လင်မယားမှ ပွားစီးထားကြသည့် သားသမီးသုံးယောက်နှင့်သာ ကိုယ်တိုင်လုပ်ကိုင်သည်။ သားသမီးများနှင့်လုပ်ကိုင်၍ မနိုင်မှ လူငှား ထည့်သင့်ကထည့်သည်။

ရွာထဲတွင် လေးပင်တိုင်အိမ်ကြီးကို ဟည်းနေအောင်ဆောက် လုပ်ထားသော်လည်း ရွာထဲတွင်မနေဘဲ ရွာဦးနှင့်အနည်းငယ်လှမ်း

သော တစ်နေရာတွင် သူ၏လယ်၊ ကိုင်း၊ ကြံခင်းနှင့် ဥယျာဉ်များ ရှိသည့်နေရာမှာ သာနေသည်။ ထိုနေရာတွင်လည်း သစ်အိမ်ကြီး တစ်လုံးကို ဟည်းနေအောင် ဆောက်လုပ်ထားသည်။

မိုးရာသီတွင်လယ်လုပ်ပြီး နွေရာသီတွင် ကိုင်းခင်း၊ ကြံခင်းနှင့် ဆေးရွက်ကြီးခင်းများကို လုပ်ကိုင်သည်။ ဤသည်မှာ ရာသီပေါ်သီးနှံ လုပ်ခင်းများဖြစ်ပြီး သုံးရာသီပတ်လုံး မပြတ်လုပ်ကိုင်နေရသည့် ဥယျာဉ်ခင်းကြီးကိုလည်း နိုင်သမျှ ချဲ့၍လုပ်ကိုင်သည်။ အဝေးလုပ်ခင်းများကိုလည်း သည်ဥယျာဉ်တဲအိမ်ကြီးကပင် လှမ်းပြီးလုပ်ကိုင်သည်။

ရွာထဲတွင်ရှိသည့်အိမ်သို့မူ အကြောင်းကိစ္စရှိမှလာသည်။ မရှိလျှင်မလာ။ ဥယျာဉ်ထဲ အိမ်ကြီးမှာပင် သူ့အလုပ်သူလုပ်ကိုင် ပြီးနေသည်။ အခြားလူများနှင့် ခပ်ကင်းကင်း တည်တည်အေးအေးနေချင်သည့် ဦးကြာညိုက ထိုဥယျာဉ်တဲကြီးတွင် နေထိုင်ရသည်ကို သာ၍ပင်ပျော်မွေ့ဟန်ရှိသည်။

ဦးကြာညိုကို လူတစ်မျိုးဟုဆိုကလည်း ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အခြားလူများမှာ ရှစ်ရက်၊ လပြည့်၊ လကွယ်နေ့များတွင် ဘုန်းကြီးကျောင်းကိုသွားပြီး ဥပုသ်စောင့်လေ့ရှိကြသော်လည်း ဦးကြာညိုကား သူများနည်းတူ ဥပုသ်စောင့်ချင်မှစောင့်သည်။ မစောင့်ချင်လျှင် မစောင့်။

ဝါဝင်၊ ဝါကျွတ်၊ သင်္ကြန် စသော အခါကြီးရက်ကြီး ဥပုသ်နေ့များမှာပင် စောင့်ချင်မှစောင့်သည်။ သူစိတ်ကူးရ၍ စောင့်ချင်သောအခါတွင်မူ ဥပုသ်နေ့မဟုတ်သည့်တိုင်အောင် ငါးရက်၊ ဆယ်ရက်ဆိုသလို ရက်ရှည်ဥပုသ်စောင့်ချင် စောင့်နေပြန်သည်။ ဤသည်မှာလည်း ဗေဒင်ဆရာကဟော၍၊ ဘိုးတော်ကပြော၍မဟုတ်ပေ။ အိမ်မှာ အလုပ်အကိုင်ပါး၍၊ ကျန်းမာရေးမကောင်း၍၊ အိပ်မက်ဆိုးမြင်မက်၍လည်း မဟုတ်ပေ။ သူ့သဘောအတိုင်း ကောက်လုပ်ခြင်းသာ ဖြစ်သည်။

တစ်ခါတလေ လှေတစ်စီးကိုငှားပြီး နိဗ္ဗာန်ကူးတို့သော်လည်း ချပို့ပေးနေသည်။ သူ့လက်ထွက် ကြံ့သ ကာများကိုသော်လည်း လာဝယ်ကြသူများအား ငွေမယူဘဲ တစ်နေကုန်တစ်နေခန်း ပေးလှူနေပြန်သည်။ ဤသည်မှာလည်း သူမွေးနေ့ကြောင့်ပေးလှူနေခြင်းမဟုတ်သလို သူ့မိန်းမ၏မွေးနေ့ကြောင့်လည်းမဟုတ်။ သားသမီးများ၏မွေးနေ့ကြောင့်လည်း မဟုတ်။ သူစိတ်ကူးရ၍ ကုသိုလ်ထလုပ်ခြင်းသာဖြစ်သည်။

ဦးကြာညိုသည် တစောက်ကန်းသဘောကိုဆောင်သော်လည်း အ,ကုသိုလ်ကို လုံးဝမလုပ်ပေ။ ကံငါးပါးတွင် မည်သည့်အ,ကုသိုလ်မျှမလုပ်။ ကြမ်းတမ်းရိုင်းပျသောစကားများကိုပင် ပြောဆိုလေ့မရှိ။ သမ္ဖပ္ပလာပ - ယုတ်ညံ့ပိန်ဖျင်းစကားများကိုလည်း ကိုယ်တိုင်ပြောဆိုလေ့မရှိသလို သူတစ်ပါးပြောဆိုသည်ကိုလည်း ရယ်ခြင်း၊ ပြုံးခြင်းမရှိပေ။

ဦးကြာညိုသည် ကမ္ဘာ့ဒုတိယစစ်ကြီးပြီးစတွင် လုပ်ငန်းတစ်ခုတိုးချဲ့လာ၏။ ဦးတည်ချက်တစ်ခု ပြောင်းလာသည်ဟုဆိုလျှင်လည်း မှန်၏။ ဦးစွာ နွားစားကျက်ကုန်းကြီးကို ကျယ်ပြန့်စွာဖြင့်ခုတ်လုပ်လာခြင်းပင် ဖြစ်၏။ သူ့လယ်နှင့်စပ်လျက် အရှေ့ဘက်တောသည် ရခိုင်ရိုးမကြီး၏ တောင်လက်မောင်းဖြစ်၍ ကြိုက်သလောက်ချဲ့၍ရသည်။ ကေမည်မျှအထိပင် ချဲ့ထွင်ခုတ်လုပ်သော်လည်း ကုန်နိုင်ဖွယ်မရှိပေ။

နွားစားကျက်ကုန်းကြီးကို ကျယ်ကျယ်ခုတ်ထွင်ပြီး မြက်သီးများကြဲ၍ မြက်သားမြက်ကောင်းများ တောထလာပြီးနောက် တောင်ခြေတွင် နွားရုံကိုလည်း ကြီးကြီးဆောက်လုပ်သည်။ ထို့ကြောင့် ရွာသားများက ဦးကြာညိုသည် နွားမွေးမြူရေးလုပ်တော့မည်ဟု ယူဆနေကြသည်။ နွားစားကျက်ကို ကျယ်ကျယ်ခုတ်ခြင်း၊ နွားရုံကြီးကို ကြီးကြီးဆောက်လုပ်ခြင်းအားဖြင့် နွားမွေးမြူရေးလုပ်ငန်းမှလွဲ၍ အခြားလည်း မရှိပေ။

ရခိုင်ရိုးမတောင်ခြေတွင်ဖြစ်၍ ရာသီဥတုညီမျှသောကြောင့် မြက်ကောင်း၊ ရေကောင်းလည်း ရရှိသည်။ ထို့ကြောင့် နွားမွေးမြူရေးလုပ်လျှင်လည်း စီးပွားဖြစ်သည်သာ ဖြစ်၏။ နွားကောင်းနွားသန့်များကို မွေးထုတ်နိုင်သောကြောင့် ကြိုက်စျေးရောင်းရသဖြင့် စျေးကောင်းလည်း ရနိုင်၏။

သို့သော် ဦးကြာညိုကား ရွာသားများထင်ထားသလို မဟုတ်ပေ။ နွားမွေးမြူရေးလုပ်ကိုင်သည်မှာမှန်သော်လည်း စီးပွားဖြစ်မည့် နွားမွေးမြူရေး မဟုတ်ပေ။ နွားပျိုများကို မွေးထုတ်ရောင်းစားသည့် နွားမွေးမြူရေးလုပ်ငန်းမျိုးမဟုတ်ဘဲ နွားအိုကြီးများကို ကယ်တင်စောင့်ရှောက်သော နွားမွေးမြူရေးမျိုးသာ ဖြစ်သည်။

နွားများကို တဝခိုင်းပြီး ခိုင်း၍မရသည့်အထိ အိုမင်းသွားသော နွားအိုကြီးများကို သတ်ဖြတ်စားသောက်ကြခြင်းဘေးမှ လွတ်မြောက်စေရန်အတွက် ကယ်တင်ခြင်းမျိုးဟု ဆိုလျှင်လည်း မှန်သည်။ ထို့ကြောင့် စီးပွားရေးနှင့်မစပ်ဘဲ ကယ်တင်ခြင်းတည်းဟူသော ဇီဝိတဒါနနှင့်သာစပ်သည်။

ဦးကြာညိုသည် ဦးစွာ နွားအိုကြီးများကို မပြုစုမစောင့်ရှောက်လိုကြသောလူများထံ၌ အလှူခံ၏။ တရိုတသေပြုစုစောင့်ရှောက်ပေးမည့် အကြောင်းကိုလည်း ပြောပြသည်။ ထို့ကြောင့် နွားအိုကြီးများကို မပြုစု မစောင့်ရှောက်လိုသူများက ပေးသူလည်းရှိသည်။ မပေးသူလည်းရှိသည်။

မပေးသူများမှာ မိမိတို့၏နိုင်းနွားအိုကြီးများကို မိမိတို့ဘာသာပြုစုစောင့်ရှောက်ကြမည်ဖြစ်၍ မပေးကြခြင်း ဖြစ်သည်။ တချို့က ရောင်းစားလို၍ မပေးခြင်းဖြစ်ပြီး တချို့က သတ်စားလို၍ မပေးကြခြင်း ဖြစ်သည်။ ပုဂ္ဂိုလ်အလိုက်၊ စာရိတ္တအလျောက် အမျိုးမျိုး အဖုံဖုံသာ ဖြစ်သည်။

ထို့ကြောင့် နောက်ဆုံးတွင် စေတနာကာဖြင့် ပေးသူလည်းပေး

စေ။ ငွေကြေးဖြင့် ရောင်းလိုကလည်း ငွေပေးချေပြီး ဝယ်ယူမည်။ သတ်စားကြမည့်သူများဖြစ်လျှင်လည်း အသားထွက်မည့်တန်ဖိုးကို ခန့်မှန်းတွက် ချက်ဆုံးဖြတ်ပြီး ဝယ်ယူမည်ဟူ၍ပင် သတင်းလွှင့်ကြေညာပြီး စေတနာဖြင့်ရသော နွားအိုကြီးများကိုရရှိသလို ငွေကြေးဖြင့်ဝယ်ယူသင့်သော နွားအိုကြီးများကိုလည်း ဝယ်ယူစုဆောင်းလေသည်။

ငွေဖြင့်ဝယ်ယူရသော နွားအိုကြီးများမှာလည်း နွားအိုဖြစ်သည့်အလျောက် သိပ်ပြီး ဈေးကြီးပေးရခြင်းကားမရှိပေ။ အသားထွက်နှုန်းကို ခန့်မှန်းတွက်ချက်ပြီးသာဝယ်ယူရသဖြင့် ထိုက်သင့်ရုံမျှသာ ပေးရသည်။

စားကျက်ကုန်းကျယ်ကြီး၏တောင်ခြေတွင် ရုံတန်းကြီးကို ကျယ်ကျယ်ဆောက်လုပ်ပြီး နွားအိုကြီးများကို ချောင်ချောင်ချိချိနေစေသည်။ ခြင်၊ မှက်၊ ဖြုတ်၊ ပိုးမွှားများကိုက်ခဲခြင်းမှ သက်သာစေရန်အတွက် ထင်းမီးဖိုကြီးကိုလည်း လေး၊ ငါးဖို ဖိုပေးထားသည်။

နွားအိုကြီးများ ဟူသည်မှာ နွားပျိုများကဲ့သို့ ရရာမြက်သစ်ရွက်များကို ဝါးစားနိုင်ခြင်း မရှိကြပေ။ "နွားအိုမြက်နုကြိုက်" ဆိုသည့်အတိုင်း မြက်နုများကိုသာ ကြိုက်ကြသည်။ ထို့ကြောင့် ဦးကြာညိုသည် နွေရာသီမှာပင် မြက်နုရအောင် ဖန်တီးပေးထားသည်။

နွေရာသီ၌ မြက်နုရအောင် ဖန်တီးလုပ်ကိုင်ရသည်မှာ ဦးကြာညိုအနေဖြင့် သိပ်ပြီး အခက်အခဲမရှိပေ။ စားကျက်ကုန်းကြီး၏ အထက်လျှိုမြောင်များမှ စမ်းရေများကို ဝါးတံလျှောက်ကြီးများဖြင့် သွယ်ယူကာ စားကုန်းကြီးနေရာအတော်များများသို့ ဖြန့်ပို့ထားသည်။

ထို့ကြောင့် ဦးကြာညို၏ စားကျက်ကုန်းတွင် နွေရော မိုးပါ မြက်နုမပြတ်ပေ။ နွားအိုကြီးများလည်း မြက်နုစားရ၍ နွားအိုဟူ၍ပင်မထင်ရဘဲ နွားပျိုများကဲ့သို့ပင် တစ်သွေးတစ်မွေး ဝဖြိုးလာကြသည်။ တိရစ္ဆာန်တိုင်းပင် အစာရေစာကို ဝလင်စွာဖြင့်စားသောက်ရ

လျှင် ဝဖြိုးကြသည်သာ ဖြစ်သည်။

မြက်ကောင်းခြင်း၊ ရေကောင်းခြင်း၊ အိပ်ရာနေရာကောင်းခြင်းတို့ကြောင့် နွားအိုကြီးများအဖို့ ဦးကြာညိုထံသို့ရောက်လာကြသည်ကို ကံကောင်းသည်ဟုပင် ဆိုနိုင်သည်။ သေဘေးမှလွတ်မြောက်လာကြသော နွားအိုကြီးများအဖို့ ကံကောင်းရုံသာမက ကံထူးသည်ဟူ၍ပင် ဆိုနိုင်လေသည်။

ဦးကြာညိုသည် နွားအိုကြီးများကို အစာရေစာနှင့် အိပ်ရာနေရာများကို ကောင်းအောင်ဖန်တီးပေးထားရုံသာမက တစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ်လည်း နွားအိုကြီးများအား တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် ခေါ်ပြပေးသေးသည်။ လိုအပ်လျှင် ကျန်းမာနေကောင်းလာသည်အထိလည်း ကုသပေးသည်။

သက်တမ်းကုန်၍ သေဆုံးသွားသော နွားအိုကြီးများကိုလည်း မြေမြှုပ်ပြီး ကောင်းမွန်စွာပင် သင်္ဂြိုဟ်ပေးသည်။ ရဟန်းသံဃာတော်များကို ပင့်ဖိတ်ပြီးလည်း ဆွမ်းဝတ္ထုကပ်လှူကာ နွားအိုကြီးများ ကောင်းရာသုဂတိသို့ရောက်ရှိစေရန်အတွက် အမျှအတန်းဝေပေးသေးသည်။

ထို့ကြောင့် ဦးကြာညိုသည် နွားအိုကြီးများအား ထိန်းသိမ်းစောင့်ရှောက်ပုံမှစ၍ နောက်ဆုံးခရီးကို ပို့ပေးသည်အထိ ကောင်းမွန်သောကြောင့် သတင်းကြီး၍လာ၏။ နွားအိုကြီးများကိုလည်း ဟိုမှသည်မှလာပို့ကြ၏။ သို့ဖြစ်၍ ဦးကြာညို၏နွားအိုရုံ၌ နွားအိုကြီးများ တစ်နေ့ထက်တစ်နေ့ များပြားလာလေသည်။

တချို့ မိမိတို့ကိုယ်တိုင် ကျေးဇူးဆပ်သည့်အနေဖြင့် တရိတသေမွေးမည်ဟုပြောဆိုနေကြသည့်လူများပင် ဦးကြာညို နွားအိုကြီးများအား ပြုစုပုံများကိုသဘောကျပြီး လာပို့ကြသည်မှာလည်း မနည်းချေ။ တချို့ ရပ်ဝေးမှသတင်းကိုစုံစမ်းပြီး လာပို့ကြသည်များလည်း ရှိကြသည်။

တစ်နေ့သောအခါတွင် ဦးကြာညိုသည် နွားအိပ်ရာများကို သန့်ရှင်းပြီး မြေညှိနေ၏။ နွားအိပ်ရာဟူသည်မှာ အမြဲတမ်း ပြန့်ပြူးညီညာ၍မနေပေ။ ကျင်ကြီးများကိုကျုံးပစ်ရခြင်း၊ ကျင်ငယ်များကို ခွက်ဖြင့်ခပ်ထုတ်ရခြင်းကို မပြတ်လုပ်ပေးနေရသောကြောင့် မကြာခဏပင် နွားအိပ်ရာမြေများ မညီမညာဖြစ်ကာ ချိုင့်ခွက်များလည်း ဖြစ်ပေါ်လာတတ်သည်။ အဖုအမောက်များလည်း ဖြစ်လာတတ်သည်။

ထို့ကြောင့် အဖုအမောက်များကို ဖဲ့တန်ဖဲ့၊ တူးတန်တူး၊ ချိုင့်ခွက်များကိုလည်း ဖို့တန်ဖို့၊ ဖြည့်တန်ဖြည့် လုပ်ကိုင်ပေးနေရသည်။ သည်အတိုင်းထားလျှင် နွားအိပ်ရာများ ပျက်သည်ထက် ပိုပျက်လာတတ်သည်။ ထိုအခါ နွားများ အအိပ်ရ၊ အနေရခက်ကြပေလိမ့်မည်။ ဤကဲ့သို့ဖြစ်ရမည်ကို ဦးကြာညို မလိုလားပေ။

ဦးကြာညိုကား မေတ္တာ၊ ကရုဏာနှင့်ပေါင်းစပ်ထားသော စေတနာသမား ဖြစ်သည်။ မည်သည့်လုပ်ငန်းကိုဖြစ်စေ စေတနာဦးစီးသည်။ စေတနာဦးစီးသောအလုပ်ကိုမှ လုပ်သည်။ စိတ်မပါ၊ စေတနာမရှိ၊ သူတစ်ပါးတို့အပေါ်တွင်အားနာ၍ စသော အလုပ်မျိုးကို ဦးကြာညို လုပ်လေ့မရှိပေ။

မေတ္တာနှင့် ကရုဏာပါသောစေတနာဖြင့်သာ အလုပ်လုပ်သည်။ စေတနာပါသောအလုပ်သည်သာ ကံမြောက်သည်။ ကံမြောက်သောကြောင့် စေတနာပါသောကံကသာ အကျိုးပေးသည်။ သို့သော် ဦးကြာညိုကား အကျိုးကိုမျှော်ပြီး အလုပ်လုပ်သည်မဟုတ်။ မည်သည့်အခါမျှ အကျိုးရလဒ်ကိုမမျှော်။ လုပ်သင့်သည့်အလုပ်ကိုသာလုပ်ခြင်း ဖြစ်သည်။

အကျိုးရလဒ်ကိုမျှော်ပြီး လုပ်သောအလုပ်သည် ကုသိုလ်ရသည်မှာ မှန်၏။ သို့သော်လည်း အဆင့်နိမ့်၏။ အကျိုးရလဒ်ကိုမမျှော်၊ အာရုံလည်းမစိုက်ဘဲ လုပ်သောအလုပ်သည်သာ အဆင့်မြင့်၏။

အလှူပေးခြင်း၊ သီလစောင့်ခြင်း စသော ကုသိုလ်လုပ်ငန်းများမှာပင် အကျိုးကိုမျှော်မှန်းပြီးပြုလုပ်သော ဒါန၊ သီလကုသိုလ်တို့သည် လောကီအရာ၊ လောကီဝဋ္ဋမျှသာဖြစ်၏။ မဟာပုည - မဟာကုသိုလ် မဖြစ်ပေ။ ရလဒ်ကိုငဲ့ကွက်တောင်းတခြင်း စသော အတ္တပါနေသောကြောင့် အနတ္တသို့ မရောက်။ အနတ္တသို့မရောက်လျှင် အပါယ်ဝဋ္ဋနှင့်လည်း မကင်းသေးဟု သိအပ်၏။

အကျိုးကိုမမျှော်၊ ရလဒ်ကိုမငဲ့ကွက်ဘဲ လုပ်သင့်သည်ကို လိုက်၍လုပ်သော ကုသိုလ်တရားများသည်သာ မဟာပုည ဖြစ်၏။ စင်ကြယ်ဖြူဖြောင့်သော အရိယာတို့၏အနွယ်သို့လည်းရောက်၏။ အနတ္တကုသိုလ်ဟုလည်း ဆိုရ၏။ အလောင်းတော်ကြီးတို့၏ သွားရာလမ်းပြုလုပ်သောလုပ်ငန်းဟုလည်း ဆိုရ၏။

အလှူကမ္မချင်းတူသော်လည်း ရလဒ်ချင်းခြားနား၏။ ကွဲပြားရှင်းလင်းစွာဖြင့်လည်း မြင်သာ၏။ ထိုထိုအလှူကမ္မ ပုဂ္ဂလတို့သည် အမြင့်မြတ်ဆုံးသို့ မရောက်ရှိသေးသော်လည်း ရောက်နေသည်သာဖြစ်၏။ တည်နေဆဲဘဝမှာပင် အမြင့်မြတ်ဆုံးပုဂ္ဂိုလ် ဖြစ်နေ၏။ ပြုလုပ်နေဆဲအလုပ်သည် ပရမတ်ဖြစ်သောကြောင့် ဖြစ်၏။

⁘ ဂတ် ⁘

ဦးကြာညိုသည် နွားအိပ်ရာ မြေပြင်များ ညီညာစေရန်အတွက် မြေညှိရန်တူးဆွနေဆဲမှာပင် တူရွင်းဖြင့် တစ်စုံတစ်ခုကိုတူးမိ၏။ မြေအိုးနှုတ်ခမ်းပဲ့တစ်ခုကို တူရွင်းဖြင့်ထိုးမိခြင်း ဖြစ်သည်။ ကိုင်ပြီးနဲ့ကြည့်တော့မရ။ မြေထဲသို့ အတော်လေးပင် နစ်မြုပ်နေသေးသည်ဟု ထင်ရသည်။

နွားများနင်းထား၍ မြေကျစ်သောကြောင့် ခက်ခက်ခဲခဲဆက်တူးရင်းက ပေါ်လာသောအခါမှ မြေအိုးနှုတ်ခမ်းပဲ့မဟုတ်ဘဲ မြေအိုးကြီးတစ်လုံး၏ နှုတ်ခမ်းဖြစ်နေကြောင်းကို တွေ့လိုက်ရသည်။ ထို့ကြောင့် ဦးကြာညိုလည်း မြေမညှိတော့ဘဲ အိုးကြီးကိုသာ မပြီးတူးလိုက်

လေသည်။

မြေအိုးကြီးက အလုံးစုံပေါ်လာပြီဖြစ်သော်လည်း အပေါ်သို့ ဆွဲတင်၍ရနိုင်သော အခြေအနေမရှိပေ။ မြေအိုးကြီးက ရေနစ်လုံး ဆန့်ခန့် ရှိသည်။ စဉ့်အိုးလည်းမဟုတ်၊ သောက်ရေအိုးနှင့်တူသော မြေအိုးကြီးတစ်လုံးသာ ဖြစ်သည်။ မူလကပင် မီးအဖုတ်နာ၍ထင် သည်။ အိုးကြီးတစ်ခုလုံး စဉ့်ရောင်ဖြစ်နေသည်။

အိုးထဲတွင် တစ်ခုခုတော့ရှိမှာပဲဟု ဦးကြာညို နားလည်လိုက် သည်။ ထို့ကြောင့် အပေါ်ကအုပ်ထားသော မြေခွက်လေးကို သရိုး များဖယ်ထုတ်ပြီး ဖွင့်ကြည့်လိုက်သည်။ ထိုအခါ ဦးကြာညို အံ့သြ သွား၏။ အထဲတွင် ရွှေစများအပြည့်ရှိနေသည်။ လက်ဝတ်ရတနာ များလည်းမဟုတ်ဘဲ ရွှေစလေးများမှာ နန္ဒင်းတက်ကဲ့သို့သာတူသည်။

ဦးကြာညိုသည် အိုးကြီးထဲမှရွှေများကို လက်ဖြင့်တစ်ဆုပ် နှိုက်ယူပြီး မြေပြင်တွင်ဖြန့်ချကာကြည့်သည်။ အားလုံး ဝင်းဝင်း ပြောင်လျက် ရွှေအစစ်သာ ဖြစ်သည်။ ဦးကြာညိုက သာမန်လယ် သမားတစ်ယောက် ဖြစ်သော်လည်း ရွှေငွေရတနာများဖြင့် မစိမ်းပေ။ ရွာသူဌေးတစ်ယောက် စာရင်းဝင်ဖြစ်နေသောကြောင့် နှစ်စဉ် သူ၏ လယ်ယာမှရသော ငွေကြေးဖြင့် ရွှေများ ငါးကျပ်မှ ဆယ်ကျပ်အထိ ဝယ်စုလေ့ ရှိသည်။

သူစုဆောင်းထားသော ရွှေများကို တွင်းတူးပြီးမြှုပ်နှံလေ့ရှိ သလို တူးဖော်လိုက်၊ နေရာပြောင်းလိုက်၊ ပြန်မြှုပ်လိုက်လည်းလုပ်လေ့ ရှိသည်။ ထို့ကြောင့် သာမန်လယ်သမားတစ်ယောက်သာဖြစ်သော် လည်း ရွှေငွေအကြောင်းကို ဦးကြာညို ကောင်းစွာနားလည်သည်။

ဦးကြာညိုသည် ရွှေစများကိုတစ်အောင့်ကြာအောင် လက်ဖြင့် ပွတ်သပ်ကိုင်ကြည့်နေပြီး စဉ်းစား၏။ ရှေ့ကဤရွှေစများကို တစ်စုံ တစ်ယောက်ကပင် ပိုင်ဆိုင်လေသလား။ သို့တည်းမဟုတ် သူ့အား နတ်ပေး၍ပင် ရရှိလေသလား။ ဥစ္စာစောင့်တည်း ဟူသော နာနာဘာဝ

တစ်မျိုးတို့ကပင်ပေးခြင်း ဖြစ်လေသလား။

လူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်မှုမရှိ၊ ပိုင်ရှင်မဲ့ရွှေစများသာ ဖြစ်မည်ဟု ယူဆသည်။ လူတစ်ဦးတစ်ယောက်ပိုင်ဆိုင်သော ရွှေစများသာဖြစ်လျှင် လက်ဝတ်ရတနာ စသည်ဖြင့် တစ်ခုခုသော်လည်း ပါဝင်သင့်သည်။ ယခုမူ လက်ဝတ်ရတနာနှင့်တူသော ရွှေစဟူ၍ တစ်စုံတစ်ခုမျှ မပါရှိပေ။ နှင်းတက်ဖြင့် တူသော အပိုင်းအစ ကလေးများသာ ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ဤရွှေစများသည် မိမိပိုင် ဖြစ်နေချေပြီ။ ကုသိုလ်ဖြစ်အောင်သုံးစွဲတတ်ရန်လည်းလိုသည်။ ဦးကြာညို အနေဖြင့် လက်ရှိပြုလုပ်နေဆဲအတိုင်း နွားအိုကြီးများအား ဘေးမဲ့ နှစ်ခု ဓိဝိတပြုစုပေးရေးကိုသာ အားသန်သည်။ ဤလုပ်ငန်းက ကုသိုလ်ကြီးသလို အနှောင့်အယှက်လည်းကင်းသည်။

သို့သော် အနှောင့်အယှက်မကင်း၊ စိတ်မချရသည့်အကြောင်း နှစ်ခုလည်း ရှိသည်။ အိမ်ကမိန်းမနှင့် ယခုလက်ရှိ သူတစ်လူ ငါ တစ်မင်း အချင်းချင်းစစ်ဖြစ်နေကြသည့်အဖွဲ့ပေါင်းစုံတို့ ဖြစ်သည်။ သည်နှစ်မျိုးကိုမူ အထူးသတိထားပြီး လျှို့ဝှက်ရပေလိမ့်မည်။

မိန်းမဟူသည်မှာလည်း ဝမ်းသာလွန်ခြင်း၊ ကြွားမော်တတ်ခြင်း စသော အကျင့်စာရိတ္တမျိုးရှိသောကြောင့် လျှို့ဝှက်ကိစ္စများပေါ်သွားတတ်သည်။ သည်ကိစ္စကြီးသာပေါ်သွားခဲ့လျှင် ပစ္စည်းလည်းဆုံး၊ လူလည်း ကိစ္စတုံးဖြစ်သွားနိုင်သည်။ အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုသကဲ့သို့ပင် ဖြစ်သည်။

ထို့နောက် ယခုအခါသည် အုပ်ချုပ်သော မင်းအစိုးရဟူ၍ သီးသန့်မရှိဘဲ သူတစ်လူငါတစ်မင်းဖြင့် ကာလဝိပတ္တိ - တိုင်းပျက် ပြည်ပျက် အချိန်အခါကြီး ဖြစ်နေသည်။ ဥပဒေဆိုသည်ကလည်း ပြောင်းဝဖျားမှာ။ သို့ဖြစ်၍ သည်ရွှေအိုးကြီးအကြောင်းကိုသာ သူတို့သိသွားခဲ့လျှင် ရွှေအိုးကြီးနှင့်မလောက်ဘဲ မိမိ၏အသက်ကိုပါ

ဒုက္ခပေးလာနိုင်သည်။

ထို့ကြောင့် ဦးကြာညိုသည် သူ့ရွှေတစ်အိုးရရှိသည့်အကြောင်းကို တစ်ဦးတစ်ယောက်ကိုမျှ အသိမပေးတော့ဟုဆုံးဖြတ်ပြီး သူ့ကိုင်ကြည့်နေသော ရွှေစလေးလက်တစ်ဆုပ်ကို ခါးပိုက်ထဲထည့်လိုက်သည်။ ရွှေအိုးကြီးကိုမူ နေရာမပြောင်းဘဲ သည်အတိုင်းပင် ပြန်မြှုပ်ထားရန် ဆုံးဖြတ်လိုက်သည်။

သည်အတိုင်း နေရာမရွှေ့ဘဲ ပြန်မြှုပ်နှံထားလျှင် ဥစ္စာစောင့်များ ရွှေ့ပြောင်းယူသွားတတ်သည်ဟု ကြားဖူး၍ ထိုကဲ့သို့မဖြစ်စေရန်အတွက် ရွှေအိုးကြီးထဲသို့ ကျင်ကြီးကျင်ငယ်များ စွန့်ထည့်ထားလိုက်သည်။ ဤကဲ့သို့လုပ်ထားလျှင် ရှေးအယူအဆအရ ကင်ပွန်းတိုက်ပြီးသားဖြစ်နေ၍ မည်သည့်နာနာဘာဝမျှ နှောင့်ယှက်၊ ယူငင် ပြောင်းရွှေ့၍မရဟု ဆိုသည်။ မိမိပိုင်ပစ္စည်းအဖြစ်မှတ်သားခြင်း၊ သတ်မှတ်ခြင်းအထိန်းအမှတ်လည်း ဖြစ်သွားသည်။

ထို့နောက် ဦးကြာညိုသည် မြေခွက်အဖုံးလေးဖြင့်ပြန်ဖုံးပြီး နေရာမရွှေ့ ပြန်မြှုပ်ထားလိုက်သည်။ နွားများအိပ်သောအခါ အဖုအမောက်မရှိစေရန်အတွက်လည်း အပေါ်မြေသားကို လက်လေးလုံး (လက်လေးသစ်) ခန့်ထပ်ဖို့ပြီး တစ်ပြေးတည်းဖြစ်သွားအောင် ညှိထားလိုက်သည်။

ဦးကြာညိုသည် သူ လက်တစ်ဆုပ်ယူထားသော ရွှေစလေးများကို ထုတ်ရောင်းသုံးစွဲရန်ဆုံးဖြတ်ပြီး တစ်စကိုယူကာ ပန်းထိမ်ဆရာကြီး ဦးဘတင်ထံသွားပြီး ရောင်းချ၏။ အကောင်းဆုံးရွှေဖြစ်၍ အမြင့်ဆုံးဈေးကို ရရှိ၏။ သည်ကိစ္စနှင့်ပတ်သက်၍ ဇနီးနှင့် သားသမီးများကိုလည်း တစ်လုံးတစ်ပါဒမျှ ပြောပြခြင်းမရှိပေ။

နွားအိုကြီးများနှင့်ပတ်သက်၍ လိုအပ်မှ လိုသလောက် ရွှေစကလေးများကိုရောင်းချပြီး ထုတ်သုံးလေ့ရှိသည်။ သူပိုင်ဆိုင်ထားသော ရွှေအိုးကြီးကိုလည်း နွားအိပ်ရာမြေကြီးထဲမှာသာ မူအတိုင်းမြှုပ်နှံထား

၍ ပျောက်ရှသွားရန်လည်း အကြောင်းမရှိတော့ပေ။ မစင်ဖြင့် အရံအတားလုပ်ထားလျက်နှင့်ပင် မလုံလောက်ဘဲ နာနာဘာဝများက ရွှေယူသွားကြမလားဟုအထင်ဖြင့် ရွှေအိုးကြီးကိုရပြီးစအချိန်တွင် တစ်ပတ်တစ်ကြိမ်၊ ဆယ်ရက်တစ်ကြိမ် သံတူရွင်းလေးဖြင့် တူးဆွ၍ ကြည့်သော်လည်း တစ်စုံတစ်ရာရွှေပြောင်းပျောက်ရှခြင်း မရှိပေ။

ထို့ကြောင့် သည်ရွှေအိုးကြီးကို မည်သည့်သက်ရှိသက်မဲ့နာနာဘာဝ၊ ဝိနာဘာဝ စသော ပိုင်ရှင်မရှိ၊ အနှောင့်အယှက်လည်းကင်း၏၊ သူပိုင်စစ်စစ်သာဖြစ်၏ဟု အပြည့်အဝနားလည်လိုက်သည်။ သို့သော်လည်း ဦးကြာညိုသည် သည်ရွှေများကို သူ့မိသားစု ကိုယ်ရေးကိုယ်တာအဖြစ် မည်သည့်အခါမျှ မသုံးစွဲခဲ့ပေ။

နွားအိုကြီးများနှင့်သာပတ်သက်၍ရလာသော ရတနာများဖြစ်သောကြောင့် နွားအိုကြီးများနှင့်ပတ်သက်၍သာ သုံးစွဲသည်။ နွားအိုကြီးများကို ၎ယ်ယူခြင်း၊ ဆေးဝါးကုသခြင်း၊ နွားအိုကြီးများ သေဆုံးသွားသောအခါ ကောင်းရာသုဂတိသို့ရောက်ရှိစေရန်အတွက် ရည်စူးပြီး အလှူအတန်းလုပ်ပေးခြင်း စသော နေရာများမှာသာ သုံးစွဲသည်။

ဦးကြာညိုအနေဖြင့်လည်း ယခုကဲ့သို့ ရွှေအိုးကြီးကိုသာမရရှိခဲ့လျှင် သည်မျှများပြားသော နွားအိုကြီးများကို ဝယ်ယူပြုစုစောင့်ရှောက်ခြင်း၊ ဆေးဝါးကုသပေးခြင်း၊ နွားအိုကြီးများ သေဆုံးသွားကြပြီးနောက် ဘဝကူးကောင်းစေရန်အတွက် အလှူဒါနပြုလုပ်ပေးခြင်းတို့ကို တတ်နိုင်လိမ့်မည်ပင် မဟုတ်ပေ။

ယခုကဲ့သို့ နွားအိုကြီးများအား ပြုစုစောင့်ရှောက်ပေးခြင်းဟူသည်မှာလည်း ဝင်ငွေဟူ၍ လုံးဝမရှိ၊ ထွက်ငွေသည်သာ အလုံးအရင်းဖြင့် ရှိ၏။ ထို့ကြောင့် သည်လုပ်ငန်းကြီးကို ထမ်းရွက်ပြီး တာရှည်ရပ်တည်ရန် ခဲယဉ်းသည်။ ယခု သည်ရွှေအိုးကြီးကိုရရှိခဲ့၍သာ သည်လုပ်ငန်းကြီးကို ဖြောင့်ဖြောင့်လုပ်လာနိုင်ခဲ့ခြင်း ဖြစ်သည်။

လူရိုးလူဖြောင့်ကြီးဖြစ်သော ဦးကြာညိုကလည်း သူ ဤကဲ့သို့

ရွှေအိုးကြီးရလာခြင်းနှင့်ပတ်သက်၍ သူ၏ဘဝဟောင်းမှပါလာသော အပရာပရိယဝေဒနိယ ကုသိုလ်ကံအကျိုးပေးဟု မယူဆမိပေ။ နွားအိုကြီးများကို ပြုစုလုပ်ကျွေး၍သာဖြစ်ပေါ်ရရှိလာသော ရွှေအိုးကြီးဟု ယူဆသည်။ စေတနာပါသော ကံကအကျိုးပေးသည်ဟုသာ တထစ်ချ ယုံကြည်ထားသည်။

ထို့ကြောင့် အတ္တကင်းသော ကုသိုလ်ကံမှ အကျိုးပေးသောကြောင့် ပို၍လည်း ခိုင်မြဲ၏။ ဤကဲ့သို့သော ကုသိုလ်ကံမျိုးသည် တမလွန်တိုင်အောင်လည်း လိုက်ပြီးအကျိုးပေး၏။ တမလွန်အကျိုးပေးခြင်းသည် ယခုထက် များစွာကြီးမားမြင့်မြတ်၏။ အထွတ်အထိပ်သို့တိုင်အောင် ရောက်၏။ ပါရမီကုသိုလ်ထူးအဖြစ်၌ တည်သွား၏။

သည်အကြောင်းကိုအကျယ်ချဲ့လျှင် သာ၍ပင်ကျယ်မည် ဖြစ်၏။ နှိုက်လျှင်လည်း နက်မည်သာ ဖြစ်၏။ ဦးကြာညို၏နွားအိုကြီးများအား ပြုစုလုပ်ကျွေးခြင်းမှာ တစ်စုံတစ်ယောက်က တိုက်တွန်း၍၊ နှိုးဆော်၍၊ အကြံပြု၍လည်းမဟုတ်ဘဲ မိမိ၏ဆန္ဒအလျောက် လုပ်သင့်လုပ်ထိုက်သောအလုပ်အဖြစ် စေတနာပါစွာဖြင့် ကောက်လုပ်လာခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း ထက်သန်သောအကျိုးကိုပေးခြင်း ဖြစ်သည်။ သံသရာတစ်လျှောက်တွင်လည်း ထက်သန်သောအကျိုးထူးကြီးကို ပေးနေဦးမည်သာဖြစ်သည်။ သို့ဖြစ်၍ အတ္တကင်းသော စေတနာပါသည့်အလုပ်မျိုးကို လုပ်တတ်ကြပါစေဟူ၍သာ တိုက်တွန်းလိုက်ရ၏။

## စာကြွင်း

ဦးကြာညိုသည် သည်အကြောင်းကို ပျံတော်မူကျောင်းထိုင်ဆရာတော်ကြီးအား ပြောပြလျှောက်ထားခဲ့ဖူး၏။ အခြားလူများကိုမူ ပြောပြခဲ့ဖူးဟန်မရှိပေ။ ကျောင်းထိုင်ဆရာတော်ကြီးကလည်း သူပျံလွန်

တော်မမူမီ မောင်အေးချမ်း စာရေးသားသည်ကိုသိ၍ သည်အကြောင်းကို ဆောင်းပါးအဖြစ်ရေးရန် ခွင့်ပြုခဲ့၏။ ဆရာတော်ကြီးရော ဦးကြာညိုပါ မရှိကြသည့်နောက်မှ ရေးသားရန်ကိုလည်း မှာကြားခဲ့သည်။

## (၃)

## ၁၀။ သရဏာဂုံကမ္ဘာ

### မိတ်ဆက်

ဤစာအုပ်ကို စတင်ရေးသားရာ၌ ဒါန၊ သီလ၊ သမထ၊ မေတ္တာ၊ ဝိပဿနာတိုင်အောင်ရေးရန် စိတ်ကူးရှိခဲ့၏။ စိတ်ကူးဖြင့်လည်း အစီအစဉ်ဆွဲခဲ့၏။ သို့သော် ထိုကဲ့သို့ အစီအစဉ်များလျှင် စာအုပ်သည် လက်ရှိထက် နှစ်ဆခန့်ထူသွားနိုင်၏။ စာအုပ်ထူလျှင် စာဖတ်သူတို့အတွက် လေးသွားနိုင်၏။

ထိုကဲ့သို့ စဉ်းစားမိ၍ ဒါနနှင့် သရဏာဂုံ နှစ်ကမ္ဘာမျှကိုသာ ရေးသားတင်ပြရန် ဆုံးဖြတ်ခဲ့သည်။ ဘာသာရေးစာပေ ဟူသည်မှာလည်း များများသိလျှင် များများကောင်းပြီး များများအကျိုးရှိသလို နည်းနည်းသိ၊ တစ်ခုသိမျှသည်လည်း အကျိုးရှိသည်သာ ဖြစ်၏။ အနည်းနှင့်အများသာကွာ၏။ နည်းသောကုသိုလ်သည်ပင် များသော အကျိုးကိုပေးတတ်၏။

ယခု ဒါနနှင့် သရဏာဂုံ နှစ်ကမ္ဘာသည်လည်း နည်းသည်တော့ မဟုတ်ပေ။ အကျိုးကြီးပြီးများသည်သာ ဖြစ်၏။ လိုက်နာကျင့်သုံးနိုင်၊ မကျင့်သုံးနိုင်သည်သာ အဓိကကျ၏။ တစ်ခုသောကောင်းကျိုး

သည်ပင် သုဂတိဘုံအဆင့်ဆင့်မှ နိဗ္ဗာန်တိုင်အောင် အကျိုးပေးကြီး၏။ နိဗ္ဗာန်သည် ဗုဒ္ဓဘာသာတို့၏ အဓိက အမြင့်ဆုံးပန်းတိုင် ဖြစ်၏။

ဤနေရာ၌ ဒါနအခန်းကို အထိုက်အလျောက်ရေးခဲ့ပြီဖြစ်၍ ဆိုခဲ့သည့်အတိုင်း သရဏဂုံအခန်းသို့ရောက်လာခဲ့၏။ သရဏဂုံအကြောင်းများကို ရေးသားရာတွင်လည်း ကျမ်းကြီးကျမ်းခိုင်တို့ကဲ့သို့ မလေးစေရန်၊ စာဖတ်သင်ကလေးများအထိ အလွယ်တကူဖတ်သိနားလည်နိုင်ကြစေရန်အတွက် အတတ်နိုင်ဆုံးဖြေ၍ ရသစွက်ကာ ရေးသားမည် ဖြစ်၏။

## သရဏဂုံအကြောင်းနှင့် သရဏဂုံအကျိုးစုများ

သရဏဂုံအကြောင်းများကို ဖတ်မှတ်ရန်အတွက် သရဏဂုံနှင့် ပတ်သက်သောအကြောင်းအရာလေးများကို အထိုက်အလျောက် သိထားရန်လို၏။ အကြောင်းအရာတိုင်းတွင် အချက်အလက်တို့ကို အထိုက်အလျောက်သိထားခြင်းဖြင့် အကျိုးများ၏။ တွန်းအားသဖွယ်လည်း ဖြစ်၏။ သိထားသည်နှင့် မသိထားသည်ကား ခြားနားလျက်ရှိ၏။

သရဏဂုံ၌ လောကီသရဏဂုံ၊ လောကုတ္တရာသရဏဂုံဟု နှစ်မျိုးနှစ်စား ကွဲပြားကြောင်း သာမညဖလသုတ်တွင်လာ၏။ လောကီသရဏဂုံဟူသည်မှာ မဂ်ကိုမရရှိသေးသော သာမန်ပုထုဇဉ်တို့ ငါးပါးသီလ ဆောက်တည်ရာတွင် လည်းကောင်း၊ အိပ်ရာဝင်၊ အိပ်ရာထ သရဏဂုံကို ရွတ်ဆို (ဘုရားရှိခိုး) ရာတွင် လည်းကောင်း ရွတ်ဆိုဆောက်တည်သည်မျိုး ဖြစ်၏။

လောကုတ္တရာသရဏဂုံ ဟူသည်မှာ မဂ်ကိုရရှိထားသော အရိယာသူတော်ကောင်းကြီးတို့ ဆောက်တည်တော်မူကြသည့် သရဏဂုံမျိုး ဖြစ်၏။ ပုထုဇဉ်တို့ထက် များစွာ ခိုင်မြဲသောသရဏဂုံ ဖြစ်၏။

အကျိုးသည်လည်း အတိုင်းအဆမဲ့များ၏။

မည်သို့ပင်ဆိုစေကာမူ သရဏဂုံတည်သူ၊ မြဲသူသည် အကျိုးကြီးခြင်း၊ အကျိုးများခြင်း၊ အန္တရာယ်ကင်း ဘေးရှင်းခြင်း၊ လူချစ်လူခင်ပေါ်ခြင်း၊ လာဘ်သပ္ပကာပေါ်များခြင်း၊ မင်္ဂကိုရနိုင်ခြင်း စသော အကျိုးထူး အကျိုးမြတ်တို့ကို ဖြစ်စေနိုင်၏။ ထို့ကြောင့် သရဏဂုံ၏ အကျိုးကြီးမားသည့်အကြောင်းကို ဖွင့်ဆိုရေးသား၍ ပြီးနိုင်ဖွယ်ပင် မရှိပေ။

ဓမ္မပဒ၊ ဗုဒ္ဓဝဂ်၌လည်း ရတနာမြတ်သုံးပါး (သရဏဂုံ) ကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိ။ ကောင်းသောအကျိုးကို ပေးသည့် ကိုးကွယ်ဆည်းကပ်ခြင်း မည်၏။ မြင့်မြတ်သော ကိုးကွယ်ဆည်းကပ်ခြင်းလည်း မည်၏။ သရဏဂုံကိုဆောက်တည်ဆည်းကပ်ခြင်းကြောင့် အန္တရာယ်ခပ်သိမ်း၊ ဒုက္ခခပ်သိမ်းမှ လွတ်မြောက်၏ဟု လာ၏။ ၂

မူလပဏ္ဏာသအဋ္ဌကထာ၌လည်း "ဟိံ သတီတိ သရဏံ" ဟု ဝိဂြိုဟ်ပြု၏။ သရဏဂုံဆောက်တည်သောပုဂ္ဂိုလ်သည် အပါယ်လေးပါးမှ လွန်မြောက်နိုင်၏။ သရဏဂုံသည် အပါယ်ဘေးကို ဖယ်ရှားပေးတတ်၏ဟု အနက်အဓိပ္ပာယ်ရ၏။ သရဏဂုံတည်သောပုဂ္ဂိုလ်တစ်ယောက်၏အကျိုးကို ပြဆိုခြင်းဖြစ်၏။

သရဏဂုံ ညစ်နွမ်းကြောင်း၊ ပျက်စီးကြောင်း ဟူ၍လည်း ရှိသေး၏။ သရဏဂုံပျက်စီးကြောင်း ဟူသည်မှာ သရဏဂုံတည်မြဲသူ တစ်ယောက်သည် ဘာသာအယူပြောင်းသွားခြင်း၊ သေဆုံးသွားခြင်း စသည်ဖြင့် သရဏဂုံပျက်၏။ သေဆုံးသွားသူကို အထူးဆိုဖွယ်မရှိသော်လည်း ဘာသာအယူပြောင်းသွားသူတို့မှာ ရတနာမြတ်သုံးပါးထက် တစ်ပါးသောဘာသာကို ပို၍သာ၍ ယုံကြည်ကိုးကွယ်ဆည်းကပ်သောကြောင့် ရတနာမြတ်သုံးပါးတည်း ဟူသော သရဏဂုံကို ပယ်လိုက်သောကြောင့် ဖြစ်၏။

သရဏဂုံညစ်နွမ်းကြောင်းဟူသည်မှာ ဗုဒ္ဓဘာသာအဖြစ်ဖြင့် သရဏဂုံကိုဆောက်တည်ထားသူသည် အခြားတစ်ပါးသော ဘာသာတို့ကိုလည်း ပူးတွဲ၍ ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်း၊ အိမ်ဦးခန်းဘုရားကျောင်းဆောင်၌ ဘိုးတော်ရုပ်တု၊ မယ်တော်ရုပ်တု၊ နတ်မိစ္ဆာရုပ်တုစသည်တို့ကိုထား၍ ကိုးကွယ်ခြင်းတို့ ဖြစ်သည်။

ရတနာမြတ်သုံးပါးနှင့် မည်သည့်ဘာသာ၊ ဘိုးတော်၊ မယ်တော် နတ်မိစ္ဆာများကိုပူးတွဲ၍ ကိုးကွယ်သည်ဖြစ်စေ သရဏဂုံညစ်နွမ်းသည်ဟု မှတ်ရမည်။ ရတနာမြတ်သုံးပါးထက် ပို၍သာ၍ ကြည်ညို၍ ကိုးကွယ်မိလျှင် သရဏဂုံပျက်လေသည်။ ရတနာမြတ်တည်းဟူသော သရဏဂုံကို အလုံးစုံပယ်၍ ဗုဒ္ဓဘာသာအဖြစ်မှ ထွက်သွားသည်နှင့် အတူတူသာ ဖြစ်၏။

သရဏဂုံဟူသည်မှာ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဖြစ်သည်။ ငါးပါးသီလယူရာ၌ ရှေ့ပိုင်းက ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ ဖြစ်သည်။ ဘာသာပြန်လျှင် ဘုရားကိုကိုးကွယ်ဆည်းကပ်ပါ၏။ တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ သံဃာတော်မြတ်အပေါင်းတို့ကို ကိုးကွယ်ဆည်းကပ်ပါ၏ ဟူ၍ ဖြစ်သည်။

သရဏဂုံကို ပါးစပ်ကလည်းဆို၊ ကိုယ်တိုင်လည်း ကိုးကွယ်ဆည်းကပ်နေသူကို သရဏဂုံတည်သူဟုဆို၏။ ရတနာမြတ်သုံးပါးတည်း ဟူသော သရဏဂုံသုံးပါးကို ကိုးကွယ်ဆည်းကပ်ရာ၌ ပညာဖြင့် ကိုးကွယ်ဆည်းကပ်သူ၊ သဒ္ဓါဖြင့် ကိုးကွယ်ဆည်းကပ်သူဟု နှစ်မျိုးကွဲပြား၏။ ပညာဖြင့် ကိုးကွယ်ဆည်းကပ်သူများမှာ အရိယာများ သရဏဂုံတည်ခြင်းမျိုးဖြစ်ပြီး သဒ္ဓါဖြင့် ကိုးကွယ်ဆည်းကပ်သူများမှာ ပုထုဇဉ်များ သရဏဂုံတည်ခြင်းမျိုး ဖြစ်သည်။

ပညာဖြင့် သရဏဂုံတည်သော အရိယာများမှာ ဘဝတစ်လျှောက်လုံးမှ သေသည့်တိုင်အောင်၊ နိဗ္ဗာန်ရောက်သည့်တိုင်အောင်

သရဏဂုံမပျက်တော့သော်လည်း သဒ္ဓါဖြင့် သရဏဂုံတည်သော ပုထုဇဉ်တို့မှာကား အချိန်မရွေး ပျက်စီးနိုင်၏။ ရာထူးဥစ္စာတစ်ခုခုကို မက်မောရလိုသောကြောင့်လည်း ဗုဒ္ဓဘာသာကို ပစ်ပယ်တတ်သောကြောင့် သရဏဂုံ ပျက်စီးနိုင်၏။ အခြားအကြောင်းကြောင်းကြောင့်လည်း သရဏဂုံ ပျက်စီးနိုင်၊ ပစ်ပယ်သွားနိုင်၏။

ဤသည်မှာ ပညာနည်းသောကြောင့်၊ ပုထုဇဉ်တို့၏ သဒ္ဓါတရား မခိုင်မြဲသောကြောင့် ဖြစ်၏။ ပုထုဇဉ်တို့၏ သရဏဂုံတည်ပုံ ပျက်ပုံနှင့် အရိယာတို့၏ သရဏဂုံတည်ပုံ ပျက်စီးခြင်းမရှိပုံကား ထိုကဲ့သို့ကွာခြား၏။ ရှင်းရှင်းမြင်၍ လင်းလင်းသိနိုင်၏။ သဒ္ဓါနှင့် ပညာကွာခြားပုံ၊ တစ်နည်း- ပညာပါသောသဒ္ဓါနှင့် ပညာမပါသော သဒ္ဓါကွာခြားပုံများ ဖြစ်၏။

ဗုဒ္ဓဘာသာဖြစ်မှ သရဏဂုံတည်ပြီး သရဏဂုံတည်မှ ဗုဒ္ဓဘာသာဖြစ်သည်ဟု ဆိုရ၏။ သရဏဂုံတည်သောသူသည် ကံကိုယုံသောသူ ဖြစ်၏။ ကံကိုယုံသောသူသည် အပါယ်လေးပါးကိုကြောက်သောကြောင့် အကုသိုလ်ကိုရှောင်ကြဉ်ပြီး သုဂတိနိဗ္ဗာန်ကိုရောက်ကြောင်းဖြစ်သော ကုသိုလ်တရားများကိုသာ ပြုလုပ်ကြ၏။ အပါယ်လေးပါးမှလွတ်မြောက်ကာ နတ်ရွာနိဗ္ဗာန်ကို ရောက်ကြ၏။

တစ်သက်တာပတ်လုံး သရဏဂုံကို ဆောက်တည်ကြည်ညိုကိုးကွယ်ဆည်းကပ်သောပုဂ္ဂိုလ်သည် သောတာပန်စာရင်းဝင်ကြောင်း၊ သောတာပန်နှင့်တူကြောင်း (သည်ဘဝတွင် သရဏဂုံတည်လျက်နှင့် မဂ်ကိုမရနိုင်သေးလျှင်လည်း လာမည့်ဘဝတွင် မဂ်ကိုရနိုင်ကြောင်း) သောတာပတ္တိသံယုတ်နှင့် ဓမ္မပဒတို့တွင်ဟောတော်မူ၏။

ဗုဒ္ဓဘာသာဖြစ်ရခြင်း၏ တန်းမြင့်ကြောင်းထင်ရှား၏။ အနိုင်းမဲ့ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်ရ၏။ ဗုဒ္ဓဘာသာဖြစ်လာရခြင်းသည် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဖြစ်ရေးသက်သက် မဟုတ်ပေ။ သန္တိသုခဖြစ်သော နိဗ္ဗာန်ကို ရရှိရေးသာ ဖြစ်၏။ နိဗ္ဗာန်ကိုရရှိရေး

၏ ပထမခြေလှမ်းသည် သောတာပန်ဖြစ်ရေးပင် ဖြစ်၏။

ဤသို့ဆိုသဖြင့် သရဏဂုံတည်ခြင်းသည် မဂ်ကိုရရှိရေး၊ သောတာပန်ဖြစ်ရေးနှင့် နိဗ္ဗာန်ကိုရရှိရေးမှာ အတူတူ တစ်သားတည်းဖြစ်နေကြောင်း ထင်ရှားလေ၏။ သရဏဂုံတည်သောပုဂ္ဂိုလ်၏ အဆင့်အတန်းကိုလည်း နားလည်နိုင်၏။ ဗုဒ္ဓဘာသာဖြစ်သူတိုင်း သရဏဂုံတည်မြဲကြရမည်ဖြစ်ကြောင်းလည်း ပေါ်လွင်လေ၏။

သရဏဂုံသည် ဆိုခဲ့သည့်အတိုင်း လောကီသရဏဂုံ၊ လောကုတ္တရာသရဏဂုံဟု နှစ်မျိုးရှိသောကြောင့် ဗုဒ္ဓဘာသာဖြစ်မှ သရဏဂုံဆောက်တည်၍ အကျိုးရသည်မဟုတ်ပေ။ ဆောက်တည်သူတိုင်း ဘာသာခြားပင်ဖြစ်စေတော့ လောကီသရဏဂုံအကျိုးကို ခံစားကြရသည်သာ ဖြစ်၏။ ထို့ကြောင့် ထင်ရှားသောအကြောင်းတစ်ခုကို တိုတိုကျဉ်းကျဉ်းမျှ ထုတ်ပြမည်။

## ဘာသာခြားအမျိုးသမီးတစ်ယောက်၏ သရဏဂုံအကျိုး

သည်အကြောင်းနှင့်ပတ်သက်၍ ရွှေပြည်သာမြို့နယ်တွင် အနည်းငယ်ရိုက်ခတ်မှု ရှိခဲ့ဖူး၏။ ဘာသာခြားအမျိုးသမီးတစ်ယောက်နှင့်ပတ်သက်သော သရဏဂုံအကျိုးဖြစ်သောကြောင့် အထူးအဆန်းတအံ့တသြလည်း ဖြစ်ခဲ့ကြ၏။ အဖြစ်အပျက်က အနီးဆုံးတွင်ဖြစ်နေသောကြောင့် လက်မခံ၍လည်း မရပေ။ အချိန်ကား ယခုဆိုလျှင် ဆယ်နှစ်ဝန်းကျင်ရှိခဲ့ပြီ။

ထိုအချိန်က ဆေးရုံတွင် ကုတင်နီးချင်း ဗုဒ္ဓဘာသာအမျိုးသမီးတစ်ယောက်နှင့် ဘာသာခြားအမျိုးသမီးတစ်ယောက်တို့ရှိကြသည်။ သူတို့နှစ်ယောက်သည် ယခင်က လူချင်းသိကျွမ်းရင်းနှီးဖူးချင်းမရှိခဲ့ကြသော်လည်း ဆေးရုံတွင် ခုတင်နီးချင်းဖြစ်၍ နီးစပ်မှုအလျောက် စကားပြောဆိုရင်းက ရင်းနှီးလာခဲ့ကြသည်။

လူချင်းရင်းနှီးလာကြသော်လည်း အယူဘာသာချင်းမတူညီကြ၍ ဗုဒ္ဓဘာသာအမျိုးသမီးက ရောဂါသက်သာ၍ နေသာထိုင်သာရှိသောအခါများတွင် သတင်းစာဖတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ ဘုရားရှိခိုးခြင်းများကို ပြုလုပ်၏။ ဘာသာရေးစာအုပ်၊ စာစောင်လေးများ ဖတ်ရှုပြီးလည်း စာအုပ်ထဲကအကြောင်းအရာများကိုလည်း ဘာသာခြားအမျိုးသမီးအား ပြောပြလေ့ရှိ၏။

ဘာသာခြားအမျိုးသမီးကား စာအုပ်စာစောင်ဖတ်ခြင်းကိုလည်း မတွေ့ရ။ သူတို့၏ ဘာသာရေးနှင့်ပတ်သက်သော စကားများကိုလည်း ပြောဆိုလေ့ မရှိပေ။ ဗုဒ္ဓဘာသာအမျိုးသမီး ပြောပြသည်ကိုသာ နားထောင်နေ၏။ အတော်လေးလည်း အေးဆေးစွာဖြင့်နေ၏။ ဗုဒ္ဓဘာသာအမျိုးသမီးက အများအားဖြင့် သရဏဂုံအကြောင်းကိုပင် ပြောပြလေ့ ရှိ၏။

ဗုဒ္ဓဘာသာအမျိုးသမီးသည် စာဖတ်ဝါသနာပါ၏။ အများအားဖြင့် ဘာသာရေးစာပေများကိုသာ အဖတ်များ၏။ ဓမ္မပဒနှင့် ဇာတ်နိပါတ်တော်များ၊ အပဒါန်များ၊ ဝိသုဒ္ဓိမဂ်နှင့် အခြားပါဠိတော် မြန်မာပြန်စာပေများကို အတော်များများပင် ကျေကျေညက်ညက် မှတ်မှတ်သားသားရှိ၏။

ထို့အပြင် ဘာသာရေးမဂ္ဂဇင်းစာအုပ်၊ စာစောင်များကိုလည်း မပြတ်ဖတ်ရှုလေ့ရှိသောကြောင့် ဘာသာရေးအကြောင်းအရာများကို အတော်လေးပင် ပြောဆိုတတ်၏။ ဘာသာရေးကို ကိုင်းရှိုင်းသူဖြစ်၍ ယဉ်ကျေးသိမ်မွေ့သော လက္ခဏာရှိသောကြောင့် စကားကို လူတစ်ဖက်သားနားထောင်ချင်အောင်လည်း အေးဆေးစွာဖြင့်ပြောဆိုတတ်၏။

ဗုဒ္ဓဘာသာအမျိုးသမီးက ဘာသာရေးအကြောင်းကို ဘာသာခြားအမျိုးသမီးအား ပြောပြလေ့ရှိသည်မှာ သရဏဂုံအကြောင်းကိုသာ အပြောများလေရာ သရဏဂုံအကြောင်းများကို ဇာတ်ဝတ္ထုလေးများစွက်၍ နားထောင်ချင့်စဖွယ်လည်း ပြောပြတတ်၏။ ဘာသာခြား

အမျိုးသမီးသည် ပြောပြတိုင်းနားထောင်သော်လည်း ဘာမှပြန်၍ မပြောပေ။ စိတ်ဝင်စားသည်ဟုလည်းမဆို၊ စိတ်မဝင်စားဟုလည်း မပြော။ နားထောင်မြဲနား ထောင်၍သာနေ၏။

သူတို့နှစ်ယောက်သည် အမျိုးသမီးရောဂါများဖြင့်သာ ဆေးရုံတက်လာကြ၏။ ဘာသာခြားအမျိုးသမီးက အတော်လေးပင် သက်သာသွားပြီဖြစ်၍ မကြာမီ ဆေးရုံမှဆင်းခွင့်ရတော့မည် ဖြစ်၏။ ဗုဒ္ဓဘာသာအမျိုးသမီးကား ရက်အတော်ကြာအောင် ဆက်နေရဦးမည်ဖြစ်သည်။ တစ်လနီးပါးမျှ ကြာချင်လည်းကြာဦးမည်။

## သရဲခြောက်ခံရခြင်း

တစ်နေ့သောအခါတွင် သရဲခြောက်၏။ ယခင်ကလည်း သရဲခြောက်သည်ဟု တစ်ကြိမ်တစ်ခါမျှ မကြားဘူးဘဲ ယခုမှ သရဲထခြောက်လာ၏။ သရဲများကလည်း ခေါင်းပြတ်တွေချည်းဖြစ်ပြီး ခေါင်းရော ကိုယ်ပါ ပါသည်မှာ တစ်ကောင်တည်းသာ ဖြစ်၏။ ထိုအကောင်သည် ခေါင်းဆောင်ဖြစ်ဟန်တူ၏။ ခေါင်းပြတ်များကမူ ဆယ်လုံးမက ရှိသည်။

သရဲများသည် ဗုဒ္ဓဘာသာအမျိုးသမီးကို စတင်၍ ခြောက်၏။ ဦးစွာ ခေါင်းပြတ်များကစတင်၍ ဝိုင်းကြ၏။ ခေါင်းနှင့်ကိုယ် အပြည့်အစုံပါသောအကောင်ကြီးကမူ ရပ်ကြည့်နေ၏။ ထိုအချိန်သည် ညဆယ့်တစ်နာရီခန့်ရှိနေပြီဖြစ်၍ ဗုဒ္ဓဘာသာအမျိုးသမီးလည်း ဘုရားရှိခိုးပြီး အိပ်ပျော်စ ဖြစ်၏။

အိပ်ပျော်နေရာမှလန့်နိုးပြီး မျက်စိကိုဖွင့်ကြည့်လိုက်သောအခါ ခေါင်းပြတ်များ သူ့ခုတင်ပတ်လည်တွင် ဝိုင်းအုံနေကြသည်ကို တွေ့ရ၏။ ခေါင်းဆောင်ဖြစ်ဟန်တူသော ခေါင်းခြေကိုယ်လက် အပြည့်အစုံပါသည့်အကောင်ကြီးကမူ ဘေးနားကရပ်ပြီးသာ ကြည့်နေသည်။

မီးရောင်က မှိန်မှိန်မျှသာရှိ၍ သရဲများကိုလည်း မှုန်မှုန်မျှသာမြင်ရ၏။

သို့သော်လည်း ခေါင်းပြတ်များကိုမြင်ရုံဖြင့် ၎င်းတို့အား သရဲများသာဖြစ်ကြောင်းကို ကောင်းစွာပင်သိလိုက်၏။ သိလိုက် မြင်လိုက်သည့်အချိန်တွင်မူ အတော်လေးပင် နောက်ကျနေလေပြီ။ သရဲများက သူ့အား ဝိုင်းအုံနေကြလေပြီ။ အနီးအနားတွင်ရှိကြသည့် လူနာအချင်းချင်းများလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြ၏။

ထိုအခိုက်မှာပင် ခေါင်းဆောင်ဖြစ်ဟန်တူသော ခေါင်းခြေကိုယ်လက်အပြည့်အစုံပါသည့်အကောင်ကြီးသည် ရှေ့သို့တိုးလာပြီး ဗုဒ္ဓဘာသာအမျိုးသမီးအား လည်ပင်းကိုညှစ်လေသည်။ ဗုဒ္ဓဘာသာအမျိုးသမီးသည် အတင်းရုန်းကန်သော်လည်း မလွတ်ပေ။ ခေါင်းပြတ်များလည်း တစ်ခုပြီးတစ်ခု ခုတင်ပေါ်သို့ ခုန်တက်လာကြ၏။

ဗုဒ္ဓဘာသာအမျိုးသမီးသည်လည်း ကြောက်ကြောက်လန့်လန့်ဖြင့် ရုန်းကန်ရင်းက ဘုရားစာများကိုရွတ်၏။ သို့သော်လည်း နောက်ဆုတ်၍ မသွားကြပေ။ အညှစ်ခံနေရသော လည်ပင်းသည်လည်း အစ်သည်ထက် အစ်၍သာလာ၏။ ထိုအခိုက်တွင် သရဏဂုံကိုရွတ်ဆိုရန်မေ့နေ၏။ ထို့ကြောင့် သရဏဂုံကို ရွတ်ဆိုလိုက်မှ လည်ပင်းကိုညှစ်နေသော သရဲကြီး နောက်သို့ဆုတ်သွားသလို ခေါင်းပြတ်ကလေးများလည်း တဖြုတ်ဖြုတ်ဖြင့် လွင့်သွားကြလေသည်။

ဗုဒ္ဓဘာသာအမျိုးသမီးလည်း ချွေးစေးများဖြင့် တစ်ကိုယ်လုံးစိုရွှဲသွား၏။ ဆံထုံးများလည်း ပြုတ်ပြေသွား၏။ ခြုံထားသည့်စောင်များလည်း လန်ကွာသွား၏။ အိပ်ရာခင်းများလည်း တွန့်လိပ်ပြီး အလယ်တွင်စုသွား၏။ ခေါင်းအုံးသည်လည်း ခေါင်းအောက်တွင်မရှိတော့ဘဲ ခေါင်းရင်း၏တစ်ဖက်အစွန်သို့ ရောက်သွား၏။

ဗုဒ္ဓဘာသာအမျိုးသမီးသည် ထထိုင်လိုက်ပြီး ဆံပင်ကိုထုံး၏။ ဘေးနှစ်ဖက်သို့ကျနေသော ခြင်ထောင်ကိုပြန်တင်ပြီး နေသားတကျပြန်၍ချထားလိုက်၏။ အိပ်ရာခင်းကိုလည်း ပြန်၍ခင်းလိုက်၏။ ခေါင်း

အုံးကိုလည်း နေရာတွင်ပြန်ချထားလိုက်၏။ လျှော့ရဲနေသောအင်္ကျီကို ပြန်ဆွဲတင်ပြီး လုံချည်ကိုလည်း ပြင်ဝတ်လိုက်၏။

သို့သော်လည်း အနီးအနားကကုတင်များတွင် အိပ်ပျော်နေကြသောလူနာချင်းများကို အိပ်ရေးပျက်မည်စိုး၍ မနိူးရဲသလို သူ၏အဖြစ်ကိုလည်း အထိတ်တလန့်ဖြစ်သွားကြမည်စိုး၍ မပြောဘဲထား၏။ ထို့နောက် ဘုရားရှိခိုးလိုက်၊ သရဏဂုံကို ပုတီးစိပ်လိုက်၊ မေတ္တာပို့လိုက်နှင့်သာ မိုးစင်စင်လင်းခဲ့ရ၏။

ထိုအခိုက်မှာပင် ဘာသာခြားအမျိုးသမီးက သူ၏ကုတင်ကို လက်ဖြင့်ပုတ်၍ခေါ်သောကြောင့် လိုက်သွားပြီးကြည့်လိုက်ရာ ၄င်းမှာ နဂိုရပ် လုံးဝမရှိတော့ဘဲ လူသေတစ်ယောက် စကားပြောနေသည်နှင့်သာတူနေသဖြင့် ဗုဒ္ဓဘာသာအမျိုးသမီး ကြက်သီးဖြန်းဖြန်းထသွားလေသည်။ အဘယ်ကြောင့် ဤကဲ့သို့ဖြစ်သွားရသည့်အကြောင်းကို မေးကြည့်ရာ ကုန်ခဲ့သည့်ညက ဗုဒ္ဓဘာသာအမျိုးသမီးကြုံခဲ့ရသည့်အတိုင်း သူ၏အဖြစ်အပျက်များကိုပြန်၍ပြောပြ၏။

## ဘာသာခြားအမျိုးသမီး သရဏဂုံဆောက်တည်သွားခြင်း

"ညကပေါ့အစ်မရယ်၊ ခေါင်းပြတ်ကြီးဆယ်လုံးလောက်နဲ့ ဧရာမ လူသန်ကြီးတစ်ယောက်တို့ ရောက်လာကြတယ်။ ခေါင်းပြတ်တွေကိုမြင်ကတည်းက သူတို့ကို သရဲတွေဆိုတာ ကျွန်မ သိလိုက်တယ်။ ကျွန်မလည်း ကြောက်ကြောက်လန့်လန့်နဲ့ ကိုယ့်ဘုရားစာတွေကို အများကြီးရွတ်ပါတယ်။ ဒါပေမယ့် မရဘူး။ ကျွန်မရဲ့ လက်ကိုကိုက်ချီပြီး မိုးပေါ်သို့တင်သွားကြတယ်။ ကျွန်မလည်း ရန်ကုန်အော်ဟစ်ရင်းကပါသွားတယ်။ နောက်တော့ အတော်လေး အမြင့်ကြီးကိုရောက်သွားလို့ ရွှေပြည်သာမြို့ဦးစေတီတော်ကို မြင်တာနဲ့ အစ်မပြောပြလေ့ရှိတဲ့ သရဏဂုံအကြောင်းဆိုတာကို သတိရလာတယ်။

ဒါကြောင့် ဘုရားကယ်ပါ၊ ဘုရားကယ်ပါ၊ ဘုရားကယ်ပါ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆိုပြီး ရွတ်ဆိုလိုက်မိလို့ သူတို့လွှတ်ချလိုက်ကြတယ်။ ကျွန်မလည်း အဝတ်စုတ်တစ်ခုလိုပုံကျသွားတာပဲ။ တကယ်ပါ အစ်မရယ်၊ အိပ်မက် မဟုတ်ဘူး။ မယုံရင် သူတို့ကိုက်သွားတဲ့ဒဏ်ရာကိုကြည့်ပါ''

ဘာသာခြားအမျိုးသမီးသည် သူ၏လက်တစ်ဖက်ကိုထုတ်ပြရာ သွားရာကြီးထင်းနေသည်ကို မြင်လိုက်ရသဖြင့် ဗုဒ္ဓဘာသာအမျိုးသမီး သည် ''အမယ်လေး'' ဟု ကြောက်လန့်ပြီးထအော်မိမလိုပင် ဖြစ် သွားရ၏။ ဘာသာခြားအမျိုးသမီးသည် သူ့အဖြစ်ကို အားတင်းပြီး ပြောပြနေသော်လည်း ယဲ့ယဲ့မျှသာ ရှိတော့သည်။

စင်စစ်တွင် ဘာသာခြားအမျိုးသမီးသည် နေကောင်းနေပြီဖြစ် ၍ သည်မနက်မှာပင် ဆေးရုံမှဆင်းခွင့်ရနေပြီ ဖြစ်၏။ သည်အထဲ ယခုကဲ့သို့ဖြစ်သွားရသည်ကို များစွာပင် စိတ်မကောင်းဖြစ်မိသည်။ ထူးဆန်းလွန်းသောကြောင့် ကိုယ်တိုင်မကြုံလျှင် ထွင်လုံးတစ်မျိုး ဟု ၍ပင် ထင်သွားနိုင်သည်။

''အစ်မရယ်၊ ကျွန်မ အခုလို အသက်ပြန်ရှင်ခွင့်၊ အဖြစ်အပျက် တွေကိုပြန်ပြောပြခွင့်ရတာဟာ အစ်မပြောပြနေတဲ့ သရဏဂုံအစွမ်း ကြောင့်ပါ။ သရဏဂုံကို ရွတ်ဆိုလိုက်မိလို့ အခုလောက် အသက်ပြန် ရှင်ခွင့်ရနေတာပါ။ ဒါကြောင့် အစ်မတို့ဘုရားကိုလည်း ကျွန်မ ယုံ ကြည်သွားပါပြီ။ ကျွန်မ သေဆုံးသွားပြီးတဲ့နောက်လည်း အစ်မတို့ ဗုဒ္ဓဘာသာထုံးစံအတိုင်းပဲ သင်္ဂြိုဟ်ပေးဖို့၊ ဘုန်းကြီးပင့်ပြီး သက်ပျောက်၊ မြေကျ၊ ရက်လည်ဆွမ်းတွေကပ်လှူပြီး ကျွန်မကို အမျှအတန်းဝေပေး ဖို့ကို ကျွန်မတို့အိမ်ကလူတွေ ရောက်လာကြတဲ့အခါ ပြောပြလိုက်ပါ''

''အိုကွယ်– ညီမကလည်း မဟုတ်တာ၊ အဲလောက်ထိလည်း စိတ်မလျှော့ပါနဲ့။ ဆေးရုံမှာပဲဥစ္စာ၊ ညီမရဲ့ရောဂါကို ကုသလိုက်ရင် ပြန်ကောင်းလာမှာပါ''

"ကျွန်မ စိတ်လျှော့တာမဟုတ်ပါဘူး အစ်မရယ်။ ကျွန်မကိုယ် ကျွန်မ တကယ်သိနေလို့ပါ။ အခု အစ်မနဲ့စကားပြောနေတာတောင် စကားတစ်ခွန်းထက်တစ်ခွန်း လျော့ကျလာနေပြီဆိုတာ ကျွန်မ သိနေရပါပြီ။ ဒါကြောင့် အိမ်ကလူတွေလာကြတဲ့အခါသာ ကျွန်မမှာထားခဲ့တဲ့စကားတွေကို ပြန်ပြောပြလိုက်ပါ အစ်မရယ်"

ဟု ပြောပြထားခဲ့ပြီး ဘာသာခြားအမျိုးသမီးသည် တရှုပ်ရှုပ်ငိုလျက် စောင်ကိုခေါင်းမြီးခြုံသွားလေသည်။

ဗုဒ္ဓဘာသာအမျိုးသမီးလည်း ဘာပြော၍ဘာဆိုရမှန်းမသိဖြစ်ကာ တစ်အောင့်လေး တွေဝေရပ်နေခဲ့ပြီး ကိုယ့်ခုတင်ရှိရာသို့ ပြန်လာခဲ့၏။ အဖြစ်အပျက်ကဆန်းပြားပြီး မြန်ဆန်လွန်းသည်။ ဆေးဝါးကုသခွင့်ပင် မရနိုင်တော့ပေ။ ထို့ကြောင့် တွေးရင်းက ဗုဒ္ဓဘာသာအမျိုးသမီး သက်ပြင်းတစ်ချက်ကိုချ၏။

တစ်အောင့်အကြာတွင် ဘာသာခြားအမျိုးသမီး၏ မိသားစုဝင်ထဲက ယောကျာ်းသုံးယောက်နှင့် မိန်းမတစ်ယောက်တို့ စကားတပြောပြောဖြင့် ရောက်လာကြသည်။ ဘာသာခြားအမျိုးသမီးသည် နေကောင်းနေပြီဖြစ်၍ သည်မနက်တွင် ဆေးရုံမှဆင်းခွင့်ရထားသောကြောင့် လာကြိုကြခြင်း ဖြစ်သည်။

သူတို့ခုတင်နားသို့ရောက်၍ စောင်ခြုံကိုဖွင့်ကြည့်ကြရာ ဘာသာခြားအမျိုးသမီး ကွယ်လွန်နေသည်ကို တွေ့သွားကြ၏။ ထို့ကြောင့် တအံ့တသြစကားဆိုသူကဆိုပြီး ငိုသူကငိုကြ၏။

"မနေ့က အကောင်းကြီး အခု ဘယ်လိုများဖြစ်သွားရတာလဲ"

စသည်ဖြင့်လည်း ပြောကြ၏။

ဗုဒ္ဓဘာသာအမျိုးသမီးလည်း သူတို့အနားသို့လျှောက်သွားပြီး ညကအဖြစ်ကို ဦးစွာ အတိုချုံး၍ ပြောပြလိုက်၏။ ထို့နောက် ဘာသာခြားအမျိုးသမီး၏အကြောင်းကို ပြောပြ၏။ ပြီးမှ ဘာသာခြား

အမျိုးသမီး မှာတမ်းထားခဲ့သည့်အတိုင်း သူ၏အလောင်းကို ဗုဒ္ဓဘာသာတို့ထုံးစံအတိုင်း သင်္ဂြိုဟ်ရန်၊ ဆွမ်းကပ်အမျှဝေရန်အကြောင်းများကို ပြောပြလိုက်၏။

သူတို့ တစ်ခုအောင့်ကြာအောင် စဉ်းစားနေကြ၏။ ကိုယ့်ဘာသာမဟုတ်ဘဲ အခြားဘာသာတစ်ခု၏ အယူဝါဒကို လိုက်နာဆောင်ရွက်ရမည်ဖြစ်၍ အင်တင်တင်ဖြစ်နေကြဟန်ရှိ၏။ အချင်းချင်းလည်း ပြောဆိုတိုင်ပင်ကြသည်။ ထို့နောက်မှ -

"သေသူမှာထားခဲ့တဲ့စကားတစ်ခုကို သူ့ဆန္ဒအတိုင်းဖြစ်အောင် လုပ်ပေးလိုက်ပါ့မယ်"

ဟု ဆို၏။

ထို့နောက် ဖုန်းဆက်လိုက်ကြ၍ ကွယ်လွန်သူ ဘာသာခြားအမျိုးသမီး၏ ဆွေမျိုးအတော်များများ ရောက်လာကြ၏။ ထိုအချိန်၌ ဆရာဝန်၊ ဆရာမများလည်း စုံနေကြလေပြီ။ ဆရာဝန်၏ခွင့်ပြုချက်ဖြင့် ဘာသာခြားအမျိုးသမီး၏အလောင်းကို ပိတ်ဖြူဖြင့်ပတ်၍ ထုပ်ယူသွားကြလေသည်။

❦ ❦ ❦

အထက်ပါအကြောင်းမှာ ဘာသာခြားအမျိုးသမီးတစ်ယောက်နှင့်စပ်သော သရဏဂုံအကြောင်း ဖြစ်၏။ ကွယ်လွန်ခါနီးမှ သရဏဂုံကို ရွတ်ဆိုဆောက်တည်ရသည့်အကျိုးလည်း ဖြစ်၏။ ဘာသာခြားကုလားမလေးသည် သူ့ဘဝနောက်ဆုံးအချိန်ရောက်မှ သရဏဂုံကို ရွတ်ဆိုခဲ့၏။ ဘာသာခြားဖြစ်သည့်အလျောက် သရဏဂုံကိုရွတ်ဆိုသော်လည်း ကြည်ညို၍မဟုတ်ဘဲ သရဲများဆွဲသွားကြ၍ သေဘေးကိုကြောက်၍သာ ရွတ်ဆိုခဲ့၏။

သူ၏အဖြစ်က သရဏဂုံကို ရွတ်ဆိုသည့်အချိန်တွင်လည်း

အတော်လေးပင် လွန်နေလေပြီ။ ထို့ကြောင့် သူ့ဘဝကို အလုံးစုံလွတ်မြောက်ရန်မတတ်နိုင်ခဲ့ဘဲ အခိုက်အတန့်လွတ်မြောက်ခြင်းကိုသာ ရရှိခဲ့၏။ ရောဂါလွန်မှ ဆေးသောက်သည်နှင့်တူ၏။ သို့သော်လည်း သရဏဂုံကို လေးစားကြည်ညိုသွားသောကြောင့် သောတာပတ္တိသံယုတ်နှင့် ဓမ္မပဒအဆိုအရ အပါယ်သို့သွားလိမ့်မည်ဟု မယူဆမိပေ။

ရှေ့အခန်း၌ တစ်သက်ပတ်လုံး သရဏဂုံကို ရွတ်ဆိုဆောက်တည်ပြီး ပွားများနေသူတစ်ယောက်၏ ဘဝမခြားအကျိုးပေးပုံအကြောင်းကို ဆက်၍ပြဦးမည်။

## ၁၁။ ဒေါ်ဖြူမနှင့် သရဏဂုံအကျိုး

သည်အကြောင်းကိုရေးမည်ဆိုလျှင် ဒေါ်ဖြူမ၏ဘဝအကြောင်းကို အထိုက်အလျောက် ရေးပြရင်းက လိုရင်းနေရာသို့သွားမှ သင့်မည်ဟုထင်သည်။ သို့မှသာ၍ပေါ်လွင်ပြီး တင့်တယ်ပေလိမ့်မည်။ ဝတ္ထုကြောင်းလည်း ကြွလာပေလိမ့်မည်။ သို့သော် ယခုအခါ ဒေါ်ဖြူမသည် သက်ရှိထင်ရှား ရှိ၊ မရှိ မသိနိုင်သော်လည်း သည်ဝတ္ထုတွင်ပါဝင်သော ဒေါ်ဖြူမ၏တူနှစ်ယောက်ကား ကျန်းမာစွာဖြင့်ပင် ရှိနေကြသေးသည်။

လူတို့သည် ကောင်းသောအကြောင်းကို စာမျက်နှာပေါ်သို့တင်ပေးရေးပြသည်ကို ကြိုက်ကြသော်လည်း သူတို့၏ မကောင်းမှု ပြုမူခဲ့ဖူးသောအကြောင်းအရာများကို ရေးပြသောအခါ မကြိုက်ကြပေ။ ထို့ကြောင့် ဤအကြောင်းတွင် ဒေါ်ဖြူမ၏အမည်ရင်းနှင့် အခင်းဖြစ်ပွားနေရာနှစ်ခုကိုသာ အတိအကျဖော်ပြမည်ဖြစ်ကြောင်း ဦးစွာ အစီရင်ခံလိုက်သည်။

## ဒေါ်ဖြူမ၏ဘဝအကြောင်း တစေ့တစောင်း

ဒေါ်ဖြူမကား မွေးချင်းသုံးယောက်တို့တွင် အသက်အငယ်ဆုံး ဖြစ်သည်။ သူ့အထက်တွင် အစ်ကိုကြီး၊ အစ်မကြီး နှစ်ယောက်ရှိသည်။ မိဘများမှာ သာမန် တောင်သူလယ်သမားများ ဖြစ်ကြသည်။ စီးပွား ရေးလည်း တောင့်တင်းသည်ဟုလည်းမပြောသာ။ တောလယ်၊ တော ကိုင်းလေးများကို လုပ်ကိုင်စားသောက်ရင်း မပူမပင် ဘဝကိုရပ်တည် နိုင်သည့် အဆင့်မျှသာ ရှိသည်။

ဒေါ်ဖြူမသည် နာမည်နှင့်လိုက်အောင် ဖြူဖြူချောချောလေး ဖြစ်သည်။ ပြည့်ပြည့်ဖြိုးဖြိုးလည်း ရှိသည်။ အနေအေးပြီး ယဉ်ကျေး သည်။ လူချစ်လူချင်ပေါသည်။ အပေါင်းအသင်းလည်းဆုံသည်။ ဘာသာရေးကို လိုက်စားသည်။ ဘာသာရေးစာအုပ်စာပေများကို ဖတ်ရှုခြင်း၊ ဥပုသ်သီလစောင့်ထိန်းခြင်း၊ ပုတီးစိပ်ခြင်း၊ တရားရှုမှတ် ခြင်း၊ မေတ္တာပို့၊ အမျှဝေခြင်း စသည်ဖြင့် ပျော်သည်။

ဘာသာရေးဘက်တွင် စိတ်သန်နေ၍ထင်၏။ ဒေါ်ဖြူမသည် ငယ်စဉ်ကပင် အချစ်ရေး၊ အိမ်ထောင်ရေးကို စိတ်မဝင်စားပေ။ လူချစ် လူခင်ပေါ၍ ''မဖြူလေး…မဖြူလေး'' ဟု ကာလသားတို့၏နှုတ်ဖျား တွင် ပျားစွဲပြီး ရည်းစားစာပေးသူ၊ ရည်းစားစကားလိုက်ပြောသူများ အများအပြားရှိကြသော်လည်း ကာလသားတို့၏အခေါ်အရ မဖြူလေး သည် တစ်ဦးတစ်ယောက်ကိုမျှ တုံ့ပြန်ချစ်ခင်ခြင်း မရှိခဲ့ပေ။ နေမြဲ တိုင်း ခပ်အေးအေးပင်နေသည်။

အောင်သွယ်နှင့်တစ်ဆင့် ချစ်ရေးဆိုကြရာတွင်လည်း တစ်ဦး တစ်ယောက်ကိုမျှ လက်မခံခဲ့ပေ။ သူငယ်ချင်းများက ''အိမ်ထောင်မပြု တော့ဘူးလား'' ဟု မေးကြလျှင်လည်း ခေါင်းကို ကွင်တွင်ခါရမ်းပြီး ''အပျိုကြီးနေမယ်'' ဟူ၍သာ ဆိုခဲ့သည်။ မိဘများက အရွယ်မလွန် မီ အိမ်ထောင်ပြုရန် တိုက်တွန်းကြသည်ကိုပင် လက်မခံဘဲနေ၏။

ထို့ကြောင့် ဖြူမခေါ် မဖြူလေးသည် အသက်သုံးကျော်လာသည့်တိုင်အောင် ချစ်သူမထား အိမ်ထောင်မပြုဘဲ အပျိုကြီးနေ၏။ အပျိုကြီးအရွယ်သို့ရောက်လာသောအခါ ရည်းစားစာပေးသူ၊ ရည်းစားစကားလိုက်ပြောသူ၊ အောင်သွယ်ပေးသူ ဟူ၍လည်း မရှိတော့ပေ။ မိဘနှင့် အစ်ကို၊ အစ်မများကလည်း အိမ်ထောင်ပြုရန်ကို မတိုက်တွန်းကြတော့ပေ။

သို့သော် မိဘများဆုံးပါးသွားကြပြီးနောက် ဒေါ်ဖြူမ အသက်လေးဆယ်နီးပါးအရွယ်သို့ရောက်လာမှ နောင်ရေးကိုတွေးပြီး အေးရာအေးကြောင်း စဉ်းစားမိ၍ထင်၏။ ဒေါ်ဖြူမ အိမ်ထောင်ပြု၏။ သူ၏အိမ်ထောင်ဖက်ဖြစ်သောပုဂ္ဂိုလ်မှာ တော်လှန်ရေးခေတ်က ဆေးတပ်သားဖြစ်ခဲ့ဖူး၏။ ဆေးလည်းတော်၏၊ အကုအသလည်းကောင်း၏။ အနေလည်းအေးသည်။ ဖြူဖြူဝဝ ခန့်ခန့်ချောချော ဖြစ်သည်။

၎င်းမှာလည်း သူတစ်ပါး၏ရောဂါကိုသာ ကောင်းအောင်ကုသ၍ပေးနိုင်သည်။ သူ၏ အပူအအေးမမျှ၍ ဖျားနာသောရောဂါလေးကိုမူ ကောင်းအောင်၊ ပျောက်အောင် ကုသနိုင်ခြင်းမရှိဘဲ လေး၊ ငါးရက်မျှနေထိုင်မကောင်းဖြစ်ကာ ထိုရောဂါဖြင့်ပင် ကွယ်လွန်သွားလေသည်။

ထို့ကြောင့် ဒေါ်ဖြူမသည် အိမ်ထောင်ကျ၍ တစ်နှစ်မပြည့်သေးသောအချိန်မှာပင် မုဆိုးမအဖြစ်သို့ရောက်ခဲ့ရ၏။ သားသမီးသံယောဇဉ်မကျန်ခဲ့၍ တော်သေး၏။ သားသမီးသာကျန်ခဲ့မည်ဆိုပါက များစွာအခက် တွေ့နိုင်၏။ အအေးကိုရှာမှ အပူဆင့်လာနိုင်၏။

နောက်ကြောင်းကို အနည်းငယ်မျှပြန်၍ကြည့်ရလျှင် ဒေါ်ဖြူမ၏ မိဘများသည် သူတို့ မအို၊ မနာ၊ မသေခင် ကျန်းမာနေစဉ်ကပင် သားသမီးတို့အား အမွေသတ်မှတ်ပြီး ခွဲခဲ့ဖူး၏။ အမွေခွဲခဲ့သော်လည်း အပြီးအပိုင်မပေးသေးပေ။ မိဘနှစ်ယောက်တို့ သေဆုံးပြီးမှ သတ်မှတ်ပြီး ခွဲတားခဲ့ဖူးသည့်အတိုင်း ယူကြလေဟူသော သဘောမျိုးဖြစ်၏။

သူတို့ အမွေခွဲပုံကိုကြည့်လျှင်လည်း မိဘနှစ်ယောက်တို့က

တစ်ဖို့ယူထားသည်ကို တွေ့ရသည်။ ရှိသမျှ အမွေပစ္စည်းအားလုံးကို သားသမီးသုံးယောက်နှင့် မိဘနှစ်ယောက်ပေါင်း လေးဖို့ခွဲထား၏။ မိဘနှစ်ယောက် ကွယ်လွန်သွားကြပြီးနောက် သားသမီးတို့က မိမိတို့၏ဝေစုကို ရယူပြီးအပြင် မိဘနှစ်ယောက်တို့ တစ်ဖို့ယူထားခဲ့သည်ကိုလည်း သူတို့သုံးဘောတူ ခွဲဝေယူကြရမည် ဖြစ်၏။

ဒေါ်ဖြူမတို့ ညီအစ်ကိုမောင်နှမများလည်း မိဘများကွယ်လွန်သွားကြပြီးနောက် ယခုမှ အမွေပစ္စည်းများကို အပြီးအပိုင်ခွဲဝေယူကြ၏။ မိဘတို့ရှိစဉ်ကပင် ခွဲပေးထားခဲ့သည့်အတိုင်း ဝေစုများကိုရယူကြပြီးနောက် မိဘတို့ သီးသန့်တစ်ဖိုယူထားသည်ကို ထပ်မံခွဲဝေကြရာ၌ သူတို့အရပ်ဒေသ၏ (အချို့သော) အမွေခွဲဝေနည်းမှာ -

မိဘများခွဲဝေထားခဲ့သည့်အမွေပစ္စည်းကို မွေးချင်းများထဲတွင် အသက်အငယ်ဆုံး (အချစ်ဆုံးလေး) က စ၍ကောက်ရ၏။ ထို့နောက်မှ ဒုတိယအငယ် စသည်ဖြင့် အဆင့်ဆင့်ကောက်ကြပြီး အသက်အကြီးလူက အငယ်များမလိုချင်သည့် နောက်ဆုံးဝေစုကိုသာ ကောက်ယူရ၏။ အကြီးများက မိဘအရာတွင်နေပြီး အငယ်များကို သားသမီးအရာထားကာ ဦးစားပေးသည့်သဘော ဖြစ်၏။

မိဘများယူထားသည့်ဝေစုကို ထပ်မံဝေယူကြရာတွင်လည်း အငယ်များကသာ ရယူလိုပါက ကာလတန်ဖိုးငွေကို ညီမျှစွာဖြင့် အကြီးများ အားပေးချေ၍ယူနိုင်၏။ အငယ်များကမယူလို၍ အကြီးများက ရယူလိုလျှင်လည်း ထိုနည်းလည်းကောင်း ညီ၊ ညီမတို့အား ကာလတန်ဖိုးငွေကို ညီမျှပေးချေပြီး ရယူ (ဝယ်ယူ) နိုင်၏။ မွေးချင်းထဲမှ ငွေချေပြီးယူလိုသူမရှိမှ အပြင်လူတစ်ယောက်ယောက်ကို ရောင်းချင်လျှင်ရောင်း၊ မရောင်းလိုလျှင်လည်း ညီတူညီမျှ ခွဲဝေယူကြရ၏။

ယခု ဒေါ်ဖြူမတို့ညီအစ်ကိုမောင်နှမများမှာလည်း ထိုနည်းအတိုင်း မိဘများခွဲထားခဲ့သည့် အမွေပစ္စည်းများကို ဝေစုအတိုင်းရယူကြပြီးနောက် မိဘတို့ယူထားခဲ့ကြသည့် အမွေကို ဒေါ်ဖြူမက သူငွေအမ်း

ပြီးရယူလိုကြောင်းဆို၏။ ထို့ကြောင့် အစ်ကိုကြီးနှင့် အစ်မကြီးတို့ကလည်း သဘောတူကြ၏။

သို့သော် ဒေါ်ဖြူမမှာ ပြန်အမ်းငွေ ပြည့်စုံစွာမရှိပေ။ ရှိစုမဲ့စုများကို ထုခွဲရောင်းချပြီးအပြင် ငွေနှစ်ထောင်နီးပါးလိုနေသေး၏။ သည်ငွေနှစ်ထောင်နီးပါးကို နွေရာသီမကုန်မီ ကျေအောင်ဆပ်ပါမည်ဟုဆို၍ အစ်ကိုကြီးနှင့် အစ်မကြီးတို့က သဘောတူလိုက်ကြ၏။

သဘောမတူနိုင်ကြသည်က အစ်ကိုကြီးသား နှင်းအောင်နှင့် အစ်မကြီး၏သား အောင်မောင်းတို့နှစ်ယောက် ဖြစ်၏။ "သည်မိန်းမကြီး လင်မရှိ သားမရှိ လောဘကြီးသည်၊ ကိုယ့်မှာ ငွေကြေးမပြည့်စုံဘဲလျက် မိဘဘိုးဘွားတို့အမွေကိုပင် ရသရွေ့လိုချင်သည်" ဟုဆိုကာ အတော်လေးပင် မကျေမနပ် ဖြစ်နေကြ၏။

သို့သော် မကျေနပ်ဖြစ်နေကြသော်လည်း မိဘတို့အမွေကိစ္စဖြစ်၍ သူတို့နှစ်ယောက် ဝင်မပြောသာ။ ဝင်ပြော၍လည်း တရားမဝင်။ ပင်ကိုသွေးဆိုး၍သာ သည်နှစ်ကောင်က မကျေမနပ်ဖြစ်နေကြခြင်းဖြစ်၏။ ယခင်ကပင်လည်း သူတို့နှစ်ယောက်သည် ဒေါ်ဖြူမအား အမြင်မကြည်ကြပေ။

ဒေါ်ဖြူမအိမ်ထောင်ပြုစဉ်ကလည်း သူတို့နှစ်ယောက် အပြင်းအထန်ကန့်ကွက်ကြ၏။ ဒေါ်ဖြူမ၏ယောကျ်ားကိုပင် သွေးထွက်သံယိုဖြစ်အောင်လုပ်မည်ဟူ၍ ကြိမ်းမောင်းကြ၏။ ထို့နောက် ဒေါ်ဖြူမယောကျ်ားဆုံးသွားစဉ်ကလည်း သူတို့နှစ်ယောက် အလွန်အမင်းဝမ်းမြောက်ဝမ်းသာဖြစ်နေကြ၏။

သည်ကောင်နှစ်ကောင်၏ နောက်ကြောင်းကိုပြန်ကြည့်လျှင်လည်း ကောင်းကွက်တစ်ခုမျှ မရှိပေ။ အသောက်အစား အပျော်အပါးများဖြင့်သာ အချိန်ကုန်နေကြ၏။ ထိုးကြိတ်ပွဲ၊ သတ်ပုတ် ဓားခုတ်ပွဲများဖြစ်၍ အချုပ်၊ ထောင်ထဲသို့လည်း အကြိမ်ကြိမ်ရောက်ဖူး၏။ မိဘများမှာလည်း သည်နှစ်ကောင်ကိစ္စကြောင့် ငွေကုန်ကြေးကျများ

ပြီး အမျိုးမျိုးဒုက္ခရောက် ခဲ့ကြဖူး၏။ ဒေါ်ဖြူမကိုလည်းခြိမ်းခြောက်ပြီး အကြိမ်ကြိမ် ငွေညှစ်ဖူး၏။

သည်ကောင်နှစ်ကောင်၏သဘောက ဒေါ်ဖြူမအား အမွေခွဲ ဝေပေးလိုစိတ် မရှိကြပေ။ ဒေါ်ဖြူမသည် လင်မရှိ၊ သားသမီးမရှိ၊ တစ်ခုလပ်မကြီး ဖြစ်နေသည်။ ထို့ကြောင့် သည်အတိုင်း မိဘတို့ အမွေအနှစ်များကို ကိုယ်ဆိုင်ကိုယ်ပိုင်ခွဲဝေယူခြင်းမပြုဘဲ ဝေပုံစား အနေဖြင့်သာ တစ်သက်ပတ်လုံး လုပ်ကိုင်စားသောက်လိုကြသည်။

ဤကဲ့သို့လုပ်ထားလျှင် ဒေါ်ဖြူမ အိုသေပြီးနောက် မိဘဘိုးဘွားတို့၏ အမွေပစ္စည်းများသည် သူတို့လက်ထဲသို့ အလိုလိုရောက် ပြီးသား ဖြစ်နေသည်။ ယခုအမွေခွဲပေးလိုက်သောကြောင့် ဒေါ်ဖြူမ သည် သူ၏ပိုင်ဆိုင်ခွင့်ကို အပြည့်အဝရရှိသွားပြီ။ ရောင်းစား၊ ပေါင်နှံ စားခွင့်လည်း ရရှိသွားပြီ။ အသက်အရွယ်ကြီးရင့်လာသောအခါ သူ့ကို လုပ်ကိုင်ကျွေးမွေးသူအား ပေးမည်ဆိုလည်း ပေးခွင့်ရှိသွားပြီ။

ဤသည်ကို နှင်းအောင်နှင့် အောင်မောင်းတို့က လုံးဝမကျေနပ် ဖြစ်နေကြသည်။ အကြင်သူတစ်ပါးလို၊ ရန်သူလိုဆက်ဆံပြီး သတ် မည်၊ ဖျက်မည်ဟူ၍ပင် ကြိမ်းမောင်းသံများ ထွက်လာနေသည်။ နှစ်ကောင်လုံးကလည်း မိုက်တီးမိုက်ကန်းဖြစ်သောကြောင့် လျှော့ တွက်၍မရပေ။ ရှေ့နောက်ကြည့်တတ်သူများလည်းမဟုတ်၊ တကယ် မလုပ်ဟု မပြောနိုင်။

ထို့ကြောင့် ဒေါ်ဖြူမသည် ငွေနှစ်ထောင်နီးပါးကို ပေးဆပ်ရ မည့်အရေးလည်းတွေး၊ သည်ကောင်နှစ်ကောင်ကိုလည်း ကြောက် လန့်နေရသဖြင့် အတော်လေးပင် စိတ်မချမ်းမသာ ဖြစ်နေရရှာ၏။ ငွေနှစ်ထောင်နီးပါးကို ရှာဖွေပေးဆပ်ရမည့်အရေးသည်လည်း လွယ် သည်ကား မဟုတ်ပေ။

ဒေါ်ဖြူမက ဈေးတော့ရောင်းတတ်၏။ သို့သော် ထိထိရောက် ရောက် ငွေအမြောက်အမြားရသည့် ဈေးရောင်းမျိုး မဟုတ်ပေ။ ရှာ

တွင် မုန့်လုပ်ရောင်းခြင်း၊ ဟင်းရွက်စိမ်းခြင်းရောင်းခြင်း စသော ဈေးရောင်းခြင်းမျိုးသာ ဖြစ်သည်။ ဤသို့ရောင်းနေ၍လည်း တစ်နှစ်လျှောက်ရောင်း၍ပင် ငွေနှစ်ထောင်နီးပါးရနိုင်ဖွယ် မရှိပေ။

ငွေနှစ်ထောင်ကိုလည်း သည်နွေတွင် အကျေချေရမည် ဖြစ်၏။ ထို့ကြောင့် ဒေါ်ဖြူမ စဉ်းစားသည်။ စဉ်းစားရင်းက မင်းဘူးအမ်းလမ်း ဆင်ခုန်တိုင်စခန်းကို သတိရလာသည်။ ဆင်ခုန်တိုင်စခန်းတွင် အလုပ်သမားများ ရာချီရှိနေကြ၍ ဈေးရောင်းကောင်းလောက်သည်။ ထို့ကြောင့် ဆင်ခုန်တိုင်စခန်းတွင် ဈေးသွားရောင်းရန်ကို ဒေါ်ဖြူမ ဆုံးဖြတ်လိုက်၏။

## ဆင်ခုန်တိုင်စခန်း

၁၉၈၀ ပြည့်နှစ်ကျော်များအတွင်းက မင်းဘူး အမ်းလမ်းဖောက်လုပ်ရေး ရိုးမစခန်းများတွင် ဆင်ခုန်တိုင်စခန်းသည် အလုပ်သမားအစည်ကားဆုံး ဖြစ်၏။ အလုပ်သမားမိသားစု တစ်ရာကျော်ခန့် အမြဲတမ်းရှိ၏။ တစ်ခါတလေ ထို့ထက်လည်း ပို၏။ အလုပ်အကိုင်ပေါ၍ ငွေလည်းရွှင်သည်။

အလုပ်များမှာ သစ်ခုတ်၊ ဝါးခုတ်၊ ကျောက်တူး၊ ကျောက်ထု၊ ကတ္တရာလောင်း စသောအလုပ်များ ဖြစ်၏။ အလုပ်သမားမိသားစုတစ်ရာကျော်ရှိနေသောကြောင့် မိသားစုဝင်အားလုံးကိုပေါင်းတွက်လျှင် လူပေါင်းသုံး၊ လေးရာမပြတ် ရှိနေ၏။ အလုပ်သမားများချည်းဖြစ်၍ ရှာဖွေပြီး မစားသောက်နိုင်ကြသောကြောင့် ဈေးရောင်းသူများအဖို့ တွက်ချေကိုက်၏။ ကန်ထရိုက်က တစ်ပတ်တစ်ကြိမ် ငွေရှင်းပေးထား၍ ငွေရွှင်သောကြောင့် အကြွေးလည်းမကျပေ။

ဈေးရောင်းသူ သုံး၊ လေးယောက်ရှိကြသည့်အထဲ၌ ဒေါ်ဖြူမ ဝင်ငွေအရွှင်ဆုံး ဖြစ်၏။ အေးဆေးရိုးရှင်းစွာဖြင့် ပြောဆိုဆက်ဆံတတ်

၍ လူချစ်လူခင်ပေါပြီး ဖောက်သည်လည်းများ၏။ ထို့ကြောင့် ဈေးရောင်းကြသူများထဲတွင် ဒေါ်ဖြူမသည် ဈေးအရောင်းရဆုံးဖြစ်၍ ဝင်ငွေလည်း အကောင်းဆုံး ဖြစ်နေ၏။

ဒေါ်ဖြူမကား ပင်ကိုရုပ်ချောခြင်း၊ အေးဆေးစွာနေထိုင်တတ်ခြင်း၊ ရိုးရှင်းစွာဖြင့် ပေါင်းသင်းဆက်ဆံတတ်ခြင်း၊ ဘာသာတရားများကိုကိုင်းရှိုင်းရှိသေခြင်း၊ အချိန်ရှိတိုင်း ပုတီးဖြင့်နေထိုင်ခြင်း စသည်ဖြင့် ရှိ၏။ ထို့ကြောင့် လူအများ၏ လေးစားချစ်ခင်ခြင်းကိုလည်း ရရှိ၏။

ဒေါ်ဖြူမသည် ငှက်ပျောသီးမုန့်၊ ဖက်ထုပ်မုန့်များအပြင် မြို့မှယူ၍ မုန့်ကြွပ်၊ ချိုချဉ်လုံး စသည်များကိုလည်းရောင်း၏။ ကောက်ညှင်းထုပ်များလည်းရောင်း၏။ ဟင်းချက်စရာအဖြစ် ငရုတ်၊ ကြက်သွန်စသည်များ၊ ငါးခြောက်၊ ပုစွန်ခြောက်များ၊ ဘူးသီး၊ ပဲသီး၊ ခရမ်းသီး၊ ဘူးညွန့်၊ ကန်စွန်းညွန့်များ စသည်ဖြင့်။

ထိုထိုရောင်းကုန်များကို ရုံထိုးပြီး ဆိုင်ထိုင်အဖြစ်ရောင်းလေ့ရှိသလို စခန်းကြီးကိုလည်း မနက်တစ်ခေါက်၊ ညနေတစ်ခေါက် လှည့်ပတ်၍ ရောင်းချလေ့ ရှိသေးသည်။ ထို့ကြောင့် အခြားဈေးသည်များထက် ပိုမိုရောင်းရသောကြောင့် တစ်နေ့လျှင် တစ်ဆယ်မှ ဆယ့်ငါးကျပ်အထိ အမြတ်ကျန်၏။

သည်မျှ မှန်မှန်အမြတ်ကျန်နေလျှင် ငွေနှစ်ထောင်နီးပါးကို တစ်နှစ်မပြည့်မီပင် ရလာနိုင်ကြောင်းကို ဒေါ်ဖြူမ နားလည်လိုက်၏။ သို့မှလည်း အစ်ကိုကြီး၊ အစ်မကြီးတို့အား ပေးဆပ်ရမည့်ငွေကြေးများကို အလွယ်တကူရလာနိုင်မည် ဖြစ်၏။ သည်ငွေများကျေပြီးမှလည်း ဒေါ်ဖြူမ၏ခေါင်းပေါ်မှ အထုပ်ကြီးတစ်ထုပ်ကို ပစ်ချလိုက်သကဲ့သို့ ပေါ့သွားပေလိမ့်မည်။ ဒေါ်ဖြူမကလည်း သည်အထုပ်ကြီးကို ပစ်ချချင်လှပြီ ဖြစ်၏။

ဒေါ်ဖြူမကား ဘာသာရေးသမားဖြစ်သည့်အလျောက် အေး

အေးသာနေချင်၏။ ဂုဏ်တော်၊ ဂါထာတော်များကို ရွတ်ပွားလိုက်၊ ပုတီးစိပ်လိုက်၊ တရားရှုမှတ်လိုက်၊ မေတ္တာပို့လိုက်၊ ထိုသို့သာနေချင်၏။ လောဘတက်၍ မည်သည့်လုပ်ငန်းကိုမျှ မလုပ်လို။ လောဘ၊ ဒေါသကိစ္စများကိုလည်း အလိုမရှိပေ။

ယခုလည်း ဈေးလည်ရောင်းနေသည့်တိုင်အောင် အထက်တွင် ဆိုခဲ့သည့် ဘာသာရေးလုပ်ငန်းများ လျော့သွားသည်ဟူ၍မရှိပေ။ ဈေးရောင်းရင်းဖြင့်ပင် ဘာသာရေးတရားများကိုလည်း ပုံမှန်လုပ်၏။ ဈေးရောင်းရာတွင်လည်း မျှတ၏။ အမြတ်ကြီးလည်းမယူ။ လောဘလည်းမတက်။ သမ္မာအာဇီဝကျကျသာ ရောင်းချ၏။ ထို့ကြောင့်လည်း ဒေါ်ဖြူမတွင် ဖောက်သည်ပေါများခြင်း ဖြစ်၏။

## နှင်းအောင်နှင့် အောင်မောင်း

နှင်းအောင်နှင့် အောင်မောင်းသည် ဆင်ခုန်တိုင်စခန်းမှ ပါယာချောင်းရွာ (ဆင်ခုန်တိုင်စခန်းတည်လာပြီးမှ တည်ဆောက်ကြသောရွာသစ်) ဘက်သို့အဖြတ် တောင်ခါးပတ်တွင်ရှိသည့် ချုံထဲသို့ သုတ်ခနဲဝင်လိုက်ကြ၏။ ထို့နောက် အကွယ်တစ်ခုစီကိုအရယူပြီး အခြေအနေကို စောင့်ကြည့်နေကြသည်။

သူတို့၏အစီအစဉ်က သည်ညနေ ဒေါ်ဖြူမအား အပြတ်ရှင်းရန်ဖြစ်၏။ ယခုအခါ သည်ပတ်ဝန်းကျင်၌ အဖြူအမည်း သိပ်ပြီးမရှင်းသေး၍ သည်ကိစ္စမျိုးဖြင့်ပတ်သက်၍လည်း သိပ်ပြီးမရှင်းသေးပေ။ ထို့ကြောင့် ဒေါ်ဖြူမကဲ့သို့ အမျိုးသမီးတစ်ယောက်ကို အပြတ်ရှင်းမည့်ကိစ္စသည်လည်း သိပ်ပြီး အခက်အခဲမရှိဟုဆိုက ဆိုနိုင်သည်။

ဒေါ်ဖြူမအား သူတို့နှစ်ယောက် သတ်လိုနေကြသည်မှာ ဒေါ်ဖြူမသေလျှင် ဒေါ်ဖြူမ၏ လယ်ယာဥယျာဉ် စသော အမွေပစ္စည်းများ သူတို့ထံသို့ အလိုလို စီးဝင်ပြီးသား ဖြစ်၏။ လင်မရှိ၊ သား

ထောက်သမီးခံမရှိသောကြောင့် အခြားသူတစ်ပါး၏လက်ထဲသို့ ရောက်ရှိသွားရန်လည်း အကြောင်းမရှိပေ။

အင်မတန်ယုတ်မာသောအကျင့်ဆိုးဟု ဆိုရမည် ဖြစ်၏။ အမွေပစ္စည်းများကို ရလိုဇောဖြင့် မိမိတို့၏ အရီး၊ အဒေါ် တော်စပ်သူ တစ်ယောက်အား အသက်အန္တရာယ်ပြုမည့်ကိစ္စသည် လုံးဝ ကြံစည်ကောင်းသောအရာပင် မဟုတ်ပေ။ ဘဝအညွန့်ကျိုးပြီး ကံကြီးထိုက်သွားနိုင်သည့်ကိစ္စသို့တိုင်အောင် မကောင်းကျိုးသက်ရောက်သွားနိုင်သည်။

သို့သော် သည်လူမိုက်နှစ်ယောက်ကား ရတစ်လုံး၊ ဝတစ်လုံး နှစ်လုံးသာသိ၏။ မကောင်းမှုကိုလည်း ရဲရဲကြီးပင်လုပ်ရဲကြ၏။ ဆွေးမျိုးတော်သူ၊ သွေးစပ်သူဟူ၍ပင် ခွဲခြားတတ်ခြင်း မရှိကြ။ လူ့ဘဝကိုရလာခြင်းသည် မကောင်းမှုကို ရဲရဲကြီးလုပ်ကိုင်ရလာသည်နှင့်မခြား မကောင်းမှုအားလုံးကို ပျော်ပျော်ကြီးပင်လုပ်လေ့ရှိကြ၏။

ဒေါ်ဖြူမကို သူတို့နှစ်ယောက် ပထမ စိတ်ခုကြသည်မှာလည်း ဒေါ်ဖြူမမှာ စုဆောင်းထားသော ပစ္စည်းပစ္စယ အတော်များများရှိလိမ့်မည်ဟု ထင်ကြ၏။ ထို့ကြောင့် သူတို့ သောက်စားရှုးမှူးရန်အတွက် မကြာခဏ ငွေလာညှစ်ဖူး၏။ နှစ်ကြိမ်သုံးကြိမ်မှသည် လေး၊ ငါးကြိမ်တိုင်လာသောအခါ မပေးနိုင်၍ စိတ်ခုပြီး ဒေါသထွက်ကြ၏။

ထို့နောက် မချေမငံဆက်ဆံလာကြ၏။ အိမ်ပေါ်တက်ပြီး စော်ကားမော်ကားလုပ်သည်အထိလည်းရှိလာကြ၏။ ထို့နောက် ဒေါ်ဖြူမ အိမ်ထောင်ပြုရာတွင်လည်း ဒေါ်ဖြူမ၏ယောက်ျားမှာ တော်လှန်ရေးဗိုလ်တစ်ယောက်ဖြစ်နေ၍ သူတို့နှစ်ယောက်လုံးအား နှိပ်ကွပ်ချင်၍ဟု ယူဆကြပြန်သည်။ ဤသည်အားလုံးကို ရောကြိတ်ပြီး သူတို့နှစ်ယောက် ဒေါ်ဖြူမအား အငြိုးအတေးထားလာကြခြင်း ဖြစ်၏။ ယခု အသက်ကိုရန်ရှာသည်အထိ ရှိလာ၏။

ဒေါ်ဖြူမသည် ဤလမ်းချောင်လေးမှ ပါယာချောင်းရွာသို့

ညနေတိုင်းသွားလေ့ရှိ၏။ ပါယာချောင်းရွာတွင် စိုင်တောင်ချင်းလူမျိုးများချည်း နေထိုင်ကြ၏။ တောင်ယာကို ခုတ်လုပ်စားသောက်ကြ၏။ ရာသီပေါ်သီးနှံများလည်း သူတို့ရွာမှ မပြတ်ထွက်ရှိ၏။ ထို့ကြောင့် ဒေါ်ဖြူမက ညနေတိုင်း ပဲ၊ ငရုတ်၊ ခရမ်း၊ ဘူး၊ ဖရုံ စသော အသီးအရွက်၊ အညွန့်များဝယ်ရန် သွားလေ့ရှိသည်ကို သူတို့နှစ်ယောက်က လေ့လာ၍ သိရှိထားကြ၏။

သိပ်ပြီးမကြာ၊ ဒေါ်ဖြူမသည် ဈေးတောင်းကြီးတစ်ခုကို ခေါင်းပေါ်တင်ရွက်ပြီး ပါယာချောင်း ရွာလမ်းသွယ်လေးအတိုင်း လျှောက်လာနေသည်ကို သူတို့နှစ်ယောက် မြင်ကြ၏။ ထို့ကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး -

"ဟာ- ဟဲ့ကောင်၊ ဟိုမှာတွေ့လား ဟိုမိန်းမကြီးလာနေပြီကွ"

"အေးအေး၊ အသာနေစမ်း။ သူဆက်လျှောက်လာပြီး ရှေ့နည်းနည်းလွန်သွားမှ တို့နှစ်ယောက် နောက်ကထွက်လိုက်သွားပြီး ဖမ်းချုပ်၊ ပါးစပ်ပိတ်၊ ချုံထဲဆွဲသွင်းပြီး ကိစ္စရှင်းကြတာပေါ့"

သူတို့နှစ်ယောက် ထိုကဲ့သို့ပြောဆိုနေကြစဉ်မှာပင် ဒေါ်ဖြူမမြင်ကွင်းမှ ပျောက်သွားလေ၏။ ဘယ်ဆီရောက်သွားသည်ကိုပင် မသိလိုက်တော့။ နောက်ဘက်ပြန်သွားသည်ကို မတွေ့ကြရသလို ရှေ့သို့ အစဉ်အတိုင်းလျှောက်လာနေသည်ကိုလည်း မတွေ့ရပေ။ ထိုနေရာမှာပင် ပျောက်ခြင်းမလှပျောက်သွားလေသည်။

"ဟာ- ဟိုမိန်းမကြီး ဘယ်ကိုရောက်သွားတာလဲကွ၊ ခုတင်က လာနေတာကို တိတိကျကျ မြင်လိုက်လျက်သားနဲ့"

"အေး- နောက်ကိုပြန်သွားရင်လည်း မြင်သင့်တယ်။ ရှေ့ဆက်ပြီးလျှောက်လာရင်လည်း မြင်သင့်တယ်။ အခု ဘယ်ဆီရောက်သွားပါလိမ့်"

သူတို့နှစ်ယောက် ပြောဆိုဝေဖန်ပြီး ဖွေရှာကြည့်နေကြ၏။

ဒေါ်ဖြူမလျှောက်လာနေသည့်လမ်းတစ်လျှောက်တွင်လည်း ချုံဖုတ်၊ ချုံတန်း ဟူ၍ တစ်ခုမျှမရှိ။ မဆိုစလောက် တုံးတံတားလေးတစ်ခု သာရှိ၏။ ထိုတုံးတံတားလေးသည် ဒူးလောက်ပင် မမြင့်ပေ။ ထိုတုံးတံတားအောက်ဆင်းပြီးထိုင်နေလျှင်ပင် အဝေးကမြင်နိုင်၏။

''ဟာ- ဟိုမှာ၊ ရွာထဲဝင်သွားပြီကွ တွေ့လား''

ဟု နှင်းအောင်ကပြော၏။

''အေး- ဟုတ်ပေသားပဲ၊ ဟာ- ဒီမိန်းမကြီး ဘယ်ကဘယ်လိုသွားလို့ ရွာထဲရောက်သွားတာလဲကွ။ အခြားဘက်ကများ ဖြတ်လမ်းရှိလေသလား''

''ကဲ- မအော်နဲ့၊ အသာကြည့်နေစမ်း။ သူ ရွာထဲမှာ သိပ်ပြီးမကြာလောက်ပါဘူး။ တော်ကြာ ပြန်ထွက်လာမှာ။ ဒီတော့မှ အခြေအနေကိုကြည့်ပြီး လုပ်သင့်တာဆက်လုပ်ကြတာပေါ့''

မှန်သည်။ ဒေါ်ဖြူမကား ရွာထဲတွင် သိပ်ပြီးမကြာပေ။ သူ ဝယ်ယူနေကျပင်ရင်းအိမ်များမှ အသီး၊ အရွက်များကို လိုသလောက် ဝယ်ယူပြီးသည်နှင့် ပြန်လာခဲ့၏။

နှင်းအောင်နှင့် အောင်မောင်းတို့လည်း မလွှတ်တမ်းကြည့်ထားကြ၏။ သို့သော် သူတို့အနားသို့မရောက်မီ တစ်ဖာလုံခန့်အလိုတွင် ချုံဖုတ်လေးတစ်ခု ရှိ၏။ ထိုချုံဖုတ်လေးကိုကွယ်သွားသည်နှင့် ဒေါ်ဖြူမလည်း ပျောက်ခြင်းမလှပျောက်သွားပြန်လေသည်။ ဆင်ခုန်တိုင် စခန်းသို့ဝင်လုလုရောက်မှ မြင်ရလေသည်။

ထို့ကြောင့် နှင်းအောင်နှင့် အောင်မောင်းတို့မှာ အံ့သြ၍မဆုံး ဖြစ်နေကြ၏။ ဒေါ်ဖြူမအလာတုန်းက သူတို့နှင့် တစ်ဖာလုံနီးပါးခန့် အနီးသို့အရောက်တွင် ဒေါ်ဖြူမ ပျောက်ခြင်းမလှပျောက်သွားခဲ့သည် ကို မယုံသင်္ကာဖြင့် ကြည့်ရှုရှာဖွေနေကြရင်း ပါယာချောင်းရွာအဝင်မှသာ မြင်လိုက်ရပြန်သည်။

သည်အကြိမ်တွင် သူတို့မျက်စိချော်၍ ဒေါ်ဖြူမ သူတို့အနားမှ ဖြတ်လျှောက်သွားသည်ကို မမြင်လိုက်ရဟုသာ ထင်ခဲ့ကြ၏။ ထို့နောက် အလာကိုစောင့်ကြည့်နေကြပြန်ရာတွင်လည်း သူတို့နှင့် တစ်ဖာလုံနီးပါးခန့် အနီးသို့ရောက်ပြီးနောက် ပျောက်သွားပြီး ဆင်ခုန်တိုင်စခန်းအဝင်သို့ရောက်မှ မြင်လိုက်ရပြန်သည်။

ထို့ကြောင့် နှင်းအောင်နှင့် အောင်မောင်းတို့သည် ဒေါ်ဖြူမအား မအံ့သြ၍မရတော့ပေ။ အံ့သြရုံသာမက ကြောက်လန့်၍ပင် လာကြ၏။ ဒေါ်ဖြူမသည် သာမန်မိန်းမတစ်ယောက်မဟုတ်၊ စက်ကြိုးများစွာပိုင်သော ဧရာမစုန်းမကြီးတစ်ယောက်သာဖြစ်မည်ဟု သူတို့လိုရာဆွဲပြီး တွေးကြောက်လာကြ၏။

စက်ကြိုးပိုင်သော အစွမ်းထက်သည့် စုန်းတို့သည် မိုးပေါ်ကို ပျံသွားနိုင်စွမ်းရှိသည့်အကြောင်းကို သူတို့ကြားဖူးကြသည်။ အရှေ့ပြည်နှင့် အနောက်ပြည်ကိုပင် ခဏချင်းသွားရောက်နိုင်သည်။ အနောက်ပြည်မှ စက်ကြိုးပိုင်သော စုန်းမကြီးတစ်ယောက်သည် ဟင်းရည်အိုးကို ခွင်ပေါ်တွင်တည်ထားခဲ့ပြီး အရှေ့ပြည်တွင် ဟင်းရွက်သွားခူးပြန်လာကာ အဖတ်ခတ် (ချက်ပြုတ်) နိုင်သည်ဟုလည်း ကြားဖူးကြသည်။

တချို့ အစွမ်းထက်သော စုန်းမကြီးတို့သည် မှော်ဆရာများနှင့် ပညာပြိုင်ကြရာ၌ ထဘီစုတ်ကိုပင် ဟင်းရွက်အဖြစ် ဟင်းခါးချက်ကျွေးနိုင်ကြောင်း၊ (ထဘီစုတ်ကို ဟင်းရွက်အဖြစ်ချက်ကျွေးသော်လည်း မသိနိုင်ကြောင်း) ကိုလည်း ကြားဖူးသည်။ ထို့ကြောင့် အစွမ်းထက်သောစုန်းမကြီးတို့သည် မိုးပေါ်တွင် ပျံသန်းနိုင်ကြသည့်အပြင် ကိုယ်ဖျောက်နိုင်ကြောင်းနှင့် လူတို့၏စိတ်ကိုလည်း ကြိုသိနိုင်ကြောင်း၊ ပစ္စည်းဝတ္ထုအမျိုးမျိုးတို့ကိုလည်း ဖန်တီးလုပ်ဆောင်၍ တစ်ပါးသူတို့အား လှည့်စားနိုင်ကြောင်း စသည်ဖြင့်လည်း ကြားဖူးကြသည်။

ထို့ကြောင့်ယခု ဒေါ်ဖြူမသည်လည်း စုန်းပညာကို တစ်ဖက်ကမ်းခတ်အောင် သင်ယူတတ်မြောက်ထားသောကြောင့် သူတို့နှစ်

ယောက် ချောင်းမြောင်းစောင့်ဆိုင်းနေကြသည်ကို ကြိုတင်သိ၍ ကိုယ်ဖျောက်၍သော် လည်းကောင်း၊ သူတို့မမြင်လိုက်မီ မိုးပေါ်သို့ပျံတက်၍သော် လည်းကောင်း သွားခြင်းဖြစ်ပေမည်ဟု ယူဆလိုက်ကြ၏။

ဒေါ်ဖြူမကို စုန်းမကြီးအဖြစ် ယူဆလိုက်ကြပြီးနောက် နှင်းအောင်နှင့် အောင်မောင်းတို့သည် ဒေါ်ဖြူမအား အလွန်အမင်း ကြောက်လန့်သွားကြ၏။ ထို့ကြောင့် ဒေါ်ဖြူမအား သတ်ဖြတ်ရန်မကြံစည်ရဲကြသည့်အပြင် စိတ်ပင်မကူးရဲကြတော့ပေ။ သူတို့အား စုန်းပညာဖြင့် ပြန်လည်တိုက်ခိုက်လာမည်ကိုပင် အလွန်အမင်း ကြောက်လန့်နေကြလေသည်။

နှင်းအောင်နှင့် အောင်မောင်းတို့လည်း ဒေါ်ဖြူမအား လုပ်ကြံသတ်ဖြတ်မည့်အကြံအစည် မအောင်မမြင်ဖြစ်ခဲ့ရသည့်အပြင် ဒေါ်ဖြူမကိုလည်း စက်ကြိုးများစွာပိုင်သော စုန်းမကြီးတစ်ယောက်အဖြစ် အထင်ရောက်ကာ အလွန်အမင်းကြောက်လန့်သွားကြသဖြင့် ထိုအကြံအစည် အားလုံးကိုလည်း ဖျက်သိမ်းလိုက်ကြ၏။

ထို့နောက် မိုးချုပ်လာ၍ ရွာသို့ပြန်ရန် အချိန်လည်းမရတော့ပေ။ ကားအသွားအလာလည်း မရှိတော့။ ထိုအချိန်က မင်းဘူးအမ်းလမ်းသည် လမ်းသစ်ကြီးမျှသာရှိသေး၍ လိုင်းကားဟူ၍လည်း မရှိသေးပေ။ ထို့ကြောင့် ဆင်ခုန်တိုင်စခန်းတွင်ရှိသော သူတို့၏ အသိမိတ်ဆွေဖြစ်သူ အောင်ကျော်မြင့်ထံသို့ပင် တည်းခိုညအိပ်ရန် ရောက်ရှိလာကြ၏။

## ဒေါ်ဖြူမ စုန်းမကြီးဟုတ်၊ မဟုတ် စုံစမ်းခြင်း

ထိုအချိန်က မင်းဘူးအမ်းလမ်းတစ်လျှောက်တွင် အဖြူ၊ အနီ သိပ်ပြီးမရှင်းသေး၍ နေဝင်မိုးချုပ် စခန်းတွင်းသို့ ဧည့်အဝင်အထွက်ကို စစ်ဆေးရ၏။ အလုပ်သမားမဟုတ်သော လူစိမ်းအားလုံးတို့ ဧည့်

တိုင်၍သာ တည်းခိုကြရ၏။ ဧည့်မတိုင်လျှင် အိမ်ရှင်အား စခန်းမှ နှင်ထုတ်လေ့ ရှိ၏။

ဆင်ခုန်တိုင်စခန်းသည်လည်း လမ်းစီမံကိန်း တောစခန်းကြီး တစ်ခုမျှသာဖြစ်၍ ရဲ၊ စစ်တပ်၊ ရွာသူကြီး စသည်ဖြင့် အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့အစည်းများ မရှိကြပေ။ သက်ဆိုင်ရာလုပ်ငန်းအုပ် ချုပ်သောပုဂ္ဂိုလ်များကိုသာ အရေးအကြောင်းရှိတိုင်း ပြောဆိုတိုင် ကြားကြရ၏။

ထိုအချိန်က ဆင်ခုန်တိုင်စခန်း၏ အလုပ်သမားခေါင်းဆောင် မှာ မောင်အေးချမ်း ဖြစ်၏။ အလုပ်သမားခေါင်းဟု ဆိုသော်လည်း မောင်အေးချမ်းမှာ အသက် (၁၈) နှစ်အရွယ်မျှသာ ရှိသေး၏။ ကိုရင် လူထွက်လေး ဖြစ်၏။ မိခင်လူမမာကြီးကို လုပ်ကိုင်ကျွေးမွေးရင်းက အခိုက်အတန့်မျှ အလုပ်သမားခေါင်းဆောင်ဝင်လုပ်နေခြင်း ဖြစ်၏။

ဧည့်တိုင်လျှင် မှတ်ပုံတင်နှင့်တကွ ၄င်းဧည့်သည်ကိုပါခေါ်လာ ပြရ၏။ ထို့နောက် လိုအပ်သလိုစစ်မေးပြီးမှ လက်ခံ၏။ ထို့ကြောင့် မောင်အေးချမ်း စစ်မေးရင်းက သူတို့လုပ်ရပ်များနှင့် အကြောင်းခြင်း ရာအားလုံးကိုလည်း သိခွင့်ရလာ၏။ အရက်မူးတော့ ကျွဲခိုးပေါ်သည် ဆိုသကဲ့သို့ပင် ထိုအချိန်က နှင်းအောင်နှင့် အောင်မောင်းတို့သည် အရက်မူးနေကြ၍ပင် သူတို့၏အဖြစ်ကို ဖော်ပြောမိကြလေသလား ဟု ယူဆရ၏။

သို့တည်းမဟုတ် သူတို့လုပ်ငန်း မအောင်မမြင်ဖြစ်သွားရခြင်း နှင့်ပတ်သက်၍ အထူးအဆန်း အတွေ့အကြုံများ ပါဝင်နေသော ကြောင့်ပင် ဖွင့်၍ပြောမိကြလေသလားဟုလည်း ယူဆရ၏။ ထိုတည်း မဟုတ် ဒေါ်ဖြူမ၏ သီလမေတ္တာတန်ခိုးကြောင့်ပင် တို့၏ မကောင်း သောအကြံအစည်များ ပေါ်ပေါက်လာရလေသလားဟုလည်း ယူဆ ရ၏။

မောင်အေးချမ်းကား နှင်းအောင်နှင့် အောင်မောင်းတို့ပြောကြ

သလို ဒေါ်ဖြူမအား စက်ကြိုးပိုင် စုန်းမကြီးတစ်ယောက်ဟု မယူဆပေ။ ဒေါ်ဖြူမ၏ သီလသမာဓိများကို သိနေ၊ နားလည်နေသောကြောင့် သူတို့ပြောသလို တွေးတောယူဆဝံ့ခြင်းလည်း မရှိ။ ဒေါ်ဖြူမကို တွေ့သိပြီးစအချိန်ကပင် လေးစားကြည်ညိုလျက်သာ ရှိ၏။

မောင်အေးချမ်းမှာ ဆိုခဲ့သည့်အတိုင်း ကိုရင်လူထွက်လေးဖြစ်သည့်အလျောက် သေဝပ်စွာဖြင့်နေခြင်း၊ သီလ သမာဓိကိုစောင့်ထိန်းခြင်း၊ ဘာသာတရားတော်များကို လေးစားကြည်ညိုခြင်း စသည်ဖြင့် သီလ၊ သမာဓိ၊ ပညာ တရားများဖြင့်သာနေ၏။ နည်းတူ အခြားလူများ ဘာသာတရားရှိလျှင်လည်း သိ၏။

ထို့ကြောင့် ယခု နှင်းအောင်နှင့် အောင်မောင်းတို့က ဒေါ်ဖြူမကို စုန်းမကြီး၊ စက်ကြိုးပိုင်မကြီး၊ ကဝေမကြီးဟု မည်မျှအထိပင် စွပ်စွဲပြောဆိုနေကြသော်လည်း မောင်အေးချမ်း ယုံကြည်ခြင်းမရှိပေ။ သို့သော် ယခု နှင်းအောင်နှင့် အောင်မောင်းတို့က အတော်လေးပင် အခိုင်အမာပြောဆိုနေကြသဖြင့် ဒေါ်ဖြူမအား စုံစမ်းလိုစိတ်ပြင်းပြလာ၏။

မောင်အေးချမ်းက ငါးပါးသီလကိုထိန်းပြီး ဘုရား၊ တရားနှင့်နေသော်လည်း ခပ်စွာစွာသဘောတော့ ရှိသည်။ အထူးအဆန်းများကိုလည်း ကြိုက်သည်။ လျှို့ဝှက်ဆန်းကြယ်၊ လျှို့ဝှက်သည်းဖိုကိစ္စများကိုလည်း စိတ်ဝင်စားသည်။ ထို့ကြောင့် ဆိုခဲ့သည့်အကြောင်းများနှင့် ပတ်သက်၍ ဒေါ်ဖြူမအား မသိမသာ မေးမြန်းစုံစမ်းရန် ထွက်လာခဲ့၏။

ဆင်ခုန်တိုင်စခန်းသည် မင်းဘူး အမ်းလမ်းတစ်လျှောက်၌ အကြီးဆုံး၊ တည်မြဲစခန်းကြီးတစ်ခုအဖြစ်လည်း သတ်မှတ်ထား၍ လူဦးရေများပြီး စည်စည်ကားကားရှိသလို လျှပ်စစ်မီးများကိုလည်း ည (၁၁) နာရီ အထိပေးထားသည်။ ထို့ကြောင့် မိုးချုပ်နေပြီဖြစ်သော်လည်း စခန်းကြီးတစ်ခုလုံး လျှပ်စစ်မီးရောင်များဖြင့် လင်းထိန်

နေသည်။

မောင်အေးချမ်းရောက်သွားသည့်အချိန်တွင် ဒေါ်ဖြူမ ကောက်ညှင်းထုပ် ထုပ်နေ၏။ ခွင်ပေါ်တွင်လည်း ပေါင်းအိုးကြီးတစ်လုံးရှိနေသည်ကိုတွေ့ရ၍ မုန့်တစ်ခုခုပေါင်းထားခြင်းဖြစ်မည်ဟု ထင်ရသည်။ ဒေါ်ဖြူမကား မြို့ဆိုင်များမှယူရောင်းသည့် မုန့်များအပြင် လက်လုပ်မုန့်များကိုလည်း သုံး၊ လေးမျိုးအထိ လုပ်ရောင်းခြင်း ဖြစ်၏။ ဟင်းချက်စရာများကိုလည်း အတော်လေးပင် စုံလင်အောင်ရောင်း၏။

ဒေါ်ဖြူမသည် မောင်အေးချမ်းရောက်လာ၍ အထူးအဆန်းတအံ့တသြဖြစ်သွားဟန်ရှိ၏။ မိုးလည်းချုပ်နေပြီ၊ ဈေးဝယ်ရန်လည်း မဟုတ်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးလည်း ရောက်လာသည်။ ဤဆင်ခုန်တိုင်စခန်း၌ အရေးပါအရာရောက်သော လူတစ်ယောက်လည်း ဖြစ်နေသည်။ ထို့ကြောင့် သူ့အား တစ်စုံတစ်ခုများ ပြောဆိုရန်လာလေသလားဟု အထင်ရောက်နေပုံရသည်။

မောင်အေးချမ်း ဤကဲ့သို့သွားခြင်းမှာလည်း အကြောင်းရှိ၏။ ဒေါ်ဖြူမ အံ့သြပြီး အနည်းငယ်တုန်လှုပ်သွားစေရန်နှင့် အဟန့်တစ်ခုခုဖြစ်သွားစေရန်အတွက် ရည်ရွယ်၏။ သို့မှ မောင်အေးချမ်းသိလို၍ မေးမြန်းချင်နေသောစကားကို ဟောဟောဒိုင်းဒိုင်းဖြင့် တည့်တိုးကြီးမေးမြန်း၍ လွယ်ကူမည် ဖြစ်၏။

ဒေါ်ဖြူမသည် မောင်အေးချမ်း သူ့တဲရုံလေးထဲသို့ ဝင်ရောက်လာသည်နှင့် လုပ်လက်စကောက်ညှင်းထုပ်ခြင်းကိုရပ်ထားခဲ့ပြီး နေရာခင်းခြင်း၊ ပဲကြမ်းသုပ်နှင့် ရေနွေးကြမ်းများကိုချပေးခြင်း၊ ဒူးယားနှင့် ဖက်ကြမ်းဆေးလိပ်များကိုလည်း ကြိုက်ရာကိုရွေးဖွာရန်အတွက် ချပေးခြင်းများကို ပြု၏။ ထို့နောက် မောင်အေးချမ်း၏မျက်နှာကို အံ့သြသလို တစ်ချက်မျှကြည့်ပြီး -

''တူငယ် ကိစ္စတစ်စုံတစ်ခုများရှိသလားကွယ်''

ဟု မေး၏။

"ဟုတ်ပါတယ်၊ ဒီစခန်းမှာ ဒေါ်ငယ်ကို စက်ကြိုးများစွာပိုင်တဲ့ စုန်းမကြီးတစ်ယောက်လို့ ထင်နေကြပါတယ်။ အဲဒါ ဟုတ်ပါသလား"

ဒေါ်ငယ်ဟူသည်မှာ အမေဓါ်ညီမ/ ဒေါ်လေးငယ် စသည်ဖြင့် ခေါ်ခြင်း ဖြစ်၏။ ဒေါ်ဖြူမကလည်း စကားပြောတိုင်း သူ့ကိုယ်သူ ဒေါ်ငယ်ဟု အမြဲသုံး၍ ပြောလေ့ရှိသောကြောင့် မောင်အေးချမ်းမှစ၍ စခန်းတွင်ရှိသော လူအားလုံးက ဒေါ်ဖြူမအား ဒေါ်ငယ်ဟု ခေါ်နေကြ၏။

ဒေါ်ဖြူမသည် မျက်လုံးလေးများပြူးဝိုင်းသွားပြီး -

"မဟုတ်ရပါဘူး ငါ့တူရယ်၊ ဒေါ်ငယ် ဘာမှမတတ်ပါဘူး၊ ဒေါ်ငယ်က ငါးပါးသီလကိုစောင့်ထိန်းပြီး ဘုရားတရားနဲ့ အမြဲနေတဲ့ သူတစ်ယောက်ပါကွယ်၊ ဒေါ်ငယ်ကို အထင်မမှားကြပါနဲ့။ ဒေါ်ငယ် ဘာစုန်းမှမတတ်ဘူး၊ မကောင်းတဲ့ပညာကိုလည်း ဘာပညာမှ မတတ်ဘူး ဆိုတာကို သစ္စာဆိုပြဆိုလည်း ဆိုပြပါ့မယ်"

ဟု ပျာပျာသလဲဖြင့် ဆိုလေသည်။

ဤလမ်းမကြီးတစ်လျှောက်နှင့် ပတ်ဝန်းကျင်သည် ဆိုခဲ့သည့်အတိုင်း အဖြူ အနီ မရှင်းသေးသောကြောင့် လူဆိုး၊ သူခိုး၊ ဓားပြများ ဝင်ရောက်၍ ခိုးလုတိုက်ခိုက်သည်ကို လက်ရဖမ်းမိလျှင်ဖြစ်စေ၊ စုန်း၊ မှော်၊ အောက်လမ်း စသော ဆရာများ မကောင်းသောပညာဖြင့် တစ်စုံတစ်ယောက်အား တိုက်ခိုက်ပြုစားလျှင်ဖြစ်စေ ထင်ရှားစွာသိလျှင် ရုံးဂါတ်သို့မပို့ဘဲ အပြတ်ရှင်းပစ်လေ့ ရှိဖူး၏။

ဤသည်ကိုသိထား၍ မောင်အေးချမ်းက သူ့အား စုန်းမကြီးဟု စွပ်စွဲမေးမြန်းခြင်းကို ခံလိုက်ရခြင်းကြောင့် ဒေါ်ဖြူမ အတော်လေး ပင် ကြောက်လန့်သွားဟန်ရှိသည်။ မောင်အေးချမ်းအနေဖြင့်လည်း ဒေါ်ဖြူမအား တကယ့်စုန်းမကြီးဟုထင်၍ကား မဟုတ်ပေ။ ဒေါ်ဖြူမ

၏ ကိုယ်ဖျောက်ပညာအကြောင်းကို အမေးရလွယ်စေခြင်းအတွက်သာ အဟန့်ကောင်းကောင်းဖြင့်မေးလိုက်ခြင်းမျှသာ ဖြစ်၏။ ဒေါ်ဖြူမကို စုန်းမကြီးအထင်ဖြင့် စွပ်စွဲခြင်းကား လုံးဝမဟုတ်။

''ကျွန်တော်သိထား၊ ကြားထားတာက ဒေါ်ဖြူမဟာ နှယ်နှယ်ရရ စုန်းမကြီးမဟုတ်။ ကိုယ်ဖျောက်ခြင်း၊ မိုးပေါ်ကို ပျံတက်နိုင်ခြင်းအထိစွမ်းတဲ့ စုန်းမကြီးတစ်ယောက်လို့ ကြားသိထားပါတယ်''

''မဟုတ်ရပါဘူး ငါ့တူရယ်၊ ဒေါ်ငယ် ဘာစုန်းပညာကိုမှ မတတ်ပါဘူး။ သစ္စာဆိုပါလို့ဆိုရင်လည်း ဆိုပြပါ့မယ်။ ကျိန်ပြပါဆိုရင်လည်း ကျိန်ပြပါ့မယ်။ ဒေါ်ငယ် မကောင်းတဲ့ပညာဆို ဘာပညာကိုမှ မတတ်ပါဘူးကွယ်''

''ဒေါ်ငယ်မှာ မကောင်းတဲ့ပညာ တစ်ခုမှမရှိဘူး၊ မတတ်ဘူးဆိုရင် ကောင်းတဲ့ပညာတစ်ခုခုတော့ ရှိလိမ့်မယ်။ ဒီတော့ ပညာထူးပညာဆန်းနဲ့ ပတ်သက်လို့ကော ဘာများရှိပါသလဲ''

''ဒေါ်ငယ်မှာ ပညာဆိုလို့ ဘာပညာမှမရှိပါဘူးကွယ်။ စာကလေး မဆိုသလောက်ရေးတတ်၊ ဖတ်တတ်နေတာတောင်မှ တိုင်းပြည်ပျက်တုန်းက ပြေးရင်းလွှားရင်းနဲ့ ဦးလေးတွေသင်ပေးထားကြတဲ့ပရိတ်ကြီးနဲ့ လောကနီတိလောက်ပဲတတ်ပါတယ်။ နောက် တွက်တတ်ချက်တတ်ရုံ ဗေဒင်ပညာလေး မတောက်တခေါက်တတ်ပါတယ်။ ဒါတွေဟာလည်း ပြောလောက်အောင်မဟုတ်ပါဘူး။ တကယ့်မတောက်တခေါက်လေးပါ။ ပညာနဲ့ပတ်သက်လာရင်တော့ တကယ့်သူဖုန်းစားမကြီးပါ။ ပညာနဲ့ပတ်သက်လာရင် ဘာပညာမှမတတ်ပါဘူး။ ဒါကြောင့် ဒီဘဝမှာ ဘာဆိုဘာမှမတတ်မြောက်၊ မထူးချွန်၊ မထက်မြက်တာကြောင့်၊ ဘဝကောင်းရာ နောင်ကောင်းရာအတွက် အတတ်နိုင်ဆုံး ကောင်းအောင်နေပါတယ်။ ငါးပါးသီလကိုလည်း အတတ်နိုင်ဆုံး မကျိုးပေါက်အောင်စောင့်ထိန်းတယ်။ တရားရှုမှတ်တယ်။ မေတ္တာပို့တယ်။ အိပ်ရာဝင်၊ အိပ်ရာထ အမြဲဘုရားရှိခိုးတယ်။

ဂုဏ်တော်ဂါထာတော်တွေကိုလည်း အချိန်ရှိတိုင်း ရွတ်ဆိုပူဇော်ပြီး နေပါတယ်။ ဒီစကားတွေအားလုံးဟာ အမှန်ချည်းပါ။ ဒေါ်ငယ် ဘာ ပညာမှမတတ်ပါဘူး''

ဒေါ်ဖြူမှုက ဂုဏ်တော်ဂါထာတော်များကို အချိန်ရှိတိုင်း ရွတ်ဆိုပူဇော်နေသည်ဟုဆို၍ ယခု မောင်အေးချမ်းသိချင်နေသောအ ကြောင်းကိစ္စနှင့်ပတ်သက်ပြီး စိတ်ဝင်စားလာ၏။ အစွမ်းထက်သော ဂုဏ်တော်ဂါထာတော်များကို အမြဲမပြတ် ထုံအောင်ရွတ်ဆိုနေကြသူများ သည်လည်း သိဒ္ဓိတစ်ခုခုကိုရရှိနိုင်ကြောင်း ကြားဖူး၏။

''ဟုတ်ပြီ။ ဒီတော့ ခုတင်က ဒေါ်ငယ်ရဲ့စကားထဲမှာ ဂုဏ် တော် ဂါထာတော်တွေကို အချိန်ရှိတိုင်း ရွတ်ဆိုပူဇော်တယ်လို့ ဆိုတယ်။ အဲဒါ ဘယ်လိုဂုဏ်တော်ဂါထာတော်တွေလဲဆိုတာ ပြော နိုင်ရင် ကျွန်တော့်ကိုပြောပြပါ''

''ဒေါ်ငယ် ရွတ်ဆိုပူဇော်နေတဲ့ ဂုဏ်တော်၊ ဂါထာတော်တွေ ကတော့ အများကြီးပါကွယ်။ ဒီအထဲမှာ အများအားဖြင့် ရွတ်ဆို ပူဇော်နေတာကတော့ အောင်ခြင်းရှစ်ပါးဂါထာတော်၊ သမ္ဗုဒ္ဓေဂါထာ တော်နဲ့ သရဏဂုံဂါထာတော်တွေပါပဲ''

''ဒေါ်ငယ်က အချိန်ရှိတိုင်း ဂုဏ်တော် ဂါထာတော်တွေကို အမြဲမပြတ် ရွတ်ဖတ်ပူဇော်နေတယ်ဆိုတော့ ဒီညနေက ဒေါ်ငယ်၊ ပါယာချောင်းရွာဘက်ကိုသွားတာ တွေ့လိုက်ရတယ်။ အဲဒီအချိန်မှာ ဒေါ်ငယ် ဘယ်လိုဂါထာတော်ကိုများ ရွတ်ဆိုပွားများပြီးသွားနေသလဲ၊ မှတ်မိရင် ကျွန်တော့်ကိုပြောပြပါ''

ဒေါ်ဖြူမသည် ခဏမျှစဉ်းစားလိုက်ပြီး -

''အဲဒီအချိန်က ဒေါ်ငယ်ရွတ်ဆိုနေတာ သရဏဂုံဂါထာတော် ပါကွယ်။ ဂါထာတော်အားလုံးတို့အထဲမှာ သရဏဂုံဂါထာတော်ဟာ အစွမ်းအထက်ဆုံးလို့ သိထားတဲ့အတွက် ဒေါ်ငယ် အပွားများဆုံး

ဂါထာတော်ကြီးလည်း ဖြစ်ပါတယ်"

ဤမျှဆိုလျှင်ပင် ဒေါ်ဖြူမ၏အဖြေများက လုံလောက်နေပြီဖြစ်၏။ သရဏဂုံဂါထာတော်ကြီး၏အစွမ်းနှင့် အကျိုးအာနိသင်များကို မောင်အေးချမ်းလည်း နားလည်၏။ သရဏဂုံဂါထာတော်ကို အမြဲမပြတ် ရွတ်ဆိုပူဇော်နေသူသည် အန္တရာယ်အပေါင်းမှ ကင်းလွတ်ရုံသာမကဘဲ အခိုက်အတန့်အားဖြင့် ကိုယ်ပျောက်နိုင်ခြင်း၊ ယောကျ်ားစစ်စစ်မှ မိန်းမများကဲ့သို့ လည်းကောင်း၊ မိန်းမစစ်စစ်မှ ယောကျ်ားကဲ့သို့ လည်းကောင်း ဖြစ်သွားနိုင်ခြင်းအထိပင်ရှိကြောင်းများကိုလည်း ကြားဖူး၏။

"ဒေါ်ငယ် အခုလို ဂုဏ်တော်၊ ဂါထာတော်တွေကို အမြဲမပြတ် ရွတ်ဆိုပူဇော်နေတယ်ဆိုတာ ကိုယ်ပိုင်အသိနဲ့ ရွတ်ဆိုနေတာလား၊ တစ်စုံတစ်ယောက်က အကြံပြုတိုက်တွန်းလို့ သဒ္ဓါတရားဖြစ်လာပြီး ရွတ်ဆိုပူဇော်နေတာလား ပြောနိုင်ရင်ပြောပြပါ"

"ပြောနိုင်ပါတယ်၊ ဒေါ်ငယ်တို့ဆွေမျိုးတွေထဲမှာ ဆရာတော်တစ်ပါးနဲ့ ဦးလေးကြီးတစ်ယောက်တို့ဟာ သရဏဂုံကို ရွတ်ဆိုပူဇော်နေလို့ သမာဓိဉာဏ်ရလာတာတို့၊ နတ်ကောင်းနတ်မြတ်များ စောင့်ရှောက်တာတို့၊ အသက်ဘေးအန္တရာယ်က အကြိမ်ကြိမ် လွတ်မြောက်ခဲ့ဖူးတာတို့ ရှိဖူးကြပါတယ်။ ဒါကြောင့် ဒေါ်ငယ် ကလေးဘဝကပင် စစ်ပြေးရင်း ဆရာတော်နဲ့ ဦးလေးကြီးတို့က သင်ကြားပေးခဲ့ကြလို့ အခုလို ဒေါ်ငယ် ကြည်ကြည်ညိုညိုနဲ့ အမြဲမပြတ် ရွတ်ဖတ်ပူဇော်နေလာတာပါ"

"ဟုတ်ပြီ၊ ဒေါ်ငယ် အခုလိုပြောပြတာကို ကျေးတင်ရှုးပါတယ်၊ အခုလို မေးမြန်းနေတာဟာလည်း ဒေါ်ငယ်ကို တကယ်စုန်းမကြီးထင်လို့တော့ မဟုတ်ပါဘူး၊ အကြောင်းရှိလို့ပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီးလည်း ဒေါ်ငယ် ဘာမှမစိုးရိမ်ပါနဲ့၊ အခုလို မေးမြန်းပြောဆိုတာနဲ့ပတ်သက်လို့လည်း ကျွန်တော့်ကိုခွင့်လွှတ်ပါ"

ဟု ပြောဆိုကန့်ကွက်ထားခဲ့ပြီး မောင်အေးချမ်း ပြန်လာခဲ့၏။

ဒေါ်ဖြူမ၏ သီလ၊ သမာဓိနှင့် သရဏဂုံအစွမ်းများကို သိရှိ ကြည်ညိုလိုက်ရ၍လည်း များစွာပင် ကျေးဇူးတင်မိသည်။ အလွယ် တကူသိစေနိုင်ရန်အတွက် ယခုကဲ့သို့ ခြိမ်းခြောက်သလို မေးမြန်းမိ ခြင်းကြောင့် အပြစ်တစ်စုံတစ်ရာဖြစ်မည်ကိုလည်း စိုးရိမ်မိသည်။ ထို့ ကြောင့်လည်း ဒေါ်ဖြူမအား ကန်တော့ခဲ့ခြင်း ဖြစ်သည်။

စခန်းတဲရုံသို့ပြန်ရောက်လျှင် အောင်ကျော်မြင့်အပါအဝင် နှင်း အောင်နှင့် အောင်မောင်းတို့ကိုလည်း ဒေါ်ဖြူမအား မပြစ်မှားသင့် ကြောင်း၊ စုန်းမကြီးမဟုတ်ဘဲ သူတော်ကောင်းမကြီးသာဖြစ်ကြောင်း စသည်များကိုလည်း အကြောင်းဝတ္ထုများနှင့်တကွ ပြောပြလိုက်၍ သူတို့လည်း နားလည်သွားကြလေသည်။

(ထိုအချိန်က မောင်အေးချမ်းမှာ ဤစာရေးသူပင် ဖြစ်၏။)

(ရှေ့အခန်းတွင် ဒေါ်ဖြူမ၏ဦးလေးတော်စပ်သူနှင့် ဆရာတော် ၏ သရဏဂုံအကြောင်းများကိုဆက်ရန်)

## ၁၂။ ဘုန်းတော်ကြီးဦးသုမန၏ သရဏဂုံအကျိုးစုများ

ဘုန်းတော်ကြီးဦးသုမန၏ဇာတိမှာ အမ်းမြို့နယ် ကင်းခြေရွာ ဖြစ်၏။ သို့သော် ဘုန်းတော်ကြီးဦးသုမနသည် သူနှင့် စာသင်ဖက် ကိုယ်တော်များနှင့်အတူလိုက်သွားပြီး မြိတ်နယ်မှာသာ ကျောင်းထိုင် ဘုန်းကြီးသွားဖြစ်၏။

ဘုန်းတော်ကြီးဦးသုမနကို ဂုဏ်တော်ဆရာတော်ဟုလည်း သူ၏မိတ်ဆွေ ရဟန်းတော်များနှင့် ဒကာ၊ ဒကာမများက အသိအ မှတ်ပြုကြ၏။ ဂုဏ်တော်ဂါထာတော်များကို အရွတ်အဖတ်များသော ကြောင့် ဖြစ်၏။ ပုတီးလည်း မပြတ်စိပ်လေ့ရှိ၏။ မေတ္တာ၊ ဂုဏ်တော်၊ ပုတီးသုံးမျိုးလုံးသည်ပင် ဘုန်းတော်ကြီးဦးသုမန၏လက်သုံး ဖြစ်၏။

ဘုန်းတော်ကြီးဦးသုမနသည် အနေအေးသောကြောင့် လူကြည်ညိုလည်း ပေါများ၏။ အလိုဆန္ဒနည်း၏။ ဝိနည်းလေးစား၏။ ဘာသာရေးမှလွဲ၍ နဝကမ္မအလုပ်များကို အတတ်နိုင်ဆုံးရှောင်ကြဉ်၏။ စကားနည်းပြီး ဆိတ်ဆိတ်နေတတ်၏။

## ဘုန်းတော်ကြီးဦးသုမနနှင့် ဘာသာခြားများ

ဘုန်းတော်ကြီးဦးသုမနကို အနေအေးပြီး လူကြည်ညိုများသောကြောင့် ဘာသာရေးအလွန်ရှုပ်ထွေးသော ရွာတစ်ရွာမှာသာ ကျောင်းထိုင်စေကြသည်။ ဘာသာရေးရှုပ်ထွေးသည်ဟုဆိုရာ၌ ဗုဒ္ဓဘာသာထက် ဘာသာခြားများသောရွာကိုသာ ဆိုလို၏။ ဘုန်းကြီးကျောင်း၏ပတ်ဝန်းကျင်မှာပင် ဘာသာခြားအိမ်များ ပတ်လည်ဝိုင်းနေသည်။

ဘာသာခြားအိမ်များ ဘုန်းကြီးကျောင်းကို ပတ်လည်ဝိုင်းနေသောကြောင့် အနှောင့်အယှက်လည်း များစွာပေးလေ့ရှိ၍ပင် ယခင်ကျောင်းထိုင်ဘုန်းတော်ကြီးများ မမြဲဘဲ ပြန်လည်ကြွသွားကြသောကြောင့် ယခု ဘုန်းတော်ကြီးဦးသုမနအား ပင့်ကြခြင်း ဖြစ်၏။ ဘုန်းတော်ကြီးဦးသုမနက အနေအေးသောကြောင့် သည်ကျောင်းတွင် မြဲနိုင်လိမ့်မည်ဟုလည်း ယူဆကြသည်။

ဘုန်းတော်ကြီးသည် ကျောင်းသို့ရောက်စတွင် ကျောင်းသား၊ ကိုရင်၊ ကပ္ပိယ ဟူ၍ တစ်ဦးတစ်ယောက်မျှမရှိကြပေ။ ဘုန်းတော်ကြီးတစ်ပါးတည်းသာနေရ၏။ ကိုးကွယ်ကြသည့် ဒကာ၊ ဒကာမများလည်း ပစ္စည်းလေးပါးဖြင့် မပြတ်သောက်ပံ့လှူဒါန်းကြ၏။ လက်ရှိအခြေအနေတွင် တစ်ပါးတည်း အေးအေးနေတတ်သော ဘုန်းတော်ကြီးအဖို့ အလွန်အဆင်ပြေသည်ဟု ဆိုနိုင်၏။

## စတင်နှောင့်ယှက်

ဘာသာခြားတို့သည် ဘုန်းတော်ကြီးအား အကဲခတ်ပြီးနောက် အလွန်အေးသည်ကိုမြင်သိကြလျှင် သူတို့ ဆိတ်၊ နွား စသည်များကို ဘုန်းတော်ကြီး၏ကျောင်းဝင်းထဲသို့ မသိမသာတစ်ဖုံ၊ သိသိသာသာ တစ်မျိုး မောင်းသွင်းကြ၏။ သို့သော် ဘုန်းတော်ကြီးကား ဘာမှမပြော၊ ကိုယ့်တရားနှင့်ကိုယ်သာနေ၏။

ထိုအခါ တစ်နေရာကစောင့်ကြည့်နေကြသည့် ဘာသာခြားတို့သည် ကျောင်းခြံထဲသို့ဝင်ပြီး သူတို့၏ ဆိတ်၊ နွားများကို ပြန်လည်မောင်းယူကြရင်း ကြိမ်းမောင်းဆဲဆိုရင်းက သူတို့၏ ဆိတ်မ၊ နွားမများနှင့် ဘုန်းတော်ကြီးအား တိုးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်မျိုး စွပ်စွဲသွားကြ၏။ သို့သော်လည်း ဘုန်းတော်ကြီးကား ဘာမှမပြောပေ။

ဘာသာခြားတို့သည် ဤနည်းကို နေ့စဉ်လိုလို ကျင့်သုံးလာကြ၏။ မိုးလင်းသည်နှင့် သူတို့၏ ဆိတ်၊ နွားများကို ကျောင်းခြံထဲသို့ မောင်းသွင်းပြီး ပြန်မောင်းယူသောအခါတွင်လည်း ဘုန်းတော်ကြီးအား မကြားဝံ့မနာသာ ပြောဆိုသွားကြမြဲ ဖြစ်၏။ ကျောင်းခြံထဲသို့ ဝင်၊ ထွက်ကြတိုင်းလည်း ဆိတ်၊ နွားများကိုရိုက်ရန် ဟူသောသဘောဖြင့် ကျောင်းခြံများကို ချိုးဖျက်ယူသွားကြသေး၏။

ကျောင်းဒကာ၊ ဒကာမများ ဆွမ်းပို့ရန်လာတတ်သည့်အချိန်များတွင် သူတို့၏ ဆိတ်၊ နွားများကို ကျောင်းခြံထဲတွင်မရှိစေရန်အတွက် အမြဲတမ်း ရှင်းထားကြ၏။ ဘုန်းတော်ကြီးကလည်း သည်အကြောင်းနှင့်ပတ်သက်၍ ဒကာ၊ ဒကာမများအား ပြောပြခြင်း မရှိပေ။ အချိန်တန်လျှင် သိလာကြလိမ့်မည်ဟုသာ သဘောထား၏။

ဘာသာခြားတို့သည် သည်အတိုင်းနှောင့်ယှက်၍ ဘုန်းတော်ကြီးအား မရနိုင်ဟုသိလျှင် နောက်တစ်မျိုးတိုးလာကြပြန်သည်။ ဘုန်းတော်ကြီး၏ကျောင်းရှေ့မှ ဖြတ်သွားကြတိုင်း မခိုးမခန့်ကြည့်ရှုသွား

ခြင်း၊ မချေမငံပြောဆိုသွားခြင်း၊ တံတွေးထွေးသွားခြင်း၊ မျက်လုံးပြူး ပြ၊ လျှာထုတ်ပြ စသည်ဖြင့် ရန်စလာကြပြန်သည်။

ဘာသာခြားတို့က ဤကဲ့သို့ပြုလုပ်နေကြခြင်း၏ အဓိကရည် ရွယ်ချက်မှာ သည်နေရာတွင် ဘုန်းတော်ကြီးကျောင်းမရှိစေလို၍ ဖြစ် ၏။ သူတို့နှင့် အဆင်မပြေခြင်းများပြားလာသောအခါ ဘုန်းကြီး ကျောင်းကို တစ်နေရာသို့ရွှေ့ပြောင်းသွားကြလိမ့်မည်ဟူသော ရည် ရွယ်ချက်ပင် ဖြစ်၏။

သို့သော် သူတို့၏ရည်ရွယ်ချက်သည်ကား ဤနည်းဖြင့် မအောင်မြင်ပေ။ ဘုန်းတော်ကြီးကား သူတို့ မည်မျှအထိပင် ပြောဆို ပြုမူနှောင့်ယှက်နေကြသည်ဖြစ်စေ ကိုယ်တိုင် ဘာမှလိုက်၍ ပြောဆို ခြင်းမရှိသလို သူတို့အပြုအမူများကို ဒကာ၊ ဒကာမတို့အားလည်း ပြန်လည်ပြောပြခြင်း မရှိပေ။

ထို့ကြောင့် သူတို့သည် နောက်တစ်မျိုးတိုး၍ ကြံစည်လာ ကြပြန်သည်။ တစ်နည်းနည်းဖြင့် သူတို့၏အကြံအစည်အောင်မြင် ရမည်ဟု ဆုံးဖြတ်ထားကြဟန်ရှိသည်။ ထို့ကြောင့် သူတို့အချင်းချင်း စုပေါင်းတိုင်ပင်ပြီး အယုံသွင်းကာ လှည့်စားရင်းဖြင့် ဘုန်းတော်ကြီး အား ခြေရင်းကပင် တူးဖြိုရန်စီစဉ်လာကြ၏။

## ဘုန်းတော်ကြီးမှာ တပည့်ဆိုးများတိုးပွားလာကြပြီ

တစ်နေ့သောအခါတွင် ဘာသာခြားဒကာ လေးငါးယောက်တို့ ကျောင်းသို့ရောက်လာကြ၏။ ဘုရားကိုရော ဘုန်းတော်ကြီးကိုပါ ရိုရို သေသေ ရှိခိုးဦးချကြ၏။ ဘုန်းတော်ကြီးမှာလည်း ရန်သူတစ်မျှ ပြုမူ နေကြသည့် ဒကာများ အလားတူစွာဖြင့် ကျောင်းပေါ်သို့ရောက်လာ ကြ၍ အထူးအဆန်းဖြစ်နေ၏။

သူတို့အထဲက အသက်အကြီးဆုံးဖြစ်သော လူတစ်ဦးကပင်-

''ဒီကောင်နှစ်ကောင်ဟာ အစက ဘုန်းကြီးကို ရန်သူလိုပြော ဆိုဆက်ဆံနေကြပေမယ့် အခုတော့ ဘယ်ကဘယ်လို စိတ်ပြောင်း သွားမှန်းမသိဘူး။ ဘုန်းကြီးကိုကြည်ညိုပြီး ရဟန်းဝတ်နဲ့ ဘုန်းကြီးကို ပြုစုကြမလို့-တဲ့''

ဘုန်းတော်ကြီးက ဘာမှမပြောဘဲ ခေါင်းသာညိတ်၏။ ဒကာ က ဆက်ပြောသည်။

''ဒါဟာ ဘုန်းကြီးရဲ့ ဘုန်းကံလို့ပဲပြောရတော့မှာပေါ့။ ရန်သူ က မိတ်ဆွေဖြစ်လာကြတာဟာ ဘုန်းကြီးရဲ့ ဘုန်းကံ၊ ဘုန်းကြီးရဲ့ မေတ္တာကြောင့်ဆိုရင်လည်း မှန်တယ်လေ။ ဒါကြောင့် ဒီကောင်နှစ် ကောင်ကို ရဟန်းဝတ်ပေးပြီး သွန်သင်ဆုံးမပါ။ ဘုန်းကြီးလို နေထိုင် တတ်ပြီး သာသနာပြုပုဂ္ဂိုလ်တွေဖြစ်လာကြအောင်လည်း သင်ကြား ပြသပေးပါ။ ရဟန်းဝတ်တဲ့အခါ လိုအပ်မယ့်ဟာတွေကိုလည်းပြော ပါ။ ကျွန်တော်တို့က အားလုံးဖြည့်ဆည်းပေးပါ့မယ်''

ဘုန်းတော်ကြီးဦးသုမနလည်း ဘာမှမပြောဘဲ သူတို့ဆန္ဒအတိုင်း ရဟန်းဝတ်ပေးလိုက်၏။ ရဟန်းဝတ်ပွဲပြုလုပ်ကြသည့်နေ့က ဘုန်းတော် ကြီးဦးသုမန အတော်လေးပင် မျက်နှာပွင့်၏။ မိမိနှင့် ရန်သူသဖွယ်ဖြစ် နေကြသည့် ဘာသာခြားများကိုပင် ရဟန်းဖြစ်လာကြအောင် စွမ်းနိုင် သည်ဟုလည်း တဖွဖွပြောဆိုပြီး ချီးမွမ်းကြသည်။

ယခင်က သည်ကျောင်းတွင်ထိုင်သွားကြသော ရဟန်းတော် များမှာ ဤကဲ့သို့ စွမ်းနိုင်ရန်ကို မဆိုထားဘိ။ ကျောင်းထိုင်၍ သိပ်ပြီး မကြာမီပင် ဘာသာခြားများနှင့် ပြဿနာတက်လေ့ရှိ၏။ ဘာသာ ခြားတို့၏ နှောင့်ယှက်ခြင်းကိုမခံနိုင်၍ ပြဿနာစတင်ဖြစ်ပွားရင်းက ဉပဒေဖြင့် ရှင်းရသည်အထိလည်း ရှိခဲ့ဖူး၏။

ထိုကဲ့သို့ဖြစ်သော်လည်း အေး၍ကားမသွားပေ။ ကျောင်းထိုင် ဘုန်းကြီးက ဓမ္မ၊ ဘာသာခြားများက အဓမ္မ။ ဓမ္မနှင့် အဓမ္မ ထိပ်တိုက် တွေ့ကြရာတွင် ပစ္စုပ္ပန်၌ အဓမ္မကပင် အနိုင်ယူမြဲ၊ နည်းမျိုးစုံဖြင့်

တိုက်ခိုက် ခြင်းကိုခံရမြဲဖြစ်၍ ဓမ္မကပင် နောက်ဆုတ်ပေးရရိုးဓမ္မတာ ဖြစ်၏။

ထို့ကြောင့် ၎င်းတို့တိုက်ခိုက်ခြင်းကိုမခံနိုင်သည့်အဆုံး ကျောင်းထိုင်ဘုန်းတော်ကြီးများ စိတ်ပျက်ပြီး ထသွားကြ၏။ ဤနည်းဖြင့်ပင် အဓမ္မသမားများက မတရားအနိုင်ယူနေကြဖြင့် သည်ကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီးမမြဲခြင်း ဖြစ်နေရ၏။

ယခုဘုန်းတော်ကြီးဦးသုမန၏ လက်ထက်တွင်ကား ထိုသို့ မဟုတ်ပေ။ ဘာသာခြားများက အဓမ္မဖြင့် အကြိမ်ကြိမ်အခါခါ တိုက်ခိုက်ကြသော်လည်း မအောင်မြင်သည့်အဆုံး အရှုံးပေးလက်မြှောက်ကာ ဘုန်းတော်ကြီးဦးသုမန၏အထံ၌ ဒူးထောက်လာကြရ၏။ ဗုဒ္ဓဘာသာအဖြစ်သို့ပြောင်းပြီး ဘုန်းတော်ကြီးဦးသုမန၏တပည့်များ အဖြစ်သို့ပင်ရောက်ရှိလာ၏ စသည်ဖြင့် ပြောဆိုချီးမွမ်း၍မဆုံး ဖြစ်နေကြ၏။

## တပည့်ဆိုးတို့၏ မကောင်းသောအရိပ်နိမိတ်များ

သို့သော် မည်သည့်ပုဂ္ဂိုလ်က မည်မျှအထိပင် ဘာသာခြားများ ရဟန်းဝတ်လာကြသည်ကို ချီးမွမ်းနှစ်လိုစကားဆိုနေကြစေကာမူ ဘုန်းတော်ကြီးဦးသုမနသည် ဘာသာခြားနှစ်ယောက် ရဟန်းဝတ်ပြီးလာနေကြသည့်နေ့မှစပြီး စိတ်ထဲတွင် မသိုးမသန့် ဖြစ်လာ၏။

ကျောင်းလှေကားတက် အမိုးခေါင်ကို မီးလောင်သည်ဟုလည်း အိပ်မက်မြင်မက်၏။ ဘယ်ဘက်လက်ရုံးတစ်ဖက်လည်း မကြာခဏ တုန်လှုပ်၏။ ဘယ်ဘက်လက်ရုံးလှုပ်လျှင် မကောင်းသောဘေးဒဏ် တစ်ခုခုကျရောက်လာတတ်သည်ကို ဘုန်းတော်ကြီး သတိထားမိ၏။ နားထဲတွင်လည်း မကောင်းဆိုးရွားသံကြီးကဲ့သို့ အသံကြီးတစ်ခုကို မကြာခဏ ကြားနေတတ်၏။ ပုပ်ဟောင်သည့်အနံ့ဆိုးများလည်းနံ၏။

"ဘုန်းကြီးကျောင်းကိုပစ်ပြီး ထွက်သွားစမ်း၊ ထွက်မသွားရင် အသက်နဲ့ကိုယ် အိုးစားကွဲလိမ့်မယ်။ ဒီနေရာက ဘုန်းကြီးကျောင်း ပျောက်ပြီး ငါတို့ဘာသာ ဘုရားကျောင်းပဲဖြစ်လာစေရမယ်။ ဘုန်းကြီး ထွက်သွားစမ်း"

ထိုအသံကြီးကို မကြာခဏကြားနေရ၏။ တစ်နေ့တွင် ဆယ် ကြိမ်မကလည်း ကြားရတတ်၏။ အနံ့ဆိုးများကိုလည်း အလှိုင်းလိုက် ရှူရှိုက်ရတတ်၏။ တစ်ခါတလေ ဘယ်ထောင့်ဘယ်နေရာကမှန်းမသိ တက်ခေါက်သံကြီးလည်း ထွက်ပေါ်လာပြန်သည်။ တက်ခေါက်သံက ညမှာ သာထွက်ပေါ်လာတတ်သော်လည်း ဘုန်းတော်ကြီးအား ပြော ဆိုကြိမ်းမောင်းနေသည့်အသံများကိုမူ နေ့ရောညပါ ခဏခဏပင် ကြားနေရ၏။

ညတွင် ခြေသံတရှပ်ရှပ်ဖြင့် သွားနေသံများကို ကြားနေရသလို ကျောင်းခြံထဲတွင်လည်း လူလိုလိုသဏ္ဍာန်နှစ်ခု လမ်းလျှောက်နေ ကြသည်ကို ညစဉ်ညတိုင်းပင် မြင်တွေ့နေရသည်။ ဤလူနှင့်တူသော သဏ္ဍာန်နှစ်ခုကိုမူ ညမှသာမြင်တွေ့နေရပြီး နေ့ဘက်တွင်မူ မြင်တွေ့ ရခြင်း မရှိပေ။

မည်သို့ပင်ဆိုစေကာမူ ဤကဲ့သို့ဖြစ်လာ၊ ကြုံလာရခြင်းမှာ ဘုန်းတော်ကြီးအား တိုက်ရိုက်နှောင့်ယှက်ပြီး ဘဝပျက်အောင်၊ အ နေအထိုင်ပျက်အောင် တစ်စုံတစ်ခုသော အတိုက်အခိုက်ဝင်လာလေ ပြီဟု ဘုန်းတော်ကြီးသိ၏။ သို့သော် မည်သူလာတိုက်သည်ဟူ၍ကား အတိအကျမသိပေ။

ဘာသာခြားမှကူးပြောင်းပြီး သာသနာတော်ထဲသို့ ဝင်ရောက် လာကြသည့် ဦးပဉ္ဇင်းသစ်နှစ်ပါးရောက်လာပြီး မကြာမီ ဤကဲ့သို့ ဖြစ်လာရသည်ဟုသိသော်လည်း ဘုန်းတော်ကြီးမှာ သူတော်ကောင်း ကြီးပီပီ တစ်ဦးတစ်ယောက်ကိုမှ စွပ်စွဲပြောဆိုရဲခြင်း မရှိပေ။ ကိုယ့် တရားနှင့်ကိုယ်သာ ပုံမှန်အတိုင်းနေ၏။

ထိုထိုအသံဗလံနှင့် အပြုအမူများသည်လည်း တစ်နေ့ထက်တစ်နေ့ တိုး၍လာ၏။ တက်ခေါက်သံက ပိုမိုကျယ်လောင်လာသလို ဘုန်းတော်ကြီးအား ကျောင်းပေါ်မှနှင်ချသံ၊ ခြိမ်းခြောက်သံများမှာလည်း ကဲ၍သာလာ၏။ လူအရိပ်သဏ္ဍာန်နှစ်ခုကိုလည်း နေ့ရောညပါ အခါမလပ် မြင်တွေ့လာရ၏။

သို့သော်လည်း ဘုန်းတော်ကြီးကား စိတ်အနှောင့်အယှက်ဖြစ်မိသည်မှတစ်ပါး အခြားမရှိပေ။ သည်အနှောင့်အယှက်အဖြစ်ဆိုးကြောင့် ကျောင်းထသွားရန်လည်း စိတ်ကူးမရှိ။ ဖြစ်လာသမျှ ကိုယ့်အပြစ်ဟူ၍သာ ခံယူထားသည်။ သည်အဖြစ်ကိုမကျော်လွှားနိုင်၍ အသက်သေမည်ဆိုကလည်း သေစေတော့ ဟူ၍သာ ဆုံးဖြတ်ထားသည်။

ထို့နောက် မေတ္တာကို တွင်တွင်ပို့၏။ ပုတီးကိုလည်း အမြဲစိပ်၏။ ဂုဏ်တော်၊ ဂါထာတော်များကိုလည်း အချိန်ရှိတိုင်း ရွတ်ဆိုပွားများ၍နေသည်။ သည်ကိစ္စနှင့်ပတ်သက်၍ ရွာသူရွာသားများကိုလည်း တစ်စုံတစ်ရာ ဖွင့်ဟပြောဆိုခြင်း မရှိပေ။ ဖြစ်လာသမျှကို ဘာသာရေးအသိစိတ်ဖြင့်သာ ကာကွယ်သွားမည်ဟု ဆုံးဖြတ်ထားသည်။

## တပည့်ဆိုးများထွက်သွားကြခြင်း

ဘာသာခြားမှ ကူးပြောင်းလာကြသည့် တပည့်ဦးပဥ္စင်းနှစ်ပါး ရဟန်းဝတ်၍ ရက်နှစ်ဆယ်ခန့်အကြာမှာပင် အမူအရာတစ်မျိုးပြောင်းပြီး ဘုန်းတော်ကြီးအထံသို့ရောက်လာကြ၏။ ထို့နောက် ဘုန်းတော်ကြီး၏ရှေ့တွင် မရိုမသေသောအမူအရာမျိုးဖြင့်ထိုင်ပြီး ဘုန်းတော်ကြီးအား စိုက်ကြည့်နေကြသည်။

ထို့ကြောင့် ဘုန်းတော်ကြီးက "ဘာများလဲ" ဟု မေးကြည့်

လိုက်၏။ ထိုအခါ အကြီးဖြစ်သူက -

"ခင်ဗျားဘာသာကို ကျုပ်တို့မယုံကြည်တော့ဘူး။ ဒါကြောင့် ကိုယ့်အိမ်ကို ပြန်တော့မယ်"

ဟု မျက်နှာတင်းတင်းဖြင့်ပြော၏။ ဘုန်းတော်ကြီး သက်ပြင်း တစ်ချက်ကိုချလိုက်သည်။

"ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုသို့ ကူးပြောင်းတယ် ဆိုတာ လွယ်တာမဟုတ်ဘူး။ ဒါကြောင့် အစကပင် စဉ်းစားသင့် တယ်။ အခုတော့ ဝတ်တာမှ မကြာသေးဘူး၊ ဘာသာပြန်ပြောင်း တော့မယ်ဆိုတော့ လူပြောစရာကြီးဖြစ်နေပါ့မယ်။ လုံးဝမပျော်ဘူး ဆိုရင်လည်း တစ်လလောက်ပဲဖြစ်ဖြစ် နေလိုက်ကြပါဦး။ ပြီးမှ ဆုံး ဖြတ်ပါ"

"မလိုဘူး၊ အခုသွားတော့မယ်"

ဟု ဒေါသသံဖြင့်ပြောပြီး သူတို့အထုပ်များကို ကောက်ကိုင် ကြ၏။ ထို့ကြောင့် ပြောဆိုသော်လည်းရမည့်ပုံမမြင်၍ -

"ဒါဆိုလည်း ဒီအတိုင်းကြီးတော့မသွားကြပါနဲ့၊ လူဝတ်လဲ ပေးလိုက်ပါ့မယ်"

ဟုပြောပြီး ချက်ချင်းလူထုတ်ပေးလိုက်ရ၏။ သူတို့လည်း လူ ဖြစ်သွားကြပြီးနောက် ဖနောင့်ပေါက်ပြီး ကျောင်းပေါ်မှဆင်းသွား ကြလေသည်။ ဘုန်းတော်ကြီးလည်း သက်မတစ်ချက်ကို ထပ်ကာ ချလိုက်မိ၏။

သူတို့နှစ်ယောက်ကား အစကပင် သူတော်ကောင်းစိတ်ဖြင့် လာကြခြင်း မဟုတ်ပေ။ ဘုန်းတော်ကြီးအား အဝေးကရန်စနောင့် ယှက်၍မရဟုသိသောကြောင့် အနီးကပ်ဖြို့ရန်အတွက်သာ လာကြ ခြင်း ဖြစ်၏။ ယခုလည်း ဘုန်းတော်ကြီးအား မကောင်းသောပညာဖြင့် တိုက်ခိုက်ထားခဲ့ပြီးမှ ပြန်သွားကြခြင်း ဖြစ်သည်။

ဘုန်းတော်ကြီးကား သည်အဖြစ်ကို ယခုအချိန်ထိ ပွင့်လင်းစွာ ဖြင့်မသိသေးပေ။ ဘာသာခြားမှ ကူးပြောင်းပြီး ရဟန်းဝတ်လာကြသော ကိုယ်တော်နှစ်ပါး ရောက်လာကြသည့်အချိန်မှစပြီး ဤကဲ့သို့ ဖြစ်လာရသည်ဟုသိသော်လည်း သူတော်ကောင်းကြီးဖြစ်သည့်အလျောက် သူတစ်ပါးတို့အား အတတ်ပြောဆိုစွပ်စွဲရဲခြင်း မရှိပေ။ သူ၏ မကောင်းကံကြောင့် ယခုကဲ့သို့ဖြစ်လာရသည်ဟုသာ ခံယူထားသည်။

## နတ်ကလျှောက်ထားခြင်း

ဘုန်းတော်ကြီးမှာ စိတ်မချမ်းသာမှုကို ကြာကြာခံစားလာရသောအခါ ပိန်၍ပင်လာလေ၏။ စိတ်မချမ်းသာ၍ အာဟာရကိုမှီဝဲသုံးဆောင်လိုစိတ်နည်းလာသလို ညတွင်လည်း အသံများကို အမျိုးမျိုးအဖုံဖုံ ကြားနေရသဖြင့် ကောင်းမွန်စွာ ကျိန်းစက်အိပ်ပျော်နိုင်ခြင်း မရှိပေ။ တစ်ခါတလေ အပုပ်နံ့ကြီးကိုလည်း နှာခေါင်းဝတွင်လာထားသကဲ့သို့ ရှူရှိုက်နေရ၏။

တစ်နေ့သောအခါတွင် ကျောင်းနံရံပေါ်မှ -

"ဘုန်းတော်ကြီးဘုရား၊ အခုကြုံနေရတဲ့ အနှောင့်အယှက်ပြဿနာဟာ ဒီထက်ပိုပြီး မနှောင့်ယှက်နိုင်တော့ပါဘူး ဘုရား။ စိတ်ကိုတည်တည်ထားပြီး ပြုလုပ်မြဲ တရားဘာဝနာများကိုသာ မှန်မှန်ပြုလုပ်ပါ ဘုရား။ သရဏဂုံကို ပိုမိုရွတ်ဆိုပွားများပါ။ သရဏဂုံဟာ ဂါထာတော်အားလုံးထဲမှာ တန်ခိုးအကျိုးအထက်ဆုံးပါ ဘုရား"

ဟု အသံတစ်သံပေါ်ထွက်လာ၏။

ဤသည်မှာ အိပ်မက်မဟုတ်ပေ။ ပကတိအားဖြင့် ကြည်လင်ပြတ်သားစွာပေါ်ထွက်လာသောအသံ ဖြစ်၏။ နတ်ကောင်းနတ်မြတ်တစ်ဦး၏အသံဟုပင် ယူဆရ၏။ ထို့ကြောင့် ဘုန်းတော်ကြီးလည်း အားတက်သွား၏။ နတ်တိုက်တွန်းသည့်အတိုင်း သရဏဂုံကိုလည်း

ပိုရှိတိုး၍ ရွတ်ပွားလေ၏။ ပုတီးစိပ်လျှင်လည်း သရဏဂုံကိုသာ စိပ်၏။

ထို့နောက် သုံးရက်မြောက်တွင် ထိုအသံသည် ပေါ်ထွက်လာပြန်၏။

"ဘုန်းတော်ကြီးဘုရား၊ အောင်မြင်ဖို့နီးလာပါပြီ။ သရဏဂုံကိုသာ ပိုမိုရွတ်ပွားစီးဖြန်းပါ ဘုရား"

ဤအသံသည် အရုပ်အကောင်ကိုမမြင်ရဘဲ ကြားလာရသောကြောင့် နတ်ဒေဝါတစ်ယောက်ယောက်၏အသံဟု သိနိုင်၏။ နတ်ကောင်း နတ်မိစ္ဆာဟုနှစ်မျိုးရှိရာတွင် နတ်ကောင်းနတ်မြတ်တို့၏အသံသည်သာ ဖြစ်နိုင်၏။ နတ်မိစ္ဆာတို့ကား ဤကဲ့သို့ ကောင်းသေ၁စကားကိုဆိုကြလိမ့်မည်ပင် မဟုတ်ပေ။

## နတ်မိစ္ဆာတို့၏ညည်းတွားသံ

ဘုန်းတော်ကြီးမှာ သူ့ဘက်က နတ်ကောင်းနတ်မြတ်များ ရှိနေပြီ။ ကောင်းသောအကြံအစည်များကိုလည်း ပြောဆိုအားပေးနေကြပြီဟု သိသောကြောင့် သာ၍ပင် အားတက်လာ၏။ ထို့ကြောင့် သရဏဂုံဂါထာတော်ကိုလည်း ပုတီးစိပ်သည့်အပြင် ကျောင်းပေါ်၊ ကျောင်းအောက်၊ ကျောင်းခြံအနှံ့ပင် အသံကိုမြှင့်၍ (ခပ်ကျယ်ကျယ်) ရွတ်ပွားလေ၏။

ထိုအခါ သံဃာစင်အထက် ထောင့်တစ်နေရာက -

"ငါတို့ မနေနိုင်တော့ဘူး၊ သွားရတော့မယ်"

ဟူသော လည်ပင်းအစ်သံကြီးတစ်သံ ထွက်ပေါ်လာ၏။ ထို့ကြောင့် ဘုန်းတော်ကြီးဦးသုမန ထိတ်လန့်မလိုပင် ဖြစ်သွားရ၏။ အသံကြီးကလည်း ပြတ်သားလွန်းသည်။ ပကတိ လူသံနှင့်မတူဘဲ သရဲ၊ သဘက်သံကြီး ဖြစ်၏။

သို့သော်လည်း ဘုန်းတော်ကြီးသည် သူတော်ကောင်းကြီးဖြစ်သည့်အလျောက် ဤသို့စဉ်းစား၏။

'ငါ သရဏဂုံကို များများရွတ်ဆို၍ သူတို့အနေပျက်ပြီး ထွက်ပြေးကြရမည်ဆိုလျှင် ကောင်းပါ့မလား၊ တော်ပါ့မလား'

ဟူ၍ ဖြစ်၏။ သို့သော် ၄င်းတို့မှာ နတ်သူတော်ကောင်းများ မဟုတ်၊ နတ်မိစ္ဆာ၊ အစိမ်းသရဲ စသည်များသာ ဖြစ်၏။

အစိမ်းသရဲ စသော နတ်မိစ္ဆာများဟူသည်မှာ လူတို့နှင့်အတူ နေခြင်းပင်မအပ်။ ယခုမူ သံဃာတော်များ နေထိုင်သီတင်းသုံးသည့် သံဃိကကျောင်းတွင် ဖြစ်နေ၏။ ကျောင်းထိုင်ဆရာတော်ကိုလည်း ပျက်စီးရာ ပျက်စီးကြောင်းဖြစ်သော အနှောင့်အယှက်မျိုးစုံတို့ဖြင့် ဒုက္ခပေးနေသေး၏။

ထို့ကြောင့် ဤနတ်မိစ္ဆာတို့ ကျောင်းမှထွက်သွားခြင်းဖြင့် အကျိုးယုတ်သည်ဟုမဆိုလောက်၊ ကျောင်းမှာ ကြာကြာနေလေ သူတို့အတွက် အကုသိုလ်များလေသာ ဖြစ်၏။ ကျောင်းမှထွက်သွားခြင်းဖြင့် သူတို့အတွက် အကုသိုလ်ကင်း၏။ ထိုသို့သဘောရှိသဖြင့် သူတို့အား ကျောင်းမှထွက်သွားစေခြင်းသည် အကျိုးမယုတ်ဟု နားလည်လိုက်၏။

ထို့နောက် ဘုန်းတော်ကြီးသည် ဒကာ၊ ဒကာမတို့အား နှိုးဆော်ပြီး ဆွမ်းကပ်ပွဲလေးတစ်ခုကို ပြုလုပ်စေ၏။ ရေစက်ချသောအခါ ၄င်းနတ်မိစ္ဆာတို့အားလည်း အမျှဝေ၏။ မေတ္တာလည်း ပို့၏။ ထို့နောက် သံဇလုံသန့်သန့်တစ်ခုတွင် ရေကိုအပြည့်ထည့်ပြီး ထိုရေကိုစိုက်ကြည့်ကာ သရဏဂုံ အခေါက်ကိုးဆယ် ရွတ်ဆိုပွားများကာ ထိုရေဖြင့် ကျောင်းတွင်း၊ ကျောင်းပြင်၊ ကျောင်းခြံအနှံ့ ပက်ဖျန်းလိုက်၏။

## နတ်မိစ္ဆာတို့ ထွက်ပြေးကြခြင်း

ထိုရေဖြင့် ပက်ဖျန်းစဉ် သံဃာစင်အောက်ခြေ၏ ထောင့်တစ်နေရာမှ မည်းကြုတ်ကြုတ်အကောင်ကြီးနှစ်ကောင်သည် ''အမယ်လေး သေပါပြီဗျို့ ကြောက်ပါပြီဗျ'' ဟု အော်ဟစ်ပြီး ကျောင်းပေါ်မှ ခုန်ဆင်းထွက်ပြေးသွားကြလေသည်။ ထိုနေ့မှစ၍ ကျောင်းတွင်း၊ ကျောင်းပြင် အားလုံး၌ အနံ့၊ အသံ၊ အကောင်အထည်အားလုံး အနှောင့်အယှက်မှန်သမျှ ကင်းရှင်းသွားလေသည်။

သို့မှ ဘုန်းတော်ကြီးလည်း စိတ်ချမ်းချမ်းသာသာဖြင့် သီတင်းသုံးရလေ၏။ တရားဘာဝနာများကိုလည်း ပို၍သာ၍ ရှုပွားနိုင်လာ၏။ မေတ္တာကိုလည်း သာ၍ ပို၍ ပွားနိုင်လာ၏။ သရဏဂုံကိုလည်း ပို၍သာ၍ ရွတ်ဆိုပွားများနိုင်လာ၏။ ထို့ကြောင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာခြင်းကိုလည်း သာ၍ ပို၍ ရရှိလာ၏။

ချမ်းသာသူတို့သည် ဆင်းရဲတွင်းထဲသို့ကျရောက်နေသောအခါ ချမ်းသာခြင်းကို အမြဲသတိရနေတတ်သလို ဆင်းရဲတွင်းမှ လွတ်မြောက်သောအခါတွင်လည်း ကြောက်မက်ဖွယ်ကောင်းသော ဆင်းရဲခြင်း၏ အကြောင်းကို အမြဲသတိရနေတတ်၏။

ကျန်းမာနေသူသည် ရောဂါဘယကို ခံစားနေရသောအခါ ကျန်းမာနေစဉ် စိတ်ချမ်းသာကိုယ်ချမ်းသာနေခဲ့ရသည်ကို သတိရနေတတ်သလို ရောဂါဘယဘေးမှ လွတ်မြောက်သောအခါတွင်လည်း ကြောက်မက်ဖွယ်ကောင်းသော ရောဂါဘယဘေးဒုက္ခကို အမြဲသတိရနေတတ်၏။

ငှင်းနည်းတူ ဘုန်းတော်ကြီးသည်လည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာနေရင်းမှ မသူတော်တို့၏ မကောင်းမှုအမျိုးမျိုးဖြင့် တိုက်ခိုက်ခြင်းကို ခံစားနေရသောအခါ စိတ်ချမ်းသာကိုယ်ချမ်းသာစွာ နေခဲ့ရသည်ကို အမြဲသတိရခဲ့သလို ထိုဘေးဆိုးကြီးမှ လွတ်မြောက်သောအခါ

တွင်လည်း ၄င်းဘေးဆိုးကြီး၏အကြောင်းကို စက်ဆုပ်ရွံမုန်းစွာဖြင့် အမြဲသတိရနေလေ့ ရှိ၏။

ထို့ကြောင့် ယခု စိတ်ချမ်းသာကိုယ်ကျန်းမာရှိလာသောအခါ ယခင်ကကဲ့သို့ သိပ်ပြီး အမှုမဲ့ အမှတ်မဲ့မနေတော့ဘဲ ဘာသာတရား များကို ပို၍သာ၍ လုပ်လာ၏။ ထိုအထဲတွင် ဂုဏ်တော်ဂါထာ တော်အားလုံးတို့၏ အကြီးအမှူး ဦးစီးနာယကဖြစ်သော သရဏဂုံ ဂါထာတော်ကြီးကို သာ၍ရွတ်ဆိုပွားများ၏။ ပုတီးလည်း မပြတ် စိပ်၏။

ယခုဘေးဆိုး ဒဏ်ဆိုးအန္တရာယ်ဆိုးမှ လွတ်မြောက်ခဲ့သော အဓိကအကြောင်းဝတ္ထုမှာလည်း ဤသရဏဂုံဂါထာတော်ကြီးပင် ဖြစ် ၏။ ဘုန်းတော်ကြီးအား စောင့်ရှောက်ပေးနေသည့် နတ်သူတော် ကောင်းကြီးကလည်း ဤသရဏဂုံတော်ကြီးကိုပင် အဓိကထားပြီး ရွတ်ဆိုပွားများရန် အကြံပြုလျှောက်ထား၏။

## ဘုန်းတော်ကြီးနှင့် ပေါက်စုန်း

တစ်နေ့သောအခါတွင် ကျွန်းစုမြို့နယ်မှ သိမ်သမုတ်ရန် ဘုန်း တော်ကြီးအားပင့်၍ ကြွရ၏။ ကျွန်းစုမြို့နယ်ဆိုသည့်အတိုင်း လှေ အတန်တန် မော်တော်အဆင့်ဆင့်ဖြင့် ကြွသွားရ၏။ လမ်းခရီးအကြား ၌ ရွာကြီး၊ ရွာငယ်များစွာတို့ကိုလည်း ဖြတ်သွားရ၏။ တစ်ခုသော ရွာဦးသို့အရောက်တွင် ယခင်ကြားနေကျအတိုင်း နတ်ကြီး၏ပြော သံကို ကြားလိုက်ရ၏။

"ဘုန်းကြီး၊ ရွာထဲကထွက်လာကြတဲ့ မိန်းမသုံးယောက်မှာ ရှေ့ဆုံးကမိန်းမရဲ့မျက်စိကို မကြည့်နဲ့နော်၊ အဲဒီမိန်းမက ပေါက်စုန်း"

ဟု ဆို၏။

ဘုန်းတော်ကြီးကြည့်လိုက်ရာ ရွာထဲမှထွက်လာနေကြသော

မိန်းမသုံးယောက်ကို တွေ့ရ၏။ အနားသို့ရောက်လျှင် မကြည့်ပါနှင့် ဟုဆိုမှ ကြည့်ချင်စိတ်ရောက်လာ၏။ ကြည့်လျှင် အဘယ်သို့ဖြစ်မည်ကို သိချင်လာ၏။ ထို့ကြောင့် ဘုန်းတော်ကြီးသည် ထိုရှေ့ဆုံးမိန်းမ၏ မျက်စိကို ကွက်ခနဲ ကြည့်မိသွား၏။

အကြည့်ချင်းဆုံမိကြရာတွင် ထိုမိန်းမသည် -

"အမယ်လေး - သေပါပြီ"

ဟု တစ်ချက်ဟစ်အော်ကာ ထိုးလဲသွားလေ၏။ ထို့ကြောင့် ဘုန်းတော်ကြီးလည်း တအံ့တသြဖြစ်ကာ ရပ်တန့်သွား၏။ ထိုးလဲသွားသော မိန်းမနှင့်အတူ လျှောက်လာနေကြသော မိန်းမများလည်း နားမလည်နိုင်ဖြစ်ကာ ကြောင်နေကြ၏။

ထိုးလဲသွားသောမိန်းမသည် သူ့မျက်စိကို လက်နှင့်အုပ်ထားပြီး မိနစ်ပိုင်းမျှ ငြိမ်နေကာ ဘုန်းတော်ကြီးအား ကွက်ခနဲလှည့်ကြည့်၏။ သို့သော် မျက်နှာချင်းဆိုင်၍ ကြည့်ရဲသည်တော့ မဟုတ်ပေ။ ဘုန်းတော်ကြီး၏ကိုယ်ကိုသာကြည့်ပြီး မျက်နှာကိုမူ မကြည့်ဘဲနေ၏။ အခြားမိန်းမများက ဆွဲထူလိုက်မှ လဲနေသောမိန်းမထလာ၏။

ဘုန်းတော်ကြီးလည်း ဘာပြောရမှန်းမသိဖြစ်ကာ တစ်ချက်မျှ ရပ်နေခဲ့ပြီးနောက် ရှေ့ကိုဆက်လျှောက်လာခဲ့သည်။ မိမိကြောင့် ဒကာမတစ်ယောက် ထိုကဲ့သို့ဖြစ်သွားရသည့်အတွက် စိတ်မကောင်းလည်း ဖြစ်ခဲ့မိ၏။ ကျောင်းသို့ရောက်၍ ရေမိုးချိုးပြီးနောက် ထိုမိန်းမ ဆွမ်းပို့ရန်ရောက်လာသည်ကို တွေ့လိုက်ရသည်။ ဆွမ်းစားကြရာ၌ ကြားနေကျအသံကို ကြားလာရပြန်၏။

"ကဏန်းကောင်လေးတွေချက်ထားတဲ့ခွက်ကို မနိုက်နဲ့နော်"

ဘုန်းတော်ကြီး ဆွမ်းဝိုင်းကိုကြည့်သည်။ ရေငန်ဒေသတွင်ရှိသော လက်မခန့်ရှိသည့် ကဏန်းကောင်လေးများကို တစ်စုံတစ်ရာ အရုပ်အကောင်မဖျက်ဘဲ သည်အတိုင်းချက်ထားသည်ကို တွေ့ရ၏။

သည်ကဏာန်းဟင်းခွက်သည် လမ်းတွင်ဆုံခဲ့သော မိန်းမလာပို့သော ဟင်းခွက်ဖြစ်ကြောင်းကို ဘုန်းတော်ကြီး၏စိတ်ထဲက အလိုလို သိနေ၏။ ဘုန်းတော်ကြီးအား ဒုက္ခရောက်စေလို၍ အပင်းသဘော မျိုးဖြင့် လာကပ်သည့်အကြောင်းကိုလည်း တစ်စုံတစ်ယောက်က တိတိကျကျပြောဘိသကဲ့သို့ပင် သိနေ၏။

ထိုမိန်းမသည်လည်း ဘုန်းတော်ကြီးများဆွမ်းစားနေကြသည်ကို ကြည့်ညိုသလိုလို ဘာလိုလိုနှင့် မနီးမဝေးက ထိုင်၍ကြည့်နေ၏။ ထို့ကြောင့် ဘုန်းတော်ကြီးလည်း လက်နှင့်နှိုက်ကြည့်လျှင် မည်ကဲ့သို့ ဖြစ်မည်ကိုသိလို၍ ထိုကဏာန်းခွက်ကို လက်ဖြင့်နှိုက်ကြည့်လိုက်၏။

ထိုခဏမှာပင် ခွက်ထဲက ကဏာန်းကောင်လေးများ ပြန်ရှင်ပြီး လက်မကလေးများထောင်လျက် နိုးထလာကြ၏။ ထို့ကြောင့် ဘုန်းတော်ကြီးအပါအဝင် ဆွမ်းစားနေကြသော ဘုန်းကြီးငါးပါးလည်း ''ဟင်- ဟာ'' ဖြစ်ကာ ဆွမ်းဝိုင်းမှ ထလိုက်၏။ ကဏာန်းကောင်လေးများလည်း ခွက်ထဲမှခုံပေါ်၊ ခုံပေါ်မှ ကျောင်းခန်းတစ်ခုလုံးသို့ ပြန့်သွားလေ၏။

ထိုမိန်းမလည်း သူ့လုပ်ငန်းမအောင်မမြင်ဖြစ်သွားရ၍ထင်၏၊ မကျေနပ်သောအမူအရာဖြင့် ကျောင်းပေါ်မှ ဆင်းသွားလေသည်။ ဘုန်းတော်ကြီးများလည်း ဆွမ်းစားပျက်သွားကြလေသည်။

## အိပ်မက်ဆိုး

ဘုန်းတော်ကြီးလည်း လိုရင်းခရီးကိုမရောက်သေး၍ ဆွမ်းစားပြီးသည်နှင့် ဆက်၍ကြွ၏။ ညနေမိုးချုပ်ခါနီးမှ သိမ်သမုတ်မည့်ရွာကိုရောက်သည်။ ထိုညဆယ့်နှစ်နာရီအချိန်မှာပင် သိမ်ကို အပြီးသမုတ်ကြ၏။ သိမ်သမုတ်ပြီးကျိန်းစက်ရာ အိပ်မက်ဆိုးများကို မြင်မက်သည်။

ကျားနီကြီးတစ်ကောင်သည် ကျောင်းခေါင်မိုးကခနိုများကို

လက်သည်းနှင့်ကုဝ်ခြစ်၍ ခွာချနေ၏။ ထို့နောက် လှေကားခုံအထက်က အမိုးကို မီးစွဲလောင်သည်ဟုလည်း မြင်မက်၏။ သည်အိပ်မက်များသည် အိပ်မက်ကောင်းမဟုတ်ဟု ဘုန်းတော်ကြီးသိ၏။ ကိုယ်တိုင်ကလည်း အဝေးတစ်နေရာသို့ ရောက်နေပြန်သည်။

မိုးသောက်အရုဏ်သို့ရောက်၍ မျက်နှာသစ်နေရာတွင် ကြားနေကျအသံကို ကြားလာရပြန်၏။

"အရုဏ်ဆွမ်းစားပြီးတာနဲ့ ကိုယ့်ကျောင်းကို တန်းကြွတော့။ ကျောင်းမှာ ပြဿနာတက်နေပြီ။ လှေဆိပ်မှာ ရွာကိုတန်းရောက်မယ့်မော်တော်ရှိတယ်"

သည်အသံရှင် (နတ်)၏စကားသည် ပြောတိုင်းမှန်နေသဖြင့် ဘုန်းတော်ကြီး စိုးရိမ်သွား၏။ ထို့ကြောင့် အရုဏ်ဆွမ်းကိစ္စပြီးသည်နှင့် လှေဆိပ်သို့ဆင်းလာခဲ့၏။ လှေဆိပ်တွင် မော်တော်တစ်စီးကိုတွေ့၍ မေးမြန်းကြည့်ရာ ဘုန်းတော်ကြီးတို့ရွာဘက်ကိုသွားမည့် မော်တော်ဖြစ်နေ၍ တက်လိုက်လာခဲ့၏။

ကျောင်းကိုရောက်လျှင် ရဲသုံးလေးယောက်နှင့် သာသနာရေးဦးစီးဌာနက အရာရှိအချို့ကို တွေ့ရ၏။ အကြောင်းကိုသိလို၍ မေးမြန်းကြည့်ရာ ကျောင်းကကိုရင်ကြီးနှစ်ပါးနှင့် ဘာသာခြားတို့ရန်ဖြစ်ပြီး သတ်ကြ၍ ဘာသာခြားများက လုပ်ကြံတိုင်တန်းကြသောကြောင့် ရဲနှင့် သာသနာရေးဦးစီးဌာနတို့ ရောက်လာကြကြောင်းသိရ၏။

ကိုရင်ကြီးဟူသည်မှာလည်း အသက်ဆယ့်ရှစ်၊ နှစ်ဆယ်အရွယ်များ မဟုတ်ကြ။ အသက်လေးဆယ်အရွယ်များသာဖြစ်ကြ၏။ အိမ်ထောင်ဃရာဝါသဖြင့် ရရာအလုပ်အကိုင်များကို လုပ်ကိုင်စားသောက်ရင်း စီးပွားပျက်၊ သားသေ၊ မယားသေဖြစ်ကာ အိမ်ထောင်မှုကိစ္စများကို စိတ်ပျက်၍ ဝတ်လာကြခြင်း ဖြစ်၏။

သို့သော်လည်း ဘာသာခြားများက ယခင်ဘုန်းတော်ကြီးကို

ရန်စသကဲ့သို့ ဆိတ်နှင့်စ၊ နွားနှင့်ပေးစားလုပ်ဖန်များ၍ သည်းမခံနိုင် ဖြစ်လာရင်းက ယခုကဲ့သို့ ပြဿနာကြီးထွားသွား၏။ မြို့နယ်က ဝင်ရှင်းရသည်အထိ ဖြစ်သွား၏။

ဘာသာခြားများက ဤနေရာသည် ဘာသာခြားတို့၏နေရာ ဖြစ်၍ ဘုန်းကြီးကျောင်းမရှိသင့်ကြောင်း၊ ဘုန်းကြီးကျောင်းရှိနေ၍သာ ယခုကဲ့သို့ပြဿနာတက်ခဲ့ရကြောင်း စသည်ဖြင့် အမျိုးမျိုးလုပ်ကြံ ကုန်းချောထား၍ မြို့နယ်လူကြီးများကပင် နားယောင်ပြီး လက်ခံမလိုလို ဖြစ်နေ၏။ သို့သော် ဘုန်းတော်ကြီးက အကြောင်းစုံကိုရှင်းပြလိုက်သောအခါ ပြဿနာသည် လွယ်လွယ်ဖြင့်ပင် ပြီးဆုံးသွား၏။ ကျောင်းလည်းမဖျက်ရတော့။

နောင်တွင် ဘာသာရေးဖြင့်မဆီလျော်သော အတိုက်အခိုက်မျိုးဖြင့် ပြဿနာမတက်ရဟု စာထုတ်ထားခဲ့သဖြင့် ယခု အေးငြိမ်းနေရသလို နောက်လည်း ဤကိစ္စမျိုးဖြင့် မည်သည့်အခါမျှ ပြဿနာမတက်တော့ပေ။

ရှေ့တစ်နေရာတွင်ဆိုခဲ့သည့်အတိုင်း **ဟိ သတိတိ သရဏံ-** သရဏဂုံတည်သောသူသည် ဘေးအပေါင်း၊ အန္တရာယ်အပေါင်းတို့မှ လွတ်မြောက်၏၊ အောင်၏ဟု ဆိုသဖြင့် သရဏဂုံတည်သော ဘုန်းတော်ကြီးအား အဘယ်မှာလျှင် တိုက်ခိုက်၍ရနိုင်အံ့နည်း။ လှိုင်းလုံးနှင့်ကျောက်ဆောင်ကဲ့သို့သာရှိချေသည် မဟုတ်လား။

## အညာကဆရာတော်တစ်ပါး

သရဏဂုံတန်ခိုးကြောင့် အသတ်ခံရမည့်ဆဲဆဲမှ လွတ်မြောက်လာသော ဆရာတော်တစ်ပါးအကြောင်းကို မြစ်မခမဂ္ဂဇင်းတွင် လည်းကောင်း၊ သီးခြားသရဏဂုံအကြောင်းကို ရေးထားသည့်စာအုပ်တစ်အုပ်တွင် လည်းကောင်း ဖတ်ခဲ့ရဖူး၏။ ထို့ကြောင့် စာဖတ်သူအချို့တို့

ဖတ်ဖူးကြမည်ဖြစ်၍ အကြောင်းအရာကို အနည်းငယ်မျှသာ တင်ပြတော့မည်။

ထိုဆရာတော်၏ကျောင်းတွင် ရှေးဟောင်းပစ္စည်းအတော်များများ ရှိ၏။ တန်ဖိုးအားလုံးကိုတွက်လျှင် ကာလငွေဖြင့် သိန်းတစ်ရာမက တန်၏။ ထို့ကြောင့် လောဘသမားအတော်များများ မျက်စိကျနေကြ၏။

ထို့ကြောင့် ဦးစွာ ဆရာတော်ကို စည်းရုံးသိမ်းသွင်းကြ၏။ သည်ရှေးဟောင်းပစ္စည်းများကို ဘေးလူများမသိအောင် တစ်ဖက်နိုင်ငံသို့ခိုးထုတ်ရန် လျှောက်ထားပြောဆိုကြ၏။ သို့သော် ဆရာတော်ကား လက်မခံပေ။ လက်မခံသည့်အပြင် မသမာသူတို့လက်ထဲသို့ ရှေးဟောင်းပစ္စည်းများ ရောက်မသွားစေရန်အတွက် မှန်ဗီရိုကြီး ပြုလုပ်ထည့်သွင်းပြီးပင် သော့ခတ်ထားလိုက်လေသည်။

ထို့ကြောင့် မသမာသောလောဘသမားများမှာ သာ၍ပင်မကျေမနပ်ဖြစ်ပြီး ဒေါသထွက်သွားကြ၏။ သည်ရှေးဟောင်းပစ္စည်းများကိုလည်း ရသည့်နည်းဖြင့်ယူမည်ဟု ဆုံးဖြတ်လိုက်ကြ၏။ ထို့နောက် ရွာသားများထဲက မကောင်းသောဇ-ရှိသည့်လူများနှင့် ဆက်သွယ်ပေါင်းသင်းပြီး ထပ်ဆင့်တိုးကာ ကြံစည်ကြလေ၏။

## ဆရာတော်ကြီးတုပ်ခံရခြင်း

တစ်ခုသောညတွင် ဆရာတော်သည် ကျောင်းလေသာခန်း၌ စကြံလျှောက်နေ၏။ ဆယ့်တစ်နာရီခန့်ရှိနေပြီဖြစ်၍ ညဥ့်နက်ပြီဟုလည်း ဆိုနိုင်၏။ ကိုရင်၊ ကျောင်းသားများလည်း စာအံပြီး၍ အိပ်ပျော်သွားကြပြီ။ ထို့ကြောင့် ကျောင်းပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

ထိုအချိန်မှာပင် ဒကာသုံး၊ လေးယောက်တို့သည် စကားမတိုး

မကျယ်ပြောပြီး ကျောင်းဆီသို့ ဦးတည်လျှောက်လာနေကြ၏။ ဆရာတော်ကလည်း ရွာသားများ တစ်စုံတစ်ခုအကြောင်းရှိ၍ လာကြသည်ဟု ထင်၏။ ကျောင်းပေါ်သို့ ဖိနပ်မချွတ်ဘဲတက်လာနေကြသည်ကိုမြင်မှ လူဆိုးများဟု သိလိုက်ရ၏။

သိလိုက်သည့်အချိန်တွင်ကား အတော်လေးပင်နောက်ကျသွားလေပြီ။ အနားသို့ရောက်လာကြသည်နှင့် ဘုရားကိုပင်ဦးမချဘဲ ဆရာတော်အား ဓားဖြင့်တော့ပြီး မှန်ဗီရိုကြီးတွင်ခတ်ထားသည့်သော့ကို တောင်းကြလေသည်။ သော့ကိုရပြီးသည်နှင့် ဖွင့်၍ ဘုရားရုပ်ပွားစသော ရှေးဟောင်းပစ္စည်းများကို အသင့်ယူလာသည့် ဆာလာအိတ်များဖြင့် ထည့်ထုပ်ကြ၏။

ထိုအခိုက်မှာပင် လူဆိုးတစ်ယောက် မျက်နှာဖုံးပြုတ်ကျသွားရာ ၎င်းမှာ ရွာထဲကဒကာတစ်ယောက် ဖြစ်နေလေသည်။ ထို့ကြောင့် သူတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ ဆရာတော်မြင်သွားသည်ကိုလည်း သိသွားကြ၏။ ထို့ကြောင့် နှုတ်ပိတ်သည့်အနေဖြင့် ဆရာတော်အား သတ်ဖြတ်ရန် ကြိုးတုပ်ပြီး ကျောင်းနောက်ဘက်ကချောက်ကြီးထဲသို့ ခေါ်သွားကြ၏။

## သရဏဂုံကကယ်တင်

သူတို့သည် ချောက်ထဲသို့ရောက်လျှင် ဆရာတော်အား အဆုံးစီရင်ရန် ဆုံးဖြတ်ထားကြပြီဖြစ်၍ တွင်းတူးသူကတူးကြ၏။ အထုပ်ထဲမှ ရှေးဟောင်းပစ္စည်းများ ထုတ်ကြည့်သူကကြည့်နေကြ၏။ ကာလပေါက်ဈေးဖြင့် မည်ရွေ့မည်မျှရနိုင်ကြောင်း စသည်ဖြင့် ဈေးစကားပြောသူက ပြောနေကြ၏။

ဆရာတော်လည်း လူဆိုးတို့၏လက်ချက်ဖြင့် သေရတော့မည်ကို အတပ်သိလိုက်ပြီဖြစ်၍ မိမိကိုယ်ကို သရဏဂုံတင်သည့်

သဘောဖြင့် သရဏဂုံကိုသာ တွင်တွင်ရွတ်ပွား၍နေ၏။ အချိန်ရှိစဉ်ကပင်လည်း သရဏဂုံကို ရွတ်ဆိုပွားများ ပုတီးစိပ်လေ့ရှိလာခဲ့ရာယခုလို သေဘေးဆိုးကြီးနှင့် ရင်ဆိုင်လာရချိန်၌ သာ၍ ရွတ်ဆိုပွားများလေသဖြင့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃ နိမိတ်များပင် ထင်လာလေ၏။

ထိုအခိုက်မှာပင် လရောင်များ ချက်ချင်းကွယ်သွားလေ၏။ ထို့ကြောင့် ကောင်းကင်ကိုမော့ကြည့်လိုက်ကြရာ မိုးသားများ တလိမ့်လိမ့်၊ တလိပ်လိပ်တက်လာပြီး ကြယ်၊ လတို့အား ဖုံးကွယ်လိုက်သည်ကို တွေ့ရ၏။ ထို့နောက် လေသည်လည်း သွယ်၍လာ၏။ လေသည် သွယ်ရာမှ တဖြည်းဖြည်း ကြမ်း၍လာ၏။ လေနောက်မှ မိုးလည်း တစ်ဆက်တည်း ပါလာလေသည်။

ထို့နောက် လေနှင့် မိုးသည် တစ်ပြိုင်တည်းကျလာသောကြောင့် ပတ်ဝန်းကျင်တစ်ခွင်လုံးသည် မှောင်မည်း၍သွားလေ၏။ မိုးသံလေသံတို့ကြောင့် ဆူညံ၍နေ၏။ ခွေခေါင်ခေါင်၌ မိုးလေးများ အမှတ်မဲ့ကျရောက်လာသောကြောင့် အတိတ်ဆိုး နိမိတ်ဆိုး၏လက္ခဏာသည်လည်း ထင်ရှား၏။

ဆရာတော်ကား မိုးလေ စသည်တို့ကို အာရုံစိုက်ခြင်းမရှိဘဲ သရဏဂုံကိုသာ တွင်တွင်ရွတ်ပွားနေ၏။ တစ်ခါတလေ မိမိ၏ဦးခေါင်းထက်သို့ တုတ်၊ ဓား စသည်တို့ မိုးကြိုးသွားကဲ့သို့ ကျလာမည်ကိုလည်း အာရုံရောက်၏။ မိမိ၏အသက်သည် စက္ကန့်ပိုင်းတွင် တည်နေသည်ဟုလည်း နားလည်နေ၏။

သို့သော် တုတ်၊ ဓားများ ဦးခေါင်းပေါ်သို့ကျလာမည့်အစားလူမိုက်များ ရူးရူးဝါးဝါးအော်ဟစ်သံနေကြသံများကိုသာ ကြားလာရ၏။ ကူပါကယ်ပါအော်ဟစ်ရင်း ပြေးလွှားနေကြသံများကိုလည်း ကြားနေရ၏။ လူမိုက်များ အော်ဟစ်ကြသံပျောက်သွားပြီးနောက် မိုးလေများလည်း တိတ်သွား၏။

ဆရာတော် မျက်စိဖွင့်ကြည့်လိုက်သောအခါ ကိုယ်မှာတုပ်

နှောင်ထားသောကြိုးများ တစ်ခုမှမရှိတော့ဘဲ လူမိုက်များလည်း တစ်ယောက်မှမရှိတော့ကြဘဲ ရှေးဟောင်းပစ္စည်းများကို ထုပ်ပိုးထားသော အထုပ်များသာ ဟိုတစ်ထုပ် သည်တစ်ထုပ် ပြန့်ကြဲနေသည်ကို တွေ့ရ၏။ ထို့ကြောင့် လူမိုက်များ ထွက်ပြေးသွားကြပြီဟု သိလိုက်၍ ဆရာတော်လည်း မိုးရေရွှဲရွှဲဖြင့် ကျောင်းပေါ်သို့ပြန်တက်လာခဲ့၏။

ဆရာတော်ကျောင်းပေါ်သို့ ပြန်ရောက်သည့်အခါတွင်မူ လမင်းကြီးသည်လည်း ထိန်ထိန်သာနေပြီ ဖြစ်၏။ ဆရာတော်လည်း ကပ္ပိယကြီးကိုနှိုးပြီး ကျောင်းဒကာများအားခေါ်စေကာ အကြောင်းအရာများကို အကျဉ်းရုန်းပြောပြပြီး ရှေးဟောင်းပစ္စည်းများကို ညတွင်းချင်းကျောင်းပေါ်သို့ပြန်တင်ခိုင်းရလေသည်။

သရဏဂုံ၏အစွမ်းသည်ကား ပြော၍မယုံ၊ အံ့၍မခန်းလောက်အောင်ပင်ရှိ၏။ သရဏဂုံကို ယုံကြည်သူ၊ ကြည်ညိုသူတို့ကား သေဘေးမှလွတ်မြောက်သူ၊ ရာထူးဌာနန္တရသူ၊ ကြီးပွားချမ်းသာသူ၊ အပါယ်လွတ်သူ ဟူ၍ တင်ပြ၍မဆုံးနိုင်လောက်အောင်ပင် ရှိကြ၏။ ဗုဒ္ဓဘာသာဖြစ်ရခြင်း၏ ပထမခြေလှမ်းပင် ဖြစ်၏။

နောက် အကြောင်းတစ်ခုကိုလည်း တင်ပြလိုသေး၏။ သည်အကြောင်းကို စာအုပ်နှစ်အုပ်တွင်တွေ့ဖူးပြီး ဟောတရားများလည်းရှိ၏။ ဗွီဒီယိုဇာတ်ကားလည်းရှိကြောင်း ကြားဖူး၏။ သို့သော်လည်းထက်၍ ထူးဆန်းလွန်းသောအကြောင်းဖြစ်သဖြင့် မကြားဘူး၊ မသိသေးသောသူများအတွက် ဇာတ်လမ်းကို အကျဉ်းမျှတင်ပြဦးမည်။

## တလတ်ထော်

တလတ်ထော် ဟူသည်မှာ မွန်အမျိုးသမီးငယ်တစ်ယောက်၏ အမည်ဖြစ်ပြီး တိုင်းပြည်ကား ဟံသာဝတီ ဖြစ်၏။ အုပ်ချုပ်သည့်မင်း

ကား တိဿ ဖြစ်၏။ တိဿမင်းသည် ယခင်က ဗုဒ္ဓဘာသာဖြစ်သော်လည်း နောက်ပိုင်းတွင် တိတ္ထိအယူကိုယူ၍ တိတ္ထိဘာသာသို့ အပြီးတိုင် ကူးပြောင်းသွား၏။

တိတ္ထိမဟာန့်တို့သည် တိဿမင်းအား အနီးကပ်ပေါင်း၍ အမျိုးမျိုးဟောပြောကာ ဗုဒ္ဓဘာသာ ဟံသာဝတီနိုင်ငံတော်ကြီးကို တိတ္ထိနိုင်ငံဖြစ်အောင် ဖန်တီးလိုက်ကြ၏။ အညာကိုကိုင်နိုင်သောကြောင့် အပြတ်ခြေရန်မှာ သာ၍လွယ်ကူသွား၏။ ဗုဒ္ဓဘာသာမှ တိတ္ထိဘာသာသို့ ပြောင်းလဲစေသည်မှာလည်း ကြမ်းလွန်း၏။

"ဟံသာဝတီနိုင်ငံတော်၌ ဗုဒ္ဓဘာသာကိုးကွယ်သူ လုံးဝ မရှိစေရ၊ လက်ရှိကိုးကွယ်နေကြသူများလည်း ချက်ချင်း ဘာသာစွန့်ရမည်၊ ဘုရားရုပ်ပွားတော်များကိုလည်း စွန့်ပစ်ရမည်။ အယူဘာသာ မစွန့်သူများအား ချက်ချင်းအရေးယူမည်"

ဟူ၍ ဖြစ်၏။

ထို့ကြောင့် ဟံသာဝတီနိုင်ငံသူ၊ နိုင်ငံသားများမှာ များစွာပင် စိတ်အနှောင့်အယှက်ဖြစ်ကြရ၏။ ကောင်းမြတ်မှန်ကန်သောအယူဘာသာတစ်ခုကိုစွန့်၍ မမှန်ကန်၊ မမွန်မြတ်၊ အယုတ္တရဖြစ်သောတိတ္ထိဘာသာကိုမှ အမွန်အမြတ်ကိုးကွယ်ရမည်ဟုဆိုသဖြင့် တိဿမင်းအား နားမလည်နိုင်အောင်လည်း ဖြစ်နေကြ၏။

ထိုအချိန်၌ တိတ္ထိဘာသာပြု၊ မဟာန့်တို့မှာ ဟံသာဝတီရွှေနန်းတော်တွင်း၌ မင်းကိုးကွယ်ခံပြီး ဇိမ်ယစ်လျက် ရှိနေကြ၏။ သူတို့၏ အဟောအပြောအောင်မြင်ပြီး တစ်နိုင်ငံလုံး တိတ္ထိဘာသာသို့ ရောက်လာရတော့မည်ကိုလည်း ဝမ်းအသာကြီးသာနေကြ၏။ အောင်ပွဲလည်း ခံနေကြ၏။

## ဘုရင့်အာဏာကို ဘာသာယုံကြည်ချက်ဖြင့်တော်လှန်ခြင်း

တလတ်ထော်ကား သူကြီးသမီးဖြစ်၏။ ရုပ်ချော၏။ ရဲရင့်၏။ ဘာသာအယူဖြူစင်၏။ သရဏဂုံတည်၏။ ဖြောင့်မတ်၏။ အကြီးအမှူးစိတ် ရှိ၏။ အမှန်ဘက်က ရပ်တည်ရဲ၏။ သူကြီးသမီးဖြစ်သော်လည်း မာန်မရှိ။ ဖြောင့်မတ်ဖြူစင်သူဖြစ်သည့်အလျောက် လူချစ်လူခင်လည်းပေါ၏။ အပေါင်းအသင်းမိတ်ဆွေသဟာအားလုံးတို့က လေးစားချစ်ခင်ကြ၏။

တစ်နေ့သောအခါတွင် တလတ်ထော်နှင့် သူငယ်ချင်းမတစ်စုတို့ မြစ်ဆိပ်သို့ ရေချိုးရန်ဆင်းလာကြ၏။ တလတ်ထော်နှင့်တကွ သူငယ်ချင်းမအားလုံးပင် အပျိုအရွယ်များချည်း ဖြစ်ကြ၏။ ငယ်ရွယ်သူများဖြစ်ကြသည့်အလျောက် ရေမချိုးမီ သဲသောင်တန်းတွင် ပြေးလွှားဆော့ကစားကြ၏။

ထို့နောက် ရေထဲသို့ဆင်းပြီး မိကျောင်းလိုက်တမ်းကစားကြပြန်သည်။ မိကျောင်းလိုက်တမ်းဟူသည်မှာ သစ်ရွက်လေးဖြင့်မဲနှိုက်၍ မိကျောင်းဖြစ်ရသူက လိုက်ရ၏။ တစ်စုံတစ်ယောက်အား ရိုက်မိလျှင် ထိုသူ မိကျောင်းဖြစ်ပြီး ဆက်လိုက်ရပြန်၏။ တောကာဒလေးများ ရေဆော့ကစားကြသည့်နည်း ဖြစ်၏။

တလတ်ထော်တို့သူငယ်ချင်းမတစ်စု ကျေနပ်လောက်အောင် မိကျောင်းလိုက်တမ်းဆော့ကစားကြပြီးမှ ကောင်းမွန်စွာဖြင့် ရေချိုးကြ၏။ ရေချိုးနေကြချိန်မှာပင် မြစ်ညာဘက်မှ သစ်သားရုပ်ပွားတော်များ ရေမျောလာကြသည်ကို တွေ့ကြရ၏။ ထို့ကြောင့် တလတ်ထော်မှာ အလွန်အမင်း အံ့ဩသွားရလေ၏။

"ကျိုက်၊ ထော်၊ ဝန်း" ဟု ရတနာမြတ်သုံးပါးကိုလည်း နှုတ်ရွတ်ရွတ်တလျက် ရင်ဘတ်ကို လက်နှင့်ဖိထားလိုက်မိ၏။ ထိုအချိန်က ဟံသာဝတီနိုင်ငံတော်ကြီးအတွင်း၌ ဗုဒ္ဓဘာသာကို မကိုး

ကွယ်ရ၊ ကိုးကွယ်သူတို့အား မင်းဘေးသင့်မည်ဟု အမိန့်ထုတ်ထား သည်ကို တလတ်ထော် သိဟန်မတူသေးပေ။

တလတ်ထော်သည် တအံ့တသြဖြင့် ငေးမောနေရာမှ ရေထဲက ရုပ်ပွားတော်များအား တရိုတသေလိုက်ဆယ်ပြီး သဲပြင်၏ သန့်ပြန့်သောနေရာတစ်ခုတွင်ထားကာ တဘက်ကို ရင်မှာလွှမ်းပြီး ဦးချရှိခိုးလိုက်၏။ ရေထဲတွင် တွေ့သမျှရုပ်ပွားတော်များကိုလည်း အကုန်လိုက်၍ဆယ်ယူ၏။

တလတ်ထော်က ဘုရင့်အမိန့်တော်ကို သိဟန်မတူသော်လည်း သူငယ်ချင်းမအချို့ကား သိကြ၏။ ထို့ကြောင့် တလတ်ထော်အား ဘုရားရုပ်ပွားတော်များကို လိုက်မဆယ်ရန်တားမြစ်ကြ၏။ ဗုဒ္ဓဘာသာကိုးကွယ်သူများလည်း မင်းဒဏ်သင့်မည့်အကြောင်းများကို ပြောပြကြ၏။ သူငယ်ချင်းမများလည်း တလတ်ထော် ဘုရားရုပ်ပွားများအား လိုက်ဆယ်နေသည်ကိုကြည့်ပြီး ကြောက်၍ မျက်လုံးများပင် ပြူးဝိုင်းနေကြ၏။

## ဘုရင့်နားပေါက်ကြား

တလတ်ထော်သည် သူငယ်ချင်းမများ၏ သတိပေးပြောကြားသံများကို ကြားလိုက်ရသောအခါ အလွန်အမင်းပင် တုန်လှုပ်သွားရလေ၏။ မင်းဒဏ်ကိုကြောက်လန့်၍မဟုတ်၊ တိဿမင်းသည် မြင့်မြတ်သော ဗုဒ္ဓဘာသာကိုစွန့်လွှတ်၍ ယုတ်ညံ့သော တိတ္ထိဘာသာကို အဘယ်ကြောင့် ကြည်ညိုရသနည်း၊ ကူးပြောင်းကိုးကွယ်သွားရသနည်း၊ ပြည်သူပြည်သားတို့အားလည်း အဘယ်ကြောင့် တိတ္ထိဘာသာကို ကိုးကွယ်စေရသနည်း၊ မိရိုးဖလာ ဗုဒ္ဓဘာသာကိုးကွယ်ကြသူတို့အား အဘယ်ကြောင့် မင်းဒဏ်ပေးရမည်နည်း စသည်ဖြင့် ယုတ်ညံ့သည့် တိဿမင်း၏စိတ်ထားနှင့် အမိန့်တော်များကို မကျေနပ်

နိုင်လွန်သောကြောင့် ဖြစ်၏။

ဘုရင်က တင်းကျပ်သောအမိန့်တော်ကြီးကိုထုတ်ထားသော်လည်း တလတ်ထော်သည် ထိုအမိန့်တော်ကြီးကိုတော်လှန်ကာ ဘုရားရုပ်ပွားတော်များအား မြစ်ထဲမှဆယ်ယူပြီး ကိုးကွယ်လေသည်။ ထို့ကြောင့် ထိုသတင်းသည်လည်း မကြာမီပင် မင်းနားသို့တိုင်အောင် ပေါက်ကြားသွားလေ၏။

မင်းနားပေါက်ကြားပြီးနောက် တလတ်ထော်အား ဖမ်းဆီးရန်ရောက်လာကြ၏။ ထိုအချိန်၌ တလတ်ထော်ကား ဂုဏ်တော်များကို ထုံနေအောင်ပွားများနေချိန် ဖြစ်၏။ ထို့ကြောင့် ဂုဏ်တော်များကို ပွားများနေသော မဟာကုသိုလ်ထူးကြီးကို အပျက်မခံဘဲ အာဏာသားတို့အား လက်ဝတ်ရတနာများကိုချွတ်ပေးပြီး ပြန်လွှတ်လိုက်၏။

## တလတ်ထော် ဖမ်းဆီးခံရ

သို့သော် ဤသည်မှာ ဘုရင့်အမိန့်တော်ကြီးဖြစ်နေ၍ အပြီးတိုင် ရှောင်လွှဲ၍ကား မရနိုင်ပေ။ သုံးကြိမ်သာ လာဘ်ပေး၍ ကာကွယ်နိုင်ပြီး လေးကြိမ်မြောက်တွင် တလတ်ထော် အဖမ်းခံရလေသည်။ အဖမ်းခံရသော်လည်း တလတ်ထော်၏စိတ်ထဲတွင် ကြောက်လန့်ခြင်းလုံးဝ မရှိပေ။

တလတ်ထော်ကား သရဏဂုံတည်သူ ဖြစ်၏။ သရဏဂုံကိုယ်လုံးခြုံလျှင် ဘေးရန်အားလုံးတို့သည် လုံသည်သာ ဖြစ်၏။ တလတ်ထော် ဤကဲ့သို့ ယုံကြည်ထား၏။ ရတနာမြတ်သုံးပါးသည် လဲလျောင်းမှီခို ကြည်ညိုအားထားရာဖြစ်ကြောင်းကိုလည်း လင်းလင်းကြီးသိထား၏။ ထို့ကြောင့် ကြောက်စိတ်မရှိခြင်း ဖြစ်၏။

ကံသည်အမိ၊ ကံသည်အဖဟုဆိုသည်မှာ မှန်၏။ ကံစီမံရာအတိုင်း ခံကြရ၏။ သို့သော် ကံကိုကံအတိုင်းထားလျှင်ကား ကံအ

တိုင်းသွားမည်သာ ဖြစ်၏။ ကုသိုလ်ကံဖြစ်လျှင် သုဂတိအကျိုးကို ပေး၏။ အကုသိုလ်ကံဖြစ်လျှင် ဒုဂ္ဂတိအကျိုးကိုပေး၏။ မည်သည့် ကံကိုဖြစ်စေ ဉာဏ်နှင့်မီလျှင် ဒုဂ္ဂတိအကျိုးကို ထိရောက်စွာမပေး နိုင်ဘဲ သုဂတိဘက်သို့ ကူးပြောက်သွားနိုင်၏။

သုဂတိအကျိုးနှင့် ဒုဂ္ဂတိအကျိုးနှစ်မျိုးတို့တွင် သုဂတိအကျိုး သည် အားကောင်း၏။ လှေကိုသမုဒ္ဒရာတို့နှင့် နှိုင်းဆ၍ကြည့်နိုင်၏။ သမုဒ္ဒရာရေပြင်ကို အကုသိုလ်အရာတွင်ထားပြီး လှေငယ်ကို ကုသိုလ် အရာတွင်ထားလျှင် အပြန့်ကျယ်သောသမုဒ္ဒရာရေပြင်ကြီးကို လှေ ငယ်ဖြင့် ကူးဖြတ်၍ ကျော်လွှားနိုင်၏။

ကုသိုလ်နှင့် အကုသိုလ်တို့၏သဘောကား ထိုသို့ရှိ၏။ ဉာဏ် စွက်လျှင် ကောင်းသည့်ဘက်သို့ဆောင်တတ်၏။ ကံကို ကံအတိုင်း ထားလျှင်ကား ပဲ့ကိုင်မပါသောလှေငယ်ကဲ့သို့ ဦးတည်ရာမဲ့မျောနေ မည်သာ ဖြစ်၏။ အထူးသတိထားသင့်၏။ သတိထားလျှင် သက်သာ ၏။ သတိမထားလျှင် အထိနာ၏။

တလတ်ထော်ကား အချိန်ရှိစဉ်ကပင် သတိထား၏။ ကုသိုလ် တရားဖြင့်သာပျော်၏။ ရတနာမြတ်သုံးပါးကို ကြည်ညို၏။ ငါးပါး သီလမြဲ၏။ မေတ္တာတရားလည်း တလတ်ထော်၏လက်သုံး ဖြစ်၏။ မွေးရာပါ သရဏဂုံတည်ပြီး မေတ္တာတရားစွဲမြဲသူ ဖြစ်၏။ အကြီးအမှူး စိတ်၊ ခေါင်းဆောင်စိတ်သည်လည်း တလတ်ထော်တွင် အပြည့်ရှိ၏။

ယခု အရေးကြုံလာသောအခါတွင် ဘာသာရေးဖြင့်နွယ်သော ကြောင့် သရဏဂုံကို သာ၍စွဲမြဲစေ၏။ ကိုယ်လုံးထုံစေ၏။ ပဥ္စသီလ မြဲပြီး သရဏဂုံထုံသောကြောင့် သေရမည်ကို အလွန်အမင်းမကြောက် ခြင်း ဖြစ်၏။ ကျရောက်လာမည့်အဖြစ်ကို ရဲရဲကြီးရင်ဆိုင်ဝံ့၏။ တုန် လှုပ်ခြင်းလည်းကင်း၏။

အာဏာသားတို့သည် သတ်စားမည့် အမဲသတ္တဝါကဲ့သို့ တလတ်ထော်အား ကြိုးဖြင့်တုပ်၍ တိဿမင်း၏ရှေ့တော်မှောက်သို့

ဆွဲခေါ်သွားကြ၏။ ဘုရင်လည်း မိုးကဲ့သို့မည်းသောမျက်နှာကြီးဖြင့် စိုက်၍ကြည့်နေ၏။ အာဏာဖီဆန်သူအဖြစ် အလွန်အမင်း ဒေါသဖြစ်နေ၏။ မိစ္ဆာမင်းတို့၏လက္ခဏာကို အပြည့်အဝဆောင်နေ၏။

"တလတ်ထော်၊ သူတစ်ပါးစွန့်ပစ်သည့် ရေထဲကရုပ်ပွားတော်များကိုဆယ်ယူပြီး ကိုးကွယ်သည်ဆိုခြင်းမှာ မှန်သလော"

တိဿမင်းက လည်ချောင်းသံကြီးဖြင့် မေး၏။

တလတ်ထော်က လက်အုပ်ချီ၍ -

"မှန်လှပါ၊ ကိုးကွယ်ပါသည်ဘုရား"

ဟု ယဉ်ကျေးသိမ်မွေ့စွာဖြင့် ဖြေ၏။

"ငါကိုယ်တော်ရှင်မြတ်၏အမိန့်တော်ကို ဖီဆန်ခြင်း၊ ပိတ်ပင်ထားသည်ကို ချိုးဖောက်ခြင်းတို့ကြောင့် သင့်မှာအပြစ်ရှိပေသည်"

"မှန်လှပါ၊ ပေးသည့်အပြစ်ကို ဝံ့ဝံ့ကြီးခံယူပါမည် ဘုရား"

တလတ်ထော်၏အသံကား ထစ်ငေါ့ခြင်း၊ တုန်ရီခြင်းအလျှင်းမရှိ။ ပကတိအားဖြင့် ကြည်လင်ပြတ်သားလျက် တည်ငြိမ်နေ၏။

ထို့ကြောင့် တိဿမင်းသည် အာဏာသားတို့လက်သို့အပ်၍ တလတ်ထော်အား မီးရှို့ပြီးသတ်စေ၏။ တလတ်ထော်ကား ထိုအချိန်ထိလည်း တုန်လှုပ်ခြင်း အလျှင်းမရှိပေ။ သရဏဂုံကို ကိုယ်လုံးထုံအောင် ရွတ်ပွားများ၍သာနေ၏။ ထို့ကြောင့် သရဏဂုံကို အထပ်ထပ်ထုံအောင်ရွတ်ပွားထား၍ တလတ်ထော်အား မီးခ,ခြင်း၊ စွဲလောင်ခြင်း မရှိပေ။

ထို့ကြောင့် မင်းအမတ်နှင့်တကွ အာဏာသားအားလုံးတို့ တအံ့တဩဖြစ်ကုန်ကြ၏။ မီးမခသောလူ ဟူ၍ တစ်ကြိမ်တစ်ခါမျှ မမြင်ဘူး၊ မတွေ့ဘူးသဖြင့် အထူးအဆန်းလည်း ဖြစ်ကုန်ကြ၏။ တလတ်ထော်ကိုကြည့်ရသည်မှာလည်း တုန်လှုပ်မှုမရှိ။ ပကတိအားဖြင့် တည်ငြိမ်လျက်သာ။

သို့သော်လည်း ဆင်ခြင်သုံးသပ်ခြင်းကင်းမဲ့သော တိဿမင်းသည် သူ၏မိစ္ဆာအာဏာတည်မြဲစေရန်အတွက် တလတ်ထော်အားလူပုံအလယ်တွင် သတ်ဖြတ်ပြလိုသော အလိုဆိုးတစ်ခုကိုသာကြည့်၏။ ထို့ကြောင့် တလတ်ထော်အား ဆင်ဖြင့်နင်းသတ်စေပြန်သည်။ ဆင်ဖြင့်နင်းသတ်စေသောအခါတွင်လည်း ဆင်သည် တလတ်ထော်အား နင်းဝံ့ခြင်းမရှိပေ။

မည်မျှအထိပင် ဆင်ဦးစီးက ချွန်းပေါက်၍လွှတ်တော်လည်း ဆင်သည် သံကုန်ဟစ်အော်လျက် မြေကြီးတွင် ခေါင်းဆိုက်၍သာနေ၏။ ဆင်ဦးစီးလည်း ဆင်ကို အစွမ်းကုန်ချွန်းပေါက်လွှတ်၍မရနိုင်သည့်အဆုံး လက်မှိုင်ချလျက် ဖြစ်သွားရ၏။ ထို့နောက် ဘုရင့်အမိန့်တော်ဖြင့် တင်းကုပ်ထဲမှ ပါးကွက်သားဆင်အားလုံးကို တစ်ကောင်ပြီးတစ်ကောင်ထုတ်၍ တလတ်ထော်အား နင်းသတ်စေ၏။

ထိုအခါတွင် ပါးကွက်သား ဆင်အားလုံးတို့သည် အခြားတရားခံတို့အား ဝံ့ဝံ့ကြီးသတ်ရဲကြသော်လည်း တလတ်ထော်ကိုမူ လက်ဖျားနှင့်ပင် မတို့ရဲကြပေ။ အသိဉာဏ်နည်းသည့် အဟိတ်တိရစ္ဆာန်ဖြစ်သော ဆင်တို့ကလည်း တလတ်ထော်အား သိကြ၏။ တလတ်ထော်၏ သရဏဂုံအစွမ်းတို့ကို နားလည်ကြ၏။ အသက်မဲ့သော ရှားမီးသည်လည်း ၄င်းနည်းတူသိကြ၏။

မသိနိုင်သည်မှာ အသိဉာဏ်မဲ့သော မိစ္ဆာဒိဋ္ဌိ တိဿမင်းဖြစ်၏။ ထို့ကြောင့် တိဿမင်းသည် တလတ်ထော်အား အစွမ်းထက်သည့် စုန်းမတစ်ယောက်ဟုသာထင်လေ၏။ အစွမ်းထက်သော စုန်းမဖြစ်၍ ဆင်မနင်းရဲဟုယူဆကာ ထပ်ဆင့်တိုး၍ တလတ်ထော်အား ဖျာဖြင့်အုပ်ကာ နင်းသတ်စေပြန်သည်။

ဖျာဖြင့်အုပ်ထားလျှင် လူဟူ၍သော် လည်းကောင်း၊ မိစ္ဆာဟူ၍သော် လည်းကောင်း မသိနိုင်သောကြောင့် ဆင်သည် ရဲရဲကြီးနင်းလိမ့်မည်ဟုလည်း ယူဆ၏။ သို့သော် တလတ်ထော်အား ဖျာဖြင့်

အုပ်၍ နင်းခိုင်းသောအခါတွင်လည်း ဆင်သည် နင်းရဲခြင်းမရှိဘဲ ယခင်အတိုင်းကဲ့သို့ မည်မျှအထိပင် ချွန်းပေါက်၍လွှတ်စေကာမူ မြေပြင်တွင်ခေါင်းစိုက်၍ အော်ဟစ်နေ၏။

ထို့နောက် တင်းကုပ်ထဲမှဆင်းများကို တစ်ကောင်ပြီးတစ်ကောင်ထုတ်၍ နင်းခိုင်းသော်လည်း နင်းရဲသောဆင်တစ်ကောင်မျှ မရှိပေ။ မည်မျှအထိပင် ချွန်းပေါက်၍ လွှတ်စေကာမူ မြေကြီးတွင် ခေါင်းစိုက်ပြီး အော်ဟစ်၍သာနေ၏။ ဖျာအုပ်ထားသည့်တိုင်အောင် တလတ်ထော်အား နင်းသတ်ရဲသောဆင်တစ်ကောင်မျှ မရှိပေ။

မိစ္ဆာအယူရှိသော တိဿမင်းနှင့် တိတ္ထိမဟန်တို့သည်လည်း တလတ်ထော်အား သွေးသံရဲရဲဖြင့်မြင်ရတော့မည်။ သေတော့မည်။ ပြည်သူပြည်သားတို့သည်လည်း တလတ်ထော်၏အဖြစ်ကို မြင်ရခြင်းအားဖြင့် နောင်ကြဉ်သွားကြလိမ့်မည်၊ ကြောက်လန့်သွားကြလိမ့်မည်၊ နောက်လည်း ဗုဒ္ဓဘာသာကိုကိုးကွယ်ရဲသူ ရှိလိမ့်မည်မဟုတ် စသည်ဖြင့် ထင်ခဲ့ကြ၏။

ယခုမူ သူတို့ထင်သလို တစ်ခုမျှဖြစ်၍မလာ။ ထို့ကြောင့် တိဿမင်းနှင့် တိတ္ထိတို့မှာ ဘာဆက်လုပ်ရမှန်းမသိပင် ဖြစ်နေ၏။ ဗုဒ္ဓဘာသာကို ဖြိုဖျက်ရေး၊ တိတ္ထိအယူသို့ ကူးပြောင်းရေးတွင် ဘာသာရေးနှင့်ပတ်သက်သည့် မှူခင်းအနေဖြင့် တလတ်ထော်သည် အဦးအစဖြစ်နေ၏။ ထို့ကြောင့် တလတ်ထော်ကို လက်တွေ့ကျကျသက်ပြချင်နေကြ၏။

## ဗုဒ္ဓဆင်းတုတော်များ ကြွလာတော်မူကြပြီ

တိဿမင်းနှင့် မဟန်တို့အုပ်စုသည် တလတ်ထော်အား သည်အတိုင်းသတ်၍မရလျှင် နောက်တစ်မျိုး အပြစ်ရှာပြီး သတ်ဖြတ်ရန် ကြံစည်ကြပြန်၏။ ထို့ကြောင့် တလတ်ထော်အား ဖျာဖြင့်အုပ်ထား

ရာမှ လွှတ်ပေးလိုက်ပြီး တိဿမင်းက ဤကဲ့သို့မိန့်တော်မူ၏။

''တလတ်ထော်၊ သင် အသက်တမျှကြည်ညိုပြီး ကိုးကွယ်နေသော ဗုဒ္ဓဆင်းတုတော်များ၏ ဘုန်းတန်ခိုးအာနိသင်ကို ငါတို့ ကြည့်လို၊ မြင်လိုသည်။ သို့ပါသောကြောင့် ဤနေရာကနေ၍ သင်ကိုးကွယ်ထားသော ဆင်းတုတော်များကို ပင့်ပြပါလော့''

ဤစကားကိုကြားလိုက်ရသောအခါ တလတ်ထော်သည် အတော်လေးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရ၏။ သူ၏ သီလ၊ သမာဓိ၊ သရဏဂုံအကျိုးအစွမ်းအာနိသင် စသည်တို့ကို ပြသခွင့်ရပြီ ဟုလည်း တွေး၏။ သည်အခွင့်အရေးသည် တလတ်ထော်အတွက် များစွာ အဖိုးထိုက်ကြောင်းလည်းသိ၏။

ထို့ကြောင့် တလတ်ထော်သည် ဦးစွာ ငါးပါးသီလကိုဆောက်တည်ပြီး သရဏဂုံကို ထုံအောင်ပွားများ၏။ မိမိကိုယ်မှသည် သုံးဆယ့်တစ်ဘုံတိုင်အောင် မေတ္တာကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းလိုက်၏။ ထို့နောက် ပြုလုပ်ဖူးသည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို သစ္စာဓိဋ္ဌာန်ပြုပြီး သူ့အိမ်၌ ကိုးကွယ်ထားသော ဗုဒ္ဓဆင်းတုတော်များအား ပင့်ဖိတ်လိုက်လေသည်။

ထိုခဏမှာပင် ဗုဒ္ဓဆင်းတုတော်များလည်း သက်ရှိထင်ရှား မြတ်စွာဘုရားရှင်များကဲ့သို့ ကောင်းကင်ခရီးဖြင့် ကြွမြန်း၍လာကြလေသည်။ အချို့ဆင်းတုတော်များသည် ကောင်းကင်၌တည်လျက် အချို့ဆင်းတုတော်များသည် တလတ်ထော်၏ဝဲယာရှေ့နောက်တွင် ကြွမြန်းလျက် ရှိကြကုန်၏။ မဟာပထဝီမြေကြီးသည်လည်း တုန်ဟည်း၍သွားလေ၏။

## တလတ်ထော် မိဖုရားကြီးဖြစ်ပြီ

တလတ်ထော်၏ သစ္စာဓိဋ္ဌာန်အစွမ်းထက်ပုံတို့ကြောင့် ဟံသာ

ဝတီနန်းတော်ကြီးအတွင်းရှိကြသည့် မင်းပရိသတ်အပေါင်းတို့လည်း အုန်းအုန်းကျွက်ကျွက် တစ်ခဲနက်ဖြစ်ကြကုန်၏။ မမြင်စဖူး ထူးကဲဘိ တကားဟုဆို သူဆိုကြကုန်၏။ သီလ၊ သမာဓိ၊ သစ္စာကြီးသော တလတ်ထော်ဟုဆိုသူက ဆိုကြကုန်၏။

ထို့ကြောင့် တိဿမင်းသည်လည်း အငေးသားဖြစ်ကာ တွေဝေ၍သွားရ၏။ ဗုဒ္ဓဘာသာကိုကြည်ညိုပြီး သံယောဇဉ်ကြီးသော မင်းအမတ်အပေါင်းတို့ကလည်း တလတ်ထော်အား ချီးကျူးချီးမွမ်း၍ အံ့ဘနန်းဖြစ်လျက် ဂုဏ်ပြုသောစကား၊ ကြည်ညိုလေးစားသော စကားဆိုများကို အထပ်ထပ်ဆိုကုန်ကြပြီ။

တိဿမင်းသည်လည်း ဗုဒ္ဓဘာသာမှ တိတ္ထိဘာသာသို့ ကူးပြောင်းလာခဲ့သူဖြစ်ရကား ယခင်က ဗုဒ္ဓဘာသာတို့၏ အစွမ်း၊ တန်ခိုး၊ အကျိုး စသည်တို့ကို သိမြင်နိုင်ခြင်း မရှိခဲ့။ ယခု သမီးပျိုလေးတစ်ယောက် (တလတ်ထော်) ၏ သစ္စာအစွမ်းကြောင့် သိမြင်ကြည်ညိုခွင့်ရပြီ။ ဗုဒ္ဓဘာသာသည် စစ်မှန်သောဘာသာ၊ ကိုးကွယ်လဲလျောင်းထိုက်သောဘာသာ၊ ပရမတ်ဘာသာ စသည်ဖြင့်လည်း သိလိုက်၏။

ထို့နောက် တလတ်ထော်အား အပြစ်မှ ကွင်းလုံးကျွတ်လွတ်ပြီး မိဖုရားကြီးရာထူးကို ပေးမြှောက်လိုက်၏။ မိစ္ဆာဒိဋ္ဌိမဟာန့်တို့ကိုလည်း -

"သက်မဲ့ဖြစ်သော ရုပ်တုတော်များကပင် တန်ခိုးပြပြီ၊ သင်တို့ သက်ရှိများလည်း ကောင်းကင်သို့ကြွ၍ တန်ခိုးပြကြပါလော့"

ဟုဆို၍ မပြနိုင်လျှင် နန်းတော်ထဲမှ မောင်းထုတ်လိုက်လေ၏။ ဟံသာဝတီနိုင်ငံတော်ကြီးလည်း စစ်မှန်သော ဗုဒ္ဓဘာသာနိုင်ငံတော်ကြီးအဖြစ်သို့ ပြန်ဖြစ်လာရလေသည်။

## မွန်နှင့် ဗုဒ္ဓဘာသာ

သုဓမ္မဝတီ မွန်နိုင်ငံတော်ကြီးကို ဇမ္ဗူဒီပါ၊ အိန္ဒိယရဟန်းတော်များဖြစ်ကြသည့် သောဏနှင့် ဥတ္တရထေရ် အရှင်နှစ်ပါးသည် စတင်၍ သာသနာပြုခဲ့ကြ၏။ (ကျိုက်ထီးရိုးသမိုင်းတွင်ကား ဂဝံပတိ အရှင်နှင့်စပ်၍ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကပင် ကြွတော်မူခဲ့ကြောင်းဆို၏။)

ထိုမှ သာသနာတော်ကြီးသည် ပြန့်ပြောစည်ပင်၍လာခဲ့ရာ ယခုတင်ပြခဲ့သည့် ဟံသာဝတီခေတ် တိဿမင်းလက်ထက်တွင် တိတ္ထိတို့၏ လှည့်စားဖြားယောင်း ဟောပြောခြင်းကို နားယောင်မိ၍ သာသနာတော် ညှိုးမှိန်လာရာမှ ပျက်စီးခဲ့ရသေး၏။ အမြစ်ပြတ်ရန် မဆိုစလောက်သာ ကျန်ရှိတော့၏။

ဤသည်ကို မွန်အာဇာနည်မယ် တလတ်ထော်ခေါ်သော ဘဒြာဒေဝီက အသက်စွန့်၍ ပြန်လည်ဆက်ပေးခဲ့ပြန်၏။ တလတ်ထော်ဟုခေါ်သော ဘဒြာဒေဝီကသာ အသက်ကိုစွန့်လွှတ်၍ မဆက်ပေးခဲ့လျှင် သာသနာတော်သည် ထိုအချိန်ကပင် အမြစ်ပြတ်ဖွယ်ရှိ၏။ သာသနာပြုရာ၌ ပြည်ပိုင်မင်းတို့ကိုအားကိုးရလျှင် သာ၍ စည်ပင်လွယ်ကြောင်း သီရိဓမ္မာသောကမင်းကြီးက သက်သေခံနေ၏။

၄င်းနည်းတူ သာသနာတော်ပျက်စီးရာ၌လည်း ပြည်ပိုင်မင်းတို့ကိုယ်၌ ကသာတိတ္ထိအယူ၌ ကြည်ဖြူနေခဲ့ပါမူ သာ၍ပင် လျင်မြန်ပြီး သာ၍ပင် အမြစ်ပြတ်လွယ်ကြောင်း ဒီအဖြစ်က သက်သေခံနေ၏။ အင်္ဂလိပ်မင်းလက်ထက်က သာသနာတော်ကြီး ညှိုးမှိန်ခဲ့ရပုံ၊ မွန်ကျောင်းတော်ကြီး ပြာအတိကျခဲ့ရပုံများမှာလည်း ထင်ရှား၏။

အတိုချုပ်၍ဆိုရပါမူ ဗုဒ္ဓသာသနာတော်သည် ဟံသာဝတီခေတ်က အလုံးစုံ အမြစ်ပြတ်ပျက်စီးရန် လက်မတင်လေးတွင် တလတ်ထော်ခေါ် ဘဒြာဒေဝီကြောင့် ပြန်လည်အသက်ဆက်ကာ စည်ပင်

လာခဲ့ရ၏။ ထို့ကြောင့် ဆယ်ကျော်သက်အရွယ် တလတ်ထော်ခေါ် ဘဒြာဒေဝီကိုလည်း အံ့ဖွယ်သာသနာပြုမယ်တော်ကြီးအဖြစ် လေးစားကြည်ညိုကြရမည်သာ ဖြစ်၏။

## သရဏဂုံနှင့် မိဖုရားစောလုံ

သရဏဂုံနှင့်ပတ်သက်၍ တိုင်းသိပြည်သိထင်ရှားခဲ့သော အမျိုးသမီးတစ်ယောက်လည်း ရှိသေး၏။ ၎င်းမှာ ပုဂံ၏နောက်ဆုံးမင်းဆက်ကတည်းက မိဖုရားစောလုံ ဖြစ်၏။ မိဖုရားစောလုံအကြောင်းကို တက္ကသိုလ်စိန်တင်ရေး၍ ဦးစွာဖတ်ရှုမှတ်သားခဲ့ဖူး၏။ ထို့နောက် ရာဇဝင်ကိုဖတ်ရှုရာတွင်လည်း တွေ့ရ၏။

အခြားစာအုပ် စာစောင်များတွင်လည်း တွေ့ရတတ်သဖြင့် မိဖုရားစောလုံ၏အကြောင်းကိုလည်း လူသိများမည်သာ ဖြစ်၏။ ထူးခြားသည်မှာ မိဖုရားစောလုံသည် သရဏဂုံနှင့်ပတ်သက်ခြင်းပင် ဖြစ်၏။ မင်းမိဖုရားများစွာတို့အထဲတွင် သရဏဂုံနှင့်ပတ်သက်သော သရဏဂုံတည်သောမိဖုရား ဟူ၍ လူသိများ၏။ ထို့ကြောင့် ဤ၌ မိဖုရားစောလုံ၏အကြောင်းကိုလည်း အနည်းငယ်မျှ တင်ပြဦးမည်။

တစ်နေ့သောအခါတွင် မင်းမိဖုရားအပေါင်းတို့သည် ဧရာဝတီမြစ်ဆိပ်၌ ရေကစားကြ၏။ မင်းပွဲဖြစ်သောကြောင့် စည်စည်ကားကားလည်း ရှိ၏။ လူထုပရိသတ်၊ မင်းပရိသတ်တို့လည်း စုံလင်၏။ ထို့ကြောင့် ခြိမ့်ခြိမ့်သဲပျော်စရာကောင်းသော ရေသဘင်ပွဲကြီးပင် ဖြစ်၏။

မင်းမိဖုရားများ ပျော်ပျော်ပါးပါးဖြင့် ရေသဘင်ပွဲ ဆင်နွှဲနေကြချိန်တွင် မိဖုရားစောလုံတစ်ယောက်ကား ဣန္ဒြေရလျက်ပင် ရှိ၏။ သူများနည်းတူပါဝင်၍ ရေသဘင်ပွဲဆင်နွှဲခြင်းလည်း မပြု။ မင်းနေမဏ္ဍပ်၌ အိန္ဒြေရရဖြင့်ထိုင်လျက် အခြားသောမင်းမိဖုရားများ ရေဆော့

နေကြသည်ကိုသာ ကြည့်၍နေ၏။

## မိဖုရားစောလုံ ဒေါသထွက်ခြင်း

မိဖုရားစောလုံသည် အသက်လည်းငယ်၊ ရုပ်လည်းချော၊ အနေအထိုင်လည်း သိမ်မွေ့သောကြောင့် ဘုရင်၏အသည်းစွဲလည်း ဖြစ်၏။ အခြားမိဖုရားများထက်လည်း အချစ်ပို၏။ ထို့ကြောင့် မကြာခဏဆိုသလိုပင် စ,ခြင်း၊ နောက်ခြင်းလည်းရှိ၏။ ယခုလည်း အခြားမိဖုရားနည်းတူ မိဖုရားစောလုံအား မတွေ့ရသဖြင့် ကြည့်လိုက်ရာ ရေသဘင်မဏ္ဍပ်တော်အတွင်း၌ ဣန္ဒြေရရ တစ်ယောက်တည်းထိုင်နေသည်ကို တွေ့လိုက်ရ၍-

"ဟဲ့- မမတို့၊ ဟိုမှာ မင်းတို့ညီမ မစောလုံတစ်ယောက်တည်း ပျင်းနေရှာရော့မယ်၊ သူ့လက်မောင်းကို တစ်ယောက်တစ်ဖက်ကိုင်ပြီး ရေထဲဆွဲချကြစမ်း"

ဟု ဘုရင်ကခိုင်းလိုက်၍ အခြားမိဖုရားများ သွားဆွဲကြရာ မိဖုရားစောလုံလည်း အတင်းရုန်းကန်ပြီး အော်ဟစ်လေ၏။ မိဖုရားစောလုံကား ရေကိုကြောက်ဟန်ရှိ၏။

သို့သော်လည်း ဘုရင်ကိုယ်တိုင်က ဆွဲခိုင်းသောကြောင့် မိဖုရားစောလုံက အော်ဟစ်ရုန်းကန်နေသည့်တိုင်အောင် ရေထဲသို့ရောက်အောင်ပင် ဆွဲချကြလေ၏။ ဘုရင်ကိုယ်တိုင်လည်း ဖမ်းဆွဲပြီး ရေထဲသို့ရောက်အောင် ဆွဲကူချ၏။ မိဖုရားစောလုံလည်း ကြောက်ကြောက်လန့်လန့်ဖြင့် ရုန်းကန်အော်ဟစ်ရင်းက ရေတစ်ကျိုက်၊ နှစ်ကျိုက်သောက်မိပြီး သတိပင်မေ့တော့တော့ ဖြစ်သွားလေ၏။

သူ ယခုကဲ့သို့ဖြစ်ရသည်မှာ အဓိကလက်သည်ကား ဘုရင်သာဖြစ်၏။ ဘုရင်က သူ့အား ဤကဲ့သို့လုပ်၏ဟု ဘုရင်ကို အတော်လေးပင်စိတ်ဆိုးပြီး ဒေါသလည်းထွက်သွားလေသည်။ ထို့နောက် ဘုရင်

အား စူးခနဲတစ်ချက်ကြည့်ပြီး တုန်တုန်ခိုက်ခိုက်ဖြင့် မဏ္ဍပ်ထဲသို့ပြန်ဝင်သွားလေသည်။ ဘုရင်ကား ‌သဘောကျစွာဖြင့် ရယ်မော၍သာနေ၏။

## ဘုရင်အား သေကြောင်းကြံစည်ခြင်း

ထိုနေ့မှစ၍ မိဖုရားစောလုံသည် ဘုရင်အား အမျက်သိုလျက်အသက်ကိုပင်ကြံစည်နေလေသည်။ ဘုရင်က သူရေကြောက်သည်ကိုသိလျက်နှင့် ဤကဲ့သို့လုပ်ခြင်းမှာ လုံးဝမတရား။ လူပုံအလယ်တွင်အရှက်ခွဲသည်၊ အရှက်ရအောင်လုပ်သည်၊ ဣန္ဒြေမဲ့စွာဖြင့် ကျင့်သည်စသည်ဖြင့်လည်း ထင်မှတ်စွဲယူထား၏။

တစ်နေ့သောအခါတွင် တောသားမုဆိုးတစ်ယောက်သည် ဘုရင်အား ချေသားဟင်းဆက်သ၏။ ထိုချေသားဟင်းကို မိဖုရားစောလုံက စီမံပြီး အမှုလုပ်တစ်ယောက်အား ဘုရင်၏ပွဲတော်သို့ပို့ပေးဆက်စေ၏။ ဘုရင်ပွဲတော်တည်ခါနီးတွင် ဘုရင်၏အချစ်တော်ခွေးလေးတစ်ကောင်ရောက်လာပြီး ဘုရင်၏ခြေထောက်ကို တရှုပ်ရှုပ်နမ်းရင်းက နှာချေလေ၏။

ဘုရင်က ခွေးကလေး အဆက်မပြတ်နှာချေနေသည်မှာ ထူးဆန်းနေ၍ စိတ်ထဲတွင် မသိုးမသန့်ဖြစ်လာကာ ချေသားတစ်တုံးကိုခွက်ထဲမှဆယ်ယူပြီး ခွေးလေးအား ကျွေးကြည့်လိုက်၏။ ခွေးလေးသည် ချေသားဟင်းကို စားမျိုလိုက်သည်နှင့်တစ်ပြိုင်နက် ဆန့်ငင်ဆန့်ငင်ဖြစ်ကာ ထိုနေရာမှာပင် အသက်ပျောက်သွားလေ၏။

ထို့ကြောင့် ဤသည်မှာ အဆိပ်ခတ်ခြင်းသာဖြစ်သည်ဟု သိလိုက်၍ ဘုရင်လည်း အလွန်အမင်း ဒေါသထွက်သွားပြီး စစ်မေးလေရာ မိဖုရားစောလုံက အဆိပ်ခတ်သည်ကိုသိလေ၏။ မိဖုရားစောလုံအား ခေါ်ယူစစ်မေးရာတွင်လည်း အလျှင်းငြင်းပယ်ကွယ်ဝှက်

ခြင်းမရှိဘဲ မျက်နှာကိုတင်းလျက်က ဘွင်းဘွင်းကြီးပင် ပြောသည်။

"ဟုတ်တယ်ဟဲ့၊ ပန်းပွတ်သည်မြေးရဲ့။ နင်က လူပုံအလယ်မှာ အရှက်ရအောင် ငါ့ကို ရေနှစ်သတ်တယ်လေ။ ဒါကြောင့် တမင်တကာ နင်သေအောင်လို့ ငါကိုယ်တိုင် အဆိပ်ခတ်လိုက်တာပေါ့"

## မိဖုရားစောလုံအား ကွပ်မျက်စေခြင်း

မိဖုရားစောလုံ၏ တင်းလွန်းပြတ်လွန်းသော ဒေါသစကားကြောင့် ဘုရင်လည်း များစွာအရှက်ရပြီး ဒေါသလည်း ပြင်းစွာထွက်လေ၏။ ထို့ကြောင့် စိတ်ကိုမထိန်းနိုင်ဘဲ ဒေါသအလျှောက်ပင် -

"ယုတ်မာပြီး ပက်စက်သောအကြံရှိသည့် မိဖုရားစောလုံကို ယခုပင် ချက်ချင်းဖမ်း၍ သံပြားပူတွင်တင်ကာ မသေမချင်းမီးရှို့သတ်စေ"

ဟု အမိန့်ပေးလိုက်၏။ ဘုရင်က ထိုကဲ့သို့ အမိန့်ပေးလိုက်သော်လည်း မိဖုရားစောလုံသည် အနည်းငယ်မျှပင်တုန်လှုပ်ခြင်း မရှိပေ။ တင်းသောမျက်နှာဖြင့်သာ ဘုရင်အား စိုက်၍ကြည့်နေ၏။

ဘုရင် မျက်နှာလွှဲသည်နှင့် အာဏာပါးကွက်သားတို့သည် မိဖုရားစောလုံအား ဖမ်းဆီးချုပ်နှောင်လိုက်ကြ၏။ ထို့နောက် မိဖုရားစောလုံသေသည်ကို ဘုရင်ကိုယ်တိုင် ရှုစားလိုသည်ဟုဆို၍ နန်းရင်ပြင်မှာပင် ရှားမီးကြီးကို ဖိုကြလေသည်။ ရှားမီးပေါ်၌ သံပြားကြီးကိုတင်ပြီး ထိုသံပြားပေါ်သို့ မိဖုရားစောလုံ အားတက်စေကာ အပူတိုက်၍ သတ်ဖြတ်ရမည် ဖြစ်၏။

မိဖုရားစောလုံအားသတ်ချိန်သို့ ရောက်သောအခါ ဘုရင်ကိုယ်တော်တိုင်လာ၍ ကြည့်လေ၏။ ဆိုခဲ့သည့်အတိုင်း ဘုရင်သည် မိဖုရားစောလုံအား အချစ်ဆုံးဖြစ်၏။ ထို့ကြောင့် မိဖုရားစောလုံ၏ဒေါသဖြင့်ပြောဆိုပြုပုံများကို မကြိုက်လွန်း၍သာ ဒေါသအလျောက် သတ်စေ

အမိန့်ပေးလိုက်ရသည်။ ယခု တကယ်တမ်း မိဖုရားစောလုံအား သတ်မည့်အခါသို့ ရောက်လာသောအခါ အလိုလို သနားနေမိ၏။

မိဖုရားစောလုံကား စိတ်ထားပြတ်သားသူဖြစ်သည့်အလျောက် ဘာကိုမှမစဉ်းစားဘဲ ဆောက်တည်မြဲဖြစ်သည့် သရဏဂုံကိုသာ ထုံအောင်ပွားများနေလေ၏။ ထို့နောက် အာဏာပါးကွက်သားတို့ခေါ်ဆောင်ရာနောက်သို့ မဆုတ်မနစ်လိုက်ပါ၍လာလေသည်။ ဘုရင်ကိုမူ မျက်တောင်ပင့်၍၊ လှည့်၍ပင် မကြည့်ပေ။

ဘုရင်သည်လည်း စိတ်ဆိုး၍ဒေါသဖြင့် ထူမွှန်နေစဉ်က မိဖုရားစောလုံအား သတ်စေ အမိန့်ပေးခဲ့သော်လည်း ယခု တကယ်သတ်ရမည့်အချိန်ရောက်လာသောအခါ အလွန်အမင်းပင် သနားနေမိပြီး မိဖုရားစောလုံက တစ်ချက်ကလေးမျှမော်ကြည့်ပြီး -

'မောင်တော်ဘုရား ကယ်တော်မူပါ'

ဟု တစ်ခွန်းမျှဆိုလျှင်ပင် -

'လွှတ်စေ'

ဟူသော စကားသည်လည်း ဘုရင်၏နှုတ်တော်မှ ကရားရေလွှတ် ထွက်လာမည်မှာ အသင့်ပင်ရှိချေ၏။

ယခုမူ မိဖုရားစောလုံးသည် ဘုရင်အား တစ်ချက်ကလေးမျှ လှည့်ကြည့်ခြင်းမပြုဘဲ မျက်နှာတင်းတင်းဖြင့်သာ လျှောက်လာနေ၏။ ထို့ကြောင့် မတတ်နိုင်တော့။ ထွက်သောဆင်စွယ်၊ ဝင်စေမရှိ။ ဘုရင်တို့စကား ဘုန်းတန်ခိုးနှင့် မိုးကြိုးသွား၊ မိန့်ဆိုထုတ်ပြန်ထားသည့်အတိုင်း တည်လျက်သာ ဖြစ်၏။

သို့သော် မိဖုရားစောလုံသည် သံပူစင်ပေါ်သို့တက်ရန် အသင့်စီမံထားသော သစ်သားလှေကားပေါ်သို့ ခြေချမိလျှင်ပင် အရှိန်ဖြင့်တောက်လောင်လာနေသော ရှားမီးသည် ရေဖြင့်ငြိမ်းလိုက်ဘိသကဲ့သို့ ငြိမ်းသေ၍သွားလေ၏။ မိဖုရားစောလုံ သံပြားကြီးပေါ်သို့ရောက်

သွားသည့်အခါတွင် ရေကဲ့သို့ အေးချမ်း၍နေလေပြီ။

ထို့ကြောင့် အာဏာသာများနှင့်တကွ ရာဇဝတ်အမတ်အားလုံးတို့ပင် တအံ့တသြဖြစ်သွားကြ၏။ ဤကဲ့သို့ အဘယ်ကြောင့်ဖြစ်သွားရသည်ကိုလည်း နားမလည်နိုင်ကြပေ။ မကြုံဘူး၊ မကြားဘူး၊ မတွေ့ဘူး ထူးကဲလွန်းဘိသည်။ အဖြစ်က ဆန်းလွန်းသည်။ မကြုံလျှင်ယုံစရာပင် မရှိပေ။

ဘုရင်သည် မိဖုရားစောလုံအား 'မသေမချင်းသတ်ရမည်' ဟူသော နှုတ်ထွက်စကားကြီးက ရှိပြီးသားကြောင့်သာ။ သို့မဟုတ်ပါက ယခုအဖြစ်သည် မိဖုရားစောလုံအား လွှတ်ပေးလိုက်၍ရ၏။ သို့သော် 'မသေမချင်းသတ်ရမည်' ဟူသောစကားသည် မိုးကြိုးသွားကဲ့သို့ တည်ပြီးဖြစ်သောကြောင့် ပြန်ပြင်၍မရနိုင်တော့ပေ။

ဒုတိယအကြိမ်တွင်လည်း ၄င်းနည်းအတိုင်းပင်။ မိဖုရားစောလုံ၏သရဏဂုံအစွမ်းကြောင့် မီးစွဲလောင်နိုင်ခြင်းမရှိပေ။ ဤသို့ဖြင့်ပင်သုံးကြိမ်တိုင်သွား၏။ မိဖုရားစောလုံအား မီးစွဲလောင်ခြင်း လုံးဝမရှိပေ။ ဤသည်ကို မိဖုရားစောလုံကိုယ်တိုင်လည်း သိလေ၏။ ထို့အပြင်မင်း၏အမိန့်တော်နှင့် မိမိ၏အပြစ်ကိုလည်းသိ၏။

ထို့ကြောင့် "သေကံပါက သေစေတော့" ဟု သရဏဂုံကိုမရွတ်မပွားဘဲနေလိုက်တော့မှ ဇီဝိန်ချုပ်သည်အထိ မိဖုရားစောလုံအား မီးစွဲလောင်သွားလေသည်။

ဤနေရာ၌ နောက်ဘဝကိုမြင်နိုင်စွမ်းရှိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တစ်ဦးဦးသာရှိမည်၊ ပြောပြနိုင်မည်ဆိုပါက မိဖုရားစောလုံ၏လား ရာဂတိကို နောက်လာနောင်သားများအတွက် ကဗျည်းတွင်သည်အထိ သိကြရပေမည်။ သရဏဂုံတည်သော မိဖုရားစောလုံအဖို့သုဂတိဘုံနန်းတစ်ခုခုမှလွဲ၍ အခြားရှိမည်လည်း မဟုတ်ပေ။

သရဏဂုံသည်ကား လောကီကုသိုလ်တို့တွင် အားအရှိဆုံး

သာ ဖြစ်လေ၏။

## ၁၃။ ဦးထီးအောင်နှင့် သရဏဂုံအကျိုး

ဦးထီးအောင်ကား တင်ပြခဲ့သည့် ဘုန်းတော်ကြီးဦးသုမန၏ ဝမ်းကွဲညီအစ်ကိုတော်သူ ဖြစ်၏။ ဦးသုမနနှင့်လည်း သက်တူရွယ်တူ ကျောင်းနေဖက်၊ စာသင်ဖက် ဖြစ်၏။ ဆိုခဲ့သည့် ဒေါ်ဖြူမ၏ ဦးလေးတော်သူလည်း ဖြစ်၏။

ဦးသုမနနှင့် စာသင်နေစဉ်က စာလည်း အတော်လေးပင် တတ်မြောက်ခဲ့၏။ ဉာဏ်လည်း ဦးသုမနထက်ကောင်း၏။ သို့သော်လည်း ဦးထီးအောင်ကား သာသနာဘောင်မှာ မပျော်ပေ။ ထို့ကြောင့် ကိုရင်ဝတ်နှင့် စာပေသင်ကြားပြီးနောက် လူထွက်ပြီး မိဘများနည်းတူ လယ်ယာလုပ်ငန်းခွင်သို့ဝင်ခဲ့၏။

အိမ်ထောင်ဃရာဝါသကျပြီး နောက်လည်း ကိုရင်ဝတ်နှင့် နေ့စဉ်တွင် စာတတ်ပေတတ်ဖြစ်ခဲ့ဖူး၍ အ,ကုသိုလ်ကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ပြီး ကောင်းရှောင်းကောင်းဝယ် တောင်သူလယ်ယာလုပ်ငန်းများဖြင့်သာ ဝမ်းကျောင်းသည်။ ငါးပါးသီလကိုလည်း နိုင်သမျှထိန်းသည်။

သို့သော် တောလယ်၊ တောကိုင်းများကိုသာ လုပ်ကိုင်စားသောက်ရသဖြင့် လယ်ဖျက်၊ ကိုင်းဖျက်၊ တောဝက်၊ ဆတ်၊ ချေတို့နှင့်မူ သိပ်ပြီး မကင်းရှင်းလှပေ။ လယ်ရာသီ၊ ကိုင်းရာသီများတွင် ထိုထိုအကောင်ပလောင်များ အဖျက်အဆီးများလာသောအခါ ရှောင်မရဘဲလည်း ရှိတတ်၏။

ရွာခံမုဆိုးများနှင့်ပေါင်းပင်း၍သော် လည်းကောင်း၊ ကိုယ်တိုင်သော် လည်းကောင်း၊ သုတ်ကိုင်းထောင်၍ ဖြစ်စေ၊ လျှော်ပိုက်ကြီးများဖြင့် ဖြစ်စေ၊ အခြားနည်းလမ်းများ ဖြစ်စေ သတ်သင့်က သတ်ရပြန်

၏။ ထိုကဲ့သို့ မလုပ်လျှင်လည်း တောလယ်၊ တောကိုင်းများဖြစ်သည့် အလျောက် ထိုအကောင်ပလောင်များ၏ သောင်းကျန်းခြင်းကြောင့် ပြောင်စင်သွားဖွယ်ရှိ၏။

ထို့ကြောင့် အ,ကုသိုလ်ကိုရှောင်ကြဉ်ပါသည်ဟု ဆိုသော်လည်း ဦးထီးအောင်အဖို့ ဒုရာဇီဝကိုသာ ရှောင်ကြဉ်နိုင်ပြီး ဒုစရိုက်ကိုမူ ဖြစ်သင့်သောအခါ ဖြစ်ရ၏။ (ဒုရာဇီဝဟူသည်မှာ မကောင်းမှုဖြင့် အသက်မွေးခြင်းဖြစ်ပြီး ဒုစရိုက် ဟူသည်မှာ မကောင်းမှုကိုပြုကာမတ္တမျှသာ ဖြစ်၏။)

ထိုထိုအကောင်ပလောင်များနှင့် မလွဲမရှောင်သာ ရင်ဆိုင်ရသောအခါတွင် မှဆိုးတစ်ပိုင်းဖြစ်နေသော်လည်း ကျန်သောအချိန်များတွင် စိတ်ကောင်းမွေး၏။ ငါးပါးသီလကိုလည်း ထိန်း၏။ တရားကိုကောင်းစွာ ပွားများအားထုတ်နိုင်ခြင်းမရှိသေးသော်လည်း ဘုရားရှိခိုးခြင်း၊ မေတ္တာဘာဝနာပို့ပွားခြင်းများကို ဝတ်မပျက်ပြုလုပ်၏။

ဘုန်းတော်ကြီးဦးသုမန ရွာသို့အလည်ကြွလာတိုင်လည်း ဘာသာရေးနှင့်စပ်ဆိုင်သောစကားများကို အချိန်ရတိုင်း ပြောဆို၊ တိုင်ပင်၊ ဆွေးနွေးကြ၏။ ကျောင်းနေစဉ်အရွယ်မှသည် လက်ရှိအသက်အရွယ်သို့ ရောက်သည်အထိ အကြောင်းအရာများကို ပြောဆိုလေ့ရှိကြသလို ဘာသာ ရေးအကြောင်းများကိုလည်း နေ့စဉ်ပင် ဆွေးနွေးတိုင်ပင်ကြ၏။

## ဘုန်းတော်ကြီးဦးသုမနက သရဏဂုံကို ရွတ်ဆိုပွားများရန်တိုက်တွန်း

ဘာသာရေးအကြောင်းများကို ပြောဆိုဆွေးနွေးကြရာ၌ တစ်နေ့သောအခါ ဘုန်းတော်ကြီး၏ ကိုယ်တွေ့သရဏဂုံအကြောင်းများ ပါလာ၏။ ကိုယ်တွေ့သရဏဂုံအကြောင်းများမှာ တင်ပြခဲ့သည့် ဘုန်းတော်ကြီး၏ အကြိမ်ကြိမ် ဘေးဆိုးဒဏ်ဆိုးများမှ လွတ်မြောက်

ခဲ့သောအကြောင်းများပင် ဖြစ်၏။

"ဒါဆိုရင် ကိုယ်တော် သရဏဂုံကို လူတိုင်းရတာပဲ။ ဘာခက်လို့တုံး"

ဟု ဦးထီးအောင်က တအံ့တသြဖြင့် ပြော၏။ ဘုန်းတော်ကြီးက-

"သရဏဂုံကို လူတိုင်းသာရကြတယ်။ သရဏဂုံရဲ့အကျိုးကို လူ တိုင်းမသိကြဘူးကွ။ ဒါပေမယ့် ငါကတော့ လက်တွေ့ပဲ။ သရဏဂုံကို ထုံအောင်၊ စွဲအောင် အမြဲတမ်း ရွတ်ဆိုပွားများထားရင် ဘေးအန္တရာယ်ကင်းရှင်းရုံသာမက နတ်တွေကတောင်မှ စောင့်ရှောက်သေးတယ်။ အဲဒါလည်း ငါ့ကိုယ်တွေ့ပဲ"

"ဟုတ်တယ်၊ သရဏဂုံတည်တဲ့လူဟာ သောတာပန်လိုပဲဆို မဟုတ်လား။ ပုထုဇဉ်စစ်စစ်ကြီးက သောတာပန်အဆင့်သို့ ရောက်နေတဲ့လူဆိုတော့ နတ်တွေကလည်း စောင့်ရှောက်တော့မှာပေါ့။ ဒါတော့ လက်ခံပါတယ်"

"အေး- ဒီတော့ မင်းလည်း တောတောင်ချောင်းမြောင်းနဲ့ မကင်းတဲ့ကောင်ဆိုတော့ သရဏဂုံကို မမေ့နဲ့။ အိပ်ရာဝင် အိပ်ရာထ ရွတ်ဆိုဘုရားရှိခိုးတဲ့အပြင် ဘယ်ခရီး ဘယ်နေရာကိုသွားသွား သရဏဂုံကို ရွတ်ဆိုပွားများပြီးမှသွားကွ။ အန္တရာယ်ကင်းပြီး ကုသိုလ်လည်း ရတာပေါ့"

ဦးထီးအောင်ကား ဘာသာရေးကို ရိုသေကိုင်းရှိုင်းသူဖြစ်သည့်အလျောက် စာတတ်ပေတတ်လည်းဖြစ်လေရာ ဘုန်းတော်ကြီး ဦးသုမန၏ကိုယ်တွေ့သရဏဂုံအကြောင်းများကို ယုံမှားဖွယ်ကင်း၏။ ထို့ကြောင့် ထိုနေ့မှစ၍ သရဏဂုံကို အိပ်ရာဝင်၊ အိပ်ရာထ ဘုရားရှိခိုးပြီး ပုတီးလည်း မှန်မှန်စိပ်၏။

# ပြည်တော်သာသင်္ဘောကြီး

တစ်နေ့သောအခါတွင် နောင်တော် ပင်လယ်ဝ၌ ပြည်တော်သာ သင်္ဘောကြီးနစ်မြုပ်သွား၍ လူအများအပြား ပစ္စည်းသွားငုပ်ကြ၏။ အစိုးရက အဓိကပစ္စည်းများကို ရနိုင်သမျှ ငုပ်ယူသွားပြီးနောက် သင်္ဘောကြီးကို ပစ်ထားခဲ့ပြီဖြစ်၍ မည်သူသွားငုပ်သည်ဖြစ်စေ အပြစ်လည်း မယူတော့ပေ။

သွားငုပ်ကြသည့်လူတိုင်းလည်း တန်ဖိုးကြီးသောပစ္စည်းများ မဟုတ်သည့်တိုင်အောင် ဒန်အိုး၊ ဒန်ခွက်ရသူကရကြ၏။ ခဲချောင်း၊ သတ္တုချောင်းများရသူက ရကြ၏။ အခြားအသုံးတည့်သည့်ပစ္စည်းများလည်း ရကြ၏။ ရေငုပ်နိုင်သည့်အပေါ်တွင်မူတည်ပြီး ရကြခြင်းဖြစ်၏။

ထိုအထဲတွင် ဦးထီးအောင်က သတ္တုချောင်းများကိုလိုချင်၏။ သတ္တုချောင်းများတွင် အလယ်က အခေါင်းပါ၏။ အလယ်က အခေါင်းပါသောကြောင့် သေနတ်ပြောင်းလုပ်၍ရ၏။ သတ္တုချောင်းရလာကြသူများလည်း သေနတ်ပြောင်းလုပ်သူက လုပ်ကြ၏။ အခြားအလိုရှိရာတွင်လည်း အသုံးပြုကြ၏။

ဦးထီးအောင်မှာလည်း ဆိုခဲ့သည့်အတိုင်း တောလယ်၊ တောကိုင်းများကိုသာ လုပ်ကိုင်စားသောက်နေရသဖြင့် တောဝက် စသော လယ်ဖျက်၊ ကိုင်းဖျက်ကောင်များနှင့် မကင်းရှိနေ၏။ ထို့ကြောင့် ယမ်းထောင်း၊ တူမီး စသည့် သေနတ်တစ်လက်လုပ်ထားနိုင်လျှင် သင့်မည် ဖြစ်၏။ သီးသန့် အမဲပစ်မည်မဟုတ်သော်လည်း စောင့်ရှောက်ကာကွယ်ရန်ကား သေနတ်တစ်လက်ဆောင်ထားသင့်၏။

ထို့ကြောင့် လက်ဖြစ်သေနတ်တစ်လက်လုပ်ထားရန်အတွက် ပြောင်းအဖြစ်အသုံးပြုရန် သတ္တုချောင်းလိုက်ဝယ်သော်လည်း မရဘဲရှိနေ၏။ ရွာသားများမှာ တောအလုပ်များဖြင့် မကင်းသူတွေချည်းဖြစ်

နေကြ၍ သေနတ်လုပ်ချင်သူကများနေ၏။ သေနတ်တစ်လုံးဖြစ်မြောက်ရေးတွင်လည်း ပြောင်းသည် အဓိကကျ၏။

သို့ဖြစ်၍ သတ္တုချောင်းရလာကြသူများမှာ သူတို့၏ သွေးတူသားစပ်အချင်းချင်း မျှဝေပေးရောင်းလိုက်ကြသဖြင့် ဦးထီးအောင်လိုက်ဝယ်သော်လည်း မရဘဲရှိနေ၏။ ဦးထီးအောင်လည်း လက်ဖြစ်သေနတ်တစ်လက် မဖြစ်မနေလိုချင်လာ၏။ ထို့ကြောင့် နောက်ဆုံးတွင် ပြည်တော်သာသင်္ဘောကြီးသို့ ကိုယ်တိုင်သွားငုပ်ရန်ပင် ဆုံးဖြတ်လိုက်ရ၏။

## ရေသရဲကြီးနှင့် သရဲထာဂုံအစွမ်း

ပြည်တော်သာသင်္ဘောကြီး နစ်မြုပ်နေသည့်နေရာနှင့် သူတို့ရွာကား နီးနီးနားနား မဟုတ်ပေ။ တစ်ယောက်စီးလှေကလေးဖြင့် အမြန်လှော်သွားလျှင်ပင် တစ်ရက်တိတိကြာ၏။ ထို့ကြောင့် ဦးထီးအောင်သည် မနက်စောစောကပင် ထမင်းထုပ်ဖြင့် လှေကလေးကို လှော်ခတ်ပြီး တစ်ယောက်တည်း ထွက်လာခဲ့၏။

တရွေ့ရွေ့ဖြင့် လှေကလေးကိုလှော်ခတ်ပြီး ထွက်လာခဲ့ရာ မြစ်ပြင်သည် ကျဉ်းမြောင်းရာမှ ကျယ်ပြန့်၍လာ၏။ ထို့နောက် ညနေလေးနာရီကျော်ခန့်အချိန်တွင် နောင်တော်ပင်လယ်ဝသို့ ရောက်၏။ ယခင်က ပြည်တော်သာသင်္ဘောကြီး နစ်မြုပ်နေသည့်နေရာသို့ ကိုယ်တိုင်မရောက်ဘူးသေးသော်လည်း ရောက်ဖူးကြသူများက ပြောပြကြ၍ မည်သည့်နေရာတွင်ရှိသည်ကို ကောင်းစွာပင်သိနေ၏။

ရေကြောင်းခရီးဖြင့်လည်း သွားဖူးနေကျဖြစ်၍ သည်ပတ်ဝန်းကျင်များဖြင့် မစိမ်းပေ။ ထို့ကြောင့် ပင်လယ်ဝသို့ရောက်သည်နှင့် မှန်းပြီးကြည့်လိုက်ရာ ပြည်တော်သာသင်္ဘောကြီးကို စာကလေးတစ်ကောင်မျှ မြင်နေရ၏။ သင်္ဘောကြီး ကျောက်ဆောင်ဖြင့်တိုက်

မိပြီး နစ်မြုပ်သွားရာ ဦးပိုင်း အနည်းငယ်မျှပေါ်နေခြင်း ဖြစ်၏။

ဦးထီးအောင်သည် လှေငယ်ဖြင့် ပင်လယ်ပြင်ကို နီးရာမှ ဖြတ်လှော်ပြီး မသွားရဲသောကြောင့် ကမ်းနှင့် မနီးမကွာလှော်ခတ်ပြီးသွားရင်းက နေလုံးပျောက်လုလုအချိန်မှာပင် သင်္ဘောကြီးရေနစ်နေသည့် အနီးအနားသို့ ရောက်သွား၏။ သင်္ဘောကြီးကို လှေကလေးဖြင့် တစ်ပတ်မျှ လှော်ခတ်ကြည့်ရှုပြီးနောက် အဆင်ပြေမည့်တစ်နေရာတွင် လှေကလေးကို ဆိုက်ကပ်လိုက်၏။

ထို့နောက် အိမ်မှထည့်ယူလာသော ညနေစာထမင်းထုပ်ကို ဖွင့်၍စား၏။ ထိုအချိန်တွင် နေလုံးလည်းပျောက်သွားလေပြီ။ နေလုံးပျောက်သွားသော်လည်း ဦးထီးအောင် ဆင်းငုပ်မည်သာ ဖြစ်၏။ နေလုံးပျောက်မှရောက်မည်ကို ကြိုတင်သိထား၍ ရေထဲတွင် အသုံးပြု၍ရသော ဓာတ်မီးကိုလည်း ဆောင်ယူလာခဲ့၏။

ဦးထီးအောင်သည် ထမင်းစားပြီးနောက် သင်္ဘောကြီး၏အခြေအနေကိုကြည့်၏။ သင်္ဘောကြီးသည် ဦးပိုင်းပေါ်နေသောကြောင့် ဦးပိုင်းနှင့် အနီးအနားတွင်ရှိသော သတ္တုချောင်း စသည့် အရာဝတ္ထုများကို သူ့ထက်ဦးသောလူများ ဖြတ်တောက်ယူငင်၍ကုန်လောက်ပြီဟု ခန့်မှန်း၍ နားလည်လိုက်၏။

ထို့ကြောင့် ပဲ့ပိုင်းဆီသို့သာလျှောက်၍ ငုပ်ရမည်ဖြစ်ကြောင်း ခန့်မှန်း၍ သိလိုက်၏။ ယခင်က တစ်ကြိမ်တစ်ခါမျှ မငုပ်ဘူး၍ အခြေအနေကိုမသိသေးသောကြောင့် ပထမတစ်ကြိမ် အစမ်းငုပ်ကြည့်ရပေမည်။ သင်္ဘောကြီးထဲကအခြေအနေများကို သိရှိနားလည်ပြီးမှ နောက်တစ်ကြိမ် ဆက်ငုပ်ပြီး သတ္တုချောင်း စသည့် အလိုရှိသည်များကို ဖြတ်တောက်ယူရမည် ဖြစ်၏။

ဦးထီးအောင်သည် အခြေအနေအရပ်ရပ်ကို စဉ်းစားဝေဖန်ပြီး ရေထဲသို့ငုပ်ဆင်းသွား၏။ ဒီရေအကျကုန်ချိန်ဖြစ်၍ ရေငြိမ်သောကြောင့် ငုပ်ရသည်မှာ သိပ်ပြီး အခက်မခဲမရှိပေ။ ရေလည်း သိပ်ပြီးမတိုး။

သင်္ဘောကြီးက ကျောက်နံရံကြီးနှစ်ဖက်၏အကြားတွင် ညပ်နေ၍ တုန်လှုပ်ရွေ့လျားမှုလည်း မရှိ။

ထို့ကြောင့် အတော်လေးပင် အဆင်ပြေ၏။ ဦးထီးအောင်သည် သင်္ဘောကြီး၏အတွင်းပိုင်း ဝမ်းခေါင်းအတိုင်းလျှောက်ပြီးငုပ်ဆင်းသွား၏။ တွေ့ရသည့်အရာများကိုလည်း ဓာတ်မီးဖြင့်ထိုး၍ကြည့်သွား၏။ အပေါ်ထပ်တွင် ပြောလောက်အောင် ဘာမှမတွေ့ရ၍ အတွင်းပိုင်းလှေကားအတိုင်း အောက်ထပ်သို့ငုပ်ဆင်းသွားပြန်၏။

အောက်ဆုံးထပ်သို့ရောက်သောအခါ ကုန်သေတ္တာကြီးအချို့ကို တွေ့ရ၏။ တချို့ ဟင်းလင်းပွင့်နေ၍ကြည့်လိုက်ရာ လယ်ယာသုံးပစ္စည်းဖြစ်သည့် ထယ်များကိုတွေ့ရ၏။ ရှေ့က ငုပ်ကြသည့်လူများဖွင့်ထားခဲ့ဟန်တူ၏။ အခြားပြောလောက်အောင် အဖိုးထိုက်ပစ္စည်းဟူ၍မူ တစ်ခုမျှမတွေ့ရပေ။

ထို့နောက် စက်ခန်းနံရံနှင့် လှေကားလက်ရမ်းများတွင် သူလိုချင်နေသည့် သတ္တုချောင်းများကိုတွေ့ရ၏။ ဆေးပုလင်းအချို့ကိုလည်း တွေ့ရ၏။ သင်္ဘောကြီးနစ်မြုပ်ခဲ့သည်မှာ တစ်လကျော်ခဲ့ပြီဖြစ်၍ ရှေ့ကလူများ မည်မျှအထိပင် အကြိမ်ကြိမ်ငုပ်၍ လိုချင်သောပစ္စည်းများကို ယူဆောင်သွားကြပြီမသိ။

ယခုအခါ အဖိုးထိုက်သောပစ္စည်းဆို၍ မရှိသလောက်ပင်ကုန်နေပြီဖြစ်၏။ ထို့ကြောင့် ဦးထီးအောင်လည်း အခြားပစ္စည်းများမရနိုင်သည့်နောက် တွေ့သည့်ပစ္စည်းကိုရယူပြီးသာ ပြန်တော့မည်ဖြစ်၏။ တွေ့သည့်ပစ္စည်းများသည်လည်း ဦးထီးအောင်အတွက် အသုံးတည့်သောပစ္စည်းများသာ ဖြစ်၏။

သို့သော် ယခုတွေ့ရသောပစ္စည်းများတွင် ထယ်သည် လယ်ယာသုံးပစ္စည်းဖြစ်၍ ဦးထီးအောင်အတွက် အဖိုးထိုက်၏။ သတ္တုချောင်းများ ဟူသည်မှာလည်း အစကပင် သေနတ်ပြောင်းလုပ်ရန် သူလိုချင်နေသောပစ္စည်း ဖြစ်၏။ သို့သော် ယခုအခေါက်တွင် သယ်

ယူနိုင်ခြင်းမရှိသေး၍ သည်အတိုင်းပင် ပြန်တက်လာခဲ့၏။ နောက်တစ်ခေါက်ပြန်ငုပ်မှ ပစ္စည်းသယ်ယူရန် တန်ဆာပလာများ ကြိုတင်ယူဆောင်လာရပေမည်။

ဦးထီးအောင် ခါတ်မီးကို ပါးစပ်မှာကိုက်ပြီး ရေပေါ်သို့ ဘွားခနဲပေါ်တက်လိုက်၏။ ထို့နောက် သယ်ယူမည့်ပစ္စည်းကိရိယာများကိုယူရန် ကမ်းဘက်သို့ ကူးခတ်လာခဲ့သည်။ ဤတွင် ခြေထောက်မီသောနေရာသို့ရောက်သည်နှင့် ကမ်းဝတွင် မတ်တတ်ရပ်နေသော သာမန်လူတို့ထက် ခြောက်ဆခန့်ကြီးသည့် မိစ္ဆာကောင်ကြီးတစ်ကောင်နှင့် ရင်ဆိုင်တွေ့ရလေသည်။

ညအမှောင်ထဲတွင်ဖြစ်၍ အဝေးကပင်မမြင်မိသော်လည်း ရှစ်လံ၊ ဆယ်လံခန့်အနီးသို့ ရောက်သောခါ ကောင်းစွာပင်မြင်ရလေ၏။ ညအမှောင်ထဲတွင်ဖြစ်၍ မဲမဲသဲသဲမျှသာ မြင်ရသော်လည်း သည်အကောင်ကြီးမှာ သရဲမိစ္ဆာမှတစ်ပါးအခြားမရှိဟု သိလိုက်၏။ အသိစိတ်နှင့်အတူ ကြက်သီးမွေးညင်းများထောင်ထပြီး အလွန်အမင်းလည်း ကြောက်လန့်သွား၏။

အဖော်မပါတစ်ကိုယ်လည်း ညအမှောင်ထဲတွင်လည်းဖြစ်၊ ခုခံတိုက်ခိုက်ရန် လက်နက် စသည်လည်း တစ်စုံတစ်ခုမျှမပါလာသောကြောင့် များစွာ အခက်တွေ့သွားရ၏။ သရဲမိစ္ဆာကြီးအားကြည့်ရသည်မှာလည်း ဦးထီးအောင် ရေထဲမှပေါ်အလာကို အသင့်စောင့်ဆိုင်းနေဟန်ရှိသည်။

သရဲမိစ္ဆာကြီးက ကမ်းဘက်ကသာဆီးပြီး အသင့်ရပ်စောင့်နေသောကြောင့် ပြေးစရာလည်းလမ်း မရှိပေ။ ရေထဲသို့ပြန်ငုပ်လျှင်လည်း ကြာကြာငုပ်နိုင်ဖွယ်မရှိ။ သံကုန်ဟစ်၍ အော်ကြည့်သော်လည်း သရဲမိစ္ဆာကြီးသည် အနည်းငယ်မျှပင် တုန်လှုပ်မှုမရှိပေ။ တုန်လှုပ်မှုမရှိသည့်အပြင် ဦးထီးအောင်ဘက်သို့ပင် တရွေ့ရွေ့ဖြင့် တိုးလာနေ၏။

သရဲမိစ္ဆာကြီးသည် တစ်ယောက်တည်းဖြစ်နေသော ဦးထီးအောင်အား အပိုင်တွက်ထားဟန်ရှိ၏။ အပြတ်ခြွေ၊ အပီစားရန်လည်း စိတ်ကူးပြီးသားဖြစ်မည်ထင်၏။ ထို့ကြောင့် ဦးထီးအောင်အဖို့ သည်နေရာ၌ သရဲမိစ္ဆာကြီး၏အစားခံရရုံတစ်ပါး အခြားပင်မရှိရှော့သလားဟု အားလျော့စွာဖြင့်တွေးလိုက်မိ၏။

ထိုအခိုက်မှာပင် ဘုန်းတော်ကြီးဦးသုမနပြောပြခဲ့သော သရဏဂုံအစွမ်းထက်သည့်အကြောင်းကို သတိရလာ၏။ သရဏဂုံသည် သရဲမိစ္ဆာများကို မဆိုထားဘိ၊ အတိုက်အမှောင့်, မှော်, အောက်လမ်းစသည်များကိုပင် နိုင်နင်းကြောင်း မှတ်သားဖူး၏။ ထို့ကြောင့် ယခုအခါ လက်တွေ့စမ်းသပ်ရတော့မည် ဖြစ်၏။

ဦးထီးအောင် သရဏဂုံကို စတင်၍ ရွတ်လိုက်သည်နှင့် သရဲမိစ္ဆာကြီးသည် တရွေ့ရွေ့တိုးလာနေရာမှ ရပ်တန့်သွား၏။ ထို့ကြောင့် ဦးထီးအောင် အားတက်လာပြီး သရဏဂုံကို ပို၍ရွတ်၏။ ထိုအခါ သရဲမိစ္ဆာကြီးသည် နောက်သို့ဆုတ်စပြုလာ၏။ သရဲမိစ္ဆာကြီးနောက်သို့ဆုတ်လျှင် ဦးထီးအောင်က ရှေ့သို့တိုး၏။

ထို့နောက် ဦးထီးအောင်က သရဲမိစ္ဆာကြီးအား လက်ညှိုးထိုးပြီး သရဏဂုံကို အသံကျယ်ကျယ်ဖြင့်ရွတ်၏။ ထိုအခါ သရဲမိစ္ဆာကြီးသည် နောက်ဆုတ်ပြီး ကမ်းသို့တိုင်တက်သွားလေ၏။ ဦးထီးအောင်က သရဏဂုံကို အသံချဲ့စက်ကဲ့သို့ ကျယ်လောင်စွာဖြင့်အော်ရွတ်ပြီးလိုက်လေရာ သရဲမိစ္ဆာကြီးသည် မလှမ်းမကမ်းတွင်ရှိသည့် နောင်တော်ကြီးတောင်အမည်ရှိ တောင်ကြီးသို့ ခြေလှမ်းအကျယ်ကြီးဖြင့် တက်ပြေးသွားလေ၏။

သို့မှ ဦးထီးအောင်လည်း သက်မ,ချနိုင်လေ၏။ သရဏဂုံအစွမ်းထက်ကြောင်းကိုလည်း လက်တွေ့စမ်းသပ်ပြီးသား ဖြစ်သွား၏။ သို့သော် သဘော်ကြီးထဲသို့ နောက်တစ်ကြိမ်ဆက်ငုပ်ရန် သတ္တိမရှိတော့ပေ။ နောက်တစ်ကြိမ်ဆက်ငုပ်မိ၍ ရေထဲမှပြန်အပေါ်တွင် သရဲ

မိစ္ဆာကြီးပြန်ရောက်လာပြီး လည်ပင်းညှစ်မည်ကို စိတ်ကူးဖြင့် ကြောက်လန့်နေမိ၏။

လမိုက်ညဖြစ်၍ အမှောင်ကလည်း သိပ်သည်းနေ၏။ ထို့ကြောင့် ရှေ့မလှုံ နောက်မလှုံဖြစ်ကာ သရဏဂုံကို ကျယ်ကျယ်အော်ရွတ်ရင်းက လှေကလေးကိုလှော်ခတ်ပြီး ထိုနေရာမှ ခပ်သုတ်သုတ်ပင် ထွက်လာခဲ့လေသည်။

## ၁၄။ အဟိတ်တိရစ္ဆာန်နှင့် သရဏဂုံ

သရဏဂုံသည် မဟာဝိပါက်စိတ်နှင့် ပဋိသန္ဓေနေသော အသိဉာဏ်ရှိသည့် လူနတ်များကိုသာ ဆောက်တည်၊ ရွတ်ဆိုပွားများနေတတ်၍ ကြည်ညိုသဒ္ဓါတတ်၍ အကျိုးပေးသည် မဟုတ်ပေ။ အသိဉာဏ်နည်းသော အဟိတ်တိရစ္ဆာန်များပါ သရဏဂုံကိုကြားရရုံမျှဖြင့် အကျိုးပေးသည့်အကြောင်းတစ်ခုသည်လည်း ရှိ၏။ ၎င်းမှာ သီဟိုဠ်နိုင်ငံတွင် ဖြစ်၏။

သီဟိုဠ်ကျွန်းနိုင်ငံ၌ သာသနာတော်ထွန်းတောက်စအချိန်က ဆဋ္ဌာဘိညရှာန်အဘိညာဉ်ရ ရဟန္တာအရှင်ကောင်းအရှင်မြတ်များ မြောက်မြားစွာပင် ပွင့်ထွန်းပေါ်ပေါက်ခဲ့ဖူး၏။ ကျမ်းထူးကျမ်းမြတ်မြောက်မြားစွာလည်း ရေးသားပြုစုခဲ့ကြ၏။ ထို့ကြောင့် ယနေ့တိုင်အောင်ပင် ကြည်ညိုဖွယ်ရာမှတ်သားကြရ၏။

ထိုအထဲတွင် သရဏဂုံနှင့်ပတ်သက်သော အကြောင်းအရာပေါင်းလည်း မြောက်မြားစွာပင် ပါဝင်လေ၏။ ထို့ကြောင့် ယခု အဟိတ်တိရစ္ဆာန် နွားကြီးတစ်ကောင်နှင့်ပတ်သက်သော သရဏဂုံအကြောင်းတစ်ခုကို ဦးစွာတင်ပြပေမည်။

လှည်းသမားတစ်ယောက်သည် သူ၏လှည်း ရုန်းပေးနေသော နွားကြီးတစ်ကောင် ဗွက်နစ်သွားသည်ကို ဆွဲဖော်၍မရနိုင်သောကြောင့်

စိတ်မရှည်ဖြစ်လာကာ သည်အတိုင်း ဗွက်ထဲတွင် နစ်လျက်သာထားပစ် ခဲ့၏။ ထို့ကြောင့် နွားကြီးသည်လည်း သည်အတိုင်းပင်နေခဲ့ရရှာ၏။

## နွားသာရေးသမား

နွားသားရေသမား ဟူသည်မှာ သားရေလုပ်ငန်းဖြင့် အသက် မွေးဝမ်းကျောင်းနေသူ ဖြစ်၏။ နွားသားရေ၊ ကျွဲသားရေ၊ သမင်သား ရေ စသော သားရေများကို ရှာဖွေစုဆောင်းပြီး တစ်ဆင့်ပြန်ရောင်း စားခြင်း ဖြစ်၏။

သားရေများကို သူ့နေရာနှင့်သူ အသုံးပြုတတ်လျှင် တန်ဖိုးရှိ ၏။ နွားသားရေ စသော သားရေများဖြင့် ဗုံ၊ ဆိုင်း၊ စည်၊ စောင်း စသည့် ပြုလုပ်သောနေရာများတွင် အသုံးပြုကြ၏။ ဖိနပ်ပြုလုပ်ရာ တွင်လည်း အသုံးပြု၏။ မီးဖုတ်၊ ထုခြေပြုတ်သုပ်၊ ကြော်စားလျှင် လည်း ရ၏။ အသုံးပြုသည့်နေရာကား များစွာပင် ရှိ၏။

နွားသားရေသမားတစ်ယောက်သည် နွားကြီး ဗွက်နစ်နေ သည်ကိုတွေ့ရသောအခါ အခြေအနေအရပ်ရပ်ကို အကဲခတ်ကြည့် ၏။ ပိုင်ရှင်ပြန်မယူနိုင်၍ ထားခဲ့သည်ကို သိရှိသွား၏။ ထို့ကြောင့် နွားကြီးအား သားရေခွာယူရန် ဆုံးဖြတ်လိုက်၏။ ထို့နောက် အရှင် လတ်လတ် သားရေကို ခွာယူလေ၏။

ထို့ကြောင့် နွားကြီးမှာ တဘဲဘဲဖြင့် အော်ဟစ်ရလေ၏။ သား ရေသမားသည်ကား သနားညှာတာခြင်းအလျှင်းမရှိ။ သူ သားရေရရှိ ရေးကိုသာ အာရုံစိုက်ပြီး ရအောင်ခွာယူသွားလေ၏။ နွားကြီးသည် တဘဲဘဲအော်လျက်က ကျန်နေခဲ့၏။ အသက်လည်း သေဆုံးခြင်း မရှိပေ။ သည်အတိုင်း အရေမဲ့ကိုယ်လုံးတီးကြီးဖြင့် ကျန်နေရရှာ၏။

## အကြောသမား

မကြာမြင့်မီပင် အကြောသမားတစ်ယောက် ရောက်ရှိ၍လာပြန်၏။ ၎င်းမှာ စောင်းသမားဖြစ်၏။ ယခုခေတ်စောင်းသမားများမှာ ပိုးကြိုးကို အသုံးပြုကြသော်လည်း ထိုခေတ်က စောင်းသမားများမှာ နွားတို့၏ကိုယ်မှ အကြောများကိုလည်း စောင်းကြိုးအဖြစ် အသုံးပြုကြဟန်ရှိ၏။

စောင်းသမားသည် တစ်ကိုယ်လုံး အရေမဲ့နေသောနွားကြီးအား ဗွက်ထဲတွင်တွေ့ရသောအခါ ပိုင်ရှင်မဲ့ပစ်ထားသော နွားတစ်ကောင်ဟုသိလိုက်၍ နွားကြီး၏ကိုယ်မှ အကြောများကိုထုတ်၍ယူပြန်၏။ အရှင်လတ်လတ် ကိုယ်ထဲ၊ အသားထဲမှ အကြောများကို ထိုးဆွထုတ်ယူခံရသောကြောင့် နွားကြီးသည် မည်မျှအထိ နာလေ၊ ကျင်လေမည်ကို ခန့်မှန်း၍သိနိုင်၏။

စောင်းသမားကား နွားကြီးကို သနားကြင်နာခြင်းအလျှင်းမရှိ။ သူ့တဲ့အတိုင်း နွားကြီး၏အကြောများကိုသာ ရနိုင်သမျှ ထုတ်၍ယူသွားလေ၏။ နွားကြီး၏ဝဋ်သည်လည်း မသေးပေ။ ကိုယ်ထဲက အရေနှင့် အကြောများကိုထုတ်ယူခံရသည့်တိုင်အောင် သေဆုံးခြင်းမရှိဘဲလျက် တဘဲဘဲအော်၍သာနေရရှာ၏။

## အသားသမား

တတိယမြောက် ယခုရောက်လာသူမှာ အသားသမားဖြစ်၏။ အမဲသားများကို ရောင်းချစားသောက်ပြီး အသက်မွေးနေသူလည်းဖြစ်၏။ မြို့ကြီးရွာကြီးတို့၌ သားသတ်ရုံများ ရှိ၏။ ထိုသားသတ်ရုံများတွင် သားသတ်လိုင်စင်ရထားသူသည် အမဲများကို ကိုယ်တိုင်ဝယ်စုပြီးလည်း သတ်ရောင်း၏။ အခြားမှရောက်လာကြသူများ၏ အသားကိုလည်း ယူရောင်း၏။ ကိုယ်တိုင်ရောင်းလိုသော အသားရှင်

များထံကမူ အကောက်တောင်းယူ၏။

ဤကဲ့သို့ပင် အသားပေါ်၊ အသားရောင်းသူများကို အသားသမားဟု အသိအမှတ်ပြုကြ၏။ အသားသမား ဟူသည်မှာလည်း အသားလုပ်ငန်းဖြင့်သာ အသက်မွေးကြသောကြောင့် နေ့စဉ်နှင့်အမျှ အသားရရှိရေးကို အားထုတ်ကြရ၏။ အမဲကိုရလျှင် သတ်ရောင်းမည်ဖြစ်ပြီး ပေါ်ပြီးသောအသားများကိုရလျှင်လည်း သွားရောင်းမည်ဖြစ်၏။

ယခုရောက်လာသော အသားသမားသည်လည်း နွားကြီး၏ အခြေအနေကိုကြည့်၏။ နွားကြီးလည်း မသေသေးပေ။ ရွံ့ဗွက်တွင် နစ်ပြီး တအင်းအင်းဖြင့် ညည်းနေရှာ၏။ နွားကြီးသည် ဤအဖြစ်သို့ ဆိုက်ရောက်နေသဖြင့် ပိုင်ရှင်မဲ့သော နွားကြီးတစ်ကောင်ဖြစ်ကြောင်းကို သိလိုက်၏။ အရေလည်းခွာပြီးသားဖြစ်နေ၍ အသားသမားအဖို့ အတော်လေးပင် ဟန်ကျ၏။

သနားသည့်စိတ်ကား အလျှင်းမရှိ။ အသားသမားဖြစ်သည့်အလျောက် အသားရရှိရေးကိုသာ အာရုံစိုက်၏။ အသားရောင်းလျှင် ငွေကြေးမည်မျှအထိရနိုင်မည်ကိုလည်း တွက်ချေကိုက်ကြည့်နေ၏။ ထို့နောက် နွားကြီး၏ကိုယ်မှ အသားစိုင်များကို ဓားထက်ထက်ဖြင့် လှီးဖြတ်၍ယူလေ၏။ နွားကြီးမှာ တဘဲဘဲအော်လျက် ခံနေရရှာ၏။

အသားသမားသည် နွားကြီး၏ကိုယ်မှ သူရလိုသောအသားစိုင်များကို ဓားထက်ထက်ဖြင့် လှီးဖြတ်၍ယူသွားသည့်တိုင်အောင် နွားကြီးသည် အသက်သေဆုံးခြင်း မရှိသေးပေ။ နွားကြီး၏ ဆိုးရွားသောကံသည်လည်း ကြောက်ဖွယ်၊ လန့်ဖွယ်ပင် ကောင်းနေလေ၏။ အသားစိုင်များကုန်သည်အထိ လှီးဖြတ်ခံရသော်လည်း တညည်းညည်းဖြင့် အသက်ရှင်လျက်ပင် ရှိသေး၏။

## ဆွမ်းခံရဟန်းတော်

ယခု နောက်ဆုံးရောက်လာသောပုဂ္ဂိုလ်မှာ တောရဆောက်တည်နေသည့် ဆွမ်းခံရဟန်းတော် ဖြစ်၏။ ရဟန်းတော်သည် ဆွမ်းခံကြွတော်မူလာရင်း လမ်းဘေးပွက်ထဲ၌ နွားကြီး၏အဖြစ်ကိုမြင်ရသောအခါ အတော်လေးပင် စိတ်ထိခိုက်သွားရ၏။ ဖြစ်ရလေခြင်းဟု တွေးရင်းက သက်မကိုလည်း အကြိမ်ကြိမ်ချလိုက်မိ၏။

ဘဝသံသရာ၌ သတ္တဝါအမျိုးမျိုးတို့သည် သေခြင်းအမျိုးမျိုးဖြင့် သေဆုံးကြရာတွင် ဤနွားကြီး၏အဖြစ်ကား အဆိုးဆုံးပင်ဖြစ်မည်ဟုလည်း တွေး၏။ ငါ ရဟန်းသည်ကား ဤနွားကြီးကဲ့သို့ သံသရာခရီးတစ်လျှောက်တွင် အကြိမ်ပေါင်းမည်မျှကြုံ၍ မည်မျှအထိပင် ဤအဖြစ်ဆိုးမျိုးဖြင့် သေဆုံးခဲ့ရပြီနည်း စသည်ဖြင့်လည်း သံဝေဂဖြင့်တွေး၏။

အဖြစ်ဆိုးသောနွားကြီးမှာ နွားနှင့်ပင်မတူတော့ဘဲ အရိုးစုကြီးဖြစ်နေ၏။ အရေလည်းမရှိ၊ အသားလည်းမရှိတော့ဘဲ အရိုးစုသက်သက်ဖြစ်နေသဖြင့် ကြည့်ရဲစရာပင် မရှိပေ။ သည်အဖြစ်သို့ရောက်နေသည့်တိုင်အောင် အသက်မသေသေးဘဲ တအင်းအင်းဖြင့် ညည်းနေရှာ၏။

သို့သော်လည်း အသက်ဆက်လက်ရှင်သန်နိုင်ဖွယ်ကား မရှိတော့ပေ။ အခိုက်အတန့်မျှသာ မချိမဆံ့ဒုက္ခကိုခံစားရင်းက သေသွားဖွယ် ရှိ၏။ အဖြစ်ကလည်း ဆိုးလေခြင်း။ အရေကိုခွာစဉ်ကပင် သေသွားနိုင်သော်လည်း မသေဘဲ နာကျင်မှုဝေဒနာကို မချိမဆံ့ ခံစားနေရ၏။ ထို့နောက် အကြောကို အထုတ်ခံရရာ၌ လည်းကောင်း၊ အသားစိုင်များကို ဖြတ်တောက်ခံရရာ၌ လည်းကောင်း သေသွားနိုင်၏။

သို့သော်လည်း သေဆုံးခြင်းမရှိဘဲ ဆင်းရဲခြင်းကိုသာ အမျိုးမျိုး

အဖုံဖုံ ခံစားလျက်က တဘဲဘဲအော်ပြီး တအင်းအင်းဖြင့်လည်း ညည်း နေရှာ၏။ ထို့ကြောင့် နွားကြီး၏အဖြစ်ကိုကြည့်ကာ ဆွမ်းခံရဟန်း တော်မှာ အလွန်အမင်း သနားနေမိ၏။ မိမိအနေဖြင့်လည်း နွားကြီး အား ပြန်လည်အသက်ရှင်ကျန်းမာလာစေရန် တတ်နိုင်စွမ်းမရှိပေ။

## နွားကြီးအား သရဏဂုံတည်ပေးခြင်း

ထို့နောက် စဉ်းစားရင်းက နွားကြီးအား သရဏဂုံတည်ပေး ရန် သတိရလာ၏။ နွားကြီးသည် သရဏဂုံကို လိုက်၍မဆိုတတ် သော်လည်း နား၌ကြားလျှင်ပင် ကြားခြင်းတည်း ဟူသော ကုသိုလ် ကို ရရှိသွားနိုင်၏။ ဤကုသိုလ်သည်လည်း နည်းသည်မဟုတ်ပေ၊ များသည်သာ ဖြစ်၏။ ထို့ကြောင့် ဆွမ်းခံရဟန်းတော်သည် နွား ကြီး၏ရှေ့ကထိုင်၍ -

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ

ဟု ရွတ်ဆိုဆောက်တည်ပေးလိုက်၏။ ရဟန်းတော်၏ သရဏဂုံအဆုံးတွင် နွားကြီးသည်လည်း မျက်လုံးများမှေးကျသွား လေ၏။ ထိုခဏ နာကြားရသောသရဏဂုံ ကုသိုလ်ထူးကြောင့်ပင် နွားကြီးသည်လည်း စတုမဟာရာဇ်နတ်ပြည်၌ သွားဖြစ်လေ၏။

နွားကြီးသည် ဤအတိုင်းသာ သေဆုံးသွားမည်ဆိုပါက နာ ကြဉ်ခြင်းတည်း ဟူသော ဝေဒနာကို ပြင်းထန်စွာဖြင့် ခံစားနေရ ချိန်ဖြစ်၍ ဒေါသဝင်ကောင်းဝင်နေမည်သာ ဖြစ်၏။ ဒေါသဝင်နေ ချိန်၌သာ သေဆုံးမည်ဆိုပါက အပါယ်ငရဲသို့ တန်းကျသွားနိုင်၏။ ယခုမူ ရဟန်းတော်၏သရဏဂုံကိုသာနာကြားရင်းက ဘဝကူးပြောင်း သေဆုံးသွားရခြင်းကြောင့် သရဏဂုံအကျိုးကြောင့် စတုမဟာရာဇ်

နှတ်သားကြီး ဖြစ်သွားရ၏။

## ၁၅။ တံငါသည်နှင့် သရဏဂုံ

သည်အကြောင်းသည်လည်း သီဟိုဠ်ကျွန်းနိုင်ငံတော်မှာပင် ဖြစ်ခဲ့၏။ သူ့နာမည်က ဒမိဠ၊ အလုပ်က တံငါသည်။ တစ်သက် ပတ်လုံး တံငါအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေသူ ဖြစ်၏။ တံငါသည် ဆိုကတည်းက အချိန်ရှိသမျှ ငါး၊ ပုစွန်တို့အား သတ် ဖြတ်နေသည့်လူတစ်ယောက်ဖြစ်ကြောင်း အထူးပြောရန်ပင် မလို တော့ပေ။

တံငါလုပ်ငန်းဟူသည်မှာ ငါး၊ ပုစွန်တို့ကို သတ်ဖြတ်ရ၏။ သူတစ်ပါး၏အသက်ကို သတ်ဖြတ်ခြင်း ဟူသည်မှာ ပါဏာတိပါတ ကံ ဖြစ်သောကြောင့် သေဆုံးလျှင် အပါယ်ငရဲကို တန်းကျတတ်၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟု အပါယ်လေးပါးရှိရာတွင် ငရဲသည် ကြောက်ဖွယ်အကောင်းဆုံး ဖြစ်၏။ ချမ်းသာသုခ အလျှင်း မရှိ၊ ဆင်းရဲခြင်းအတိသာ ဖြစ်၏။

ဒမိဠသည် အရွယ်ရောက်စကပင် တံငါအလုပ်ကိုလုပ်ကိုင် လာခဲ့၏။ ပင်လယ်ပြာ၌ ငါး, ပုစွန်များကို ဖမ်းရ၊ သတ်ရသည် ကိုလည်း ဝါသနာပါ၏။ ပျော်လည်းပျော်၏။ ထို့ကြောင့် တစ်သက် ပတ်လုံး တံငါအလုပ်ဖြင့်ပင် အသက်မွေးလာခဲ့၏။ အရွယ်ရောက် စမှ အသက်ခြောက်ဆယ်တိုင်သည်အထိ တံငါလုပ်လာခဲ့၏။ ထို့ ကြောင့်လည်း ဒမိဠတံငါသည်ဟု အမည်တွင်ပြီး လူသိများခြင်း ဖြစ်၏။

### ဒမိဠ၏နေဝင်ချိန်

ဒမိဠသည် အသက်ခြောက်ဆယ်ကျော်လာသောအခါ တံငါ

လုပ်ငန်းကို လုပ်ကိုင်နိုင်ခြင်း မရှိတော့ပေ။ ချောင်းထဲ၊ မြောင်းထဲ၊ မြစ်ပင်လယ်ထဲတွင် လှေငယ်တစ်စီးဖြင့် ကျင်လည်နိုင်ခြင်းမရှိတော့သလို ငါး၊ ပုစွန်များကိုလည်း ဖမ်းနိုင်သတ်နိုင်ခြင်း မရှိတော့ပေ။ ထို့ကြောင့် တံငါလုပ်ငန်းမှ အလိုလိုရပ်နားသွားရ၏။

အသက်ခြောက်ဆယ်ကျော် ဟူသော အရွယ်သည်လည်း ကျန်းမာရေး သိပ်ပြီးမကောင်းနိုင်တော့ပေ။ ဇရာ၏တိုက်စားခြင်းကြောင့် အလိုလိုယိုင်နဲ့လာ၏။ ထို့အပြင် လှုပ်လှုပ်ရှားရှား လုပ်လက်စ တံငါအလုပ်ကိုလည်း ရပ်နားလိုက်ခြင်းကြောင့် ဇရာနှင့်အတူ ရောဂါသည်လည်း ဝင်လာလေ၏။

လူကြီးနာ၊ လူအိုနာဟုဆိုလျှင်လည်း မမှားပေ။ အသက်သည် တရစ်ရစ်ဖြင့်ကြီးရင့်လာသလို ရောဂါသည်လည်း တရစ်ရစ်ဖြင့် တိုး၍ ပိ၍လာ၏။ နောက်ဆုံးတွင် အိပ်ရာထဲတွင်လဲသည်အထိ ဖြစ်ခဲ့ရ၏။ လူလဲသော်လည်း ရောဂါကား လဲခြင်း၊ ပြိုခြင်းမရှိဘဲ ပိမြဲ ဖိမြဲသာ ဖြစ်၏။ ထို့ကြောင့် ဘဝ၏နောက်ဆုံးနေဝင်ချိန်သို့ပင် ရောက်လာရလေ၏။

ထိုအခါ တစ်သတ်ပတ်လုံး ဒါနကိုလည်း ကိုယ်တိုင်မလုပ်၊ သီလကိုလည်း မဆောက်တည်ဘူး။ မြင့်မြတ်သည့် ဘာဝနာကိုမူ ဝေး၍။ သူ့ဘဝတစ်သက်တာတွင် တံငါအလုပ်မှတစ်ပါး အခြားပြုစရာကား မရှိပေ။ ထို့ကြောင့် သူ၏မျက်စိအာရုံထဲတွင် ငါးသတ်ခြင်း၊ ပုစွန်ခေါင်းချိုးခြင်း စသော ပါဏာတိပါတာ အ,ကုသိုလ်အလုပ်များကိုသာ အဆက်မပြတ် မြင်ယောင်နေလေ၏။

ထိုပါဏာတိပါတ အ,ကုသိုလ်အာရုံကြောင့်ပင် ဘဝပြောင်းခါနီး၊ သေခါနီး၌ ငရဲနိမိတ်များ ထင်လာခဲ့၏။ ငရဲနိမိတ်ဟူသည်မှာ မိမိရောက်ရမည့်ငရဲပြည်ကအကြောင်းအရာ၊ အဖြစ်သနစ်များပင်ဖြစ်၏။ ထို့ကြောင့် ဒမိဋ္ဌကြီးသည်လည်း အလွန်အမင်း ကြောက်လန့်ပြီး အော်ဟစ်လေ၏။

"ခွေးနက်ကြီး၊ ခွေးနက်ကြီး ကျွန်တော့်ကိုလိုက်နေပြီ။ ကူကြပါ၊ ကယ်ကြပါ"

"မီးတောက်မီးလျှံကြီး ကျွန်တော့်ကို လောင်နေပါပြီ။ ကယ်ကြပါ၊ ကူကြပါ"

စသည်ဖြင့် ဖြစ်၏။ မသေမီကပင် အ,ကုသိုလ်နိမိတ်များ ထင်လာနေခြင်း ဖြစ်၏။ ထို့ကြောင့် ကြောက်လန့်ပြီး အော်ဟစ်နေခြင်း ဖြစ်၏။ အလွန်အမင်း ကြောက်လန့်စွာဖြင့် အော်ဟစ်နေသောကြောင့် သူ၏အသံသည်လည်း ကျယ်လောင်၏။ ထို့ကြောင့် သားသမီးနှင့် ဇနီးမယား သွေးသားတော်စပ်သူများမှာ ဒမိဋ္ဌကြီးအား အလွန်အမင်း သနားနေကြ၏။ ရှက်၍လည်း မျက်နှာမဖော်ဝံ့လောက်အောင်ပင် ဖြစ်နေကြရ၏။

ဒမိဋ္ဌကြီးသည်လည်း အထက်ပါအတိုင်း ကြောက်လန့်တကြားဖြင့် အော်ဟစ်၍သာနေ၏။ ထို့ကြောင့် ကြားရသူများကလည်း ဒမိဋ္ဌကြီးသည် သေဆုံးပြီးသည်နှင့် ငရဲသို့တန်းကျလိမ့်မည်ဟု အလိုလိုသိနေကြ၏။ ငရဲနိမိတ်ထင်သူတို့သေလျှင် ငရဲသို့သာတန်းရမြဲ ဖြစ်၏။ ဤသည်ကိုလည်း လူတိုင်းပင်သိနိုင်ကြ၏။

## ပိဏ္ဍပါတတိဿမထေရ်

ဤမထေရ်ကား အရှင်တိဿဖြစ်၏။ အရှင်တိဿသည် ဒမိဋ္ဌတို့ရွာကို ဂေါစရဂါမ်ပြု၏။ ဆွမ်းခံ၏။ ထို့ကြောင့် ပိဏ္ဍပါတတိဿမထေရ် ဆွမ်းခံကိုယ်တော်ဟု အသိအမှတ်ပြုပြီး ကြည်ညိုကြ၏။ ထို့ကြောင့် ပိဏ္ဍပါတတိဿမထေရ်သည် ဆွမ်းခံရန်ကြွလာရင်း ဒမိဋ္ဌကြီး၏ အော်ဟစ်နေသံများကိုကြားရ၍ စိတ်မချမ်းသာဖြစ်ရ၏။

ဒမိဋ္ဌကြီး အော်ဟစ်နေခြင်းမှာ ငရဲနိမိတ်ထင်သောကြောင့် ကြောက်လန့်၍ အော်ဟစ်နေကြောင်းကိုလည်း ကြားရုံဖြင့် သိ၏။

ပါဏာတိပါတ (တံငါသည်) စသူတို့သည် သူတစ်ပါးတို့၏အသက်ကို သတ်ဖြတ်ခြင်းကြောင့် သေပြီးနောက် ငရဲကိုသာသွားကြ၊ ရောက်ကြရသည်ဟုလည်း သိ၏။

မိမိအနေဖြင့် သည်ရွာကို ဂေါစရဂါမ်ပြုနေခြင်းကြောင့် ရွာသားထဲက တစ်ဦးတစ်ယောက် (ဒမိဋ္ဌတံငါသည် စသည်) အပါယ်ကျမည့်အရေးကို စွမ်းနိုင်က ကယ်တင်သင့်သည်ဟုလည်း ဆင်ခြင်မိ၏။ ထို့ကြောင့် မထေရ်သည် ဒမိဋ္ဌ၏အိမ်ပေါ်သို့ကြွသွားပြီး ခေါင်းရင်းကထိုင်၏။

မထေရ်ကြွလာသည်ကိုမြင်လျှင် လူနာမေးရန် ရောက်ရှိနေကြသောလူများ အိမ်သူအိမ်သားများလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး နေရာထိုင်ခင်းပြုပြင်ပေးပြီး သင့်တော်ရာ၌ နေရာယူထိုင်ကာ လက်အုပ်ချီ၍နေကြ၏။ မထေရ်က ဒမိဋ္ဌအား ပြောလိုက်၏။

"ဒကာကြီး ဒမိဋ္ဌ၊ မအော်နဲ့။ ဦးပဉ္စင်းပြောတာကို တဆိတ်မျှနားထောင်ပါ"

"ဦးတိဿလား ဘုရား"

"ဟုတ်ပါတယ်"

"တပည့်တော်က ဘယ်အော်ချင်ပါ့မလဲ ဘုရား၊ အခု တပည့်တော်နောက်မှာ ခွေးနက်ကြီးတွေ ဝိုင်းအုံလိုက်နေကြတယ် ဘုရား။ ဒါကြောင့် တပည့်တော်မှာ မီးတောက်မီးလျှံတွေထဲလျှောက်ပြေးနေရပါတယ် ဘုရား"

"အဲဒါ ဒကာကြီး တစ်သက်ပတ်လုံး တံငါလုပ်လာခဲ့တဲ့ အကုသိုလ်တွေကြောင့် ငရဲနိမိတ်ထင်လာတာ ဖြစ်တယ်။ ဒီအတိုင်းသာ ဒကာကြီးအနိစ္စရောက်သွားခဲ့ရင် ငရဲကို တန်းကျတော့မှာပဲ။ ဒါကြောင့် ဦးပဉ္စင်းငါးပါးသီလကို တိုင်ပေးမယ်။ လိုက်ဆိုပါ။ ငါးပါးသီလကိုဆောက်တည်ပြီး ကွယ်လွန်သွားရင် အပါယ်သို့မကျရောက်

နိုင်ဘူး”

“မှန်လှပါ၊ ကျေးဇူးကြီးမားလှပါပေတယ် ဘုရား။ အရှင်ဘုရားအမိန့်ရှိတဲ့အတိုင်း တပည့်တော်လိုက်ဆိုပါ့မယ် ဘုရား”

မထေရ်မြတ်သည် အဟံဘန္တေမှစ၍ ငါးပါးသီလ ပေးရိုးပေးစဉ်အတိုင်း ချပေး၏။ ဒမိဠတံငါသည်ကြီးလည်း လက်အုပ်ချီ၍ လိုက်ဆို၏။ ဟံဘန္တေမှ နမောတဿ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသော သရဏဂုံအထိသာ ဒမိဠတံငါသည်ကြီး လိုက်၍ဆိုနိုင်၏။ ပါဏာတိပါတာ စသော ငါးပါးသီလသို့ရောက်သောအခါတွင် ဒမိဠတံငါသည်ကြီး လိုက်၍မဆိုတော့ပေ။ ပူးယှက်ပြီး လက်အုပ်ချီးထားသော လက်သည်လည်း ဘေးသို့ကျသွားလေ၏။

ဒမိဠတံငါသည်ကြီးကား သရဏဂုံမျှကိုသာ လိုက်ဆိုနိုင်ပြီး ဝိညာဉ်ချုပ်သွားသောကြောင့် ဖြစ်၏။ ထို့ကြောင့် မထေရ်မြတ်လည်း ငါးပါးသီလကို ဆက်မပေးဖြစ်တော့ဘဲ ရပ်ထားလိုက်၏။ သားသမီးနှင့် ဇနီးမယားတို့လည်း ငိုကြ၏။ အသုဘအလောင်းပြင်သူကပြင်ကြ၏။

## နတ်သားကြီးက လာရောက်လျှောက်ထားခြင်း

ထိုအခိုက်မှာပင် တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသော နတ်သားကြီးတစ်ယောက်သည် မထေရ်မြတ်၏ရှေ့၌ ပေါ်လာ၏။ ထို့ကြောင့် အသုဘတွင်ရှိနေကြသော လူအားလုံးပင် တအံ့တသြဖြစ်ကုန်ကြ၏။ မထေရ်မြတ်က နတ်သားကြီးအား အကျိုးအကြောင်းကို မေးမြန်းတော်မူ၏။

“ဒကာ၊ နတ်သားသည် အဘယ်သူများဖြစ်ပါလိမ့်”

“မှန်လှပါ၊ တပည့်တော် ဒမိဠတံငါသည် နတ်သားဖြစ်ပါသည် ဘုရား”

နတ်သားကြီးက ထိုကဲ့သို့လျှောက်ထားလိုက်၍ ပို၍သာ၍ပင် တအံ့တသြဖြစ်ကုန်ကြပြန်၏။ ဒမိဋ္ဌကြီးမှာ တစ်သက်ပတ်လုံး တံငါလုပ်သွားပါလျက် အဘယ်ကြောင့် နတ်သားဖြစ်ရပါလိမ့်ဟုလည်း တွေးတောစဉ်းစား၍မရအောင် ဖြစ်နေကြ၏။ နတ်သားကြီးက ဤသည်ကိုသိသောကြောင့် သူနတ်သားဖြစ်လာရသည့်အကြောင်းကို မထေရ်မြတ်အား ထပ်မံ၍ လျှောက်ထားလိုက်၏။

"တပည့်တော်သည် တစ်သက်ပတ်လုံး တံငါလုပ်လာ၍ သေခါနီးမှာ ငရဲနိမိတ်များထင်နေသော်လည်း အရှင်ဘုရား၏ သရဏဂုံဆောက်တည်ပေးခြင်းကုသိုလ်ကြောင့် ငရဲနိမိတ်အားလုံး ပျောက်ပြီးသေပြီးနောက် စာတုမဟာရာဇ်ဘုံ၌ အဆောင်အယောင် များစွာ ပြည့်စုံသော နတ်သားကြီးဖြစ်သွားရပါသည် ဘုရား"

ဟု လျှောက်ထားပြီးနောက် နတ်သားကြီးသည်လည်း ထိုနေရာမှ ကွယ်လေ၏။

ထို့ကြောင့် ဒမိဋ္ဌကြီးသေဆုံးသွားခြင်းအတွက် ငိုရှိုက်သူ ဟူ၍ပင်မရှိတော့ဘဲ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရ၏။ ကြားရသူအားလုံးလည်း သရဏဂုံနှင့် ပဉ္စသီလတည်ကြလေသည်။ သရဏဂုံအကျိုးကြီးမြတ်သည့်အကြောင်းကိုလည်း ဘွင်းဘွင်းကြီးသိသွားကြလေသည်။

## ၁၆။ အရက်သမားနှင့် သရဏဂုံ

သူ့နာမည်ကား သရဏဖြစ်၏။ သရဏဟူသည်မှာ နာမည်အရင်း ဟုတ်မည်မထင်ပေ။ သရဏဂုံတည်သော၊ ရတနာမြတ်သုံးပါးကို အလွန်အမင်း လေးစားကြည်ညိုသည့်ပုဂ္ဂိုလ်ဖြစ်သောကြောင့် နာမည်အရင်းပျောက်ပြီး သရဏဟုဖြစ်လာရကြောင်း ထင်မိ၊ ယူဆမိ၏။ ထို့ကြောင့် နာမည်ရင်းပျောက်ပြီး နာမဝိသေသနသာတွင်

နေသော ပုဂ္ဂိုလ်တစ်ယောက်ဟုဆိုလျှင်လည်း ဆိုနိုင်မည် ဖြစ်၏။

ထူးသော၊ မြတ်သော ပုဂ္ဂိုလ်တို့အား အရာဌာနတိုင်းမှာပင် နာမည်နှင့်အတူ နာမဝိသေသနကိုပါထည့်၍ ခေါ်ပြောလေ့ရှိကြ၏။ တချို့မှာ နာမဝိသေသနသက်သက်ကိုသာ ခေါ်လေ့ရှိကြ၏။ ဤသည်မှာ လောက၏အလေ့အထဟူ၍ပင် ဆိုရမည်ဖြစ်၏။ ထိုကဲ့သို့ခေါ်ပြောခြင်းဖြင့် ၎င်းပုဂ္ဂိုလ်အားလည်း ဂုဏ်ပြုရာရောက်၏။

ဥပမာ - စာပေလောကသားများဆိုပါစို့။

စာရေးဆရာ ဦးဖြူ၊ စာရေးဆရာ ဦးညို စသည်ဖြင့် နာမည်ကို စာရေးဆရာတည်းဟူသော နာမဝိသေသနနှင့်ပေါင်းခေါ်ကြ၏။ စာရေးဆရာဟု နာမဝိသေသနသက်သက်ကိုသာ ခေါ်သည်လည်း ရှိကြ၏။ ဝိသေသနဟူသည်မှာ အထူးပြုခြင်းဖြစ်၍ ထူးသည်ကိုဖြတ်ခေါ်ခြင်း ဖြစ်၏။ ဤသို့ခေါ်ခြင်းဖြင့် ၎င်းအား အထူးပြုရာလည်းရောက်၏။

အထက်ကဆိုခဲ့သည့် သရဏကြီးမှာလည်း မူရင်းနာမည် ပျောက်၍ သရဏဂုံတည်သောပုဂ္ဂိုလ်ဖြစ်သောကြောင့် ၎င်းကိုပင် အထူးပြုပြီး သရဏဟုသာ ခေါ်ကြ၏။ သရဏကြီးကလည်း ဘုရား၊ တရား၊ သံဃာ စသော ရတနာမြတ်သုံးပါးတို့ကို အထူးလေးစားကြည်ညို၏။ အသက်တမျှလည်း မြတ်နိုး၏။

သို့သော် သူသည် ငါးပါးသီလမလုံပေ။ အရက်ကြိုက်၏။ အရက်သောက်သောကြောင့် ငါးပါးသီလကျိုးပေါက်နေရ၏။ သရဏဂုံမြဲသော်လည်း အရက်သောက်၍ ငါးပါးသီလကျိုးပေါက်နေသဖြင့် လူရိုသေရှင် လေးစားလည်းမဖြစ်။ အရက်မူးနေသူတို့သည် လမ်းသွားလျှင်ပင် တည့်တည့်မတ်မတ်မရနိုင်၍ မြင်ရသူတိုင်းလည်း စိတ်အနှောင့်အယှက် ဖြစ်ကြရ၏။

လူဆိုးလူမိုက်တိုင်းမှာပင် အကောင်းတစ်ခုစီရှိတတ်၏ဟု ဆိုရာတွင် ၎င်းမှာလည်း အကောင်းတစ်ခုရှိ၏။ လောကီနယ်ပယ်

တွင် အမြင့်မြတ်ဆုံးဖြစ်သော အကောင်းတစ်ခုကို သူပိုင်ဆိုင်ထား၏။ ၎င်းမှာ သရဏဂုံတည်ခြင်းပင် ဖြစ်၏။ သရဏဂုံကုသိုလ်သည် မဂ်ကုသိုလ်နှင့်ပင် တန်းတူလိုက်၏။ သရဏဂုံတည်သူသည်လည်း နောက်ဘဝတွင် မဂ်ကိုရနိုင်သောအကြောင်းအရင်း ရှိ၏။

## သရဏကွယ်လွန်

ဘုရားရှင်လက်ထက်တော်က လူတစ်ဦးတစ်ယောက်ကွယ်လွန်သွားလျှင် သုဂတိ၊ ဒုဂ္ဂတိ စသော လားရာဂတိများကို ပြောဆိုဝေဖန်ကြ၏။ ကုသိုလ်ပြုလုပ်သူကွယ်လွန်လျှင် သုဂတိဘုံတစ်ခုခုသို့ ရောက်လိမ့်မည်၊ အ,ကုသိုလ်များကိုပြုလုပ်သွားသူကွယ်လွန်လျှင် ဒုဂ္ဂတိဘုံတစ်ခုခုသို့ရောက်လိမ့်မည် စသည်ဖြင့် ပြောဆိုဝေဖန်လေ့ရှိကြ၏။

တိကျရှင်းလင်းစွာဖြင့်သိလိုလျှင် ဘုရားရှင်ကိုသော် လည်းကောင်း၊ ဆဋ္ဌာဘိည ဈာန်အဘိညာဉ်ရတော်မူသော ရဟန္တာကြီးတစ်ပါးပါးကိုသော် လည်းကောင်း သွားရောက်လျှောက်ထားခြင်းဖြင့်လည်း သိနိုင်၏။ ၎င်းကွယ်လွန်သွားသောပုဂ္ဂိုလ်သည် မည်သည့်ဘုံဘဝသို့ ရောက်သွားချေပြီ စသည်ဖြင့် တိတိကျကျမိန့်တော်မူကြမည် ဖြစ်၏။

ယခု ဦးသရဏကြီးကွယ်လွန်သွားရာ၌ တစ်စုံတစ်ယောက်ကမှ ဘုရားအစရှိသော သူတော်ကောင်းကြီးတို့အား သွားရောက်လျှောက်ထားခြင်းမပြုကြဘဲ ပြောဆိုဝေဖန်နေကြရုံမျှသာ ရှိ၏။ ဝေဖန်ကြသည်မှာလည်း ကောင်းသောဝေဖန်ခြင်းတော့ မဟုတ်ပေ။ အရက်သမားကြီးဖြစ်သောကြောင့် မကောင်းသဖြင့်ဝေဖန်ကြခြင်းသာ ဖြစ်၏။

"အရက်သမားသေလျှင် အဘယ်ဘုံကိုရောက်မည်နည်း၊ အပါယ်ဘုံမှတစ်ပါး အခြားမရှိပေ"

"မှန်သည်ပေါ့၊ အရက်ဟူသည်မှာ သောက်လျှင်မူး၊ မူးလျှင်ရူး သည်ပေါ့၊ အရူးအမူးတစ်ယောက်သေ၍ပင် အဘယ်မှာ သုဂတိဘုံ ကို ရောက်နိုင်မည်နည်း"

စသည်ဖြင့် ဝေဖန်ကြ၏။ အသက်ထင်ရှားရှိစဉ်ကပင် အရက် သမားဖြစ်၍ လူရိုသေရင်လေးစားမရှိခဲ့ဘူးသည်ဖြစ်ရာ ယခုသေဆုံး သွားပြီးနောက် အဘယ်မှာလျှင် အထင်ကြီးလေးစားသူ ရှိချေမည် နည်း။ အရက်သမားတို့၏ဂတိကိုသာ ပြောဆိုဝေဖန်လေ့ရှိကြ၏။

## သောတာပန်သရဏာ

မည်သူက မည်ကဲ့သို့ ဝေဖန်ပြောဆိုပြီး သရဏာကြီးအား ဒုဂ္ဂ တိသို့သွားမည့်ပုဂ္ဂိုလ်ဟု ယူဆနေကြသော်လည်း ဘုရားရှင်ကမူ "သရဏာကြီး သောတာပန်ဖြစ်သွားပြီ၊ စုသိတာနတ်ဘုံကို ရောက် သွားပြီ" ဟူ၍သာ ဟောတော်မူ၏။ ဘုရားရှင်တို့နှုတ်တော်မှထွက် သောစကားသည် ဓားကဲ့သို့ထက်၏။ လင်းရှင်း၍ ပြတ်သား၏။

ချွတ်ယွင်းသောစကားကို ဆိုလေ့မရှိ။ ပြန်ပြင်ပြောဆိုရသော စကားဟူ၍လည်း မရှိ။ ပြောဆိုမိန့်ကြားတိုင်းလည်း တည်ပြီးဖြစ်၏။ စကားတော်တစ်လုံးချင်း၊ တစ်ခွန်းချင်းသည်လည်း မဂ်ထိုက်၊ ဖိုလ် ထိုက်၊ မဂ်တန်၊ ဖိုလ်တန် ဖြစ်၏။ သတ္တဝါလူနတ်တို့အတွက် ဝိမုတ္တိ- လွတ်မြောက်ကြောင်းစကားတော်များသာ ဖြစ်၏။

ထို့ကြောင့် ကြားသိရသောသူအားလုံးတို့မှာ ဝမ်းမြောက်ဝမ်း သာဖြင့် အံ့ဩဘနန်းဖြစ်ကြရ၏။ လူတစ်ဦး၊ ပုဂ္ဂိုလ်တစ်ယောက်၏ နောက်ဆုံးခရီး၊ နောက်ဆုံးဂတိသည် မြင့်မြတ်သောဘုံဌာနသို့ ရောက် သွားသည်ဟုဆိုရာဝယ် အဘယ်သူသည် ဝမ်းမြောက်ဝမ်းသာမဖြစ် ဘဲ ရှိခြိမ့်မည်နည်း။ သာဓုခေါ်ကြရမည်ချည်သာ ဖြစ်၏။

လူ့ဘဝက ပေတေနေခဲ့သော်လည်း နောက်ဆုံးဘဝ၌ ကောင်း

မြတ်သောဘုံဌာနတစ်ခုသို့ ရောက်သွားရသည်ဟုဆိုသဖြင့် ဝမ်းသာ ဂုဏ်ယူနေကြသည့်အပြင် သောတာပန်တိုင်အောင် ဖြစ်သွားပြီးဟု တုသိတာဘုံသို့တိုင်အောင် ရောက်သွားရသည်ဟု ဟောတော်မူသော ကြောင့် ဗုဒ္ဓဘာသာတို့၏ မြတ်သော၊ မြင့်သော ပထမအဆင့်သို့ တက်လှမ်းရောက်ရှိသွားသည့်အတွက် အထူးသဖြင့်လည်း ချီးမွမ်း ကြရ၏။

## တိတ္ထိတို့ ထိုးနှက်ဝေဖန်

သရဏာကြီး သောတာပန်ဖြစ်ပြီး တုသိတာဘုံသို့ရောက်ရှိသွား ခြင်းနှင့်ပတ်သက်၍ ဝမ်းမသာနိုင်သောလူတစ်စုမှာ တိတ္ထိများပင် ဖြစ် ၏။ တိတ္ထိတို့ကား ကိုယ်တိုင်လည်း လွတ်မြောက်ကြောင်းတရားများ ကို မကျင့်ကြံ။ ကျင့်ကြံအားထုတ်ကြသူများကိုလည်း မချီးမွမ်း။ ယခုသရဏာကြီး တုသိတာနတ်ဘုံ၌ သောတာပန်နတ်သားကြီး ဖြစ် သွားပြီဟုဆိုသည်ကိုပင် သူတို့က ပြက်ရယ်ပြုကြသေး၏။

"သရဏာအရက်သမားဖြစ်သည်ကို သင်တို့လည်း အသိပင် ဖြစ်ကြသည် မဟုတ်လော။ ယခု အရက်သမားသေ၍ နတ်ပြည်ကို ရောက်သည်။ သောတာပန်ဖြစ်သည်ဟု သင်တို့၏ဆရာ ရဟန်း ဂေါတမက ဟောတော်မူသည်။ ထို့ကြောင့် သင်တို့သည်လည်း သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးမလှူကြနှင့်။ ဒါန၊ သီလ၊ ဘာဝနာ စသည်ကို တစ်ခုမှမလုပ်ကြနှင့်။ အရက်ကိုသာ သောက်ကြ။ သင်တို့လည်း သေပြီးနောက် တုသိတာနတ်ဘုံ၌ သော တာပန်ဖြစ်လိမ့်မည်"

တိတ္ထိတို့သည် ဤစကားကို နားမဆံ့အောင် အရပ်တကာ လှည့်၍ ပြောဆိုကြ၏။ မြတ်စွာဘုရားရှင်၏စကားတော်ဖြစ်၍ ပြက် ရယ်ပြုကြ၏။ အရက်သမားသေ၍ သောတာပန်နတ်သားဖြစ်ရသည်

ဟူသောစကားကို အဓိကထား၍ ဗုဒ္ဓဘာသာတို့၏ရှေ့တွင် ဟောကြ၊ ပြောကြ၏။ ပြက်လုံးသဖွယ်လည်း ဖန်တီးကြ၏။

## မဟာနာမ်ဘုရားရှင်အား လျှောက်ထားခြင်း

မဟာနာမ်က တိတ္ထိတို့ ထိုကဲ့သို့ မတန်မရာ၊ မြတ်စွာဘုရားအား ထိပါးစော်ကားပြီး ပြောဆိုဝေဖန်နေကြသည်ကို မခံမရပ်နိုင်ဖြစ်လာ၏။ တိတ္ထိတို့က ထိုစကားများကို ပြောဆိုနေကြ၍ ကြားရစတွင် သည်းခံနိုင်စွမ်းရှိသော်လည်း ကြာလာသောခါ သည်းခံခြင်းတည်း ဟူသော အတိုင်းအတာကိုကျော်လွန်လာ၏။

မဟာနာမ် ဟူသည်မှာလည်း နှယ်နှယ်ရရပုဂ္ဂိုလ် မဟုတ်ပေ။ မင်းကြီးတစ်ယောက်သာ ဖြစ်၏။ မြတ်စွာဘုရား၏ ဘထွေးတော်၏သားဖြစ်၍ မြတ်စွာဘုရားရှင်နှင့်လည်း ဝမ်းကွဲညီအစ်ကိုတော်စပ်၏။ ဘုရားရှင်ထက် သက်တော်ကြီး၍ နောင်တော်ကြီးလည်း ဖြစ်၏။ ဘုရားရှင်၏တရားတော်များကို နာယူပွားများအားထုတ်သောကြောင့် သကဒါဂါမိတည်နေသော ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်၏။

မင်းကြီးမဟာနာမ်သည် ဘုရားရှင်ထံပါးသို့ ရောက်လာခဲ့၏။ ဦးစွာ သရဏကြီး ကွယ်လွန်သွားသည့်အကြောင်းကို ပြောဆိုလျှောက်ထား၏။ ထို့နောက် မြတ်စွာဘုရားရှင်က သရဏကြီးကွယ်လွန်ပြီးနောက် တသိတာဘုံ၌ သောတာပန်နတ်သား သွားဖြစ်သည်ဟု ဟောတော်မူ၍ တိတ္ထိတို့က ထိုစကားကို အများကောက် ပြက်ရယ်ပြုပြီး ဘုရားရှင်အား ကဲ့ရဲ့နေကြကြောင်း၊ ဒကာ, ဒကာမတို့အားလည်း ထိုစကားကိုပင် တစ်မျိုးတစ်ဖုံ အဓိပ္ပာယ်ကောက်ယူကာ ဟောပြောနေကြသည့်အကြောင်းများကို လျှောက်ထားလိုက်၏။

ထို့နောက် မဟာနာမ်သည် ဘုရားရှင်မိန့်တော်မူလာမည်ကို စောင့်ဆိုင်း၍နေ၏။ ဘုရားရှင်ကား တစ်စုံတစ်ခုသောစကားကိုမျှ

မိန့်တော်မမူ၊ ဆိတ်ဆိတ်သာနေ၏။ ထို့ကြောင့် မဟာနာမ်သည် ဘုရားရှင်အား အားမလိုအားမရ ဖြစ်လာ၏။ သို့ဖြစ်၍ ထပ်မံပြီး ဘွင်းဘွင်းကြီး လျှောက်ထားလိုက်၏။

"မြတ်စွာဘုရား၊ သရဏာကြီးသေပြီးနောက် တသိတာနတ်ဘုံ၌ သောတာပန်နတ်သား သွားဖြစ်သည်ဟု ဟောတော်မူပါသလား ဘုရား"

မဟာနာမ်ကိုယ်တိုင်က သရဏာကြီးသေဆုံးသွားပြီးနောက် သောတာပန်နတ်သားဖြစ်သွားသည်ဟု ဟောတော်မူသည်ကို အပြည့်အဝနားလည်နိုင်ခြင်းမရှိ၍ ယခုကဲ့သို့ မေးလျှောက်နေသည်ဟု ဘုရားရှင်သိတော်မူ၏။ သို့သော် မဟာနာမ်၏မေးလျှောက်ခြင်းသည် လိုရင်းသို့မရောက်သေးဟု သိတော်မူ၍ တိုတိုတုတ်တုတ်သာဖြေတော်မူ၏။

"ဟုတ်ပေ၏ မဟာနာမ်၊ သရဏာကြီးသေဆုံးပြီးနောက် တသိတာဘုံ၌ သောတာပန်နတ်သား သွားဖြစ်ရသည်ဟု ငါဘုရား ဟောတော်မူ၏"

"သရဏာကြီး အရက်သောက်သည်ကို မြတ်စွာဘုရားရှင် သိပေ၏မဟုတ်လော"

"သိပေ၏ မဟာနာမ်"

"ဤသို့ဆိုလျှင် အရက်သမားတို့သေဆုံးပြီးနောက် နတ်ပြည်သို့ ရောက်ကောင်းပါသလား ဘုရား"

"အရက်သမားများသေဆုံးပြီးနောက် နတ်ပြည်သို့မရောက်ကောင်းပေဘူး မဟာနာမ်"

"အရက်သမားများသေဆုံးပြီးနောက် သောတာပန်ကော ဖြစ်ကောင်းပါသလား ဘုရား"

"အရက်သမားများသေဆုံးပြီးနောက် သောတာပန်လည်း

မဖြစ်ကောင်းပေဘူး မဟာနာမ်”

မင်းကြီးမဟာနာမ်သည် အနည်းငယ်မျှ တွေ၍သွား၏။ မြတ်စွာ ဘုရားရှင် ဖြေကြားသည်ကိုလည်း နားလည်နိုင်စွမ်းမရှိပေ။ ထို့ကြောင့် အစပိုင်းက မေးလျှောက်ခဲ့သည့်စကားအတိုင်းပင် သံယောင်လိုက်၍ ထပ်မံမေးလျှောက်ရပြန်၏။

“အရက်သမားကြီးသရဏ သေဆုံးသွားပြီးနောက် တသိတာဘုံ၌ သောတာပန်နတ်သားဖြစ်သွားပြီဟု မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဟောကြားခဲ့သည်မဟုတ်ပါလော”

“ဟုတ်ပေသည် မဟာနာမ်၊ ငါ ထိုသို့ဟောပေ၏”

ယခုအကြိမ်တွင်လည်း မဟာနာမ်သည် တွေ၍သွားပြန်၏။ မြတ်စွာဘုရားရှင်သည် မည်သည့်အရာကိုရည်ရွယ်၍ ဟောကြားသည်ကိုလည်း နားမလည်နိုင် ဖြစ်နေရသည်။ ထို့ကြောင့် ဘုရားရှင်ကိုပင် ရှင်းလင်းဟောကြားပေးရန် လျှောက်ထားရလေ၏။

“မြတ်စွာဘုရား၊ တပည့်တော် ဉာဏ်မမီတော့ပါ။ သို့ပါသောကြောင့် အရက်သမားကြီး သရဏသေဆုံးပြီးနောက် တသိတာဘုံ၌ သောတာပန်နတ်သားသွားဖြစ်ရသည့်အကြောင်းကို ရှင်းလင်းဟောကြားတော်မူပါ ဘုရား”

## ငါးပါးသီလမတည်သော်လည်း သရဏဂုံတည်၍ သောတာပန်ဖြစ်

“မဟာနာမ်၊ သရဏ ဥပါသကာသည် အရက်သောက်၍ ငါးပါးသီလမတည်သော်လည်း သရဏဂုံတည်၏။ ရတနာမြတ်သုံးပါးကို မြတ်နိုး၏။ ရတနာမြတ်သုံးပါးကို မြတ်နိုးသောကြောင့် ငါးပါးသီလကျိုးပေါက်သော်လည်း သရဏဂုံမကျိုးပေါက်ပေဘူး။ သရဏ ဥပါသကာ၌ ဒါန၊ သီလ စသော ကုသိုလ်တို့သည်လည်း အားကိုးမှီခိုလောက်အောင် မရှိပေဘူး။ ထို့ကြောင့် သရဏ ဥပါသကာသည်

ယေခါနီးတွင် အရက်မသောက်။ သရဏဂုံသည်သာတည်လျက် ရှိ၏။ သေခါနီးလေ သူ့၌ အားကိုးယုံကြည်မှီခိုရာဖြစ်သော သရဏဂုံကို သာ၍စွဲမြဲလေဖြစ်၏။ ထိုသို့သဘောရှိ၍ သရဏဂုံကို တည်မှီစွဲမြဲစွာဖြင့် သေခဲ့ရသောကြောင့် တုသိတာဘုံ၌ သရဏဥပါသကာသည် သောတာပန်နတ်သားသွားဖြစ်ရပေသည် မဟာနာမ်’’

မြတ်စွာဘုရားရှင်က ထိုကဲ့သို့ ပြတ်သားစွာဖြင့် ဟောကြားလိုက်၍ မဟာနာမ်သည် သရဏဥပါသကာ သောတာပန်နတ်သား ဖြစ်သွားရခြင်းနှင့်ပတ်သက်၍ လင်းရှင်းသွားလေ၏။ ငါးပါးသီလ မမြဲသော်လည်း သရဏဂုံတည်သောပုဂ္ဂိုလ်သည် သောတာပန်ဖြစ်နိုင်ကြောင်း ပြတ်သားစွာဖြင့် သိသွားရလေ၏။

အရှင်သုစိတ္တ



အရှင်သုစိန္တ

စေတနာကံ အကျိုးခုများ